# မာတိကာ


၁။ ဘုရားသခင်သည် အပြစ်မဲ့စွာဖြင့် စုံမက်သည် ..... 6

၂။ ပဋိညာဉ်ခံထားသည့် မေတ္တာတော် ..... 20

၃။ ဘုရားသခင်၏စိတ်တော်တွေ့ရေး ..... 34

၄။ ဘုရားသခင်သည် စိတ်အားထက်သန်ပြီး သနားကြင်နာတတ်သူဖြစ်သည် ..... 48

၅။ ဘုရားမေတ္တာ၏အမျက်တော် ..... 62

၆။ တရားမျှတသည့် ဘုရား၏မေတ္တာတော် ..... 75

၇။ ဒုစရိုက်တရား၏ဂယက် ..... 89

၈။ လွတ်လပ်စွာရွေးချယ်ခွင့်၊ မေတ္တာတော် နှင့် ပြုပြင်စီမံမှုများ ..... 103

၉။ စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ ..... 117

၁၀။ စေ့စပ်ခြင်းဆိုင်ရာ စည်းမျဉ်းများ ..... 130

၁၁။ ငါမပြုရသေးသောအရာ တစုံတခုရှိသလော ..... 144

၁၂။ မေတ္တာနှင့်တရားမျှတမှု — အကြီးမြတ်ဆုံး ပညတ်တော်များ ..... 158

၁၃။ မေတ္တာသည် ပညတ်တော်ကို ပြည့်စုံစေ၏ ..... 172


---


**Editorial Office** 12501 Old Columbia Pike, Silver Spring, MD 20904
Come visit us at our website at https://www.adultbiblestudyguide.org.

**Principal Contributors**
John C. Peckham

**Editor**
Clifford R. Goldstein

**Associate Editor**
Soraya Scheidweiler

**PublicationManager**
Lea Alexander Greve

**Editorial Assistant**
Sharon Thomas-Crews

**Pacific Press®**
Miguel Valdivia

**Art Director and Illustrator**
Lars Justinen

**Associate Editor in Myanmar**
Khambawi, Suan Lian

# မေတ္တာတော်ရှင်၊ တရားမျှတရှင် ဘုရားသခင်



ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏ဟု ၁ ယော ၄:၈၊ ၁၆ တို့တွင်လာ၏။ သမ္မာကျမ်းတစ်အုပ်လုံးသည် ဤအချက်ကို သက်သေခံ၏။ ခရစ်ယာန်ယုံကြည်ခြင်းတရားသည် ဘုရားသခင်၏ မေတ္တာတော်အပေါ် အခြေပြု၏။ မေတ္တာတော်က ဘုရားသည် မည်သည့် အရှင်မျိုး ဖြစ်ကြောင်းဖော်ပြရာတွင် အခရာကျပြီး၊ ကျွန်ုပ်တို့၏ယုံကြည်မှုတွင်လည်း အခရာကျ၏။ ကျွန်ုပ်တို့လုပ်လေရာ ခပ်သိမ်းတွင်လည်း အခရာကျသင့်၏။ မေတ္တာတော်ကို ကျွန်ုပ်တို့ တရားပေါက်ပုံသည် ကျွန်ုပ်တို့၏ ယုံကြည်ကျင့်ကြံမှုအပေါ် သက်ရောက်မှုရှိ၏။ ဥပမာကား တစ်စုံတစ်ဦးက ဘုရား၏မေတ္တာတော်ကို ကြိုးစားအားထုတ်မှ ရရှိမည်ဟုမှတ်လျှင် ၎င်းသည် အပြစ်ရှိပြီး၊ ထိုက်တန်မှုမရှိသောကြောင့် ဘုရားသည် ၎င်းကို မနှစ်သက်ဟု မှတ်ပေမည်။ လူလူချင်းဆက်ဆံရာတွင်လည်း ထိုက်တန်မှုကို အာရုံထားပေတော့မည်။

ဘုရားသခင်၏မေတ္တာတော်ကို ကျွန်ုပ်တို့ မှတ်ယူပုံသည် ကျွန်ုပ်တို့၏ကျင့်ကြံမှုအပေါ် များစွာသက်ရောက်မှုရှိ၏။ သို့တိုင်လည်း မေတ္တာတော်သည် အဘယ်နည်း။ မေတ္တာတော်အကြောင်း လူ ၁၀ ဦးကို သင် အနက်ဖွင့်ခိုင်းလျှင် အနက် ၁၀ မျိုး ထွက်ပါမည်။ ခရစ်ယာန်လောကတွင်ပင် ဘုရား၏မေတ္တာတော်အကြောင်းကို အလွဲများစွာဖြင့် အနက်ဖွင့်လျက်ရှိ၏။

သာဓကအားဖြင့် ခရစ်ယာန်များက အောက်ပါမေးခွန်းမျိုး မေးတတ်ကြ၏ — *ဘုရားသခင်၏မေတ္တာဟူသည် စုန်ရေသာရှိပြီး၊ ဆန်ရေမရှိသည့် သဘောလော။ ပေးဆပ်ခြင်းတစ်မျိုးသာလော (သို့) ဘုရားလည်း လူသားကြောင့် ပျော်ရွှင်ရသလော။ ဘုရား၏မေတ္တာသည် စိတ်ခံစားမှုပါသလော။ ဘုရားသည် လူသားကို ဂရုစိုက်ပါသလော။ ဘုရား၏မေတ္တာတော်သည် ငြင်းနိုင် (သို့) ဆုံးရှုံးနိုင်သလော။ ဘုရားသခင်သည် လူသားများနှင့်ဆက်ဆံရာတွင် အတိုးအဆုတ်ရှိသလော။ ဒေါသသည် မေတ္တာနှင့် တစ်ဘာသာခြားသလော။ မေတ္တာနှင့် တရားမျှတမှုသည် မည်သို့ယှဉ်တွဲ*

*နိုင်သနည်း။ ဘုရားသခင်သည် မေတ္တာရှင်ဖြစ်လျှင် အဆိုးတရားသည် ဤကမ္ဘာ၌ များနေရသနည်း။ လူသားသည် ဘုရားကဲ့သို့ မေတ္တာရှိနိုင်သလော။ ရှိနိုင်ပါလျှင် မည်သည့်လက္ခဏာမျိုး ဖြစ်မည်နည်း။*

အချို့မေးခွန်းများအတွက် အဖြေအချို့သည် မြင်သာငြား၊ ဘုရားမေတ္တာအရေးတွင် အငြင်းပွားမှု ဖြစ်လေ့ရှိတတ်၏။ ထင်သာသည့် အဖြေများလည်း ကျမ်းစာကပြသည့် ဘုရား၏မေတ္တာတော်နှင့် နှိုင်းယှဉ်သည့်အခါ နှိုင်း၍မရသည့်အဖြစ်မျိုး ဖြစ်၏။

ကျွန်ုပ်တို့သည် မေးခွန်းအားလုံးကို တစ်ချိန်တည်းနှင့် အနားမသတ်ဘဲ သုံးလမျှ အချိန်ယူကာ လေ့လာပါမည်။ ဘုရား၏မေတ္တာတော်သည် ကျွန်ုပ်တို့မှန်းဆလေ့ရှိသည်ထက် သာလွန်ကြောင်းလည်း ကျွန်ုပ်တို့ တွေ့ရပါမည်။ ကျမ်းစာတွင်လာသည့် ဘုရား၏မေတ္တာတော်သည် ယနေ့ကာလတွင် တွေ့ရသည့် မေတ္တာမျိုးထက် သာလွန်ပါသည်။

ရှေ့လာမည့်သီတင်းပတ်များတွင် ကျမ်းစာတွင် ဘုရားမေတ္တာတော်ကို ချီးမွမ်းထားသည့် တရားများကို ကျွန်ုပ်တို့လေ့လာကြပါမည်။

ကျွန်ုပ်တို့သည် ဆက်လက်လေ့လာကြသည့်အခါ ဘုရားမေတ္တာတော်နှင့် တရားမျှတမှုသည် သီးခြား၍မရကြောင်းကို တွေ့လာပါမည်။ ကျမ်းစာလာ ဘုရားသခင်သည် တရားမျှတမှုကို လိုလား၏ (ဟေရှာ ၆၁:၈ ကိုရှု)။ ကျမ်းစာတွင် သင်သည် တစ်ခုကိုယူ တစ်ခုကိုချန်၍မရကြောင်း ပြထား၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ဘုရားသည် ဤလောကရှိ မတရားမှုများကို မရှုစိမ့်ပါ။ ၎င်းသည် ဖိနှိပ်ခံရသူဘက်မှ နေပေး၏။ ခေါင်းခံခဲ့၏။ အဆိုးတရား၏ အဓိကသားကောင်အဖြစ်ပင် နေခဲ့၏။

ကျမ်းစာတစ်အုပ်လုံးတွင် ကျွန်ုပ်တို့ဒုက္ခခံရမှုအပေါ် ဘုရားသည် လွန်စွာစိတ်နာပေးကြောင်း ပြထား၏။ ဘုရား၏မေတ္တာတော် နက်ရှိုင်းမှုကို ခရစ်တော်၏မြည်တမ်းမှုတွင် တွေ့နိုင်၏ — "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည်ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ" (မ ၂၃:၃၇)။

ကျမ်းစာတွင်လာသည့် ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်ပြီး မေတ္တာတော်ကို ငြင်းပယ်ကြသူများကြောင့် စိတ်မပျော်ရသည့်ဘုရားဟု ကျမ်းစာတွင်ပြထား၏။ ကျမ်းစာတစ်အုပ်လုံးက ဘုရားသခင်သည် စကြဝဠာကို မည်သို့ပြုပြင် စီမံပေးကြောင်းကို ချပြသည့်စာအုပ် ဖြစ်၏။ ဤတရားနှင့်နွယ်သည့် တရားများသည် ယခု ၃ လပတ် သင်ခန်းစာ၏ ရှေ့ရှုသည့်တရားဖြစ်၏။

*John C. Peckham သည် Adventist Review ၏ လက်ထောက်အယ်ဒီတာ ဖြစ်၏။ ဤသင်ခန်းစာကို စီစဉ်ပြုစုချိန်တွင် ၎င်းသည် Andrews University ရှိ Theology နှင့် Christian Philosophy ဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်၏။*

# ဤဆရာကိုင်အထူးထုတ်ကို မည်သို့အသုံးပြုရမည်နည်း

**“စစ်မှန်သောဆရာသည် ထိုင်းမှိုင်းသောတွေးခေါ်မှု၊ ပျင်းရိသောစိတ်၊ သို့မဟုတ် နမော်နမဲ့နိုင်သော ဉာဏ်ဖြင့် ရောင့်ရဲခြင်းမရှိ။ ပိုမိုမြင့်မားသော ကြိုးပမ်းအား ထုတ်မှုများနှင့် ပိုမိုကောင်းမွန်သော နည်းနာများကို အမြဲတစေ အပတ်တကုတ် ရှာဖွေနေတတ်၏။ သူ့ဘဝသည် စဉ်ဆက်မပြတ် ကြီးထွားနေ၏။ ထိုသို့သော ဆရာ၏လုပ်ဆောင်မှုတွင် သူ၏(အတန်း)ကို နိုးကြားစေပြီး၊ လှုံ့ဆော်စေနိုင်သော လန်းဆန်းတက်ကြွမှုတစ်မျိုး၊ နိုးကြားစေသော စွမ်းအားတစ်ခု ရှိနေသည်။”**

**— Ellen G. White, *Counsels on Sabbath School Work*, p. 103။**

ဥပုသ်စာဖြေဆရာတစ်ဦး ဖြစ်ရခြင်းသည် အခွင့်ထူးလည်းဖြစ်၊ တာဝန်လည်းဖြစ်ပါသည်။ အခွင့်ထူးဟု ဆိုရာတွင် တစ်ပတ်အတွင်း သင်ခန်းစာများကို ဆွေးနွေးခြင်း၊ သင်ကြားခြင်းမှာ ဦးဆောင်လမ်းညွှန်ရသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ သင်တန်းသားတို့သည် နှုတ်ကပတ်တော်ဖြင့် သူတို့ကိုယ်တိုင် လေးမြတ်မှုရသည့်အပြင် အဖွဲ့လိုက် ဝိညာဉ်ရေးမိတ်သဟာယလည်း ကြုံတွေ့ရမည်ဖြစ်သည်။ သင်ကြားပြီးသောအခါ သင်တန်းသားများသည် နှုတ်ကပတ်တော်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းပြီးသား၊ တန်ခိုးတော်ဖြင့် ခိုင်ခံ့စေခြင်း ခံရပြီးသား ဖြစ်သင့်သည်။ သင်ကြားပေးသူ၏တာဝန်မှာ လေ့လာရမည့် ကျမ်းပိုဒ်များ၊ သင်ခန်းစာ၏စီးဆင်းမှု၊ တစ်ကွာတာလုံး၏ အကြောင်းအရာနှင့်ဆက်စပ်မှု၊ လက်တွေ့အသုံးပြုမည့်၊ သက်သေခံရမည့် အကြောင်းများကို သေချာစွာ သတိပြုရမည်။

ဤလမ်းညွှန်စာအုပ်သည် ဆရာများ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကူညီပေးပါသည်။ ၎င်းတွင် အပိုင်းသုံးပိုင်းပါရှိသည်။

၁။ **ခြုံငုံသုံးသပ်ချက်**သည် သင်ခန်းစာခေါင်းစဉ်၊ အဓိကကျမ်းချက်များ၊ ယခင်သင်ခန်းစာနှင့် ဆက်စပ်မှုများနှင့် သင်ခန်းစာ၏ဆောင်ပုဒ်တို့ကို မိတ်ဆက်ပေးသည်။ ဤအပိုင်းတွင် သင်ခန်းစာသည် အဘယ်ကြောင့် အရေးပါသနည်း ဟူသည့်မေးခွန်းများနှင့် သက်ဆိုင်၏။ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ကျမ်းစာက မည်သို့ပြောသနည်း။ သင်ခန်းစာတွင်တွေ့ရသော အဓိကဆောင်ပုဒ်တစ်ချို့ကား အဘယ်နည်း။ ဤအကြောင်းအရာက ကျွန်ုပ်တို့၏လက်တွေ့ဘဝကို မည်သို့အကျိုးသက်ရောက်စေသနည်း။

၂။ **အနက်ဖွင့်ကျမ်း**သည် ဆရာကိုင်အထူးထုတ်တွင် အဓိကအပိုင်းဖြစ်၏။ ၎င်းတွင် ကဏ္ဍနှစ်ခု သို့မဟုတ် ထို့ထက်ပိုသော အပိုင်းများရှိနိုင်ပြီး၊ တစ်ခုစီသည် ခြုံငုံသုံးသပ်ချက်အပိုင်းတွင် မိတ်ဆက်ထားသည့် ဆောင်ပုဒ်နှင့် ပတ်သက်သည်။ အနက်ဖွင့်ကျမ်းတွင် ခြုံငုံသုံးသပ်ချက်၌ ဖော်ပြထားသည့် ခေါင်းစဉ်များကို ချဲ့ထွင်းသည့် အတွင်းကျကျ ဆွေးနွေးချက်များစွာ ပါဝင်နိုင်သည်။ ဤအပိုင်းသည် ဆောင်ပုဒ်ပါ အကြောင်းအရာများကို နက်ရှိုင်းစွာ လေ့လာခြင်းအား ပံပိုးပေးကာ၊ ဆောင်ပုဒ်များကို ပိုမိုနားလည်ရန် ဆိုင်ရာကျမ်းချက်များ၊ ထုတ်ဖော်အနက်ဖွင့်ခြင်းနှင့် သရုပ်ဖော်ထားသော ဆွေးနွေးချက်များကို ပံ့ပိုးပေး၏။ ဤအပိုင်းတွင် သင်ခန်းစာနှင့် သက်ဆိုင်သော ကျမ်းဝေါဟာရလေ့လာခြင်း သို့မဟုတ် ထုတ်ဖော်အနက်ဖွင့်ခြင်းတို့ ရှိ၏။

ဆွေးနွေးချက်ဦးတည်မှု၊ သက်ဆိုင်သော ဥပမာများနှင့် စဉ်းစားရန်မေးခွန်းများလည်း ပါရှိနိုင်ပါသည်။

၃။ **လက်တွေ့အသုံးချခြင်း**သည် ဆရာကိုင်စာအုပ်တွင် သင်ခန်းစာတိုင်း၏ နောက်ဆုံးကန့်ဖြစ်၏။ ဤတွင် အနက်ဖွင့်ကျမ်းပါ သင်ခန်းစာများကို အသက်တာတွင် မည်သို့အသုံးပြုရမည်ကို ပြသည်။ ဆွေးနွေးရန်၊ သင်ကြားသမျှ၏ အနှစ်ချုပ်၊ သို့မဟုတ် သင်ခန်းစာနှင့်ဆက်စပ်သည့် သက်သေခံချက်များကို ထည့်သွင်းတတ်၏။

**နောက်ဆုံးအတွေး။** အထက်ပါဖော်ပြချက်များသည် သင်ခန်းစာရှင်းပြရန် ရရှိနိုင်သော ဖြစ်နိုင်ခြေများစွာထဲမှ အကြံပြုချက်မျှသာဖြစ်ပြီး၊ ၎င်း၏နယ်ပယ်တွင် ဤမျှနှင့်ကန့်သတ်ဖို့ရန် မရည်ရွယ်ပါ။ သင်ကြားခြင်းသည် ငြီးငွေ့ဖွယ်ကောင်းသော၊ ထပ်ခါထပ်ခါဖြစ်သော၊ သို့မဟုတ် စိတ်ကူးမှန်းဆထားသော အယူအဆအဖြစ်မျိုး မဖြစ်သင့်ပါ။ ကောင်းသောဥပုသ်စာဖြေ သင်ကြားခြင်းသည် ကျမ်းစာအခြေပြု၊ ခရစ်တော်ကို ဗဟိုပြု၊ ယုံကြည်ခြင်းကို ခိုင်ခံ့စေပြီး မိတ်သဟာယကို တည်ဆောက်ခြင်းမျိုးသာ ဖြစ်သင့်သည်။

သင်ခန်းစာ - ၁

*ဒီဇင်ဘာလ ၂၈ - ဇန်နဝါရီလ ၃*

# ဘုရားသခင်သည် အပြစ်မဲ့စွာဖြင့် စုံမက်သည်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၃၃:၁၅–၂၂၊ ဟော ၁၄:၁–၄၊ ဗျာ ၄:၁၁၊ ယော ၁၇:၂၄၊ မ ၂၂:၁–၁၄၊ ယော ၁၀:၁၇၊ ၁၈

**အလွတ်ကျမ်းချက်။ "ငါသည် အမျက်ပြေသောကြောင့် သူတို့ဖောက်ပြန်ခြင်းကို ပြုပြင်မည်။ ကိုယ်အလိုအလျောက် စုံမက်မည်"** (ဟောရှေ ၁၄:၄)။

ပေတရုသည် သခင်ယေရှုကြိုဟောခဲ့သည့်အတိုင်း ၎င်းကို ၃ ကြိမ် ငြင်းပယ်ခဲ့ပြီးလည်း (မ ၂၆:၃၄) ယင်းတို့သည် ဘဝနိဂုံးမဟုတ်ခဲ့ပါ။ ယေရှုသည် ပြန်လည်ထမြောက်ပြီးနောက်တွင် ပေတရုအား "သင်သည် ဤသူတို့ထက် ငါ့ကို သာ၍ချစ်သလော" ဟုမေး၏။ ပေတရုလည်း "ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟုဖြေ၏။ ထို့နောက် ယေရှုက ပေတရုအား "သင်သည် ငါ့ကိုချစ်သလော" ဟုမေး၏။ ပေတရုလည်း "အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟု ဖြေ၏။ ယေရှုလည်း "ငါ၏သိုးတို့ကိုထိန်းလော့" ဟုမိန့်၏။ ယေရှုသည် ပေတရုအား တတိယအကြိမ် ထပ်မေး၏။ "သင်သည် ငါ့ကို ချစ်သလော။" သုံးကြိမ်တိုင်တိုင် မေးသောကြောင့် ပေတရုသည် စိတ်နာသဖြင့် "သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟု လျှောက်၏။ ယေရှုလည်း "ငါ၏သိုးတို့ကို ကျွေးမွေးလော့" ဟုမိန့်၏ (ယော ၂၁:၁၅–၁၇)။ ပေတရုသည် ယေရှုကို ၃ ကြိမ် ငြင်းခဲ့သည့်အတိုင်း ယေရှုက "ငါ့ကိုချစ်သလော" ဟူသည့်မေးခွန်းကြီးဖြင့် ပေတရုအား ၃ ကြိမ် ပြန်၍တည့်မတ်ပေး၏။

ပေတရုနှင့် ကျွန်ုပ်တို့၏အနေအထား မည်မျှပင် ခြားနားသော်ငြား တရားသဘောသည် အတူတူပင်ဖြစ်၏။ ဆိုလိုရင်းမှာ ယေရှုက ပေတရုအားမေးသည့် "ငါ့ကို ချစ်သလော" သည် ကျွန်ုပ်တို့အပေါ်လည်း ထိုနည်းတူဖြစ်၏။

အရာအားလုံးသည် ထိုမေးခွန်းကိုဖြေသည့် ကျွန်ုပ်တို့၏အဖြေတွင် မှီ၏။

** ဇန်နဝါရီလ ၄ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*ဒီဇင်ဘာလ ၂၉ ရက်*

## မျှော်လင့်ထိုက်သည်များ၏ အခြားတစ်ဘက်သို့

ဘုရားသခင်သည် "ငါ့ကိုချစ်သလော" ဟု ကျွန်ုပ်တို့ကို မေးရုံမဟုတ်ဘဲ ၎င်းကိုယ်တိုင်သည် ကျွန်ုပ်တို့ အယောက်တိုင်းကို ချစ်တော်မူ၏။ ဘုရားသည် ကျွန်ုပ်တို့တွေးနိုင်သည်ထက် ကျော်လွန်ကာ အယောက်တိုင်းကို ချစ်ပါသည်။ ထိုမေတ္တာတော်ကို ၎င်းတနင်္ဂနွေနေ့၏သားသမီးများအပေါ် မည်သို့ စီမံပြုပြင်သွားကြောင်း သမိုင်းအားဖြင့် ကျွန်ုပ်တို့သိရ၏။

**ထွက် ၃၃:၁၅–၂၂ ကို ဖတ်ရှုပါ။ ထို့နောက် အာရုံသွင်းပါ။ အထူးအားဖြင့် အငယ် ၁၉ သည် ဘုရား၏မေတ္တာတရားကို မည်သို့ချပြသနည်း။**

---

---

အားလုံးသည် မျှော်လင့်ချက်မဲ့သည့် အနေအထားဖြစ်၏။ ဘုရားသခင်သည် ၎င်း၏သားသမီးများကို အီဂျစ်ပြည် ကျွန်ဘဝမှ ကယ်ထုတ်အပြီး မကြာမီတွင် ရွှေနွားရုပ်တုကို ဘုရားပြုကိုးကွယ်ကြ၏။ မောရှေသည် တောင်ပေါ်မှ ဆင်းလာသည့်အခါ ဖြစ်ပျက်ကုန်စင်ကိုမြင်ပြီး ပညတ်တော် ၁၀ ပါး ကမ္ပည်းထိုးလာသည့် ကျောက်ပြားကို ခွဲခဲ့၏။ လူထုသည် ၎င်းတို့ရရှိသည့် အခွင့်ထူးများကို လက်လွှတ်၍ မည်မျှပင်မထိုက်တန်ငြား ဘုရားသည် ၎င်းတို့နှင့် ဆက်လက်၍ ပဋိညာဉ်ပြုခဲ့၏။

ထွက် ၃၃:၁၉ "ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ သနားလိုသောသူကိုလည်း သနားမည်" ကို ဘုရားသည် အရာခပ်သိမ်းကို ကြိုတင်စီမံခန့်ခွဲထားနှင့်သည်ဟု အယူမှားလေ့ရှိ၏။ မည်သို့ဆိုစေ ဘုရားသည် ထိုသို့စီမံမည်ဟု မမိန့်ထားပါ။ ယနေ့ကာလရှိ ဓမ္မဗေဒအနက်ဖွင့်ကြသကဲ့သို့ ဘုရားသည် ကြိုတင်စီမံခန့်ခွဲထားခြင်းမျိုးဖြင့် ပြုပြင်စီရင်ခြင်း မပြုပါ။

ထိုသို့ဆိုလျှင် ဤကျမ်းချက်တွင် ဘုရားသည် ဘာကိုမိန့်လိုသနည်း။ အကြောင်းကား ဖန်ဆင်းရှင်သည် မထိုက်တန်ဆုံးသော ပုဂ္ဂိုလ်အပေါ်ပင် မေတ္တာပေးပိုင်ကြောင်းကို မိန့်ခြင်းဖြစ်၏။ ဣသရေလများသည် ရွှေနွားရုပ်တုကို ကိုးကွယ်ခြင်းဖြင့် ပုန်ကန်ခဲ့ကြငြား ဘုရားသည် မေတ္တာပြဆဲဖြစ်၏။

ဤဖြစ်စဉ်သည် မျှော်လင့်ထိုက်သည်များ၏ အခြားဘက်တွင် ဘုရားသည် မည်သို့မေတ္တာပြသည့် ဖြစ်စဉ်များမှ တစ်ခုဖြစ်၏။ ယင်းသည် ကျွန်ုပ်တို့အတွက် သတင်းကောင်းမဟုတ်လော။

**ဘုရားသခင်သည် သင့်အား မည်သို့ဆက်လက်ကာ မေတ္တာပြသနည်း — မျှော်လင့်ထိုက်သည်များ၏ အခြားတစ်ဘက်တိုင်အောင် ဆိုလို၏။**

---

တနင်္လာနေ့

*ဒီဇင်ဘာလ ၃ဝ ရက်*

## ဆန်ရေမမျှော် မေတ္တာတော်

အပြစ်နွံ့အတွင်းကျကြသည့် လူသားများအတွက် ဘုရားသခင်၏ မေတ္တာကြီးမားပုံကို ဟောရှေ၏ ဘဝဇာတ်ကြောင်းတွင် တွေ့ရ၏။ ဘုရားသည် ပရောဖက်ဟောရှေအား "သင်သွား၍ ပြည့်တန်ဆာမိန်းမနှင့်တကွ သူဖွားမြင်သော သားသမီးတို့ကို သိမ်းပိုက်လော့။ အကြောင်းမူကား ပြည်သားတို့သည် ထာဝရဘုရားကို စွန့်ပစ်၍ အထပ်ထပ်မှားကြပြီ" ဟုမိန့်၏ (ဟော ၁:၂)။

ဟောရှေနှင့် ၎င်း၏ဇနီးသည်တို့၏ သစ္စာမဲ့ဘဝဇာတ်ကြောင်းသည် သစ္စာမဲ့ကြသည့် ဣသရေလ အမျိုးသား များအတွက် ဘုရား၏မေတ္တာတော်အကြောင်း တရားရစေသည့် သက်ရှိတရားပြ သင်ခန်းစာဖြစ်၏။ ယင်းသည် ထိုက်တန်မှုမရှိသူများအပေါ် ဘုရားသည် အငြိုးအငြင်မရှိ မေတ္တာထားသည့် ဇာတ်တော်ဖြစ်၏။

ဘုရားသခင်သည် မည်မျှပင် သစ္စာရှိရှိ လူသားများသည် ၎င်းကို အဖန်ဖန်ပုန်ကန်ကြ၏။ သမ္မာကျမ်းစာတွင် ဘုရားသခင်သည် ဆန်ရေမမျှော်သည့် မေတ္တာရှင်ဖြစ်ကြောင်း အထပ်ထပ်ပြထား၏။ ဘုရားသည် ၎င်း၏သားသမီးများ ကို ဟာကွက်မရှိ မေတ္တာရှိခဲ့၏။ သို့သော် ၎င်းတို့သည် ဘုရားကိုမထီကြဘဲ အခြားဘုရားကို ကိုးကွယ်ကြခြင်းဖြင့် ဘုရားကို ဝမ်းနည်းစေ၊ ဆက်ဆံရေးပျက်စေခဲ့ကြပြီး ကူကယ်ရာမဲ့အခြေအနေသို့ ဆိုက်သကဲ့သို့ ရှိ၏။

**ဟောရှေ ၁၄:၁–၄ ကို ဖတ်ရှုပါ။ ဤကျမ်းပိုဒ်သည် ၎င်း၏သားသမီးများအပေါ် ဘုရား၏မေတ္တာခိုင်မြဲပုံကို မည်သို့ဖေါ်ပြသနည်း။**

---

---

၎င်း၏သားသမီးများက အထပ်ထပ်ပုန်ကန်ခဲ့ကြအပြီးတွင် ဘုရားသခင်က "ငါသည် သူတို့ဖောက်ပြန်ခြင်းကို ပြုပြင်မည်။ ကိုယ်အလိုအလျောက် စုံမက်မည်" ဟုမိန့်၏။ "အလိုအလျောက် – freely" သည် ဟေဗြဲပါဠိ (nedabah) ကို ဘာသာပြန်ထားခြင်းဖြစ်ပြီး စေတနာဓေါပါ၏။ ဗိမာန်တော်သို့ ကြည်ညိုသောစိတ်နှင့် လှူခြင်းတွင် ဤဝေါဟာရကို သုံးထား၏။

ဟောရှေတစ်ကျမ်းလုံးနှင့် ကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသခင်သည် ၎င်း၏သားသမီးများအတွက် မေတ္တာထားပုံကို ချပြထား၏။ ၎င်းတို့က ငါးစိမ်းမြင်ကာ ငါးကင်ပစ်ထားကြငြား ဘုရားသခင်သည် မေတ္တာမပျက်၊ ဆက်၍ချစ်ဆဲဖြစ်၏။ လူသားများသည် ဘုရား၏မေတ္တာနှင့် မတန်ကြပါ။ ၎င်းတို့သည် ၎င်းတို့၏အခွင့်ထူးကို လက်လွှတ်ခဲ့ကြသည်။ သို့တိုင်လည်း ဘုရားသခင်သည် ၎င်းတို့ကို မေတ္တာမပျက်၊ ဆက်၍ချစ်၏။ ဤကျမ်းနှင့် ကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသခင်၏ မေတ္တာတော်သည် ကြည်ဖြူစွာပေးကမ်းကြောင်း ပြထား၏။

**လူများစွာက ဘုရားသခင်သည် အဝေးတွင်ရှိသော၊ အာဏာရှင်ဟု မှတ်ကြ၏။ ဘုရားသည် ပျက်ရယ်ပြုခံရခြင်းသည် သင့်အား သစ္စာမဲ့သောသူ၏ ခင်ပွန်းတစ်ယောက်သည် ဆန်ရေမမျှော်သကဲ့သို့ ဘုရားကိုမြင်စေပါသလော။ အမြင်ပြောင်းခြင်းက ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးကို မည်သို့ပြောင်းစေသနည်း။**

## အင်္ဂါနေ့

*ဒီဇင်ဘာလ ၃၁ ရက်*

## ရက်ရောစွာဖြင့်ပေးသည့် မေတ္တာတော်

ဣသရေလများက ဘုရားအား မည်သို့ပင် ပုန်ကန်ကြစေကာမူ ဘုရားသခင်သည် ၎င်းတို့ကို ဆက်၍မေတ္တာရှိသည်သာမက ကျွန်ုပ်တို့သည် အပြစ်သားဖြစ်နေလျက်ပင် ဆက်၍မေတ္တာရှိ၏။ ကျွန်ုပ်တို့သည် ဘုရား၏မေတ္တာတော်နှင့် မထိုက်တန်ကြပါ။ ရရှိရန်လည်း ဘယ်အခါမျှ အားထုတ်၍ရမည်လည်း မဟုတ်ပါ။ ပြန်ပြောင်းဆိုရသော် ဘုရားသည် ကျွန်ုပ်တို့ကို မလိုအပ်ပါ။ ကျမ်းစာတွင်လာသည် ဘုရားသည် ဘာမျှမလိုအပ်ပါ (တ ၁၇:၂၅)။ ကျွန်ုပ်တို့အပေါ် ထားရှိသော ဘုရားမေတ္တာတော်သည် ၎င်း၏စေတနာသာ ဖြစ်၏။

**ဗျာ ၄:၁၁ နှင့် ဆာလံ ၃၃:၆ ကို ယှဉ်ပါ။ ထိုကျမ်းပိုဒ်များက ဖန်ဆင်းခံများအပေါ် ဘုရား၏လွတ်လပ်မှုအကြောင်း မည်သို့ ချပြသနည်း။**

---

---

ဘုရားသည် ဤကမ္ဘာကို မိမိသဘောဖြင့် လွတ်လပ်စွာဖန်ဆင်းခဲ့၏။ ထို့ကြောင့် ဘုရားသည် ချီးမွမ်းခြင်းဂုဏ်တော်ခပ်သိမ်းကို ရထိုက်၏။ ဘုရားသခင်သည် လိုအပ်ချက်ကြောင့် ကမ္ဘာကို ဖန်ဆင်းသည်မဟုတ်။ ကမ္ဘာမြေမတည်ရှိမီတွင် ဘုရားသခင်သည် သုံးပါးတစ်ဆူအဖြစ် ပြည့်စုံကုံလုံပြီးသား ဖြစ်၏။

**ယော ၁၇:၂၄ ကို ဖတ်ရှုပါ။ ဤကျမ်းပိုဒ်က ကမ္ဘာမြေမရှိမီက ဘုရား၏မေတ္တာတော်အကြောင်း မည်သို့ချပြသနည်း။**

---

---

ဘုရားသည် ၎င်း၏မေတ္တာတော်ကို စံစားရမည့် ဖန်ဆင်းခံများ မလိုအပ်ပါ။ သို့သော် ၎င်း၏ဂုဏ်တော်နှင့်အညီ ကမ္ဘာကိုဖန်ဆင်းကာ အဖန်ဆင်းခံများနှင့် အဆက်အဆံပြု၏။

ဘုရားသည် ၎င်း၏မေတ္တာတော် ပြသရာအဖြစ် ဤကမ္ဘာကို ဖန်ဆင်းခဲ့ခြင်း မဟုတ်ဘဲ ဧဒင်ဥယျာဉ်တွင် အပြစ်နွံသို့ကျခဲ့၏။ ကျွန်ုပ်တို့ကိုယ်စီက အပြစ်ပြုခဲ့ပြီးနောက်တွင်လည်း လူသားများအပေါ် ဆက်၍မေတ္တာရှိ၏။

ဧဒင်ဥယျာဉ်တွင် အပြစ်ပြုခဲ့အပြီးတွင် အာဒံနှင့်ဧဝတို့သည် အသက်ရှင်ရန်၊ ဘုရား၏မေတ္တာရရှိရန် မထိုက်တန်ကြတော့ပါ။ သို့သော် “မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသော” (ဟေဗြဲ ၁:၃) ဘုရားသခင်သည် မေတ္တာအရင်းခံဖြင့် ၎င်းတို့ကိုထိန်းမတ်ကာ ရင်ကြားစေ့ဖြစ်စေခဲ့၏။ ထိုရင်ကြားစေ့မှုတွင် ကျွန်ုပ်တို့လည်း အကျုံးဝင်ကြ၏။

**ဘုရားသခင်သည် ဤကမ္ဘာသားများအပေါ် ၎င်းတို့ မည်သို့ပင်အပြစ်ရှိကြငြား ဆက်၍မေတ္တာရှိခြင်းက ၎င်း၏ဂုဏ်တော်အကြောင်း ကျွန်ုပ်တို့အား ဘာချပြသနည်း။ ဤတရားတော်က ကျွန်ုပ်တို့ကို ၎င်းအား မေတ္တာတုံ့ပြန်မှုကို ဖြစ်စေပါသလော။**

*ဇန်နဝါရီလ ၁ ရက်*

## ခေါ်တော်မူသောသူ အများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်

ဘုရားသည် ၎င်း၏သားသမီးများကို စိတ်ရှိအတိုင်း ချစ်ရုံမဟုတ်ဘဲ ၎င်းကို ပြန်လည်တုံ့ပြန်ကြရန် ဖိတ်ခေါ်၏။ ဘုရားက ၎င်းကို ချစ်ရန်၊ ငြင်းရန် လွတ်လပ်ခွင့်ပေးထား၏။ ယင်းကို ခရစ်တော်၏ လက်ထပ်မင်္ဂလာပုံပမာခန်းတွင် တွေ့ရ၏။

**ရှင်မဿဲ ၂၂:၁–၁၄ ကို ဖတ်ရှုပါ။ ဤပုံပမာခန်း၏ တရားသဘောသည် ဘာနည်း။**

---

---

ခရစ်တော်၏ လက်ထပ်မင်္ဂလာပုံပမာခန်းတွင် ဘုရင်မင်းမြတ်သည် ၎င်း၏သားအတွက် မင်္ဂလာပွဲကျင်းပခြင်းဖြစ်ပြီး ကျွန်များကို "ဖိတ်ပြီးသော သူတို့ကို ခေါ်စေခြင်းငှာ" စေလွှတ်ခဲ့၏။ "ထိုသူတို့သည် မလာဘဲနေကြ၏" (မ ၂၂:၂၊ ၃)။ ရှင်ဘုရင်သည် ကျွန်များကို အထပ်ထပ် အခေါ်လွှတ်ခဲ့၏။ သို့သော် နားမထောင်ကြဘဲ လုလင်တို့ကို ဖမ်းဆီးငြင်းဆဲခြင်း၊ အသေသတ်ခြင်းကို ပြုကြ၏ (မ ၂၂:၄–၆)။

၎င်း၏ကျွန်များကို သတ်ခဲ့ကြသူများကို စီရင်အပြီးတွင် ဘုရင်သည် ကျွန်တို့ကို "မင်္ဂလာဆောင်ပွဲသည် အသင့်ရှိ၏။ ခေါ်ဖိတ်သောသူတို့သည် မထိုက်မတန်ကြသောကြောင့် လမ်းမကြားသို့သွား၍ တွေ့သမျှသောသူတို့ကို ပွဲသို့ခေါ်ဖိတ်ကြ" ဟု မိန့်၏ (မ ၂၂:၈၊ ၉)။ နောက်အခန်းတွင်ကား မင်္ဂလာပွဲဝတ်ရုံ မရှိသူအကြောင်းလာပြီး ယေရှုက "ခေါ်တော်မူသောသူ အများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူ နည်းသည်" (မ ၂၂:၁၄) ဟု ပဟေဠိဆန်ဆန်ဖြင့် ပိတ်၏။

ယင်းသည် ဘာကိုဆိုလိုခြင်းနည်း။ အဆုံးတွင် "ရွေးကောက်" ခံသူများသည် ဘုရားဖိတ်ခေါ်သည့် မင်္ဂလာဆောင်ပွဲသို့ တက်ကြသူများ ဖြစ်၏။ "ခေါ်၊" "ဖိတ်ကြား" ဝေါဟာရကို ဂရိပါဠိ kaleo ကို ပြန်ထားခြင်းဖြစ်၏။ အဆုံးတွင် အရွေးခံရသူများသည် (eklektos) ဖိတ်ကြားခြင်းကို လက်ခံကြသူများ ဖြစ်၏။

ဆိုရလျှင်၊ ဘုရားသခင်သည် မင်္ဂလာဆောင်ပွဲသို့ အယောက်တိုင်းကို ဖိတ်ကြား၏။ သို့သော်လည်း မည်သူမဆို ဘုရား၏မေတ္တာကို ငြင်းခွင့်ရှိ၏။ လွတ်လပ်ခွင့်သည် မေတ္တာတရားတွင် အခရာကျ၏။ ၎င်း၏မေတ္တာကိုလက်ခံရန် ဘုရားသည် အဓမ္မတရား ဘယ်အခါမျှ သုံးမည်မဟုတ်ပါ။ ဝမ်းနည်းဖွယ်ကား ကျွန်ုပ်တို့သည် ဘုရားနှင့် မိတ်သဟာယဖွဲ့မှုကို ငြင်းဆန်နိုင်ခြင်း ဖြစ်၏။

အရွေးခံရသူများသည် ဖိတ်ကြားခြင်းကို လက်ခံကြသူများ ဖြစ်၏။ ဘုရားကို ချစ်ကြသူများအတွက် ဘုရားက ကျွန်ုပ်တို့တွေးဆနိုင်သည်ထက်ကျော်ကာ များစွာပြင်ဆင်ပေးထား၏။ ပြန်၍ဆိုရလျှင် အကြောင်းအားလုံးသည် မေတ္တာတော်တွင် ကိန်းသည့်အရာများမှ ထွက်လာသည့်တရားများ ဖြစ်၏။

**သင်သည် မင်္ဂလာပွဲဖိတ်ခေါ်ခြင်းကို လက်ခံခဲ့သည်မှန်စေဦးတော့၊ မင်္ဂလာဝတ်ရုံကို ဝတ်ဆင်ပြီးပြီလော။**

*ဇန်နဝါရီလ ၂ ရက်*

## ကျွန်ုပ်တို့အတွက် ကားတိုင်ပေါ်အသေခံခဲ့သည်

ဘုရားသခင်သည် ၎င်းနှင့် မေတ္တာသင့်ဆက်ဆံရေးရှိနိုင်ရန် အယောက်တိုင်းကို ဖိတ်ခေါ်၏။ သို့သော် လက်ခံကြသူများကသာ ထာဝရစံစားကြပါလိမ့်မည်။ မင်္ဂလာဆောင်ပွဲပုံပမာခန်းတွင် တွေ့ရသည့်အတိုင်း ဘုရင်ကဖိတ်ခဲ့သည့် အများစုတို့သည် "မလာဘဲနေကြ၏" (မ ၂၂:၃)။

ခရစ်တော်သည် ကားတိုင်ပေါ် အတင်မခံရမီတွင် "အို ယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်တော်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ အလိုရှိပြီ သင်မူကား အလိုမရှိ" (မ ၂၃:၃၇) ဟု မြည်တမ်းခဲ့၏။ ခရစ်တော်သည် ၎င်းတို့ကို ၎င်း၏မေတ္တာရိပ်အောက်တွင် စုရုံးလိုခဲ့၏။ သို့သော် ၎င်းတို့သည် အလိုမရှိကြပါ။ "အလိုရှိ" သည့် ဂရိဝေါဟာရသည် thelo ဖြစ်ပြီး ခရစ်တော်က ၎င်းတို့ကို ကယ်တင်လို၊ ၎င်းတို့က အကယ်ခံရရန် အလိုမရှိ စသည်များတို့တွင် သုံးထား၏ (ဝေါဟာရသည် မ ၂၂:၃ နှင့် အတူတူဖြစ်၏)။

မည်သို့ဖြစ်စေ ခရစ်တော်သည် ၎င်းတို့၊ ကျွန်ုပ်တို့အတွက် ကပ်တိုင်ပေါ် တက်ခဲ့၏။ အံ့ဖွယ်မေတ္တာပေတကား။ လူ့အပြစ်သည် သေဒဏ်ထိုက်ငြား ဘုရားသခင်ကိုယ်တိုင်က (ခရစ်တော်အားဖြင့်) အဖိုးဘာဂပေးချေခဲ့ပြီး၊ ပျက်စီးသွားသည့် အဆက်အဆံကို ပြန်လည်ကောင်းမွန်စေခဲ့၏။ ယင်းအချိန်တွင်ပင် ၎င်းတွင်ဝတ္တရားမရှိငြား ၎င်း၏မေတ္တာတော်ကို ကျွန်ုပ်တို့အပေါ် ဆက်လက်စီးဖြန်းပေး၏။

**ယော ၁ဝ:၁၇၊ ၁၈ ကို ဖတ်ရှုပါ။ ဂလာတိ ၂:၂ဝ နှင့် ယှဉ်ပါ။ ဤကျမ်းပိုဒ်များတွင် မည်သည့်တရားများ ရှိသနည်း။**

---

---

ဘုရား၏မေတ္တာတော် အခမ်းနားဆုံးပြဖြစ်သည်မှာ လက်ဝါးကပ်တိုင်ဖြစ်၏။ ခရစ်တော်သည် ကြည်ဖြူစွာဖြင့် ၎င်း၏အသက်ကို ကျွန်ုပ်တို့အတွက် ပေးခဲ့ကြောင်း တွေ့ရ၏။ ခရစ်တော်ကိုယ်တိုင်က ၎င်း၏အသက်ကို ပေးခဲ့၏။ မည်သူကမျှ ၎င်း၏အသက်ကို မနှုတ်ပါ။ ကမ္ဘာကြီးမဖန်ဆင်းမီက ပြုနှင့်ထားသည့် ပဋိညာဉ်အတိုင်း ၎င်းကသာ ပေးဆပ်ခဲ့၏။

"ကျွန်ုပ်တို့ကိုကယ်တင်ရန် စီမံခြင်းသည် အာဒံက အပြစ်လုပ်ပြီးမှ အကြောင်းဖန်လာခြင်း မဟုတ်ပါ။ ယင်းသည် 'ရှေးကာလလုံး ဝှက်ထား' (ရော ၁၆:၂၅) သည့် တရားကိုဖော်ပြခြင်း ဖြစ်၏။ ဘုရားသခင်နှင့် သားတော်တို့သည် စာတန်သည် လမ်းမလိုက်မည့်အဖြစ်၊ ၎င်းကြောင့် လူသားများ အပြစ်ပြုဖြစ်ကြမည်တို့ကို ရှေးမဆွကပင် သိကြ၏။ ဘုရားသခင်သည် အပြစ်ရှိလာရန် မစီမံခဲ့ပါ။ ကြိုသိခြင်းဖြစ်ပြီး ကုစားရန် စီမံခဲ့၏။ လူသားများအလိုငှာ မေတ္တာကြီးလွန်းလှသောကြောင့် 'သားတော်ကို ယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ' (ယော ၃:၁၆) ၎င်း၏ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူခဲ့သည်။" — Ellen G. White, *The Desire of Ages*, p. 22။

*ဇန်နဝါရီလ ၃ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, " 'To Meet the Bridegroom,' " pp. 405–421 in *Christ's Object Lessons*.

"ဘုရားသခင်ကို အမှားမြင်ခြင်းက လူသားများကို အမှောင်ဖုံးစေ၏။ လူသားများသည် ဘုရားဂုဏ်တော်ကို မသိကြတော့။ အမှားမြင်၊ အမှတ်မှားခဲ့ကြပြီ။ ယခုတွင် ဘုရားထံမှလာသည့်တရားကို ဟောကြားရမည်ဖြစ်သည်။ ယင်းသည် ကယ်တင်ခြင်း ဩဇာသက်သည့် တရားဖြစ်၏။ သာသနာအမှောင်ဖုံးသည့် ကမ္ဘာတွင် ဘုရား၏ဘုန်းတော်၊ ဂုဏ်တော်၊ မေတ္တာ၊ အမှန်တရားများ မီးမောင်းထိုးပြရမည်ဖြစ်၏။

"ယင်းသည် ပရောဖက်ဟေရှာယက ဇယားချခဲ့သည့် လမ်းစဉ်ဖြစ်သည် — 'ယေရုရှလင်မြို့သို့ ဝမ်းမြောက်စရာသတင်းကို ဆောင်ခဲ့သောသူ၊ ကျယ်သောအသံကို လွှင့်လော့။ မစိုးရိမ်ဘဲ အသံကိုလွှင့်လော့။ သင်တို့၏ဘုရားသခင်ကို ကြည့်ရှုကြဟု ယုဒမြို့ရွာတို့အား ပြောလော့။ ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည် ကြီးသောတန်ခိုးနှင့် ကြွလာ၍၊ လက်ရုံးတော်အားဖြင့် အစိုးရတော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခ မိမိ၌ပါလျက်၊ ဆုလာဘ်တော်သည် ရှေ့တော်၌ ရှိ၏' ဟေရှာ ၄၀:၉၊ ၁၀။

"သတို့သား အလာကို မျှော်ကြသူများသည် လူအများထံ 'သင်၏ဘုရားသခင်ကို ရှုကြလော့' ဟု ဆော်အောရပါမည်။ ကျေးဇူးတော် နောက်ဆုံးတစ်မျှင်အကြောင်း လူသားများထံ ပြောကြားရပါမည်။ ယင်းသည် ၎င်း၏မေတ္တာတော်ကို ပြောကြာခြင်းဖြစ်၏။ လူသားတို့သည် ၎င်းတို့၏ နေထိုင်မှုပုံစံဖြင့် ဘုရားသည် ၎င်းတို့အပေါ် မည်မျှ ကျေးဇူးရှိကြောင်းကို ပြသရပါမည်။

"ကောင်းမြတ်ခြင်းပြယုဂ်သည် ၎င်းတို့၏ ကိုယ်ကျင့်တရားတွင် ထင်ရှားရပါမည် — ဝစီဗေဒ(နှုတ်) နှင့် သီလတရားတွင် စင်ကြယ်ရပါမည်။" — Ellen G. White, *Christ's Object Lessons*, pp. 416, 416။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ ဘုရားမရှိဆိုသည်ထက် ဘုရားသည် ကျွန်ုပ်တို့ကိုမုန်းသည် ဟူသည့်အယူသည် သာ၍ဆိုး၏။ ယင်းအချက်သည် အမှန်တရားဖြစ်နေသည်ရှိသော် ကျွန်ုပ်တို့ဖြစ်တည်မှု မည်သို့ခြားနားပါမည်နည်း။

၂။ ယနေ့ကာလတွင် ဘုရားဂုဏ်တော်အကြောင်းတွင် ဘာ့ကြောင့် အမြင်များ ကွဲပြားရသနည်း။ ဘုရား၏မေတ္တာတော်အကြောင်း လူများမြင်ဖြစ်နိုင်မည့် နည်းနာများကို ဆွေးနွေးပါ။

၃။ ယနေ့ကာလ ဘုရား၏ဂုဏ်တော်အကြောင်း ပြောကြားရမည့်တရားသည် မည်သည့်တရားနည်း။ ဘုရား၏မေတ္တာတော်အကြောင်း မသိသေးသူများထံ သင် မည်သို့ဝေမျှမည်နည်း။ ဘုရား၏မေတ္တာတော်အကြောင်း သင် မည်သည့်အချက်များဖြင့် ထောက်ပြမည်နည်း။

၄။ ဘုရား၏မေတ္တာတော်အကြောင်း ဆွေးနွေးခြင်းသည် တစ်ကန့်ဖြစ်၏။ ယင်းမေတ္တာတော်ကို ကျွန်ုပ်တို့ဘဝတွင် ထင်ပြရမည်မှာ အခြားအကန့်ဖြစ်၏။ "စင်ကြယ်သည့်သီလ" သည် ကျွန်ုပ်တို့ဝန်းကျင်တွင် ဘုရားမေတ္တာတော်ကို မည်သို့ အရာထင်စေပါမည်နည်း။

# ဝါးလိပ်လိုက်ကာကို လိပ်တင်ခြင်း

Andrew McChesney ရေးသားသည်

ရုရှားနိုင်ငံ Moscow International SDA Church ပွဲတော်မင်္ဂလာတွင် တောင်ကိုးရီးယား ကျောင်းသား ရှေ့တွင်ဒူးထောက်စဉ် ဆုတောင်းပေးစေလိုချက် ရှိသလောဟု မေးခဲ့၏။

Moscow တက္ကသိုလ်တွင်ကျောင်းတက်သည့် ထိုကျောင်းသားက "ယေရှုပြန်ကြွလာဖို့ မြောက်ကိုးရီးယားမှာ သာသနာထွန်းကားဖို့လိုလို့ မြောက်ကိုးရီးယားအတွက် ဆုတောင်းပေးပါ" ဟုဆို၏။

၂၀၀၆ ခုနှစ်တွင် ထိုသို့ဆုတောင်းပေးခဲ့ပြီးနောက် တောင်ကိုးရီးယား SDA များသည် မြောက်ကိုးရီးယားသို့ သာသနာပြုကြသည့်သတင်းကို ကျွန်ုပ်ကြားခဲ့၏။ ယေရှုက "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ် ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့." (မ ၂၄:၁၄) ဟုမိန့်၏။ တောင်ကိုးရီးယား SDA များက မြောက်ကိုးရီးယားသည် သာသနာဖြန့်ရမည့်အရပ်ဟု မှတ်ကြ၏။ ယနေ့တွင် ဝါးလိပ်လိုက်ကာကို ဖွင့်နိုင်ရန် လူများစွာက ဆုတောင်းကြ၏။

SDA သည် မြောက်ကိုးရီးယားတွင် ၁၉၀၄ ခုနှစ်မှ စတင်ခဲ့ပြီး တောင်ကိုးရီးယားသို့ ဖြန့်ကျက်ခဲ့၏။ ယနေ့တွင် တောင်ကိုးရီးယားတွင် လူဦးရေ ၅၂ သန်းတွင် အသင်းသား ၂၈၅,၀၀၀ ရှိပါပြီ။ သို့သော် မြောက်ကိုးရီးယားတွင်ကား လူဦးရေ ၂၆ သန်းရှိပြား SDA ရှိမှန်း မသိရပါ။ သို့သော် ဘုရားသခင်အတွက် အသင်းသားရှိသည့်သတင်း သဲ့သဲ့ကြားရသည်ဟု မြောက်အာရှ ပစိဖိတ်ဒီဝေဇံတွင် ဒါရိုက်တာ Beom Seok Oh က ဆို၏။ ၎င်းဒါရိုက်တာသည် တောင်ကိုးရီးယားသို့ လည်ခဲ့စဉ် မြောက်ကိုးရီးယားရှိ အမျိုးသမီးတစ်ဦးသည် စနေနေ့ အလုပ်ရှောင်ရန် စနေနေ့တိုင်း ပဲငံပြာရည်သောက်ကာ အဖျားခံသည်ဟု ကျွန်ုပ်အားပြောဖြစ်၏။ သူမ ထောင်ကျသည့်အခါ ကျမ်းစာအုပ်ကို လျှို့ဝှက်စွာသွင်းယူပြီး မြေတွင်မြှုပ်ထား၏။ သူမသည် ဘုရားကို လွတ်လပ်စွာကိုးကွယ်နိုင်ရန် တောင်ကိုးရီးယားသို့ ခိုးဝင်ခဲ့၏။ အသင်းတော်ခေါင်းဆောင်များက နယ်ခြားဂိတ် ဖွင့်မည့်အချိန်အခါကို စောင့်စားရင်း ဂိတ်ပွင့်သည့်အခါ သာသနာပြုကြ၏။ လက်ရှိတွင် တောင်ကိုးရီးယား SDA များသည် မြောက်ကိုးရီးယားမှ ဝင်လာသူများကို ကူညီပေးကြ၏။ အသင်းထောက် ဇနီးမောင်နှံတို့သည် အသစ်ခိုးဝင်လာကြသူ၏ လိုအပ်ချက်များကို ပုံမှန်ဖြည့်ဆည်းပေးကြ၏။ စာရွက်စာတမ်းလုပ်ပေး၏။ ၆ လ ကြာလာပြီးနောက်တွင် ဘုရားကိုလက်ခံလာပြီဟု ထိုဇနီးမောင်နှံတို့၏ pastor ဖြစ်သူ Chang-Seop Lee က ဆို၏။

အခြားခိုးဝင်လာသူတစ်ဦးလည်း မြောက်ပိုင်းတွင်ကျန်ခဲ့သည့် ဇနီးနှင့် သားသမီးများကို နောက်ဆံတင်းကာ အိပ်မရဖြစ်ရ၏။ Pastor Lee သည် ထိုသူနှင့်အတူ ဆုတောင်းခဲ့၏။ နောက်ပိုင်းတွင် ထိုသူသည် ဘုရားကိုလက်ခံကာ မြောက်ပိုင်းတွင် ကျမ်းစာသင်ပေးနေပါပြီ။ ထိုအဖြစ်က pastor အား အားတက်စေပြီး ထိုသူကိုကူညီရန် လမ်းရှာ၏။ Pastor က "ကျွန်ုပ်တို့ ယနေ့တွင် ကြုံဆုံရသည့်သူများကို ကူပေးခြင်းအားဖြင့် မြောက်ပိုင်းတွင် သာသနာဖြန့်နိုင်ကြောင်း ယုံပါသည်" ဟုဆို၏။



မြောက်ကိုးရီးယားနိုင်ငံအတွက် ဆုတောင်းပေးကြပါ။ Northern Asia-Pacific Division တွင် ဧဝံဂေလိပြန့်နှံ့ရန် မတ်လ ၂၉ ရက်တွင် ကောက်ခံမည့် ၁၃ ပတ်မြောက် ဥပုသ်အလှူငွေကို ရက်ရောစွာ လှူကြမည်ဖြစ်သောကြောင့် ကျေးဇူးများစွာတင်ရှိပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဟောရှေ ၁၄:၄

**လေ့လာမှုဦးတည်ချက်များ။** ယော ၁၇:၂၄၊ မ ၂၂:၁–၄၊ ယော ၁၀:၁၇၊ ၁၈။

**နိဒါန်း။** ။ ဘုရားသခင်သည် လူအယောက်တိုင်းကို ကျွန်ုပ်တို့တွေးဆနိုင်သည်ထက်လွန်ကာ ချစ်ပါသည်။ ဘုရားသည် မေတ္တာကြီးမားလွန်းသောကြောင့် လူသားများ သစ္စာမရှိကြစဉ်တွင်ပင် ၎င်းကိုယ်ကို စတေးခံရန် ပေးဆပ်ခဲ့၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အဓိက တရား ၃ ခုကို အာရုံထား၏။

၁။ ဘုရား၏မေတ္တာသည် လိုအပ်ချက်အပေါ် မမူတည်ပါ။ ၎င်း၏မေတ္တာသည် လူသားအပေါ် မည်သို့ယှက်နွယ်သည်ကို သဘောပေါက်မှုတွင် ဗဟိုပြု၏။ ဘုရား၏မေတ္တာသည် ၎င်း၏ကောင်းမြတ်ခြင်းကို ထုတ်ပြခြင်းဖြစ်၏။ ၎င်း၏မေတ္တာသည် လူတို့၏လိုအပ်ချက်၊ စွမ်းဆောင်နိုင်မှုကြောင့် ဖြစ်လာခြင်း မဟုတ်ပါ။ ဘုရားသည် ဘာမှမမျှော်လင့်ဘဲ ၎င်း၏မေတ္တာကို ပြ၏။ ဘုရားသည် ဟောရှေ၊ ဣသရေလ၊ ကျွန်ုပ်တို့အယောက်တိုင်းကို ချစ်ပါသည်။

၂။ ဘုရား၏မေတ္တာစက်ဝန်းသည် မတိုင်းတာအပ်သည့် မေတ္တာဖြစ်၏။ ဘုရား၏မေတ္တာသည် အကြောင်းတရားအပေါ် အခြေမခံပါ။ ဘုရားသည် ၎င်း၏ဆန္ဒဖြင့် ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့ပြီး၊ ၎င်း၏မေတ္တာသည် မျှော်နိုင်သည်ထက်ပင် ကျော်လွန်ပြီး မထိုက်တန်ဆုံး လူပုဂ္ဂိုလ်ကိုပင် ချစ်၏။

၃။ ဘုရား၏မေတ္တာကို ငြင်းဆန်နိုင်၏။ ဘုရားသည် ၎င်း၏မေတ္တာကို အဆုံးစွန်ပြခဲ့ပြီး လူတို့၏တုံ့ပြန်မှုကို ပုံစံမချထားပါ။ ၎င်း၏မေတ္တာတွင် အဓမ္မကျင့်သုံးခြင်းမပါဘဲ လွတ်လပ်စွာ လက်ခံနိုင်၊ ငြင်းဆန်နိုင်၏။

**လက်တွေ့အသုံးချခြင်း။** ။ ဘုရားသည် မထိုက်တန်ဆုံးသောပုဂ္ဂိုလ်ကိုပင် မေတ္တာထားနိုင်သောကြောင့် ၎င်း၏မေတ္တာသည် လူတို့၏ မျှော်လင့်နိုင်စွမ်းထက်ပင် ကျော်လွန်၏။ ကျွန်ုပ်တို့က မေတ္တာမထားနိုင်သည့် ပုဂ္ဂိုလ်အပေါ် ကျွန်ုပ်တို့စိတ်ထားကို ပြောင်းစေနိုင်သည့် ဘုရား၏မေတ္တာကို မည်သို့သုံးသပ်သနည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ ဘုရားသခင်၏မေတ္တာသည် လိုအပ်ချက်အပေါ် မမူတည်ပါ။

လွတ်လပ်ခြင်းဟူသည် ဘုရားမေတ္တာ၏ ပဓာနလက္ခဏာတစ်ရပ်ဖြစ်၏။ အကြောင်းကြောင်းကြောင့် ၎င်း၏မေတ္တာသည် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ အကြောင်းနှင့် အကျိုးတရားတွင် အကျိုးသည် အကြောင်းကိုမှီကာ ဖြစ်လာရ၏။ သို့သော် ဤဆက်နွယ်မှုကို အနက်ဖွင့်ရမည့်အစား ဘုရား၏မေတ္တာသည် ပေးဆပ်လိုခြင်းတွင် အရင်းခံ၏။ ဤတရားထူးကို ဟောရှေနှင့် သစ္စာမဲ့သည့် ၎င်း

၏ဇနီး၏ ဖြစ်စဉ်တွင် တွေ့ရ၏။ ၎င်းတို့ဖြစ်စဉ်မှ ဘုရား၏မေတ္တာသည် ဖန်ဆင်းခြင်းရှိခြင်းကြောင့် ဖြစ်ပေါ်ရခြင်း မဟုတ်ကြောင်း တွေ့ရပါမည်။

**ဟောရှေနှင့်ဘုရား၏ အနန္တမေတ္တာ။** ။ ဟော ၁၄:၄ က သစ္စာမရှိသည့် ဣသရေလကို ကုစားရန် ကတိပေးခြင်းနှင့် မေတ္တာထားရန် ကတိပြုခြင်းကို ဆက်ထား၏။ ဤကတိသည် ဘုရားက ပြန်လည်တည့်မတ်ပေးသည့် လမ်းမလိုက်ကြသည့် လူစုကို အငြိမ်မနေစေပါ (ဟော ၂:၁၄–၂၃)။ ဟောရှေက သစ္စာမရှိသည့် ၎င်း၏ဇနီးအပေါ် ဆက်ဆံပုံနှင့် ပြထားသကဲ့သို့ ဖြစ်၏ (ဟော ၃:၁–၅)။ ဟောရှေ၏ဖြစ်စဉ်က ဘုရား၏မေတ္တာသည် အနန္တဖြစ်ကြောင်း ပြ၏။ “ဤမေတ္တာသည် ရှာယူ၍မရပါ။ ဣသရေလတို့က ဘုရားကို ဘာပေးနိုင်ကြမည်နည်း။ ဟေဗြဲဝေါဟာရ nedabash သည် ဘုရားရှင်သည် အနန္တမေတ္တာဖြင့် ဣသရေလတို့ကို မေတ္တာရှိမည်ကို ဆိုခြင်းဖြစ်၏။ ‘အလိုလိုပေါ်သည့်ဆန္ဒ’ (သို့) ‘စေတနာကြောင့် ပေးဆပ်သည့်’ သဘောဖြစ်၏။” — Douglas Stuart, “Hosea–Jonah,” *World Biblical Commentary* (Dallas: Word Incorporated, 1987), vol. 31, p. 215။ ထို့ကြောင့် ဘုရား၏မေတ္တာသည် အကြောင်းကိုမှီကာ ပေါ်ခြင်းမဟုတ် (သို့) ဣသရေလတို့၏ အပြုအမူကြောင့်လည်း မဟုတ်ပါ။ ၎င်း၏လွတ်လပ်မှုကို ပြခြင်းဖြစ်၏။ ထို့ကြောင့် စေတနာပါ၏။ ဟောရှေ ၁၄:၄ ရှိ ဘုရား၏ကုစားပေးခြင်းသည် (ဟော ၅:၁၃၊ ၆:၁၊ ၇:၁၊ ၁၁:၃ တို့ကိုလည်းရှု)၊ စေတနာကို အခြေခံ၏။ အကြောင်းမှာ ဣသရေလတို့သည် သစ္စာရှိနိုင်ရန် မစွမ်းကြပါ။ ထို့ကြောင့် ဘုရား၏စေတနာအရင်းခံ မေတ္တာသည် မထိုက်ဘဲနှင့်ရသည့်အရာ ဖြစ်၏။

**ဘုရား၏မေတ္တာနှင့် ဖန်ဆင်းခြင်း။** ။ မေတ္တာတွင် အသွားအလာရှိသည့်အချက်က ဘုရားသည် မေတ္တာရှင်ဖြစ်နိုင်ရန် ဖန်ဆင်းခံများရှိရမည် ဟူသည့်ဘက်သို့ ယူစေ၏။ တစ်နည်းကား ဘုရား၏မေတ္တာအတွက် ဖန်ဆင်းခြင်းသည် လိုအပ်ချက်ဖြစ်လေ၏။ သို့သော် ကျမ်းစာတွင် ဤတရားမလာပါ။ ဘုရားသည် ၎င်းဖန်ဆင်းထားသည့် အရာများထံမှ ဘာမှမလိုအပ်ပါ (တ ၁၇:၂၅)။ မေတ္တာတော်သည် စကြဝဠာကို မဖန်ဆင်းမီကပင် ရှိနှင့်ပြီး၏။ ယေရှုက ယင်းအချက်ကိုမိန့်၏။ ခမည်းတော်သည် ၎င်းကို “ကမ္ဘာမတည်ရှိမီ” (ယော ၁၇:၂၄) ကပင် ချစ်သည်ဟု မိန့်သည့်အခါ ထိုအချက်ပါဝင်၏။ မေတ္တာတော်ရှိနိုင်ရန် ကမ္ဘာကိုဖန်ဆင်းရန် မလိုအပ်ခဲ့ပါ။ ထို့အစား ဖန်ဆင်းခြင်းဟူသည် ဘုရား၏မေတ္တာမှ မြစ်ဖျားခံကာ ဖြစ်တည်လာခြင်းဖြစ်၏။

**မေတ္တာတော်ကို လွတ်လပ်စွာပေးကမ်းသည်။** ။ လက်ဝါးကပ်တိုင်ပေါ် ယေရှုပေးဆပ်ခဲ့ခြင်းသည် ပေးဆပ်လို၍သာ ဖြစ်၏။ ယေရှုသည် ကွပ်မျက်ခံရသည့် သားကောင်မဟုတ်။ ယေရှု မိန့်ခဲ့သည့်အတိုင်း ဖြစ်၏ — “ငါသည် ကိုယ့်အသက်ကို စွန့်၏။ ငါ့အသက်ကို အဘယ်သူမှ မလုမယူ” (ယော ၁၀:၁၇၊ ၁၈)။ ပေါလုက ခရစ်တော်သည် “ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုယ်ကိုစွန့်၏” ဟုဆို၏ (ဂလ ၂:၂၀)။ ထို့ကြောင့် ယေရှုကွပ်မျက်ခံရခြင်းသည် လိုအပ်ချက်ကြောင့် မဟုတ်ပါ။ ၎င်းက ဘုရားမေတ္တာကို ပြလို၍ ပေးလှူခြင်းဖြစ်၏။

## ၂။ ဘုရား၏မေတ္တာစက်ဝန်းသည် တွက်ဆရန်မဟုတ်။

ဘုရား၏မေတ္တာတော်သည် အကြောင်းအကျိုး နိယာမတရားကို မလိုက်ဟုဆိုရာတွင် တွက်ဆရန်၊ မျှော်လင့်ရန်မဟုတ်ဟု ဆိုလို၏။ မောရှေရေးသည့်ကျမ်းတွင် ထိုသို့မျှော်ခြင်းကြောင့် ဘုရားထံ အသနားခံရသည့် ဖြစ်စဉ် နှစ်ခု ရှိ၏။

ပထမကား အာဗြဟံ၏ အသနားခံမှု (က ၁၈:၂၃–၃၃) ဖြစ်ပြီး သောဒုံနှင့် ဂေါမောရမြို့များအပေါ် တရားစီရင်သည့် ဖြစ်စဉ်ဖြစ်၏။ အာဗြဟံက ဘုရားထံ ထိုမြို့တွင် ဖြောင့်မတ်သူ ၅၀ ရှိလျှင် ဖျက်ဆီးမည်လောဟု ဆို၏။ လူအယောက် ၅၀ သည် အာဗြဟံအတွက် တော်သင့်သည့်လူဦးရေဟု ယူ၏။ သို့သော် လူဦးရေတောင်းဆိုမှုသည် နည်းနည်းလာ၏။ ၅၀ မှ ၄၅ (က ၁၈:၂၈)၊ ၄၅ မှ ၄၀ (က ၁၈:၂၉)၊ ၄၀ မှ ၃၀ (က ၁၈:၃၀)၊ ၃၀ မှ ၂၀ (က ၁၈:၃၁)၊ ၂၀ မှ ၁၀ (က ၁၈:၃၂)၊ အာဗြဟံလည်း ဘုရား၏မေတ္တာကို (က ၁၈:၂၇၊ ၃၀၊ ၃၂) ထို့ထက် ဈေးမဆစ်တော့ပါ။ အယောက် ၅၀ သည် တရားမျှတမှုအတွက် ကျိုးကြောင်းဆီလျော်မည်ဟု ထင်ရသော်လည်း၊ အယောက် ၁၀ ကား တရားမျှတသော မျှော်လင့်ချက်ထက်များလွန်းပြီဖြစ်၏။ အသနားခံမှုအစတွင် အာဗြဟံက ဘုရားသခင်အား သနားရန်၊ တရားရန် တောင်းဆိုသည်ဟု ဈေးဆစ်နေခြင်းသည် အဓိကမဟုတ်ဟု ပြ၏။ ထို့အစား ဈေးဆစ်နေခြင်းက ဘုရားသခင်သည် လူတို့သည်းခံနိုင်သည်ထက် သည်းခံကြောင်းပြ၏။

ဒုတိယကား သိနာတောင်တွင် မောရှေက ဣသရေလများအတွက် အသနားခံသည့် ဖြစ်စဉ်ဖြစ်၏။ ဘုရားသည် ဣသရေလများအပေါ် သက်ညှာရန် မောရှေက လျှောက်တင်ခြင်းဖြင့် စထား၏ (ထွက် ၃၂:၁၁–၁၄၊ ၃၁–၃၃)။ သို့သော် ယင်းသည် အဓိကမဟုတ်။ ထိုအသနားခံမှုတွင် ဘုရား၏မေတ္တာကိုပြသည့် ဂုဏ်တော်သည်သာ အဓိကဖြစ်၏ (ထွက် ၃၄:၆၊ ၇) ယင်းသည် ဘုရား၏မေတ္တာတော်ပြသည့် ခန်းဝင်ဖြစ်၏။ ဘုရား၏မေတ္တာနှင့် မထိုက်တန်သူများ မေတ္တာပြခြင်းအပြင် (ထွက် ၃၃:၁၉) ထပ်တူမကျသည့် အချက်ရှိ၏ — "အထောင်အသောင်းများအပေါ် သနားခြင်း" နှင့် "တတိယ၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်" ခြင်းဖြစ်ပြီး (ထွက် ၃၄:၇)၊ ယင်းက ဘုရားမေတ္တာ၏ လွတ်လပ်မှုကိုမီးမောင်းထိုးပြီး မှန်းဆတွက်ယူ၍မရကြောင်း ဖော်ပြ၏။

## ၃။ ဘုရား၏မေတ္တာကို ငြင်းငယ်၍ရ၏

ဘုရား၏မေတ္တာတွင် လူတို့၏တုံ့ပြန်မှုကို ကြိုတင်ကာ ပုံစံမချထား ဟူ၍ဖြစ်၏။ ဘုရား၏မေတ္တာသည် အလိုလိုပေါ်သည့် ဆန္ဒဖြစ်ပြီး အကြောင်း၊ အကျိုးနိယာမ (ပုံသေနည်း) မပါပါ။ ယေရှုရှုလင်မြို့အပေါ် ယေရှုမြည်တမ်းခဲ့စဉ်တွင် ၎င်းတို့၏ကယ်တင်ခြင်းကို ဆုံးခန်းမတိုင်စေနိုင်ခဲ့ခြင်းကို ဝမ်းနည်းစွာ ဖွင့်အံထား၏။ ယေရှုက "ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ" ဟု တမ်းခဲ့၏ (မ ၂၃:၃၇)။ ဤကျမ်းချက်တွင် ဂရိ "thelo" ကို မတူကွဲပြားစွာ နှစ် ကြိမ် သုံးထား၏။ ပထမကား ခရစ်တော်က

ကယ်ထုတ်လိုသူများအပေါ် ထားရှိသည့် စေတနာဖြစ်ပြီး၊ ဒုတိယကား ၎င်းတို့သည် ထိုဆန္ဒမျိုးမရှိသည့်အကြောင်း ဖြစ်၏။ ထို့ကြောင့် ဘုရား၏မေတ္တာသည် လက်ခံရရှိသူ၏ ပြန်လည်သိတတ်ခြင်းအပေါ် မမူတည်ပါ။ ဝမ်းနည်းဖွယ်ကား ဤအလိုတော်သည် အသွားအပြန်ကို မမျှော်သောကြောင့် ပြည့်စုံခြင်းရှိနိုင်မည် မဟုတ်ပါ။

ဘုရား၏မေတ္တာကို ငြင်းဆန်သည့် အခြားသာဓကကို လက်ထပ်မင်္ဂလာဆောင်ပွဲ ပုံပမာတွင်တွေ့ရ၏။ ပွဲသို့လာကြရန် လူများစွာကို ဖိတ်ထားပြီး ၎င်းတို့က ငြင်းဆန်ကြ၏ (မ ၂၂:၃)။ ထို့နောက်တွင် အခြားသူများကို ဖိတ်ခေါ်၏။ ၎င်းတို့လည်း လာကြ၏ (မ ၂၂:၉၊ ၁၀)။ သို့သော် ရွှေပွဲလာများကြားတွင် "မင်္ဂလာဆောင်ပွဲ၏ အဝတ်ကိုမဝတ်" သူတစ်ဦးရှိ၏ (မ ၂၂:၁၁)။ ပုံပမာ၏ အနှစ်ချုပ်တရားကား "ခေါ်တော်မူသောသူ အများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူ နည်း၏" ဖြစ်၏ (မ ၂၂:၁၄)။ ဤပုံပမာတွင်လာသည့် "ကောင်းကင်နိုင်ငံတော် (မ ၂၂:၂) တွင် ရွေးကောက်ခြင်း ဝေါဟာရတွင် ပုံစံချထားခြင်း မပါပါ။ ဘုရား၏ ဖိတ်ကြားခြင်းကို လူတို့လက်ခံခြင်း၊ ငြင်းဆန်ခြင်းသာ ပါ၏။ တစ်နည်းကား "လူများစွာသည် အဖိတ်ခံရ၏။ သို့သော် အချို့သည် မလာကြ။ လာကြသူများတွင် နိုင်တော်၏စည်းကို မနာခံသူများလည်းရှိသောကြောင့် အငြင်းခံရ၏။ ကျန်သောရှိလူစုကို "ရွေးကောက်ခံများ" ဟုဆို၏။" — D.A. Carson, "Matthew," *The Expositor's Bible Commentary; Matthew, Mark, Luke* (Grand Rapids, MI: Zondervan, 1984), p. 457။ ဤသို့ဖြင့် ဘုရား၏မေတ္တာကို ကျွန်ုပ်တို့က ရွေးချယ်နိုင်ခြင်းသည်၊ လွတ်လပ်စွာ လက်ခံ (သို့) ငြင်းဆန်ခွင့် အစစ်အမှန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လွတ်လပ်စွာလက်ခံကြရန် အဖိတ်ခံရ၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ကျွန်ုပ်တို့လေ့လာခဲ့ပြီးသည့် ဘုရား၏မေတ္တာတော်အကြောင်းကို အခြေပြုကာ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**၁။ ဘုရား၏မေတ္တာသည် ကျွန်ုပ်တို့ဘက်မှ ဘုရားထံ နီးကပ်မိခြင်းဖြင့် မသက်ဆိုင်ကြောင်းကို မည်သို့နားလည်ဖြစ်သနည်း။ ဥပမာတစ်ခုမျှ ဝေမျှပါ။**

**၂။ ဘုရား၏မေတ္တာသည် လူ့ဉာဏ်စဉ်၏တစ်ဘက်သို့ပင် ကျော်လွန်သည့်အကြောင်းတွင် အာရုံထားဖွယ် ဘာရှိသနည်း။ မထိုက်တန်ဆုံးသောပုဂ္ဂိုလ်ကိုပင် မေတ္တာထားနိုင်ခြင်းအကြောင်းသည် မယုံကြည်သူများနှင့် တွေ့ဆုံမှုတွင် အသုံးတည့်သလော။**

၃။ အကြောင်းမသင့်စွာဖြင့် ဘုရား၏မေတ္တာကို ကျွန်ုပ်တို့သည် မည်သို့ဖြင့် ငြင်းဖြစ်သွားနိုင်သနည်း။

၄။ ဘုရား၏မေတ္တာတော်က အခမဲ့နည်းမသုံးကြောင်း အာရုံသွင်းကာ ခရစ်ယာန်ဖြစ်ကြသည့် ကျွန်ုပ်တို့သည် အခြားသူများကို ထိုကဲ့သို့ချစ်နိုင်ရန် သင်ခန်းစာ ရကြသလော။

သင်ခန်းစာ ၁။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၂

*ဇန်နဝါရီလ ၄-၁၀*

# ပဋိညာဉ်ခံထားသည့် မေတ္တာတော်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ၂ ပေ ၃:၉၊ တရား ၇:၆-၉၊ ရော ၁၁:၂၂၊ ၁ ယော ၄:၇-၂၀၊ ယော ၁၅:၁၂၊ ၁ ယော ၃:၁၆

**အလွတ်ကျမ်းချက်။** **"ယေရှုကလည်း ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်"** (ယော ၁၄:၂၃)။

လူများစွာက အဂ္ဂါပေမေတ္တာတော်ကို ဘုရား၏တစ်မူထူးသည့်မေတ္တာဟု သမုတ်ကြပြီး phileo ဟူသည့် အခြားသောဝေါဟာရသည် အဂ္ဂါပေမေတ္တာထက် နိမ့်ကျသည့်မေတ္တာအဖြစ် ယူကြ၏။ အချို့က အဂ္ဂါပေမေတ္တာကို အပေးသာရှိပြီး အယူမရှိသည့်မေတ္တာ၊ လူသားတို့၏တုံ့ပြန်မှု မမျှော်သည့်မေတ္တာ ဟုဆိုကြ၏။

မည်သို့ဆိုဆို ကျမ်းစာတစ်အုပ်လုံးကို ဖွေစစ်သည့်အခါ ထိုထိုအမြင်များသည် မှားကြောင်း ချပြ၏။ ပထမကား agape သည် ဘုရား၏မေတ္တာသာမည္ကွန်းဘဲ လူတို့၏မေတ္တာကိုလည်း အကျုံးဝင်ကြောင်း ချပြ၏။ လမ်းမှားသည့် လူ့မေတ္တာကိုပင် ရုံခါတွင် အကျုံးဝင်စေ၏ (၂ တိ ၄:၁၀)။ ဒုတိယကား ကျမ်းစာတစ်အုပ်လုံးတွင် ဘုရားမေတ္တာတော်ကို agape မဟုတ်သည့် ဝေါဟာရများလည်း သုံးထားကြောင်း တွေ့ရ၏။ ဥပမာ – ယေရှုက "သင်တို့သည် ငါ့ကိုချစ် (phileo) ကြ၍၊ ခမည်းတော်သည် သင်တို့ကို ချစ် (phileo) တော်မူ၏" (ယော ၁၆:၂၇)။ ဤ၌ ဂရိဝေါဟာရ phileo သည် လူသာမက၊ ဘုရားက လူသားကိုမေတ္တာရှိကြောင်း ပြရာတွင်ပါ သုံးထား၏။ သို့နှင့် phileo သည် လိုအပ်ချက်ရှိသည့်မေတ္တာကို ညွှန်းရာတွင်သာ သုံးခြင်းမဟုတ်ဘဲ ဘုရား၏မေတ္တာတော်အကြောင်း ညွှန်းရာပင်တွင် သုံးထား၏။

သမ္မာကျမ်းစာက ဘုရား၏မေတ္တာတော်သည် တစ်ဘက်သတ်မကျကြောင်း၊ လူသားများက ၎င်း၏မေတ္တာတော်ကို တုံ့ပြန်ပြန်၊ မပြန်ပြန် ကျိုးကြောင်းဆက်နွှယ်မှုရှိကြောင်း ပြထား၏။

** ဇန်နဝါရီလ ၁၁ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*ဇန်နဝါရီလ ၅ ရက်*

## ဘုရားသခင်၏ ထာဝရမေတ္တာတော်

ဘုရားသခင်သည် လူအယောက်တိုင်းကိုချစ်ကြောင်း ကျမ်းစာက ရှင်းစွာပြထား၏။ အထင်ရှားဆုံးကျမ်းပိုဒ်ကား ယော ၃:၁၆ ဖြစ်၏ — "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"

**ဆာ ၃၃:၅ နှင့် ဆာ ၁၄၅:၉ တို့ကို ဖတ်ရှုပါ။ ဤကျမ်းပိုဒ်များက ဘုရား၏မေတ္တာတော် မည်မျှလေးနက်ကြောင်း ချပြသနည်း။**

---

---

အချို့က ၎င်းတို့သည် အချစ်နှင့်မတန်သူ (သို့) ဘုရားသည် အခြားပုဂ္ဂိုလ်ကိုသာ ချစ်မည်ဟု မှတ်ကြ၏။ အမှန်ကား လူတိုင်းကို ဘုရားကချစ်သည်ဟု ကျမ်းစာတွင် လာပါသည်။ ဘုရားမချစ်သည့်ပုဂ္ဂိုလ် မရှိပါ။ ဘုရားသည် လူတိုင်းကိုချစ်သောကြောင့် လူတိုင်းကို ကယ်တင်ခြင်းရစေလို၏။

**၂ ပေ ၃:၉၊ ၁ တိ ၂:၄၊ ယေဇ ၃၃:၁၁ တို့ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက ဘုရားသည် လူတိုင်းကို ကယ်လိုကြောင်း မည်သို့ သွန်သင်ထားသနည်း။**

---

---

ယော ၃:၁၆ နောက်တွင် "လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်သည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏" ဟု ဖြည့်စွက်၏ (ယော ၃:၁၇)။ ဘုရား၏ဆန္ဒသည် အယောက်တိုင်းကို တုံ့ပြန်ကြရန် အဓမ္မမသုံးပါ။ လူသားများကို ရွေးပိုင်ခွင့်ပေးထား၏။

အချို့ကငြင်းဆန်ကြငြား ဘုရား၏မေတ္တာသည် မပျယ်ပါ။ ယေ ၃၁:၃ တွင် "ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏" ဟုလာ၏။ အခြားသောကျမ်းပိုဒ်များတွင်လည်း ဘုရား၏မေတ္တာသည် ထာဝရတည်ကြောင်း ပြထား၏ (ဆာ ၁၃၆ ကို ရှုပါ)။ ဘုရား၏မေတ္တာသည် ဘယ်အခါမျှ မကုန်ခမ်းပါ။ ထာဝရတည်၏။ ကျွန်ုပ်တို့သည် အပြောင်းအလဲမြန်ကြသောကြောင့် ဤအကြောင်းကို နားလည်ရခက်ကြခြင်း မဟုတ်လော။

မည်သို့ဆိုစေ၊ ကျွန်ုပ်တို့အယောက်တိုင်းသည် ဘုရား၏မေတ္တာတော်ကို အစစ်အမှန်ဖြစ်ကြောင်း ဖွေစစ်နိုင်ပါသည်။ ယင်းသည် ကျွန်ုပ်တို့၏အကျင့်နှင့် ကွာခြားပါမည်။

**ဘုရားသည် လူတိုင်းကို ချစ်သည်မှန်လျှင် စုန်းပြူးများကိုပါ ချစ်ရပါမည်။ အကြောင်းမှာ စုန်းပြူးများရှိခြင်းကြောင့် ဖြစ်ပါသည်။ ထိုစုန်းပြူးများကိုပင်ချစ်သည့် ဘုရား၏မေတ္တာတော်က ကျွန်ုပ်တို့ကို ထိုသူများအပေါ် မည်သို့ဆက်ဆံရမည်ကို တရားရစေပါသလော။**

တနင်္လာနေ့

*ဇန်နဝါရီလ ၆ ရက်*

## ပဋိညာဉ်ခံ မေတ္တာတော်

သမ္မာကျမ်းစာက ဘုရားမေတ္တာရှိပုံကို မိသားစု၊ ဆွေမျိုးစသည့် ဥပစာများသုံးကာ ပြထား၏။ အထူးအားဖြင့် ဇနီးမောင်နှံ၊ အမိနှင့်သား ဥပမာမျိုးဖြစ်၏။ ယင်းတို့က ဘုရားနှင့် ၎င်းနှင့် ပဋိညာဉ်ပြုထားသည့် လူများအကြား သရုပ်ပေါ်ရန် သုံးထား၏။ ယင်းသည် ပဋိညာဉ်ခံ မေတ္တာတော်ဖြစ်ပြီး ယင်းတွင် ဘုရားက ၎င်း၏သားသမီးများအပေါ်ထားသည့် မေတ္တာတော်သာ ပါဝင်ခြင်းမဟုတ်ဘဲ ၎င်းတို့ကလည်း ဘုရားအပေါ် ပြန်လည်တုံ့ပြန်မည်ကို မျှော်ကြောင်းလည်း ပါ၏။

**တရား ၇:၆-၉ ကို ဖတ်ရှုပါ။ ယင်းကျမ်းပိုဒ်များက ဘုရားက ပဋိညာဉ်ပြုခြင်း၊ ဘုရား၏မေတ္တာတရားအကြောင်း မည်သို့ဆိုထားသနည်း။**

---

---

တရား ၇:၉ သည် ဘုရားက ၎င်းနှင့်ပဋိညာဉ်ပြုထားသည့် သူများအပေါ် တစ်မူထူးသည့် မေတ္တာရှိကြောင်း ချပြထား၏။ ယင်းတွင် သစ္စာရှိ၊ မရှိ အပေါ် မှီတည်ကြောင်းပါ၏။ ဘုရားသခင်၏ မေတ္တာတော်တွင် အလိုက်အထိုက်မရှိပါ။ ပဋိညာဉ်အပေါ်သာ မှီ၏။

တရား ၇:၉ တွင်လာသည့် "ကရုဏာတော်" သည် ပဋိညာဉ်ကို အကြောင်းပြုသည့် မေတ္တာဖြစ်၏။ ယင်းသည် ဘုရား၏ညှာတာခြင်း၊ ကောင်းမြတ်ခြင်း၊ မေတ္တာ စသည်ဖြင့် အနက်ဖွင့်လေ့ရှိ၏။ မေတ္တာရှိခြင်း၊ သစ္စာရှိခြင်းတို့တွင် မေတ္တာအသွားအပြန် ရှိခြင်းကို ဆိုလို၏။ အဆက်အဆံတွင် အစပြုသူရှိပြီး အတုံ့အပြန်ကို မျှော်ခြင်းပါ၏။

ဘုရားက ၎င်း၏မေတ္တာသည် မှီခိုထိုက်၊ သစ္စာရှိ၊ အစဉ်မြဲကြောင်း ပြ၏။ ယင်းအချိန်တွင်ပင် အကျိုးခံစားမှုသည် အကြောင်းတရားအပေါ် မှီတည်၏။ လူသားတို့၏ နာခံလိုမှု၊ အဆက်အဆံရှိလိုမှုတွင် မှီတည်၏ (၂ ရာ ၂၂:၂၆၊ ၃ ရာ ၈:၂၃၊ ဆာ ၂၅:၁၀၊ ဆာ ၃၂:၁၀၊ ၆ ရာ ၆:၁၄)။

တည်ကြည်သည့် ဘုရား၏မေတ္တာတော်သည် ဆက်ဆံရေးခပ်သိမ်း၏ အခြေခံဖြစ်၏။ ဘုရားသည် ကျွန်ုပ်တို့ကို လွတ်လပ်စွာ ဖြစ်တည်စေရုံမကဘဲ ခရစ်တော်ကိုယ်တိုင်သည်ပင် ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့၏။ "ကိုယ့်အဆွေတို့အဖို့ အလိုငှာ ကိုယ့်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ" (ယော ၁၅:၁၃)။ ဘုရားသည် ၎င်း၏မေတ္တာကို အဆုံးစွန်ပြခဲ့သည်မှာ "လက်ဝါးကပ်တိုင်မှာ ကိုယ်ကိုကိုယ်နှိမ့်ချ" (ဖိ ၂:၈) သည့် ဖြစ်စဉ်ဖြစ်၏။

**ဘုရားသခင်၏မေတ္တာတော်ကို သင် မည်သည့်နည်းလမ်းများဖြင့် အာရုံသွင်းနိုင်သနည်း။ ဤသို့အာရုံသွင်းရန် အဘယ့်ကြောင့် အရေးပါသနည်း။**

အင်္ဂါနေ့

*ဇန်နဝါရီလ ၇ ရက်*

## အခြေအနေအပေါ်မူတည်သည့် ဆက်ဆံရေး

ဘုရားက ၎င်းနှင့်မိတ်သဟာယပြုရန် လူတိုင်းကို ဖိတ်၏ (မ ၂၂:၁–၁၄ ကိုရှု)။ ဖိတ်ခေါ်မှုကို လက်ခံခြင်းတွင် ဘုရား၏ပညတ်ကို နာခံခြင်း၊ အခြားပုဂ္ဂိုလ်များအပေါ် မေတ္တာရှိခြင်းများ ပါဝင်၏ (မ ၂၂:၃၇–၃၉ ကိုရှု)။ ဤမိတ်သဟာယတွင် အကျိုးခံစားရခြင်းသည် ရွေးချယ်ခြင်း၊ ငြင်းပယ်ခြင်းတွင် မူတည်၏။

**ဟောသ ၉:၁၅၊ ယော ၁၆:၅၊ ရော ၁၁:၂၂၊ ယုဒ ၂၁ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရား၏မေတ္တာတော်သည် ငြင်းဆန်နိုင်၊ ဆုံးရှုံးသွားနိုင်ကြောင်း မည်သို့ဆိုထားသနည်း။**

---

---

ဤနှင့် အခြားကျမ်းချက်များတွင် ဘုရားသခင်နှင့် မိတ်သဟာယပြုခြင်း၏ အကျိုးများသည် လူသားက ၎င်း၏မေတ္တာကို တုံ့ပြန်မှုအပေါ် မူတည်ကြောင်း အခါခါပြထား၏။ ဤတွင် ဘုရားသခင်သည် တစ်ဦးဦးကို မချစ်တော့ဟု ကျွန်ုပ်တို့မယူရပါ။ ဟောသ ၉:၁၅ တွင် ဘုရားက “နောက်တစ်ဖန် သူတို့ကို မချစ်” ဟု မိန့်ပြီး နောက်ပိုင်းတွင် “ကိုယ်အလိုအလျောက် စုံမက်မည်” (ဟောသ ၁၄:၄) ဟု မိန့်သည်ကို အသိကပ်ထားပါ။ ဟောသ ၉:၁၅ က ဘုရားသည် ၎င်း၏သားသမီးများကို လုံးလုံးမေတ္တာမရှိတော့ဟု မယူအပ်ပါ။ ယင်းသည် အနေအထားကိုမူတည်ကာ မိန့်ကြောင်း (သို့) ဆက်ဆံမှုမှရရှိသည့် အကျိုးတရားကို ဆိုလိုခြင်း ဖြစ်ပေမည်။ ၎င်း၏မေတ္တာကို ကျွန်ုပ်တို့ မည်သို့တုံ့ပြန်သည့် အချက်သည် ဆက်ဆံရေးခိုင်မြဲစေသည့် အချက်ဖြစ်၏။

“ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အား ကိုယ်တိုင်ထင်ရှားမည်” (ယော ၁၄:၂၁)။ ထိုနည်းတူ ယေရှုက ၎င်း၏တပည့်တော်များထံ “သင်တို့သည် ငါ့ကိုချစ်ကြ၍၊ ငါသည် ဘုရားသခင်အထံတော်မှ ကြွလာသည်ကို ယုံကြည်ကြသောကြောင့် ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏” ဟု မိန့်ခဲ့၏ (ယော ၁၆:၂၇)။

ထိုကျမ်းချက်များနှင့် အခြားကျမ်းချက်များက ဘုရားသခင်၏မေတ္တာတော်ကို ကျွန်ုပ်တို့ လက်ခံ၊ မခံအပေါ် ကယ်တင်ခြင်းအကျိုး ခံစားရမည်ဟု သွန်သင်၏။ ယင်းတွင် ဘုရား၏မေတ္တာတော်သည် ရပ်တန့်သည်ဟု မဆိုလိုပါ။ ထို့အစား ကျွန်ုပ်တို့သည် နေကို မတောက်ပရန် မပြုနိုင်ဘဲ နေရောင်မှ ကာကြသကဲ့သို့ ဘုရား၏မေတ္တာတော်ကို ကျွန်ုပ်တို့ မတားနိုင်ပါ။ သို့သော် ဘုရားနှင့် မိတ်သဟာယမပြုရန် ငြင်းနိုင်ပြီး နိဂုံးတွင် ကတိခံထားသည့် ထာဝရအသက်ကို ဆုံးရှုံးနိုင်၏။

**လူသားများက ဘုရား၏မေတ္တာတော်ကို တုံ့ပြန်ပြန်၊ မပြန်ပြန် မေတ္တာတော်ကို မည်သို့ဖြင့် တွေ့သိကြသနည်း။ ဥပမာ – သဘာဝတရားကြီးသည် အပြစ်သင့်ပြီးနောက်တွင်လည်း ဘုရား၏မေတ္တာကို မည်သို့ပြသနည်း။**

*ဇန်နဝါရီလ ၈ ရက်*

## ညှာတာမှု ဆုံးရှုံးရပြီ

ဘုရားမေတ္တာတော်သည် ထာဝရတည်ပြီး မထိုက်မတန်ဘဲရရှိသည့် မေတ္တာဖြစ်၏။ သို့သော် လူသားသည် ငြင်းနိုင်၏။ ကျွန်ုပ်တို့တွင် လက်ခံခွင့်၊ ငြင်းခွင့်ရှိ၏။ သို့သော် ဘုရားသည် ၎င်း၏ ဂုဏ်တော်ဖြင့် ကျွန်ုပ်တို့ကို ဦးစွာချစ်နှင့်ခဲ့၏ (ယေ ၃၁:၃)။ ဘုရားအား ကျွန်ုပ်တို့ချစ်ကြသည်မှာ ကျွန်ုပ်တို့က မတောင်းဆိုမီကပင် ပေးနှင့်ပြီးသောအရာကို တုံ့ပြန်ခြင်းဖြစ်၏။

**၁ ယောဒ ၄:၇–၂၀ ကို ဖတ်ရှုပါ။ အငယ် ၇ နှင့် ၁၉ ကို အာရုံပေးပါ။ ယင်းကျမ်းပိုဒ်တွင် ဘုရားမေတ္တာ တော်က ဦးစားပေးသည့် တရားသည် ဘာဖြစ်ကြောင်း ပြထားသနည်း။**

---

---

ဘုရား၏မေတ္တာသည် အစဉ်ခြေလှမ်းအစပြု၏။ ဘုရားက ကျွန်ုပ်တို့ကို ဦးစွာမချစ်ခဲ့လျှင် ကျွန်ုပ်တို့သည် ၎င်းကိုချစ်နိုင်ကြမည် မဟုတ်ပါ။ ဘုရားက ကျွန်ုပ်တို့ကို ချစ်တတ်၊ အချစ်လက်ခံ တတ်ရန် ဖန်ဆင်းခဲ့ပြီး ၎င်းကိုယ်တိုင်သည် မေတ္တာခပ်သိမ်း၏ အရင်းအမြစ်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ဘက်တွင် လက်ခံ၊ မလက်ခံ ရွေးခွင့်ရှိပြီး ကျွန်ုပ်တို့၏ဘဝတွင် ထင်ဟပ်မည်ဖြစ်၏။ ဤ တရားကို ခွင့်မလွှတ်တတ်သည့်ကျွန် ပုံပမာတွင် တွေ့ရ၏ (မ ၁၈:၂၃-၂၅)။

ဤပုံပမာတွင် ကျွန်သည် သခင့်အပေါ် အကြွေးမဆပ်နိုင်သည်မှာ အထင်းသားဖြစ်၏။ မဿဲ ၁၈ အရ၊ ၎င်းသည် သခင့်အပေါ် ငွေအခွက် တစ်သိန်း အကြွေးတင်၏။ ငွေအခွက် ၁၀ သည် ဒေနာရိအပြား ၆,၀၀၀ နှင့် ညီမျှ၏။ ဒေနရိ ၁ ပြားသည် သာမန်လုပ်သား၏ တစ်နေ့လုပ်အားခ ဖြစ်၏ (မ ၂၀:၂ နှင့်ယှဉ်ပါ)။ ထို့ကြောင့် ငွေအခွက် ၁၀ ခု ရရှိရန် ရက်ပေါင်း ၆,၀၀၀ အလုပ်လုပ်ရန် လို၏။ နားရက်နုတ်ပြီးတွက်လျှင် လုပ်သားတစ်ဦးသည် တစ်နှစ်တွင် ရက် ၃၀၀ အလုပ်ဆင်းလျှင် ဒေနာရိ ၃၀၀ ရမည်။ သို့ဆိုလျှင် ငွေအခွက် ၁၀ ခု ပြန်ဆပ်ရန် နှစ် ၂၀ လို၏ (၆,၀၀၀ / ၃၀၀ = ၂၀)။ ငွေအခွက် တစ်သိန်း ရရှိရန် နှစ် ၂၀၀,၀၀၀ အလုပ်ဆင်းရပါမည်။ အတိုချုံ့ရသော် ထိုကျွန်သည် ဘယ်အခါမျှမဆပ်နိုင်တော့ ဖြစ်၏။ သို့သော် သခင်က သနားစိတ်ရှိကာ လျှော်ပေးခဲ့၏။

မည်သို့ဆိုစေ ထိုကျွန်သည် ၎င်းအပေါ် ဒေနာရိ ၁၀၀ အကြွေးတင်သူကို ခွင့်မလွှတ်သည့်အ ခါ သခင်သည် အမျက်ထွက်ကာ ထောင်သွင်းပစ်၏။ ထိုကျွန်သည် သခင်၏မေတ္တာနှင့် ခွင့်လွှတ် ခြင်းကို ဆုံးရှုံးခဲ့၏။ ဘုရား၏မေတ္တာတော်သည် ဘယ်အခါမျှ မကုန်ခမ်းပြော တစ်ဦးဦးသည် ငြင်း ပယ်ကာ ဆုံးရှုံးနိုင်၏။

**သင့်အား ခွင့်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်များကို ပြန်၍အမှတ်ရပါ။ ယေရှုက သင့်ကိုခွင့်လွှတ်ရန် မည်မျှကုန်ကျခဲ့သနည်း။ ယင်းဖြစ်စဉ်က အခြားသူများကို မည်သို့ခွင့်လွှတ်ဖြစ်စေသနည်း။**

ကြာသပတေးနေ့

*ဇန်နဝါရီလ ၉ ရက်*

## သင်သည် အခမဲ့ရခဲ့၏၊ အခမဲ့ပေးလော့

ကျွန်သည် သခင့်အကြွေးကို မဆပ်နိုင်သကဲ့သို့ ကျွန်ုပ်တို့လည်း ဘုရားအပေါ် ဘယ်အခါမျှ မဆပ်နိုင်ပါ။ ဘုရား၏မေတ္တာတော်ကို ကျွန်ုပ်တို့ ဘယ်တော့မျှ မရှာဖွေနိုင် (သို့) မထိုက်တန်နိုင်ပါ။ “ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူ၏” (ရော ၅:၈)။ အလွန်ဆန်းသည့် မေတ္တာတည်း။ ၁ ယော ၃:၁ တွင် ဤသို့လာ၏ – “ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ကြလော့။”

ကျွန်ုပ်တို့ဘက်မှ လုပ်နိုင်၊ လုပ်သင့်သည်ကား တတ်အားသ၍ ဘုရား၏မေတ္တာတော်ကို အခြားသူများထံ ထင်ဟပ်ရန်ဖြစ်၏။ ကျွန်ုပ်တို့သည် ဤအံ့မခန်းမေတ္တာတော်ကို ရရှိသည်မှန်လျှင် အခြားသူများထံ မည်မျှ သာ၍ဝေငှသင့်သနည်း။ ကျွန်ခေါင်းသည် အခြားကျွန်ကို ခွင့်မလွှတ်သောကြောင့် သခင်၏ခွင့်လွှတ်ခြင်းကို ဆုံးရှုံးသွားရသည်ကို သတိချပ်ပါ။ ဘုရားသခင်အား ကျွန်ုပ်တို့ အကယ်ပင်ချစ်ကြလျှင် ကျွန်ုပ်တို့သည် ဘုရား၏မေတ္တာကို အခြားသူများထံ မပြဘဲနေကြမည် မဟုတ်ပါ။

**ယော ၁၅:၁၂၊ ၁ ယော ၃:၁၆၊ ၁ ယော ၄:၇–၁၂ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းပိုဒ်များက ဘုရားနှင့်ကျွန်ုပ်တို့ကြား၊ ကျွန်ုပ်တို့နှင့် အခြားသူများကြားရှိ မေတ္တာအရင်းခံဆက်ဆံမှုကို မည်သို့သွန်သင်သနည်း။**

---

---

ယော ၁၅:၁၂ နောက်တွင် ယေရှုက တပည့်တော်များထံ “သင်တို့သည် ငါ့ပညတ်သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေဖြစ်၏” ဟုမိန့်၏ (ယော ၁၅:၁၄)။ ယေရှုက ၎င်းတို့ကို ဘာပညတ်သနည်း။ ပညတ်မှုများမှ တစ်ခုကား ယေရှုက ၎င်းတို့ကို (ကျွန်ုပ်တို့ကို) ချစ်သကဲ့သို့ အခြားသူများကိုချစ်ရန် ပညတ်၏။ အခြားကျမ်းချက်များတွင်လည်း ဘုရားကိုချစ်၊ လူကိုချစ်ရန် ပညတ်ထား၏။

အတိုချုံ့ရသော် ကျွန်ုပ်တို့သည် အကြွေးမဆပ်နိုင်ဘဲလျက် ခွင့်လွှတ်ခံရသည်၊ လက်ဝါးကပ်တိုင်တွင် လျှော်ပေးခဲ့သည်ဟု မှတ်ပါလေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားကိုချီးမွမ်းကာ အခြားသူများကို မေတ္တာထားရပါမည်။ လု ၇:၄၇ တွင် “များစွာသော အပြစ်တို့နှင့်လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏။ အနည်းငယ်သော အပြစ်လွှတ်သောသူသည် အနည်းငယ်မျှသာ ချစ်တတ်သည်” ဟုလာ၏။ ကျွန်ုပ်တို့အထဲတွင် မည်မျှခွင့်လွှတ်ခြင်းခံရသည်ဟု မသိသည့်ပုဂ္ဂိုလ် မည်သူများရှိသနည်း။

ဘုရားသည် ချစ်ရမည့်အရေးတွင် အခြားပုဂ္ဂိုလ်များကိုပါ ချစ်ရမည်အကြောင်း ပါရှိလျှင် ကျွန်ုပ်တို့သည် နှုတ်ဖြင့်၊ အလုပ်ဖြင့် အခြားသူများထံ ဘုရားမေတ္တာတော်ကို မနှေးအမြန် ဝေငှရပါမည်။ လူများ၏နေ့တစ္စဝ ရှင်သန်မှုတွင် ကူညီရပါမည်။ ကောင်းကင်သစ်၊ မြေကြီးသစ်တွင် ထာဝရအသက်ရှင်ကာ စံစားနိုင်ကြောင်း၊ ထိုတရားသည် အပြစ်ကြောင့် မမြင်ရသည့်တရားအဖြစ်သို့ ရောက်ကြောင်းဖြင့် ဘုရား၏မေတ္တာတော်အကြောင်းလည်း သင်ပေးရပါမည်။

**အခြားပုဂ္ဂိုလ်များကို ချစ်ခြင်းဖြင့် ဘုရားကိုချစ်ရန် သင် မည်သို့စတင်နိုင်သနည်း။ ဘုရား၏မေတ္တာတော်နှင့် နောက်ဆုံးတွင် ထာဝရအသက်ပေးမည့် ကတိတော်သည် ဘာဖြစ်ကြောင်း အခြားပုဂ္ဂိုလ်များအားချပြရန် သင်သည် ယနေ့နှင့် လာမည့်နေ့များတွင် ဘာပြုလုပ်နိုင်စွမ်းသနည်း။**

## သောကြာနေ့

*ဇန်နဝါရီလ ၁၀ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Privilege of Prayer,” pp. 93–104 in *Steps to Christ.*

“သင်၏ဆန္ဒ၊ သုခ၊ ဒုက္ခ၊ ဂရုထားသည်များ၊ စိုးထိတ်မှုများတို့ကို ဘုရားရှေ့တွင် ချလော့။ သင်သည် ဘုရားကို ဝင်သိစေနိုင်စွမ်း မရှိပါ။ သင်သည် ဘုရားမပင်ပန်းနိုင်စေပါ။ သင်၏ဆံပင်ကို ရေတွက်ထားသည့်ဘုရားသည် ၎င်း၏သားသမီးများ၏ ဆန္ဒတို့ကို မျက်ကွယ်မပြုပါ။ ‘ထာဝရဘုရားသည် အလွန်သနားစုံမက်တော်မူ၏’ ယာကုပ် ၅:၁၁။ ကျွန်ုပ်တို့၏ဒုက္ခများကို ဝန်ခံခြင်းကြောင့် ၎င်းသည် စိတ်ထိခိုက်ရ၏။ သင့်အား စိတ်ထွေစေသည့် အရာခပ်သိမ်းကို ၎င်းထံချပြပါ။ ၎င်းက လက်မခံနိုင်လောက်သည်အထိ ကြီးလေးသည့်ဝန် မရှိပါ။ ၎င်းသည် စကြဝဠာကို ပြုပြင်စီရင်သည့် ဘုရားဖြစ်၏။ ၎င်းက မမြင်ရလောက်သည်အထိ ငယ်သောအမှု မရှိပါ။ ကျွန်ုပ်တို့ကို မမြင်ရလောက်သည်အထိ အမှောင်ကျသည့် ဘဝစာမျက်နှာ မရှိပါ။ ၎င်းက မဖြေနိုင်သည်အထိ နက်နဲခဲယဉ်းသည့် ပြဿနာ မရှိပါ။ မည်သည့်ဘေးကမှ အငယ်ဆုံးသော ၎င်း၏သားသမီးအပေါ် မကျနိုင်ပါ။ မည်သည့်စိုးရိမ်မှုကမှ သမာဓိကို မထိပါးနိုင်ပါ။ ပျော်ရွှင်မှုသည် မပျက်သုဉ်းပါ။ လေးနက်စွာတောင်းသည့် ဆုတောင်းကို ကောင်းကင်ဘုံရှိ ခမည်းတော်သည် လျစ်လျူမရှုပါ။ ‘စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်စေ၍၊ သူတို့၏အနာကို ကုတော်မူ၏’ (ဆာ ၁၄၇:၃)။ ဘုရားနှင့် လူတစ်ဦးချင်းစီ၏ ဆက်ဆံမှုသည် အလွန်ထူးခြားပြီး၊ ၎င်း၏စောင့်ရှောက်မှုကိုအခြားတစ်ဦးဦး အားမ ပေး၊ သူ၏ချစ်သားတော်ကိုအခြားသူအားမပေခဲ့ဟု ထင်ရလောက်အောင် စုံလင်လှ၏။” — Ellen G. White, *Steps to Christ*, p. 100။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ အထက်ပါဝါကျကို အာရုံထားပါ။ **“ဘုရားနှင့် လူတစ်ဦးချင်းစီ၏ ဆက်ဆံမှုသည် အလွန်ထူးခြားပြီး၊ ၎င်း၏စောင့်ရှောက်မှုကိုအခြားတစ်ဦးဦး အားမ ပေး၊ သူ၏ချစ်သားတော်ကို အခြားသူအားမပေခဲ့ဟု ထင်ရလောက်အောင် စုံလင်လှ၏။”** ယင်းက သင့်ကို မည်သို့နှစ်သိမ့်သနည်း။ ဘုရားသည် သင့်ကိုဂရုပြုကြောင်း သိရခြင်းကြောင့် သင်သည် မည်သို့ ပြုကျင့်သင့်သနည်း။ ဤကတိတော်သည် အသက်ဝင်ရန် သင် မည်သို့နေထိုင်နိုင်သနည်း။ ဤအကြောင်းကို သင် နေ့စဉ်ယုံနိုင်သလော စဉ်းစားပါ။

၂။ ယခုတစ်ပတ်သင်ခန်းစာအရ ဆာလံ ၁၀၃:၁၇၊ ၁၈ ကို သင် မည်သို့နားလည်သနည်း။ ၎င်း၏မေတ္တာကို လက်ခံခြင်းအပေါ်မှီသည့် ၎င်းနှင့်မိတ်သဟာယရှိခြင်းကြောင့် ရရှိသည့်အကျိုး၊ ဘုရား၏မေတ္တာသည် ထာဝရခံကြောင်း မည်သို့ချပြသနည်း။

၃။ ဤတရားကိုသိခြင်းက ဘုရားနှင့်မိတ်သဟာယပြုခြင်းတွင် မည်သို့ထူးခြားစေသနည်း။ ယင်းက အခြားသူများ၏ ဒုက္ခများအပေါ် မည်သို့ အမြင်ပြောင်းစေသနည်း။

## သမ္မာကျမ်းစာ၏ဘုရား

Andrew McChesney ရေးသားသည်

လူကို မြေမှုန့် (သို့) ပြောင်းဖူးမှ ဖန်ဆင်းသလောကို Melvin သည် မရေရာခဲ့ပါ။ Melvin သည် ကျမ်းစာတွင် "ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏" (က ၂:၇) ဟု ဖတ်ရ၏။ သို့သော် Costa Rica တွင် လူဦးရေ ၁၇,၀၀၀ ရှိသည့် Cabécar မျိုးနွယ်စုက ၎င်းကို ဘုရားသည် (Sibú) လူကို ပြောင်းဖူးမှဖန်ဆင်းသည်ဟု သင်ပေးထား၏။

Melvin အရွယ်ရလာသည့်အခါ လူမျိုးစုက သင်ပေးသည့် ဘုရားနှင့် သမ္မာကျမ်းစာ၏ဘုရားကို အတူတူဖြစ်သည်ကို တွေး၏။ သို့နှင့် SDA နှင့် ကျမ်းစာလေ့လာဖြစ်သည့်အခါ ကျမ်းစာတွင်လာသည့် ဘုရား၏ဂုဏ်ပုဒ်များသည် လူမျိုးစု၏ဘုရားနှင့် ကွာခြားကြောင်းကို သိလာ၏။ ၎င်းလည်း ကျမ်းစာတွင်လာသည့် ဘုရားကို လက်ခံရန်ဆုံးဖြတ်ပြီး အမိအဘ၊ မွေးချင်းအခြား ၂ ဦးတို့နှင့်အတူ နှစ်ခြင်းခံကြ၏။ နောက် ၁ နှစ်တွင် ၎င်း၏မိခင်သည် အသက် ၄၀ ဖြင့် လေဖြတ်ဆုံးပါးသွား၏။

အသက် ၂၂ ရှိ Melvin က သေခြင်းသည် ဘာမှမသိသည့် အိပ်ပျော်ခြင်းဟု ယုံ၏။ သို့သော် Cabécar ရိုးရာက ၎င်း၏မိခင်သည် အသက်ရှိသေးပြီး ၄ ရက်အတွင်း ဘာမှမလုပ်ပေးလျှင် အခြားကမ္ဘာသို့မရောက်ဘဲ အမှောင်ထုတွင် ထာဝရပျောက်ဆုံးမည်ဟု ဆို၏။ ရိုးရာအရ စျာပနတွင် လာကြသူများကို ဝက် ၂ ကောင်၊ ကြက် ၃ ကောင်ဖြင့် ဧည့်ခံရ၏။ ထိုသို့မဧည့်ခံသည့် အိမ်ရှင်သည် ကပ်ကုပ်သူဟု အမှတ်ခံရ၏။ Cabécar ရိုးရာက တစ်ကိုယ်ကောင်းသမားများကို အပြစ်မြင်ကြ၏။ ဘိုးဘွားများနှင့် အမျိုးများက ရိုးရာအတိုင်း ပြုလုပ်ရန် နားချကြပြီး Melvin တို့မိသားစုက ကျမ်းစာအတိုင်း လိုက်နာရန် ဆုံးဖြတ်ကြ၏။ SDA pastor လည်း ၎င်းတို့၏မိခင်ကို Cabécar နယ်အပြင်တွင် မြှုပ်နှံနိုင်ရန် ကူညီပေးခဲ့၏။

သို့နှင့် Melvin လည်း pastor လုပ်ရန် ပိုင်းဖြတ်၏။ ၎င်းနှစ်ခြင်းခံယူချိန်မှစကာ ဘုရားက ၎င်းကို ခေါ်သည်ဟု ခံစားဖြစ်၏။ သို့သော် ၎င်းကငြင်းဆန်ခဲ့၏။ ၎င်း၏မိခင် ဆုံးပါးပြီးနောက်တွင်ကား ကျမ်းစာတွင်လာသည့် ဘုရားအကြောင်း ဝေငှရန် စိတ်ပိုင်းဖြတ်၏။ ၎င်းလည်း ၎င်း၏မျိုးနွယ်စုကို ပြောင်းဖူးမှ လူကိုဖန်ဆင်းသည့်ဘုရားမှ မြေမှုန့်မှ လူကိုဖန်ဆင်းသည့် ဘုရားထံ လမ်းပြလို၏။ ကျမ်းစာလာဘုရားသခင်သည် အားလုံးကိုကယ်ရန် ၎င်း၏အသက်ကိုပေးခဲ့ခြင်းကြောင့် ထာဝရအသက်ရရှိရန် တိရစ္ဆာန်များကို ပူဇော်ရန်မလိုတော့ကြောင်း ၎င်း၏လူမျိုးစုကို သိစေလို၏။

ယနေ့တွင် Melvin သည် ၂၄ နှစ်ရှိကာ Costa Rica နိုင်ငံရှိ Central America Adventist University တွင် စာသင်ကြားလျက်ရှိ၏။ Melvin သည် ပထမဆုံးသော Cabécar Advantist Church ၏ pastor ဖြစ်လာပါမည်။ လတ်တလောတွင် Cabécar လူမျိုး ၃၀ ဦးသာ SDA ဖြစ်ကြသေး၏။



Melvin က "ကျွန်တော် ဘုရားကိုယုံပါတယ်။ ဒါပေမယ့် ကျမ်းစာလာဘုရားကိုပါ။ ရိုးရာဘုရားကို မယုံပါ" ဟုဆို၏။

---

Cabécar လူမျိုးစုနှင့် ကမ္ဘာတစ်ဝှမ်း တိုင်းရင်းမျိုးနွယ်များထံ ကျမ်းစာလာဘုရားအကြောင်း ပြောကြားနိုင်ရန် ဆုတောင်းပေးကြပါ။ သာသနာမရောက်သေးသည့် လူစုများထံ သာသနာဖြန့်ဖြစ်ဝေသည့် အလှူငွေများအတွက် ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

အဓိကကျမ်းချက်။ ယောဒ ၁၄:၂၃

လေ့လာမှုဦးတည်ချက်များ။ တရား ၇:၉၊ ဆာ ၁၄၅:၉၊ ယေဇ ၃၃:၁၁၊ မ ၁၈:၂၃-၃၅၊ ၂ ပေ ၃:၉၊ ယုဒ ၂၁။

**နိဒါန်း။** ။ ဘုရား၏မေတ္တာသည် မိတ်ဖက်ဆန်၏။ ဘုရားသခင်နှင့် ဆက်ဆံရေးတွင် လူ့ဘက်မှ ၎င်း၏မေတ္တာ အစီအမံကို တုံ့ပြန်ခြင်းမရှိဘဲနှင့် အလုံးအထည် မရှိနိုင်ပါ။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အကြောင်း ၃ ချက်ကို အာရုံထားပါသည်။

၁။ ဘုရား၏မေတ္တာတော်သည် အခြေအနေကို မမှီပါ။ ဘုရားသည် လူတိုင်းကိုချစ်ကာ အဆွေတော်ဖြစ်လို၏။ ၎င်း၏မေတ္တာကို ပြခြင်းတွင် လူတို့၏အကန့်အပေါ် မမှီခိုပါ။ ဘုရားသည် လူတိုင်း၏တန်ဖိုးကို သိရှိကာ ၎င်းပေးကမ်းသည့် ကောင်းချီးများကို ရထိုက်သည်ဟု မြင်၏။

၂။ ဘုရား၏မေတ္တာသည် အခြေအနေကိုမှီခိုသည့် မိတ်သဟာယမျိုးသို့ ခြေလှမ်းစစေ၏။ ဘုရား၏မေတ္တာသည် လူသားအားလုံးအတွက် တူညီပြား သာ၍ရင်းနှီးလိုသည့် မိတ်ဘက်ကို လိုလား၏။ ယင်းကား ၎င်းကပေးကမ်းသည့် မေတ္တာကို ရရှိသူများက သစ္စာရှိရှိဖြင့် နာခံမည့်အဖြစ်ကို လိုလားခြင်းဖြစ်၏။

၃။ ဘုရား၏မေတ္တာကို လူလူချင်းတွင် ရောင်ပြန်ဟပ်ရန် ရည်ရွယ်ထား၏။ ဘုရားသခင်သည် အသွားအပြန်ရှိသည့် မေတ္တာကိုရှာ၏။ အဆက်အဆံမပျက်ခြင်းတွင် လူသားတို့၏တုံ့ပြန်မှုလို၏။ လူ့ဘက်မှ ပဋိညာဉ်ဝင်ထားသည့်မေတ္တာကို စောင့်ထိန်းရာတွင် ဘုရား၏ပညတ်ကိုစောင့်၊ လူလူချင်းကိုချစ်ရန် စသည်များ ပါဝင်၏။ ယင်းတို့သည် ဘုရား၏မေတ္တာက ခွန်အားပေးခြင်းအကူဖြင့် လူသားတို့ လုပ်ဆောင်ရမည့်အကန့်များ ဖြစ်ကြ၏။

**လက်တွေ့အသုံးချခြင်း။** ။ ဘုရားသခင်သည် လူသားတို့နှင့် အဆက်အဆံပြုလို၏။ ဤတွင် လူ့ဘက်မှ သစ္စာရှိရန်လို၏။ ဘုရားနှင့် (အခြားပုဂ္ဂိုလ်များနှင့်) ပဋိညာဉ်ပြုရာတွင် မည်သည့်အန္တရာယ်ရှိကြောင်း ဆွေးနွေးပါ။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ ဘုရား၏မေတ္တာသည် အနန္တဖြစ်၏။

ဆာ ၁၄၅:၈၊ ၉ က ဘုရား၏မေတ္တာသည် ထူးခြားကြောင်း၊ အားလုံးကိုခြုံငုံကြောင်း ပြ၏ — "ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော၊ သနားစုံမက်တတ်သောသဘောနှင့် ပြည့်စုံ၍၊ ခန္တီတော်နှင့် ကရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။ ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍၊ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူ၏။" ဤကျမ်းချက်တွင်လာသည့် မေတ္တာအကြောင်းတွင် ကရုဏာ၊ စာနာ၊ စိတ်ရှည်၊ သနား၊ ကောင်းမြတ်သည့်

ဂုဏ်တော်များ ဖော်ထား၏။ ဤဂုဏ်တော်များ ဘုရားက မောရှေရှေ့ ဘုန်းတော်ပြသည့်ဖြစ်စဉ်တွင် ပါဝင်၏ (ထွက် ၃၄:၁၆)။ ဆာ ၁၄၅:၈ တွင်လာသည့် ဟေဗြဲ khesed သည် ထွက် ၃၄:၆ တွင်လည်းလာပြီး NKJV က "သနား (mercy)" ဟု သုံးထားပြီး "ချစ်ခြင်း" ဟု အခြားပြန်ကျမ်းများတွင် ပြန်ထား၏ — "Loving kindness" (NASB 1995), "steadfast love (ESV, NRSV), "loyal love" (NET), "rich in love" (NIV) တို့ဖြစ်၏။ Khesed တွင် သစ္စာရှိခြင်း၊ ကောင်းမြတ်ခြင်း၊ ကရုဏာရှိခြင်းများ ပါဝင်၏ (Ludwig Koehler et. al., *The Hebrew and Aramaic Lexicon of the Old Testament* [Leiden: Brill, 1994–2000], pp. 336, 337။ သစ္စာရှိသည့် မေတ္တာဘက်တွင် ရှိ၏ (James Swanson, *Dictionery of Biblical Languages With Semantic Domain: Hebrew* [Old Testament] [Oak harbor: Logos Research Systems, Inc., 1997]).

ဘုရား၏မေတ္တာသည် အားလုံးကိုအကျိုးဝင်စေကြောင်း ဆာ ၁၄၅:၉ တွင်လာပြီး "ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်၏။" အားလုံးအပေါ် ကျေးဇူးပြုခြင်းသည် ဘုရား၏မေတ္တာသည် အနန္တဖြစ်ကြောင်း ပြ၏။ လူတို့၏ အပြုအမူအပေါ် မမှီခိုကြောင်း ဆိုလို၏။ ဆာ ၁၄၅ တွင် ခြုံငုံသည့်ဝေါဟာရကို အငယ် ၁၂ တွင် "လူသားတို့အား" ဟု သုံးထားပြီး ဘုရား၏ အံ့ဖွယ်လုပ်ဆောင်မှုကို ကြားသိသင့်ကြသူများဟု ဆိုထား၏။ ထို့အပြင် ဆာ ၁၄၅:၁၅ က "ခပ်သိမ်းသောသတ္တဝါတို့သည် ကိုယ်တော်ကိုမျှော်ကြည့်ကြ၍၊ အချိန်တန်မှ သူတို့ကို ကျွေးမွေးတော်မူ၏" ဆို၏။ ဆာ ၁၄၅: ၁၆ က "လက်တော်ကိုဖွင့်၍၊ အသက်ရှင်သောသတ္တဝါအပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏" ဟု ထပ်ဖြည့်ထား၏။ နိဂုံးတွင် အားလုံးကိုဖိတ်ခေါ်ကြောင်းဖြင့် ချုပ်ထား၏ — "ခပ်သိမ်းသောလူတို့သည် သန့်ရှင်းသောနာမတော်ကို ကမ္ဘာအဆက်ဆက် ကောင်းချီးပေးကြစေ" (ဆာ ၁၄၅:၂၁)။ ဤဝေါဟာရက ဘုရား၏မေတ္တာတော်သည် အမှန်ပင် အားလုံးကိုအကျိုးဝင်စေကြောင်း၊ အားလုံးအပေါ် မေတ္တာပြကြောင်း ဖော်ပြ၏။

ဘုရား၏အနန္တမေတ္တာသည် "ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏" (ယေဇ ၃၃:၁၁) နှင့် ကိုက်ညီ၏။ ယင်းအယူကို ၂ ပေ ၃:၉ တွင် အတည်ပြုထား၏ — ဘုရားသခင်သည် "အဘယ်သူမျှ မပျက်စီးဘဲ နောင်တရစေခြင်းငှာ အလိုတော်ရှိ၏" ဟုဆို၏။ ၁ တိ ၂:၄ တွင် ဘုရားသခင်သည် "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှာ အလိုတော်ရှိ၏" ဟုပြ၏။

## ၂။ ဘုရားသခင်၏မေတ္တာသည် အခြေအနေအပေါ်မူတည်သည့်ဆွေသဟာဖြစ်နိုင်ရန် ခြေလှမ်းစလှမ်း၏။

ဆာ ၁၄၅ က အားလုံးကိုချစ်သည့် ဘုရား၏မေတ္တာကို ဇောင်းပေးထားသော်လည်း သစ္စာရှိသူ (ဆာ ၁၄၅:၁၀၊ ၁၁)၊ လူဆိုး (ဆာ ၁၄၅:၂၀) ကို စည်းခြားထား၏။ ထို့အပြင် ၎င်းကိုဆည်းကပ်ကြသူများနှင့် သာ၍အဆက်အဆံရှိကြောင်းလည်း ပြထား၏ "ထာဝရဘုရားသည် ပတ္ထနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပတ္ထနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ ရှိတော်မူ၏။ ကြောက်ရွံ့

သောသူတို့၏အလိုကို ပြည့်စုံစေတော်မူ၏။ ထိုသူတို့၏အော်ဟစ်ခြင်းကိုကြား၍ ကယ်တင်တော်မူ၏" (ဆာ ၁၄၅:၁၈၊ ၁၉)။ ဆာလံ ၁၄၅:၂၀ အရ သစ္စာရှိသူနှင့် လူဆိုးများကြား ခြားထားသည့် စည်းသည် "ထာဝရဘုရားသည် ကြည်ညိုသူအပေါင်းတို့ကို စောင့်မတော်မူ၏။ မတရားသောသူအပေါင်းတို့ကိုကား၊ ဖျက်ဆီးတော်မူမည်" ဖြစ်၏။ ဤစည်းခြားမှုက ဘုရား၏မေတ္တာသည် အားလုံးအပေါ် အကျုံးဝင်ကြောင်း၊ ဘာကိုမျှ မမှီခိုပြား မေတ္တာအသွားအပြန်ကို လိုလားကြောင်းပြ၏။ ယင်းသည် လူသားက ဘုရား၏မေတ္တာကို မတုံ့ပြန်ဘဲနှင့် အထမမြောက်နိုင်ပါ။ ဘုရားနှင့်ဆက်ဆံရေးတွင်က အခြေအနေပေါ် မူတည်၏။ လူ့ဘက်မှ မတုံ့ပြန်လျှင် ဘာမှ မဖြစ်လာပါ။ တစ်နည်းကား စစ်မှန်သည့် ဆက်ဆံရေးတွင် အသွားအပြန် အတိမ်အနက်ရှိ၏။

မေတ္တာအသွားအပြန်သည် ဘုရားက ၎င်း၏လူစုနှင့် ပဋိညာဉ်ပြုသည့်အကြောင်းကို နားလည်ဖြစ်စေ၏။ ပထမအချက်ကား ဤပဋိညာဉ်သည် ဘုရား၏အနန္တမေတ္တာကို အခြေပြုထား၏။ ဣသရေလများအကြောင်း တရား ၇:၆-၈ ၌ ဤသို့လာ၏ — "အကြောင်းမူကား၊ သင်သည် သင်၏ ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသော လူမျိုးထက် သင်၏ဘုရားသခင် ထာဝရဘုရား ပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှာ သင့်ကိုရွေးချယ်တော်မူပြီ။ သင်သည် အခြားသောလူမျိုးထက်သာ၍များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကိုချစ်၍ ရွေးချယ်တော်မူသည် မဟုတ်။ သင်သည် အခြားသောလူမျိုးတကာတို့ထက် သာ၍နည်း၏။ ထာဝရဘုရားသည် သင့်ကိုချစ်သောကြောင့်လည်းကောင်း၊ သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောအကျိန်ကို မဖျက်လိုသောကြောင့်လည်းကောင်း၊ ကျွန်ခံနေရာ အဲဂုတ္တုပြည်ကိုအစိုးရသော ဖာရောဘုရင်လက်မှ အားကြီးသောလက်တော်နှင့် သင့်ကို ရွေးနုတ်ဆောင်ယူခဲ့တော်မူပြီ။" ဘုရားသခင်၏မေတ္တာသည် ဣသရေလတို့ ဘာဖြစ်ကြသည်၊ ဘာပြုကျင့်ကြသည့်အပေါ် အခြေမပြုပြား ၎င်းတို့အကြား ပဋိညာဉ်ပြုခြင်းတွင်ကား ဘုရား၏မေတ္တာကို တုံ့ပြန်သည့် အတိမ်အနက် လိုအပ်၏။ ဘုရားသည် ၎င်း၏ပဋိညာဉ်အပေါ် သစ္စာရှိ၏။ လူ့ဘက်မှ ပြည့်စုံစွာတုံ့ပြန်ရန်မှာ ဘုရားကိုချစ်၊ ၎င်း၏ပညတ်များကို စောင့်ရန်ဖြစ်၏။ ဘုရားသခင်သည် တရား ၇:၉ တွင် ပြထားသည့်အတိုင်း "သစ္စာစောင့်သောဘုရား၊ ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့၏ အစဉ်အဆက် အထောင်အသောင်းတိုင်အောင် ပဋိညာဉ်စကားတည်၍ ကရုဏာကို ပြသောဘုရား" ဖြစ်၏။

### ၃။ ဘုရား၏မေတ္တာတော်သည် လူ့ဝန်းကျင်တွင် ရောင်ပြန်ဟပ်ရန် ရည်ရွယ်ထား၏။

ကျွန်ုပ်တို့၏မေတ္တာရှင် ဘုရားသခင်နှင့် ဆက်ဆံရေး (ထာဝရမြဲသည့် ဘုရား၏မေတ္တာကို မဆိုလိုပါ။ ယေရမိ ၃၁:၃ သည် အခြေအနေအပေါ် မူတည်၏။ လူ့ဘက်မှပျက်ကွက်လျှင် ပြီးပြတ်၏။ ဥပမာကား – ဣသရေလတို့၏ လမ်းမလိုက်မှုကြောင့် ဘုရားသခင်နှင့် အဆက်အဆံမရှိတော့ကြောင်း ဟော ၉:၁၅ တွင် ပြထား၏။ ယင်းသဘောတရားကို ယေ ၁၆:၅၊ ရော ၁၁:၂၂ တို့တွင်လည်း လာပြီး ဘုရားသခင်နှင့် အဆက်အဆံရှိခြင်းသည် လူနှင့်ဆိုင်သည် ဟုဆို၏။ လူသည် "ကျေးဇူးတော်၌ တည်ရမည်" ဖြစ်၏။ ယုဒ ၂၁ လည်း အားလုံးကိုသုံးသပ်ကာ ယုံကြည်သူများ

အား "ဘုရားသခင်ကို ချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်" စေ၏။ ဘုရားသခင်နှင့် အဆွေတော်ဖြစ်ခြင်းတွင် လူ့ဘက်မှ ဘုရား၏ပညတ်တော်ကို စောင့်ရမည့်အကြောင်း (ယော ၁၄:၂၁)၊ လူလူချင်း ချစ်ရမည့်အကြောင်းများ ပါ၏ (၁ ယော ၄:၇)။ ထိုအရာများသည် လူတို့၏ပြုမူခြင်းမျှသာ မဟုတ်။ အမှန်တွင်ကား ကျွန်ုပ်တို့ကို ကနဦးချစ်ခင်သည့် ဘုရား၏မေတ္တာတော်က လူများကို ပြုမူစေခြင်းဖြစ်၏ (၁ ယော ၄:၁၉ ကို ၁ ယော ၄:၇ နှင့်ယှဉ်ပါ)။

မ ၁၈:၂၃–၃၅ တွင်လာသည့် အပြစ်မလွှတ်သည့်ကျွန် ဥပမာက ဘုရားနှင့် အဆက်အဆံသည် ပျက်စီးတတ်ကြောင်းကို ပြ၏။ ဘုရားသည် ပထမတွင် မေတ္တာပေး၏။ သို့သော် အသွားအပြန်မရှိသည့် ဥပမာဖြစ်၏။ ဤဥပမာက သခင်သည် ၎င်း၏ကျွန်၏အကြွေးကို လျှော်ပေးခြင်းနှင့်၊ အကြွေးအနည်းငယ်သာရှိသည့် ကျွန်ဖော်ကျွန်ဖက်အပေါ် ခွင့်မလွှတ်သည့်အကြောင်းကို ပြထား၏။ ဤခြားနားပြမှုတွင် ယေရှုက ဘုရား၏ခွင့်လွှတ်မှုသည် ဦးစွာလာပြီး အခြားပုဂ္ဂိုလ်များအပေါ် မည်သို့စိတ်ထားရှိသည့်အပေါ် မူတည်ကြောင်း ပြထား၏။ တစ်နည်းကား ဘုရား၏ အနန္တမေတ္တာတော်ကို လူလူချင်းတွင် ပြရမည်ဖြစ်၏။ ယော ၁၅:၁၂၊ ၁ ယော ၃:၁၆၊ ယော ၄:၇–၁၂ တို့ကိုရှုပါ)။ ထို့သို့မကျင့်လျှင် ဘုရား၏မေတ္တာကို ဆုံးရှုံးနိုင်ပါသည်။ ဤတရားကို ဘုရားဘက်မှ အေးစက်သည်ဟု မယူသင့်ပါ။ လူ့ဘက်မှ ဘုရား၏မေတ္တာကို မသိနိုင်ရခြင်း၏နောက်ဆက်တွဲသာ ဖြစ်ပါသည်။ လု ၇:၄၇ တွင် ဘုရားက ကျွန်ုပ်တို့ကို ခွင့်လွှတ်ကြောင်း၊ ကျွန်ုပ်တို့ဘက်မှ မေတ္တာရောင်ပြန်ဟပ်မှုတွင် ပေါ်သည်ဟုဆို၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသူများအပေါ် မေတ္တာမပြလျှင် ဘုရားသခင်၏မေတ္တာကို ကျွန်ုပ်တို့သည် မှန်စွာနားမလည်၊ လုံလောက်စွာ မမြတ်နိုးကြခြင်းပင်ဖြစ်၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ဘုရားသခင်သည် လူသားအားလုံးအပေါ် မေတ္တာအနန္တရှိတော်မူ၏။ ဘုရားသခင်နှင့် ဆွေသဟာဖြစ်ရန် ၎င်း၏မေတ္တာကို လက်ခံ၊ တုံ့ပြန်ရာတွင် လူလူချင်းကိုလည်း ထိုသို့ပင် ဆက်ဆံဖြစ်စေ၏။ ထို့ကြောင့် ဘုရားသခင်သည် ၎င်း၏မေတ္တာကို လူသားများထံ ထည့်ပေးရုံမက (ကောင်းကောင်း၊ ဆိုးဆိုး) စိတ်ကြိုက်တုံ့ပြန်ခွင့်ပါ ပေးထား၏။ ၎င်းကိုဖြစ်စေ၊ လူလူချင်းကိုဖြစ်စေ ချစ်စေလို၏။ ဤတရားကို အကြောင်းပြုကာ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**၁။ ကျွန်ုပ်တို့သည် လူတစ်ဦး၏ အလွှာ၊ စရိုက်၊ စွမ်းဆောင်မှုများကို ဘေးချိတ်ကာ ဘာမျှမမျှော်ကိုးသည့် မေတ္တာကို မည်သို့ပြနိုင်မည်နည်း။**

________________________________________

________________________________________

________________________________________

၂။ အနန္တမေတ္တာ၊ အဆက်အဆံအကြောင်း အာရုံထားပါ။ ဤအချက်က ဘုရား၏မေတ္တာ၊ ကျွန်ုပ်တို့နှင့်ဆက်ဆံပုံကို ကျွန်ုပ်တို့က သက်သေခံရာတွင် မည်သို့ဖြင့် အထောက်အပံ့ဖြစ်နိုင်မည်နည်း။

---

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သိကျွမ်းသည့်အခါ လူလူချင်းအပေါ် ကောင်းမှုပြုလိုစိတ် ရှိလာ၏။ ယင်းသည် ဥပေက္ခာပြုခြင်းနှင့် ဆန့်ကျင်၏။ ဘုရားသခင်နှင့် သိကျွမ်းခြင်းသည် ကျွန်ုပ်တို့၏ နေထိုင်မှုပုံစံကို မိသားစု၊ လုပ်ငန်းခွင်၊ ရပ်ကွက်တွင် မည်သို့ ပြောင်းစေသနည်း။

---

၄။ သင်နှင့် အဆွေတော်မဖြစ်လိုသူအပေါ် ဘာမှမမျှော်လင့်သည့် မေတ္တာကို သင် မည်သို့ ဆက်လက်ပြနိုင်မည်နည်း။ ဆက်၍ မေတ္တာပြလျှင် ထိုပုဂ္ဂိုလ်အပေါ် သက်ရောက်မှုရှိနိုင်မည်ဟု သင်ယူဆသလော။ ရှင်းပြပါ။

---

၅။ အသင်းတော်ရှိ ဆယ်ကျော်သက်များကို မေတ္တာထား၊ ရိုသေ၊ ဖေးမကာ သံယောဇဉ်ခိုင်မာရန် ကျွန်ုပ်တို့ ဘာလုပ်ဆောင်ရမည်နည်း။ လူရွယ်များနှင့် ကောင်းမွန်သောဆက်ဆံရေး ရှိနိုင်ရန် ကျွန်ုပ်တို့ မည်သို့လမ်းရှာနိုင်မည်နည်း။

---

သင်ခန်းစာ ၂။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၃

*ဇန်နဝါရီလ ၁၁-၁၇

# ဘုရားသခင်၏စိတ်တော်တွေ့ရေး



## ဥပုသ်နေ့မွန်းလွဲပိုင်း

ဖတ်ရန်ကျမ်းချက်များ။ လု ၁၅:၁၁-၃၂၊ ဇေ ၃:၁၇၊ ဧ ၅:၂၅-၂၈၊ ဟေရှာ ၄၃:၄၊ ရော ၈:၁၊ ရော ၅:၈၊ မာ ၉:၁၇-၁၉

အလွတ်ကျမ်းချက်။ **“သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။ သင်၌အားရရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်”** (ဇေဖနိ ၃:၁၇)။

ငါးနှစ်သားကလေးသည် ဖခင်များနေ့တွင် ကောင်းစွာမထုပ်ပိုးထားသည့် လက်ဆောင်ဖြင့် ဖခင်ထံလာနေသည်ကို မှန်းကြည့်ပါ။ ၎င်းသည် စိတ်လှုပ်ရှားစွာဖြင့် လက်ဆောင်ကို ဖခင်အား ပေး၏။ ဖခင်က “သား၊ အဖေက သားရဲ့လက်ဆောင်ကို အဓိကမထားပါဘူး။ ကုန်ကုန်ပြောရရင် အဖေဝမ်းသာနိုင်အောင် သားက ဘာမှမလုပ်ပေးနိုင်ပါဘူး။ သားပေးနိုင်တာကို အဖေကိုယ်တိုင် ရယူနိုင်တယ်။ သားပေးတာတွေလည်း အဖေ ဒါမှမဟုတ် အမေပေးထားတဲ့ပစ္စည်းတွေနဲ့ လုပ်တဲ့လက်ဆောင်ပါ။ ဒါ့ကြောင့် သားလက်ဆောင်ကို ပြန်သိမ်းထားလိုက်။ အဖေက ဒါကိုမလိုအပ်ဘူး၊ လိုလည်းမလိုချင်ဘူး။ ဘာပဲနေနေ အဖေက သားကိုချစ်တယ်” ပြောသည်ဟု ဆိုကြစို့။

ဤဖခင်၏တုံ့ပြန်ပုံကို သင် မည်သို့မှတ်မည်နည်း။ တော်တော်နားလည်မှုမဲ့သည့် ပုဂ္ဂိုလ်ဟု သင်မှတ်ပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဤသို့တုံ့ပြန်သလော။ ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်တော်တွေ့စေနိုင်သလော။ အပြစ်ကြောင့် ကျွန်ုပ်တို့သည် အပြစ်ပြုလုပ်ရန် အားသာနေကြပြား ကျွန်ုပ်တို့သည် ဘုရားကို စိတ်တော်တွေ့စေနိုင်ပါသည်။ တစ်နည်းဆိုရသော် အထက်ပါဖခင်ကဲ့သို့ စိတ်ထားမျိုးမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စိတ်တော် တွေ့စေနိုင်ပါသည်။ သို့သော် ခရစ်တော်အားဖြင့်သာ တွေ့နိုင်၏။

** ဇန်နဝါရီလ ၁၈ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*ဇန်နဝါရီလ ၁၂ ရက်*

## သင်မှန်းဆနိုင်သည်ထက် သာ၍အဖိုးတန်၏

ယခင်သင်ခန်းစာတွင် ကျွန်ုပ်တွေ့ခဲ့သည့်အတိုင်း ဘုရားမချစ်နိုင်သည့်ပုဂ္ဂိုလ် ဟူ၍မရှိပါ။ ဘုရားသခင် လူသားများအား ကျွန်ုပ်တို့မှန်းဆနိုင်သည်ထက် သာ၍တန်ဖိုးထားကာ ကျွန်ုပ်တို့ကို ချစ်ပြီး အပြစ်သည် ဘာကိုမွေ့နှောက်ခဲ့ကြောင်း သိခြင်းကြောင့် ၎င်းသည် အပြစ်ကိုမုန်း၏။

**လုကာ ၁၅:၁၁-၃၂ ကို ဖတ်ရှုပါ။ ပျောက်သောသား ပုံပမာသည် ဘုရား၏မေတ္တာတော်အကြောင်း ဘာချပြသနည်း။ အိမ်တွင်ကျန်ခဲ့သည့် သား၏အဖြစ်နှင့် တူကြသူများအတွက် မည်သည့်သတိပေးချက် ရှိသနည်း။**

---

---

ဤပုံပမာတွင် ယေရှုက၊ သားသည် အဖေ့ထံ စောစီးစွာအမွေတောင်းသည်။ အဖေ့ကိုပယ်သည်။ မိသားစုကို ပယ်သည်။ ထို့နောက် အိမ်မှထွက်ကာ အမွေအားလုံးဖြုန်း၊ ဝက်စာပင် လုစားရသည့်အဖြစ်သို့ ဆိုက်၏။ ဖခင်၏အိမ်ရှိ ကျွန်များ၏ အနေအထားကို အမှတ်ရကာ အိမ်ပြန်၍ကျွန်ခံရန် စိတ်ပိုင်းဖြတ်သည်ဟု မိန့်၏။

ဖြစ်ပျက်လာသည့်အကြောင်းသည် ရသလေးနက်၏။ အချို့ဖခင်များက ထိုသို့သောသားမျိုးကို "မင်းက အမွေတွေယူသွားပြီးပြီ၊ ဒီအိမ်နဲ့လာမပတ်သက်နဲ့တော့။ မင်းအတွက် နေရာမရှိဘူး" ဟု ပြောလွှတ်ပေမည်။ ယင်းသည် လည်း နည်းလမ်းကျပါသည်။ တရားပါသည်။ လူ့အမြင်တွင် ယင်းသားသည် အိမ်ကလက်မခံနိုင်သည်အထိ မိုက်ခဲ့ပြီးဖြစ်၏။

သို့သော် ပုံပမာခန်းတွင်ကား ဖခင်သည် (ဘုရားကိုယ်တိုင်ပုံဆောင်ခဲ့) ထိုကဲ့သို့ မတုံ့ပြန်ခဲ့ပါ။ ထို့အစား ဝေးသေးလျက်နှင့် "သူ့ကိုမြင်လျှင် သနားသောစိတ်ရှိသည်နှင့် ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဖက်လျက်၊ နမ်းရှုတ်လေ၏" (လု ၁၅:၂၀)။ ကျွန်ခေါင်းဖြစ်လျှင်ပင် ဤသို့တစ်ဦးဦးကိုအပြေးတွေ့လျှင် သိက္ခာမဲ့လျက်နှင့် ဖခင်သည် မေတ္တာကြီးသောကြောင့် သားကိုပြေးထွက်ကြို၏။ သာ၍အံ့သြရဖွယ်ကား သားအဖြစ်လက်ခံကာ ပွဲပင်ခံပေးခဲ့၏။ ယင်းသည် လမ်းမလိုက်သူများ အိမ်ပြန်လာသည့်အခါ ပီတိဖြစ်ရသည့် ဘုရားသခင်ကို ပုံဆောင်၏။ ထူးဆန်းသည့်ဘုရားပါပေ။

**စိတ်ဝင်စားဖွယ်ကား အခြားသောသားအကြောင်း ဖြစ်၏။ တရားမျှတခြင်း၊ နားလည်မှုပေါ် အခြေခံပြီး ထိုတုံ့ပြန်မှုသည် ဘာ့ကြောင့် လူတို့၏တုံ့ပြန်မှု ဖြစ်နေရသနည်း။ ပုံပမာ၏ ဤဘက်ခြမ်းက လူသားတို့၏ တရားမျှတမှုသည် ဧဝံဂေလိတရား (သို့) ဘုရား၏မေတ္တာတော်ကို မမြင်နိုင်သည့် လူ့ဗီဇကို ဘာချပြသနည်း။**

*ဇန်နဝါရီလ ၁၃ ရက်*

## ဝမ်းမြောက်ဝမ်းသာခြင်း

ဘုရားသခင်သည် လူတိုင်းကိုတန်ဖိုးထားသောကြောင့် ဝိညာဉ်တစ်လုံးပင်လျှင် ကယ်တင်ခြင်းရလျှင် ဝမ်းမြောက်နေသည့် အကြောင်းကို ကျွန်ုပ်တို့သည် ဥာဏ်မမီနိုင်ပါ။

**ဇေဖနိ ၃:၁၇ ကို** ဖတ်ရှုပါ။ **ဤကျမ်းပိုဒ်က ပျောက်သောသား ပုံပမာအပေါ် မည်သို့ မီးမောင်းထိုး ပြသနည်း။**

---

---

ဇေဖနိ ၃:၁၇ က ကယ်တင်ခြင်းရရှိသည့် လူသားများအပေါ် ဘုရားသည် ပီတိစားကြောင်း ချပြ၏။ ဝမ်းသာဝမ်းမြောက်ခြင်း အကြောင်းကို အခန်းငယ်တစ်ခုတွင် အပြီးဖေါ်ပြထား၏။ ဘုရားသခင်သည် အပြစ်သားတစ်ဦး ကယ်တင်ခြင်းရရှိသည့်နေ့တွင် မည်မျှပီတိစားကြောင်း ဝေါဟာရတစ်လုံးတည်းနှင့် မရှင်းပြနိုင်သည့် (joy & delight) လက္ခဏာဖြစ်၏။

ဤကျမ်းပိုဒ်တွင် ဘုရားသည် ၎င်း၏သားသမီးများ၏ "အလယ်" တွင်ရှိကြောင်း သတိကပ်ပါ။ ရင်ကြားစေ့ခြင်းသည် ဘုရားသခင် လာ၍ကျိန်းခြင်းမှ စတင်အရာထင်၏။ အဝေးတွင်ရှိနေသေးသည့် သားကိုမြင်သည်နှင့် ပြေးထွက်ကြိုသည့် ဖခင်အတိုင်း ဘုရားသည်လည်း သားသမီးများ၏အလယ်တွင် ကျိန်း၏။

ဟေရှာယ ၆၂:၄ တွင်ကား မင်္ဂလာဆောင်ပွဲနှင့် ပမာပြထား၏။ ဟေရှာ ၆၂:၄ တွင် ဘုရားသားသမီးများအား "Hephzibah" ဟုခေါ်မည် ဟုလာ၏။ အနက်ကား "ငါနှစ်သက်သောသူ" ဖြစ်ပြီး မြေရာကို "Beulah" ဟုခေါ်မည် ဟုလာ၏။ အနက်ကား "လက်ထပ်ထိမ်းမြား" ဖြစ်၏။ ဘာ့ကြောင့်နည်း။ အကြောင်းကား "ထာဝရဘုရားသည် သင့်ကိုနှစ်သက်ကာ သင်၏မြေကိုလည်း လက်ထပ်ရလိမ့်မည်။" ဘုရား၏ ပီတိအထွတ်အထိပ်သည် ပြန်လည်ပြုပြင်ခြင်းဖြင့် အဆုံးသတ်၏။ ဘုရားသည် ကျွန်ုပ်တို့ကို သိမ်းယူသည့်အခါ ပျောက်သောသား ပုံပမာလာ ဖခင်ကဲ့သို့ ပီတိဖြစ်မည်ဖြစ်၏။

**ဧ ၅:၂၅-၂၈ ကို** ဖတ်ရှုပါ။ **ကျွန်ုပ်တို့ကိုလည်း ရောင်ပြန်ဟပ်ပြစေလိုသည့် မေတ္တာမျိုးသည် ဘာနည်း။**

---

---

ဤကျမ်းပိုဒ်တွင် အမျိုးသားများက ဇနီးသည်များကို "ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြ" ရန် နှင့် "မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်ကြ" ရန် (ဧ ၅:၂၅၊ ၂၈) ဆော်သြထား၏။ ထိုကျမ်းပိုဒ်များတွင် လင်သည် မယားအပေါ် ပေးဆပ်ခြင်းဖြင့်ချစ်ရန်နှင့် ခရစ်တော်သည် ၎င်း၏သားသမီးများကို (အသင်းတော်) ၎င်း၏ခန္ဓာပမာချစ်ကြောင်းပါ ပြရန်ချပြ၏။

အင်္ဂါနေ့

*ဇန်နဝါရီလ ၁၄ ရက်*

## ဘုရားကိုစိတ်ရွှင်စေခြင်း

စကြဝဠာကို ပိုင်ဆိုင်သည့်ဘုရားသည် ဘာမှမဟုတ်သည့် ဂြိုဟ်ငယ်ရှိ လူတို့ထံမှ မည်သို့ ပီတိရနိုင်မည်နည်း။ ဘာမျှလိုလေသေးမရှိသည့် ဘုရားအား လူသားများက မည်သို့ဖြင့် ပီတိဖြစ်စေနိုင်မည်နည်း။ ဤမေးခွန်းကို နှစ် ကန့် ခွဲနိုင်ပါသည်။ ပထမကား ဘုရားသည် မည်သို့ ပီတိရနိုင်မည်နည်း။ ဒုတိယကား လူသားများသည် အပြစ်ရှိလျက်နှင့် ဘုရားအား မည်သို့ဖြင့် ပီတိဖြစ်စေနိုင်မည်နည်း။ ယနေ့တွင် ပထမအမေးကို အာရုံထားကြမည်ဖြစ်ပြီး၊ ဒုတိယအမေးကို နက်ဖြန်နေ့တွင် ရှုကြအံ့။

**ဟေရှာ ၄၃:၄၊ ဆာ ၁၄၉:၄၊ သုတ္တံ ၁၅:၈၊ ၉ တို့ကို ဖတ်ရှုပါ။ ယင်းတို့က ဘုရားသည် ၎င်း၏သားသမီးများအပေါ် မည်သို့ ပီတိဖြစ်ကြောင်း ပြထားသနည်း။**

---

---

ယမန်နေ့တွင် ကျွန်ုပ်တို့ အချို့အဝက် တွေ့ခဲ့ပြီးသည့်အတိုင်း ဘုရားသည် လူသားများကြောင့် ပီတိဖြစ်ရပါသည်။ အကြောင်းမှာ ၎င်းက လူသားများကိုချစ်သောကြောင့် ဖြစ်၏။

တစ်ဘက်တွင်လည်း ဘုရားသည် ၎င်း၏သားသမီးများက ဒုစရိုက်ကျူးလွန်ကြသည့်အခါ စိတ်မရွှင်ပါ။ သုတ္တံ ၁၅:၈၊ ၉ တွင် မတရားသော သူတို့၏ "ယဇ်ပူဇော်ခြင်း" နှင့် "လိုက်သောလမ်း" ကို ဘုရားသည် စက်ဆုပ်ငြား၊ သဘောဖြောင့်သော သူတို့၏ ဆုတောင်းနှင့် ဖြောင့်မတ်ခြင်းတရားလမ်းကိုကား ချစ်တော်မူ၏" ဟုလာ၏။ ဤကျမ်းချက်တွင် ဘုရားသည် လူဆိုးတို့၏လမ်းကို ရွံရှာရုံသာမဟုတ်ဘဲ၊ ဖြောင့်မတ်သောသူတို့၏လမ်းကို နှစ်သက်ကြောင်း ပြ၏။ ဘုရား၏ပီတိမျိုးသည် လူအချင်းချင်းတွင်လည်း ရှိနေရမည်ကိုပါ သွန်သင်၏။ ယင်းတရားတော်သည် ကျမ်းစာတစ်အုပ်လုံးတွင်လာ၏။

ဆာ ၁၄၆:၈ တွင် "ဘုရားသည် ဖြောင့်မတ်သောသူတို့ကို ချစ်တော်မူ၏" ဟုလာ၏။ ၂ ကော ၉:၇ က "ဘုရားသခင်သည် စေတနာစိတ်နှင့် လှူသောသူကို နှစ်သက်၏" ဟု ထပ်ဖြည့်ထား၏။ ထိုကျမ်းပိုဒ်များတွင် ဘုရားသည် ဖြောင့်မတ်သောသူကိုသာ (သို့) စေတနာစိတ်ရှိသူကိုသာဟု မဆိုထားပါ။ ဘုရားသည် လူတိုင်းကိုချစ်၏။ သို့တိုင်လည်း ထိုကျမ်းပိုဒ်များကို လိုရာဆွဲနိုင်ပါသည်။ အချို့ကိစ္စများတွင် ဘုရားသည် "ဖြောင့်မတ်သူ" နှင့် "စေတနာစိတ်" ရှိသူများကို နှစ်သက်သည်ဟု ယူနိုင်၏။ ထိုအင်္ဂါရပ်မျိုး သဲလွန်စကို သု ၁၅:၈၊ ၉ တွင် ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်၏။ ဘုရားသည် ထိုသူများကို နှစ်သက်ပြီး၊ ၎င်းတို့ကြောင့် ပီတိဖြစ်နေ၏။

**စကြဝဠာဖန်ဆင်းရှင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ထဲထဲဝင်ဝင် ဆက်ဆံသောကြောင့် ကောင်းကင်နှင့်မြေကြီးသည် မည်မျှနီးစပ်ကြောင်း အာရုံယူပါ။ ယင်းတရားက သင် ဒုက္ခရောက်ချိန်တွင် မည်သည့်စိတ်ချမ်းသာမှုကို ပေးသနည်း။**

---

ဗုဒ္ဓဟူးနေ့

*ဇန်နဝါရီလ ၁၅ ရက်*

## သက်ရှိကျောက်များ

အပြစ်သားများသည် သန့်ရှင်းသောဘုရားသခင်ကို မည်သို့ဖြင့် ပီတိဖြစ်စေနိုင်သနည်း။

**ရော ၈:၁ နှင့် ရော ၅:၈ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းပိုဒ်များက ကျွန်ုပ်တို့၏အဆင့်သည် ဘုရားရှေ့တွင် ဘာဖြစ်ကြောင်း ချပြသနည်း။**

---

---

ပုထုဇဉ်များက ဘာမျှမတုံ့ပြန်မီ ဘုရားသခင်သည် ကရုဏာတော်ကို ကနဦးစီးဖြန်းပြီးသားဖြစ်၏။ ကျွန်ုပ်တို့ ဘာမှမပြော မလုပ်မီကပင် ဘုရားသည် ၎င်းကိုလက်ခံနိုင်၊ ငြင်းနိုင်သည့်အခွင့်ကို ပေးနှင့်ခဲ့၏။ "ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏" ဟု ရော ၅:၈ တွင်လာ၏ (ယေ ၃:၁၃ နှင့် ယှဉ်ပါ)။ ကျွန်ုပ်တို့သည် ဘုရားနှင့် ပြန်လည်ရင်ကြားစေ့နိုင်ပါသည်။ ကျွန်ုပ်တို့ကယ်တင်ရှင်၏ လုပ်ဆောင်မှုကို ယုံကြည်ခြင်းအားဖြင့် ဘုရားသည် ပီတိဖြစ်လျက်ရှိ၏။

**၁ ပေ ၂:၄-၆ ကို ဖတ်ရှုပြီး ဟေဗြဲ ၁၁:၆ နှင့်ယှဉ်ပါ။ ကျွန်ုပ်တို့သည် ဘုရားအား ပီတိဖြစ်စေနိုင်ကြောင်း ဘာချပြထားသနည်း။**

---

---

ဘုရားသည် ကြားဝင်မစီရင်ဘဲနှင့် အပြစ်သားများသည် ဘုရားရှေ့တွင် တန်ဘိုးရှိသူများဖြစ်မလာနိုင်ပါ။ ဘုရားသည် မေတ္တာတော်ဖြင့်၊ ခရစ်တော်အားဖြင့် စီမံတော်မူ၏။ အထူးသဖြင့် ကျွန်ုပ်တို့သည် "ယေရှုခရစ်အားဖြင့် ဘုရားသခင် နှစ်သက်တော်မူရာ ယဇ်ပုရောဟိတ်မျိုး ဖြစ်ကြ၏" (၁ ပေ ၂:၅)။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်" ငြား (ဟေဗြဲ ၁၁:၆)၊ ခရစ်တော်၏ ဝန်ဆောင်ပေးမှုကြောင့် ဘုရားသခင်သည် ယုံကြည်သူများကို "အလိုတော်သို့လိုက်မည်အကြောင်း၊ ကောင်းသောအကျင့် အမျိုးမျိုး၌ သင်တို့ကို ပြုပြင်တော်မူပြီး ယေရှုခရစ်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။" (ဟေဗြဲ ၁၃:၂၁)။ ယုံကြည်ခြင်းကို ပဒေသာပင်စိုက်ကာ ဘုရားကိုလက်ခံကြသူများသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကြောင့်သာလျှင် ဖြောင့်မတ်သူများဟု မှတ်ယူခြင်းကိုခံရ၏။ ဘုရား၏မေတ္တာတော်ကို လက်ခံကြသူများသည် ခရစ်တော်၏ ကြားဖြန်ပေးမှုကြောင့် တန်ဘိုးရှိသည်ဟု မှတ်ယူခြင်းကိုခံရပြီ (လု ၂၀:၃၅)။ ၎င်းနှင့် အလားသဏ္ဌာန်တူညီရန် ပုံသွင်းပေး၏ (၁ ကော ၁၅:၅၁-၅၇၊ ၁ ယော ၃:၂)။ ဘုရားသခင်၏ ကယ်တင်ခြင်းလုပ်ငန်းစဉ်သည် ကျွန်ုပ်တို့အတွက် (for) သာမဟုတ်ဘဲ၊ အတွင်းပါ (in) ပါ၏။

**ခရစ်တော်သည် ကောင်းကင်ဘုံတွင် ကြားဖြန်ပေးသည့်အကြောင်းသည် အဘယ့်ကြောင့် အားရဖွယ်ဖြစ်ရသနည်း။**

ကြာသပတေးနေ့

*ဇန်နဝါရီလ ၁၆ ရက်*

# မြတ်သည့်ပန်းတိုင်

ဘုရားသခင်၏ကြင်နာမှု၊ ကြားဖြန်ပေးမှုအောက်တွင် ဘုရားသခင်သည် ၎င်း၏မေတ္တာတော်ကို အသေးငယ်ဆုံး တုံ့ပြန်လျှင်ပင် ပီတိဖြစ်နေ၏။ ၎င်းတစ်ပါးတည်းသာ အချစ်ခံထိုက်၏။ ပြီးပြည့်စုံစွာ ဖြောင့်မတ်သည့်ဘုရားကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရအချစ်ခံရမည့် ဖြောင့်မတ်သူများ အဖြစ် တန်းဝင်စေ၏။ ဤအချက်သည် ကယ်တင်ခြင်းလုပ်ငန်း၏ ရှေ့ရှုရာဖြစ်ပြီး ယင်းတွင် ကောင်းကင်မှ ခရစ်တော်၏ဝန်ဆောင်မှုလည်း ပါ၏။

ယင်းတွင် သင်သည် တန်းဝင်နိုင်သလောဟု မှတ်ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်သည် ကောင်းမှကောင်း ပါ၏လော။ ကျွန်ုပ်၏ ယုံကြည်သဒ္ဓါအားသည် လုံလောက်ပါ၏လော။

**ရှင်မာကု ၉:၁၇–၂၉ ကို ဖတ်ရှုပါ။ ဤပုံပမာတွင် ဘုရားသည် မည်သို့တုံ့ပြန်သနည်း။ ယုံကြည်ခြင်းတွင် မည်သည့်ပမာဏသည် လုံလောက်သည့် ယုံကြည်ခြင်းထုထည်နည်း။**

---

တပည့်တော်များသည် နတ်ဆိုးကို မနှင်ထုတ်နိုင်ခဲ့ကြပါ။ မျှော်လင့်ချက်မဲ့ကြပြီ။ သို့သော် ယေရှု ရောက်လာပြီး လူနာ၏ဖခင်အား “သင်သည် ယုံကြည်နိုင်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်” ဟုမိန့်၏ (မာ ၉:၂၃)။ ဖခင်လည်း မျက်ရည်လည်ရွဲဖြင့် “အကျွန်ုပ်ယုံကြည်ပါ၏ သခင်။ မယုံကြည်သည်ကို မစတော်မူပါ” ဟု လျှောက်၏ (မာ ၉:၂၄)။

ယေရှုက ထိုဖခင်အား “သင်၏ယုံကြည်သဒ္ဓါအား များလာမှပြန်လာ” ဟု မမိန့်ပါ။ ထို့အစား “မယုံကြည်သည်ကို မစတော်မူပါ” စကားသည် လုံလောက်၏။

ယုံကြည်ခြင်းမရှိဘဲနှင့် ဘုရားကို စိတ်မရွှင်စေနိုင်ပါ (ဟေဗြဲ ၁၁:၆)။ ယေရှုသည် အသေးငယ်ဆုံးသော ယုံကြည်ခြင်းကိုပင် လက်ခံ၏။ ကျွန်ုပ်တို့သည် ဘုရားကို စိတ်ရွှင်စေနိုင်ပါသည်။ ယုံကြည်ခြင်း၊ ခရစ်တော်၏ ဝန်ဆောင်ပေးခြင်းများအားဖြင့် လက်ဆောင်ပေးသည့် ကလေးငယ်ကြောင့် ပီတိဖြစ်ရသည့် ဖခင်ကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားစိတ်ရွှင်စေနိုင်ပါသည်။

ကျွန်ုပ်တို့သည် ရှင်ပေါလု၏ “သခင်ဘုရား နှစ်သက်တော်မူသောသူ ဖြစ်ခြင်းငှာ” ဟူသည့် အကြံပေးခြင်းကို လိုက်နာသင့်ပါသည် (၂ ကော ၅:၉၊ ၁၀ ကို ကော ၁:၁၀၊ ၁ သက် ၄:၁၊ ဟေဗြဲ ၁၁:၅ တို့နှင့် ယှဉ်ပါ)။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ချစ်ခင်ကြသည့် သူများကို ဘုရားသည် ပွဲပြင်ပေးပါရန် တောင်းဆိုသင့်ပါသည်။ “ညီအစ်ကိုချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက် စုံမက်ကြလော့။ ချီးမွမ်းခြင်းအရာမှာ၊ သူတစ်ပါးကို ကိုယ်ထက် ချီးမြှောက်ကြလော့။– အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏အလိုတော်သို့ လိုက်၍ အားထုတ်ကြလော့။ မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံကြလော့။ ဆုတောင်းပတ္ထနာပြုခြင်းအမှုကို အမြဲပြုကြလော့။ သန့်ရှင်းသူတို့သည် ဆင်းရဲသောအခါ ဝေငှပေးကမ်းကြလော့။ အာဂန္တုတို့အား ဧည့်သည်ဝတ်ကို ကြိုးစား၍ပြုကြလော့” (ရော ၁၂:၁၀–၁၃)။

**ဘုရားသခင်သည် ခရစ်တော်ကြောင့် ကျွန်ုပ်တို့ကို လက်ခံသည်ရှိသော် ကျွန်ုပ်တို့လည်း လူလူချင်းကို မည်မျှ သာ၍လက်ခံသင့်သနည်း။ သင်၏အိမ်နီးချင်းကို ကိုယ်နှင့်အမျှချစ်ရန် (ဝတ် ၁၉:၁၈၊ မ ၂၂:၃၉) နှင့် မိမိအပေါ် ပြုစေလိုသည့်အတိုင်း ပြုစေဟူသည့် ရွှေပညတ်တို့သည် ဤတရားတွင် မည်သို့မီးမောင်းထိုးပြသနည်း။**

# သောကြာနေ့

*ဇန်နဝါရီလ ၁၇ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, "'Let not Your Heart Be Troubled,'" pp. 662–680, in *The Desire of Ages.*

"သခင်ဘုရား၏သားသမီးများက သူတို့ကိုယ်သူတို့ အထင်အမြင်သေးမည်ဆိုလျှင် သခင်ဘုရားသည် သဘောမတွေ့ပါ။ ၎င်းက ရွေးချယ်ခဲ့သူများသည် ၎င်းကပေးခဲ့သည့်အမွေကို တန်ဖိုးထားစေလို၏။ သို့မဟုတ်လျှင် သူတို့ကိုကယ်တင်ရန် ၎င်း၏သားတော်ကို လွှတ်ဖြစ်ခဲ့မည်မဟုတ်ပါ။ သူတို့က ဘုရားအပေါ် များများတောင်းသည့်အခါ ၎င်း၏ဂုဏ်ထင်ရှားစေကြမည် ဖြစ်သောကြောင့် စိတ်တော်တွေ့၏။ ၎င်း၏ကတိများကို ယုံကြည်လျှင် သူတို့သည် များစွာမျှော်လင့်ကြရမည် ဖြစ်၏။

"ခရစ်တော်နာမဖြင့် ဆုတောင်းခြင်းတွင် နက်နဲမှုရှိ၏။ ယင်းတွင် ၎င်း၏ဂုဏ်တော်ကို လက်ခံခြင်း၊ ၎င်း၏စိတ်ဓာတ်ကိုပြခြင်း၊ ၎င်း၏လုပ်ငန်းများကို လုပ်ကူခြင်းများ ပါ၏။ ကယ်တင်ရှင်ကပေးသည့် ကတိသည် အနေအထားပေါ်မှီကာ ပြည့်စုံလာမည်ဖြစ်၏။ ၎င်းက 'ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်လော' ဟုမိန့်၏။ ၎င်းသည် လူသားများကို အပြစ်နှင့် မပတ်သက်စေပါ။ အပြစ်မှ ကယ်ထုတ်၏။ ၎င်းကိုချစ်ကြသူများက နာခံခြင်းဖြင့် သူတို့၏အချစ်ကို ပြကြပါလိမ့်မည်။

"နာခံမှုအစစ်သည် စိတ်မှလာ၏။ စိတ်ဖြင့် ခရစ်တော်နှင့်အတူ လုပ်ဆောင်ခြင်းဖြစ်၏။ ကျွန်ုပ်တို့က သဘောတူပါလျှင် ဘုရားသည် ကျွန်ုပ်တို့၏အတွေး၊ ရည်ရွယ်ရာများနှင့် တစ်သားတည်းလာဖြစ်ကာ ၎င်း၏အလိုတော်နှင့် တစ်သားတည်းကျမည် ဖြစ်၏။ ၎င်းကိုနာခံကြသည့်အခါ ကျွန်ုပ်တို့သည် စိတ်ရှိအတိုင်း ပြုမူဖြစ်ပါမည်။ ပြုပြင်စီရင်ထားသည့်စိတ်သည် ၎င်း၏အမှုတော်ကို ထမ်းရပျော်ပါလိမ့်မည်။ ဘုရားကို သိခွင့်ရခြင်းသည် အခွင့်ထူးဖြစ်မှန်း ကျွန်ုပ်တို့သိရသည့်အခါ ကျွန်ုပ်တို့တွင် နာခံသောအသက်တာဖြင့် ရှင်သန်ပါလိမ့်မည်။ ခရစ်တော်၏ဂုဏ်တော်ကို နှစ်သက်ခြင်း၊ ဘုရားနှင့် မိတ်သဟာယရှိခြင်းများအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ကိုရွံမုန်းလာပါမည်။" — Ellen G. White, *The Desire of Ages*, p. 668။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ "အတ္တမဲ့စွာဖြင့် လက်ခံရရှိ" ဟူသည် မည်သည့်အဓိပ္ပာယ်နည်း။ ရယူခြင်း၊ ပေးကမ်းခြင်းသည် ကောင်းကင်နှင့်မြေကြီးသစ်ပြယုဂ်နှင့် တူမည်ဆိုသည့်အကြောင်းကို သင် မည်သို့တွေးဖြစ်သနည်း။

၂။ James Webb ၏ အာကာသမှန်ဘီလူးက တွေ့နိုင်သည်ထက်ဝေးသည့်အရပ်မှလာသည့် ကောင်းကင်တမန်က ဒံယေလအား chamudot "ချစ်စဖွယ်၊ နှစ်သက်ဖွယ်၊ တန်ဖိုးရှိ" သူ ဟုဆိုခဲ့၏။ ယင်းကို သုံးကြိမ် ဆိုထား၏။ ဒံ ၉:၂၃ တွင် ဂါဗြေလက "သင်သည် အလွန်ချစ်အပ်သောသူ" ဟုဆို၏။ ဒံ ၁၀:၁၁ တွင် ကောင်းကင်တမန်က (ဂါဗြေလ ဖြစ်နိုင်၏) "အလွန်ချစ်အပ်သောသူ" ဟုဆို၏။ ယင်းကို ဒံ ၁၀:၁၉ တွင် ထပ်၍ဆို၏။ ဤတွင် ဘုရားအကြောင်း မည်သို့ဖြစ်သည်နှင့် ကျွန်ုပ်တို့နှင့် မည်မျှနီးစပ်ကြောင်းကို တွေးဆပါ။ ဤတရားတော်မှ သင်သည် မည်သည့်မျှော်လင့်ချက် ထားနိုင်သနည်း။

၃။ ယောဖြ ၁၁ တွင်လာသည့် ယုံကြည်ခြင်းဖခင်များသည် ယခုသင်ခန်းစာနှင့် မည်သို့ဆက်နွယ်မှု ရှိသနည်း။ အထူးသဖြင့် ယုံကြည်ခြင်းကိုအားပြုကာ ဘုရားကို မည်သို့စိတ်တော်တွေ့စေနိုင်သနည်း။ ယုံကြည်ခြင်းအင်္ဂါရပ်ကို သင်၏နေ့စဉ်ဘဝတွင် မည်သို့ အသုံးချနိုင်ကြောင်း တွေ့ရှိသနည်း။

## ကျေးဇူးသိတတ်သည့် အသင်းထောက်

Andrew McChesney ရေးသားသည်

Jong-Moon Yoon သည် ကျေးဇူးသိတတ်သည့် အသင်းထောက်ဟု ကျော်ကြား၏။ မည်သည့်အနေအထားရောက်ရောက် ၎င်း၏နှုတ်မှထွက်လာသည့် စကားသည် "ကျေးဇူးတင်ပါတယ်" ဖြစ်၏။ ၎င်းသည် ပြဿနာတွေ့လည်း "ကျေးဇူးပါ၊" ဒုက္ခတွေ့လည်း "ကျေးဇူးပါ" ဟုဆို၏။

တောင်ကိုးရီးယားရှိ SDA အသင်းထောက်တစ်ဦးသည် ၁ သက် ၅:၁၈ တွင် ပေါလုမိန့်ထားသည့် "အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှာ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏" ကို အာဂုံဆောင်ထား၏။ လူများကလည်း သတိမူမိကြ၏။

Jong-Moon သည် အထူးသဖြင့် နှစ်သစ်ကူးနေထွက်ပုံကို တောင်ကိုးရီးယားတွင် အကြည့်အများဆုံးဖြစ်သည့် Jeongdongjin တွင် နှစ်များစွာ လက်ဖက်ရည်ဆိုင်ပိုင်ခဲ့သူဖြစ်၏။ ၎င်း၏ဖောက်သည်တွင် Nanum လုံမပျို ပါ၏။ သူမသည် ဆယ်ကျော်သက် ဖြစ်သောကြောင့် နံနက်စာကို လက်ဖက်ရည်၊ sandwich ကင်၊ ကြက်ဥကြော်၊ lettuce, cheese တို့ဖြင့် ဖြေရှင်း၏။ သူမ အသက်ရလာသည့်အခါ အိမ်ထောင်ကျပြီး Azsa ဟူသည့် သမီးရှိခဲ့၏။ ထိုသားအမိတို့သည် ပုံမှန်ဖောက်သည်များဖြစ်ကြပြီး မိခင်သည် Jong-Moon ၏ ကျေးဇူးသိတတ်ပုံကို သတိပြုမိ၏။ သူမက အစာမှာသည့်အခါ ၎င်းက "ကျေးဇူးပါ" ဟုဆို၏။ သူမက ကုန်ကျငွေရှင်းသည့်အခါ "ကျေးဇူးပါ" ဟု ဆိုပြန်၏။ သူမက စားကောင်းကြောင်း ပြောသည့်အခါ "ကျေးဇူးပါ" ဟုဆိုပြန်၏။

တစ်ခါတွင် သူမသည် ၎င်းနှင့်စကားပြောဖြစ်ကာ ၎င်းသည် စနေနေ့တွင် ဘုရားကျောင်းသို့ သွားတတ်ကြောင်း သိလာ၏။ သူမသည် စနေနေ့တွင် ဘုရားကျောင်းတက်သည့် လူစုကို မကြားဖူးပါ။ သူမလည်း "ကျွန်မလည်း စနေနေ့ကျရင် ဘုရားကျောင်း လာလို့ရမလား" ဟုမေး၏။

နောက်ဥပုသ်တွင် သူမနှင့် ၅ နှစ်သမီးတို့သည် Jong-moon နှင့်အတူ ဘုရားကျောင်း လာတက်၏။ အသင်းသားများက သူမတို့ကို ပျူငှာကြကာ ဘုရားကျောင်းသို့ လာဖြစ်ရသည့်အကြောင်း မေးကြ၏။ သူမက ကျေးဇူးတင်တတ်သူကြီးကြောင့် လာဖြစ်ရကြောင်း ပြောပြ၏။

ဝတ်ပြုမှုအပြီးတွင် သူမသည် ထပ်၍လာရောက်ဝတ်ပြုလိုကြောင်း Jong-Moon အား ပြော၏။ "ရှင်က ဒီဘုရားကျောင်းကိုတက်ရင် ကျွန်မတို့လည်း ရှင့်နောက်လိုက်ပါ့မယ်" ဟုဆို၏။ Nanum သည် လက်ဖက်ရည်ဆိုင်တွင် ယေရှု၏နာမည်ကို မကြားခဲ့ဖူးပြီး Jong-Moon ၏ ကျေးဇူးသိတတ်ပုံကြောင့် ယေရှုကိုမြင်ရ၏။ ဧဝံဂေလိတရားဟူသည် နှုတ်ဖြင့်ပြောဆိုမှ မဟုတ်ပါ။ လူနေမှုပုံစံဖြင့်လည်း ထိုသားအမိတို့သည် ဘုရားကျောင်းသို့ ပုံမှန်လာတက်ကြပါပြီ။ ယခုတွင် သူမ၏ခင်ပွန်းလည်း ဘုရားကျောင်းသို့ လိုက်လာရန် ဆုတောင်းပါပြီ။ မှတ်ချက်။ ။ လက်ဖက်၊ ကော်ဖီ နှင့် ကဖိန်းဓာတ်ပါသော အစားအစာများကိုအသင်းတော်မှ တားမြစ်သောအစာဖြစ်၏။



ယခု ၃ လပတ်၊ ၁၃ ပတ် အလှူငွေအချို့သည် တောင်ကိုးရီးယား သာသနာအတွက် အသုံးပြုပါမည်။ မတ်လ ၁၉ ရက်တွင် ရက်ရောစွာပေးလှူရန် တာဆူကြသည့် သင်တို့အပေါ် ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

အဓိကကျမ်းချက်။ ဇေ ၃:၁၇

လေ့လာမှုဦးတည်ချက်များ။ ဇေ ၃:၁၇၊ လု ၁၅:၄-၃၂။

**နိဒါန်း။** ။ ကျွန်ုပ်တို့၏ မေတ္တာရှင်ဘုရားသခင်သည် ၎င်းဖန်ဆင်းထားသည့် အရာများနှင့် ဆွေသဟာဖြစ်လို၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အချက် သုံးချက်ကို ရှေ့ရှုပါသည်။

၁။ ဘုရားသခင်သည် ၎င်းဖန်ဆင်းထားသူများနှင့် ဆက်ဆံရသည်ကို ပျော်ရွှင်ခြင်းက ကျွန်ုပ်တို့သည် ဘုရား၏အမြင်တွင် တန်ဖိုးရှိကြောင်းကို ပြ၏။ ဘုရား၏အမြင်တွင် လူတိုင်းသည် တန်ဖိုးကြီးလှ၏။ ထို့ကြောင့် ၎င်း၏သားသမီးများ နောင်တရကြသည့်အခါ ပီတိဖြစ်ရ၏။ လု ၁၅ တွင်လာသည့် ပုံပမာခန်းက ပျောက်သောသား ကယ်တင်ခြင်းရသည့်အခါ ဘုရားသည် ဝမ်းမြောက်ကြောင်းကို ပြ၏။ ကျွန်ုပ်တို့ ကယ်တင်ခြင်းရခြင်းတွင် ဘုရားသည် ဝမ်းမြောက်ရခြင်းက ကျွန်ုပ်တို့၏တန်ဖိုးကို ပြ၏။

၂။ ဘုရား၏ပီတိသည် လူသားတို့၏အကျိုးကို မျှော်ခြင်းဖြစ်၏။ ဘုရားသည် ကျွန်ုပ်တို့ကို ပျော်ရွှင်စေလိုပြီး ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းအပေါ် ပီတိဖြစ်၏။ ၎င်းထံဆည်းကပ်ကာ သုခရှာကြရန် လူသားများကို ဖိတ်ခေါ်၏။ ဘုရားကိုချီးမွမ်းခြင်းက တစ်နေ့တွင် အတူပျော်ရွှင်ရမည့် နိမိတ်ဖြစ်၏။

၃။ ကျွန်ုပ်တို့တွင် ကျက်သရေမရှိခြင်းကြောင့် ကျွန်ုပ်တို့သည် ဘုရားစိတ်တော်နှင့်တွေ့ရန် ခရစ်တော်လိုအပ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားကို ကျေးဇူးတင်၊ ချီးမွမ်းရန် နိုးဆော်ခံရ၏။ သို့သော် ခရစ်တော်ကြောင့်သာ ပြုနိုင်စွမ်းရှိ ကြပါမည်။ ခရစ်တော်၏ ဝန်ဆောင်ပေးမှုကြောင့်သာ ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်ရွှင်စေနိုင်၏။

**လက်တွေ့အသုံးချခြင်း။** ။ ၎င်းဖန်ဆင်းထားသည့် ပုဂ္ဂိုလ်များအပေါ် ဘုရားပီတိဖြစ်ခြင်းက ကျွန်ုပ်တို့သည် ၎င်း၏ရှေ့တွင် မည်မျှတန်ဖိုးရှိကာ ၎င်းက မည်မျှတန်ဖိုးထားကြောင်း ပြ၏။ ကျွန်ုပ်တို့လည်း လူတစ်ဦးစီတိုင်းကို မည်သို့ ထားတတ်ရမည်နည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**၁။ ဘုရားသခင်သည် ၎င်းဖန်ဆင်းထားသူများနှင့် ဆက်ဆံရသောအခါ ပျော်ရွှင်ခြင်းသည် ဘုရား၏အမြင်တွင် ကျွန်ုပ်တို့ကို တန်ဖိုးထားကြောင်း ပြ၏။**

ပျောက်သောသားပုံပမာက ကျွန်ုပ်တို့သည် ဘုရားအတွက် တန်ဖိုးရှိကြောင်းကို ပြ၏။ လု ၁၅ ရှိ ပုံပမာ ၃ ခုလုံးတွင် ပစိပစပ်များသည့် ဖာရိရှဲနှင့် ကျမ်းပြုဆရာများက (လု ၁၅:၂) လမ်းပျောက်လူသားများ၏ တန်ဖိုးကို အထင်သေးကြောင်း ပြ၏။ ဖာရိရှဲနှင့် ကျမ်းပြုဆရာများက ယေရှု လက်ခံသည့် အပြစ်သားများ၏တန်ဖိုးကို မမြင်ကြပါ (လု ၁၅:၂)။ E. G. White က “ဖာရိရှဲများသည် ထို

ပုဂ္ဂိုလ်များကို ကဲ့ရဲ့ပြစ်တင်ကြသည်။ သို့သော် ခရစ်တော်က ၎င်းတို့ကို ခမည်းတော်ကမမေ့သည့်၊ ခမည်းတော်၏အိမ်မှ ဝေးကွာကြသည့် သားသမီးများအဖြစ် ကြိုဆို၏" ဟုဆို၏။ — *Christ's Object Lesson*, p. 186။

ယေရှုသည် ဖာရိရှဲတို့၏ညည်းဆိုးကို ပုံပမာ ၃ ခုဖြင့် ရှုတ်ချကာ ပျောက်ဆုံးသူအပေါ် ဘုရားသခင်ကယ်ကြောင်း၊ လက်ခံကြောင်း ဖော်ပြပေးထား၏။ တစ်နည်းကား ပုံပမာတိုင်းတွင် ဝမ်းသာခြင်းကိုပြခြင်းသည် ပျောက်သွားသည့် ပစ္စည်း၊ လူသည် တန်ဖိုးရှိကြောင်းကို ပြ၏။ ပျောက်သောသိုး ပုံပမာတွင် သိုးထိန်းသည် "မတွေ့မီတိုင်အောင်" (လု ၁၅:၄) ရှာ၏။ သိုးထိန်းသည် သိုးကို "ဝမ်းမြောက်သောစိတ်နှင့် ပုခုံးပေါ်မှာ တင်ထမ်း၍" (လု ၁၅:၅) ပြန်လာ၏။ သိုးထိန်းသည် မည်မျှဝမ်းမြောက်ကြောင်း ကျွန်ုပ်တို့သိရလေလေ၊ ပျောက်သောသိုးသည် ၎င်း၏အမြင်တွင် တန်ဖိုးရှိလှကြောင်း သိလာရ၏။ သိုးထိန်းသည် ဝမ်းမြောက်လွန်းသည်ကြောင့် အိမ်နီးချင်းများကို အသိပေး၏ (လု ၁၅:၆)။

ကျန်သည့် ပုံပမာ နှစ်ခုတို့လည်း ထို့အတူပင်ဖြစ်၏။ ပျောက်သောဒင်္ဂါးပုံပမာတွင် အမျိုးသမီးသည် "မတွေ့မီတိုင်အောင်" (လု ၁၅:၈) စေ့စပ်စွာရှာ၏။ ထို့နောက် သူမနှင့်အတူပျော်ကြရန် အနီးအနားတို့ကို ဖိတ်၏ (လု ၁၅:၉)။ ပုံပမာခန်း၏ အထွတ်အထိပ်ဖြစ်သည့် ပျောက်သောသားပုံပမာတွင် ထိုသားသည် ရိုးရိုးပျောက်ရုံမဟုတ်၊ ထိုသို့ကြုံရန် ၎င်းကပင်စခဲ့သည်။ ၎င်း၏ဆုံးဖြတ်ချက်သည် မည်သည့်ဘက်သို့ပို့ကြောင်း ကြိုမသိခဲ့ပါ။ နိဂုံးတွင် ၎င်းသည် သိတတ်လာသည့်အခါ ဖခင်၏ရှေ့တွင် ၎င်းသည် မည်မျှတန်ဖိုးရှိကြောင်း မြင်တတ်လာပြီး "ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ" ဟု ဆိုလာ၏ (လု ၁၅:၁၉)။

မည်သို့ရှိစေ ဖခင်သည် သားကမျှော်ထားသည်နှင့် မတူစွာပြုမူ၏။ ဖခင်သည် "ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဖက်လျက် နမ်းရှုပ်လေ၏" (လု ၁၅:၂၀)။ ယင်းတို့သည် ဖခင်ဘက်မှ စေတနာကောင်းနှင့်ပီတိများ ဖြစ်ကြ၏။ သားက ကျွန်အဖြစ်သာလက်ခံရန် တောင်းဆိုမှုကို ဂရုမထားဘဲ သားအတွက် "ဝတ်လုံ၊ လက်စွပ်၊ ခြေနင်း" (လု ၁၅:၂၂) တို့ကို ဆင်မြန်းစေ၏။ ယင်းနှင့် မပြီးသေးပါ။ သားဖြစ်ခြင်းကို အဆင်အယင်ဖြင့် ပြုပြီးနောက်တွင် ပွဲခံပေးသေး၏ — "ဆူအောင်ကျွေးသော နွားကလေးကို ယူ၍သတ်ကြ။ သို့ပြီးမှ ငါတို့သည် စားကြကုန်အံ့။ ပျော်မွေ့ခြင်း ပြုကြကုန်အံ့" (လု ၁၅:၂၃)။ အတိုဆိုရလျှင် ဖခင်သည် သားကိုလက်ခံရုံ မဟုတ်ဘဲ အိမ်သို့ပြန်လှည့်ခြင်းတွင် ပီတိဖြစ်ခဲ့၏။

ပျောက်သောသားပုံပမာလည်း ပျောက်သောသိုး၊ ဒင်္ဂါးတို့နှင့်တူသည့် အချက်ကို တွေ့ရ၏။ ယင်းမှာ ပျောက်သည်ကို ပြန်တွေ့သည်၊ ပွဲခံသည် တို့ဖြစ်၏။ သို့သော် ပျောက်သောသားတွင် နောက်ဆက်တွဲရှိ၏။ သားကြီးက ပွဲခံခြင်းကို စောဒကတက်ခဲ့၏ (လု ၁၅:၂၈–၃၀)။ ဤအချက်သည် ချက်ကောင်းဖြစ်၏။ အကြောင်းမှာ ဤအခန်းဝင်အစတွင်လာသည့် (လု ၁၅:၂) ဖာရိရှဲတို့၏စိတ်သဘောကို ပြ၏။ ပုံပမာတွင်လာသည့် သားကြီးနှင့် ဖာရိရှဲတို့သည် အပြစ်သားကို ကြိုဆိုခြင်း၊ ပွဲခံပေးခြင်းတို့ကို အမှားထောက်ကြ၏။ ဤဝေဖန်ခြင်းက ကြိုဆိုခံရသူများ၏တန်ဖိုးကို အ

ထင်သေးခြင်း ဖြစ်၏။ ထို့ကြောင့် ပုံပမာသည် ဖခင်က သားကြီးကို ဆိုဆုံးမသည့် အခန်းဖြင့် ပိတ်၏ — "ထို့ကြောင့် ပျော်မွေ့ဝမ်းမြောက်စရာ အကြောင်းရှိ၏" (လု ၁၅:၃၂)။

"အကြောင်းရှိ၏" ဟုပြန်ထားသည့် ဂရိကြိယာပုဒ်သည် dei ဖြစ်ပြီး "လုပ်သင့်သည်" (သို့) "ဖြစ်သင့်သည်" အနက်ရှိ၏။ (Frederick W. Danker et. al., *A Greek-English Lexicon of the New Testament and Other Early Christian Literature* [Chicago: University of Chicago Press, 2000], p. 214). အချို့သော ဘာသာပြန်ကျမ်းများက "အကြောင်းရှိ၏" (ESV-RSV) (သို့) "ကျွန်ုပ်တို့ပွဲတည်ခဲ့" (NASB, NRSV, NIV) ဟု လု ၁၅:၃၂ တွင် ပြန်ကြ၏။ ဤတွင် ဆိုလိုသည့်ပဓာနအနက်ကား ယခင်ကပျောက်ခဲ့ပြီး ယခုတွင် ပြန်တွေ့ရသည့်ပုဂ္ဂိုလ်၏ တန်ဖိုးကို ပြခြင်းဖြစ်၏။ ထိုအကြောင်းကို အကြောင်းပြုကာ ဖခင်က ပွဲတည်ရမည်ဟု ဆိုခြင်းဖြစ်၏။ ပြန်တွေ့ပြီဖြစ်သည့် ပုဂ္ဂိုလ်၏တန်ဖိုးကိုပြရန် အခြားနည်းလမ်း မရှိပါ။ ဤတွင်လည်း ပြပြီးခဲ့သည့် ရှေ့ကပုံပမာ ၂ ခုအတိုင်း ဖခင်သည် တစ်ဦးတည်း ပွဲမခံလိုပါ။ အစေခံများ ပါကြဟန်ရှိ၏ (လု ၁၅:၂၂-၂၇)။ ဖခင်သည် သားကြီးကိုလည်း ဖိတ်၏။ ပျောက်သောသားသည် သားကြီး၏စကားအရ "သင်၏သား" (လု ၁၅:၃၀) ဖြစ်သော်လည်း ဖခင်၏တောင်းပန်ပုံအရ "သင်၏ညီလေး" (လု ၁၅:၃၁) ဖြစ်၏။

ထို့ကြောင့် လုကာ ၁၅ တွင် ယေရှုပြောသည့်ပုံပမာက ဘုရားသည် ၎င်း၏သားသမီးများ ကယ်တင်ခြင်းရကြသည့် အမှုတွင် ပီတိဖြစ်သည့်အဖြစ်က ကျွန်ုပ်တို့သည် ဘုရား၏အမြင်တွင် တန်ဖိုးရှိကြောင်းကို ပြ၏။ ဘုရားက ကျွန်ုပ်တို့သည် ၎င်းကို ရတနာများဖြစ်သည်ဟု ခံစားရုံမဟုတ်ဘဲ ၎င်းနှင့်အတူ ပွဲခံစေလို၏။ ထို့ကြောင့် အချင်းချင်း၏ ကယ်တင်ခြင်းအခွင့်အရေးကို စိတ်အကြွင်းမဲ့ဖြင့် တန်ဖိုးထားပါ။

**၂။ ဘုရား၏ပီတိသည် လူသားတို့၏အကျိုးကိုမျှော်ခြင်း ဖြစ်၏။**

ဇေဖနိ ၃:၁၇ နှင့် ဆာ ၁၄၉:၄ တို့သည် ဘုရား၏ပီတိအကြောင်းတွင် တူညီမှုရှိ၏။ ဆာ ၁၄၉ သည် ဘုရားသခင်အား ဝမ်းမြောက်စွာချီးမွမ်းကြရန် ဖိတ်ကြားခြင်းဖြစ်၏ — "အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူစုကို နှစ်သက်တော်မူ၏။ စိတ်နှိမ့်ချသောသူတို့ကို ကယ်တင်ခြင်းအားဖြင့် အသရေတင့်တယ်စေတော်မူ၏။" ထိုသို့ နှိုးဆော်ရခြင်း၏ အကြောင်းရင်းသည် ဆာ ၁၄၉:၄ တွင် လာ၏ — "ထာဝရဘုရားသည် မိမိလူစုကို နှစ်သက်တော်မူ၏။" ထို့ကြောင့် ဤဆာလံက အသွားအပြန်ရှိသည့် ဆက်ဆံရေးကို အတည်ပြု၏။ ဘုရားသခင်သည် ၎င်း၏လူစုကိုနှစ်သက်ပြီး ထိုအကြောင်းကို အခြေပြုကာ ဘုရားက ဝမ်းမြောက်စွာချီးမွမ်းရာမှ ပီတိရကြရန် လူစုတို့သည် ဖိတ်ကြားခံရ၏။

ထို့အတူ ဇေ ၃:၁၄ တွင် ဘုရား၏လူစုတို့သည် "အိုဇိအုန်သတို့သမီးတို့ သီချင်းဆိုကြလော့။ အိုဣသရေလအမျိုး စိတ်နှလုံးအကြွင်းမဲ့ ဝမ်းမြောက်ရွှင်လန်းကြ" ရန် နှိုးဆော်၏။ ဤနှိုးဆော်မှုသည် ဇေ ၃:၁၇ "ဘုရားသည် သင်၌အားရ၍၊ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်

တကွ သင်၍ ဝမ်းမြောက်တော်မူလိမ့်မည်” နှင့် ဖော်ပြထား၏။ ဆာ ၁၄၉ တွင် ဘုရား၏ပီတိသည် လူသားတို့ကောင်းစားရေး၊ ဇေ ၃ တွင် ဘုရားကိုချီးမွမ်းခြင်းသည် အနာဂတ်တွင် ၎င်း၏လူစုနှင့် စံစားရမည့်နိမိတ် ဖြစ်၏။

**၃။ ကျွန်ုပ်တို့၏ ကျက်သရေမရှိခြင်းကြောင့် ကျွန်ုပ်တို့သည် ဘုရားစိတ်တော်နှင့်တွေ့ရန် ခရစ်တော်ကို လိုအပ်ကြသည်။**

ကျမ်းစာတွင် ဘုရားသခင်အား ချီးမွမ်းကြရန် ဖိတ်ခေါ်ခြင်းတွင် (ဟေဗြဲ ၁၁:၅၊ ၆၊ ၂ ကော ၅:၉၊ ကော ၁:၁၀၊ ၁ သက် ၄:၁)၊ ဟေဗြဲ ၁၃:၁၅ က ဘုရားသခင်ထံ စဉ်ဆက်မပြတ်ဆက်ကပ်ရန် ဆော်ဩထားပြီး ယင်းတွင် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကောင်းမှုပြုခြင်း၊ ဒါနပြုခြင်းများလည်း ပါ၏။ ဟေဗြဲ ၁၃:၁၅ တွင် ကျွန်ုပ်သည် ပူဇော်မှုကို မိမိအစွမ်းဖြင့် မပြုရဟုဆို၏။ “ယေရှုခရစ်” အားဖြင့်သာ ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်ရမည်ဖြစ်၏။ တစ်နည်းကား ကျွန်ုပ်တို့သည် မိမိကောင်းမှုတို့ဖြင့် ဘုရားကို မချီးမွမ်းနိုင်ပါ။ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းသည် ခရစ်တော်ကို အကြောင်းပြုခြင်းဖြင့်သာ ဘုရားအား စစ်မှန်စွာ ချီးမွမ်းနိုင်မည်ဖြစ်သည်။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

လူသားများကို တန်ဖိုးများစွာ ဋ္ဌာပနာထား၏။ သင်သည် ဘုရားသခင်နှင့် သဏ္ဌာန်တူ ဖန်ဆင်းထားသောကြောင့် တန်ဖိုးရှိ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့တွက်ဆနိုင်သည်ထက် သာလွန်စွာ ချစ်ခြင်းသည် အံ့ဖွယ်ဖြစ်၏။ ဤရှုထောင့်ကို နှလုံးမူရင်းဖြင့် အောက်ပါအမေးများကို ဆွေးနွေးပါ။

**၁။ ကျွန်ုပ်တို့ နေ့တိုင်းတွေ့ဆုံရသည့် ပုဂ္ဂိုလ်များအား ဘုရား၏အမြင်တွင် တန်ဖိုးရှိကြောင်း သင်မည်သို့ပြသနည်း။**

---

**၂။ ဘုရားတရား ကြည်ညိုကြသည်ဟု ဆိုကြသူများသည် အခြားပုဂ္ဂိုလ်များကို မည်သို့ဖြင့် နှိမ်မိကြသနည်း။**

---

**၃။ ဘုရားကို ကြည်ညိုကြသူများသည် ဘုရားကို စိတ်တော်တွေ့စေလိုကြ၏။ သို့သော် ကျွန်ုပ်တို့သည် ဘုရားကို စိတ်တော်တွေ့စေကြသလော။ သူတစ်ပါးအား ကျွန်ုပ်တို့တန်ဖိုးထားပုံက**

ဘုရားသခင်သည် ၎င်း၏လူစုများ၏ ကယ်တင်ခြင်းတွင် ပီတိဖြစ်ခြင်းနှင့် မည်မျှစပ်ဆိုင်သနည်း။

၄။ လူတစ်ဦးအပေါ် ဘုရား၏ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်ကို ပြောကြားကာ ကယ်တင်ခြင်းရနိုင်ရန် သင် ဘာလုပ်နိုင်သနည်း။

၅။ ခရစ်တော်၏ ကြားဝင်လုပ်ဆောင်ပေးမှုက ဘုရားသခင်အား ကျွန်ုပ်တို့၏အပြုအမူဖြင့် စိတ်တွေ့ဖြစ်စေသည့် သာဓက တစ်ခုဖြစ်ဖြစ် ချပြပါ။

သင်ခန်းစာ ၃။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၄

*ဇန်နဝါရီလ ၁၈-၂၄

# ဘုရားသခင်သည် စိတ်အားထက်သန်ပြီး သနားကြင်နာတတ်သူဖြစ်သည်



## ဥပုသ်နေ့မွန်းလွဲပိုင်း

ဖတ်ရန်ကျမ်းချက်များ။ ဆာ ၁၀၃:၁၃၊ ဟေရှာ ၄၉:၁၅၊ ဟော ၁၁:၁-၉၊ မ ၂၃:၃၇၊ ၂ ကော ၁၁:၂၊ ၁ ကော ၁၃:၄-၈

အလွတ်ကျမ်းချက်။ **"မိန်းမသည် မိမိဖွားသောသားကို မသနားသည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း သင့်ကို ငါမမေ့လျော့"** (ဟေရှာ ၄၉:၁၅)။

စိတ်ခံစားချက်များကို မလိုချင့်ဖွယ်၊ ရှောင်ရှားဖွယ်အဖြစ် မှတ်လေ့ရှိကြ၏။ အချို့ပုဂ္ဂိုလ်များအတွက်ကား စိတ်ခံစားချက်သည် ယုတ္တိမရှိဟု ယူကြကာ လူရည်မွန်များသည် စိတ်ခံစားချက်နောက် မလိုက်ကြ ဟုဆို၏။ ရှေးဂရိဒဿနများတွင် လူရည်မွန်ကို မိမိစိတ်ကို ချုန်းအုပ်နိုင်သောသူ ဟုဆိုပြီး အလွန်စံထိပ်ထားကြ၏။

စိတ်မထိန်းနိုင်သူသည် ပြဿနာကောင် ဖြစ်၏။ မည်သို့ဖြစ်စေ ဘုရားသခင်သည် စိတ်ခံစားချက်များရှိသည့် လူသားကို ဖန်ဆင်းခဲ့၏။ ကျမ်းစာတွင်လည်း ဘုရားသခင်တွင် စိတ်ခံစားချက်များရှိကြောင်း ချပြ၏။ ဘုရားသခင်သည် ကျမ်းစာက ပြသည့်အတိုင်း ခံစားချက်ရှိသည်မှန်လျှင် စိတ်ခံစားချက်ဆိုသည်မှာ သန္ဓေဆိုးမဟုတ်တန်ပါ။ အကြောင်းမှာ သမ္မာကျမ်းတွင်လာသည့် ဘုရားသခင်သည် ဉာဏ်အရာတွင် ပြည့်စုံသည့်ဘုရား ဖြစ်၏။

ဆိုရလျှင် ကျွန်ုပ်တို့အပေါ်ထားရှိသည့် ဘုရား၏မေတ္တာတော်သည် စိတ်ခံစားချက် လေးလေးနက်နက်ပါသည့် အမှန်တရားရှိ၏။ သို့သော် ဘုရား၏မေတ္တာသည် ပြီးပြည့်စုံခြင်း လူသားတို့၏စိတ်ခံစားချက်များနှင့် တူသည်ဟု မမှတ်သင့်ပါ။

** ဇန်နဝါရီလ ၂၅ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*ဇန်နဝါရီလ ၁၉ ရက်*

## မိခင့်ချစ်ခြင်းထက်သာလွန်သည်

လူ့လောကတွင် မိဘမေတ္တာသည် အကြီးမားဆုံး ဖြစ်ပါမည်။ ကျမ်းစာကလည်း ဘုရားက ၎င်း၏သားသမီးများကို ချစ်ပုံကို မိဘနှင့်ကလေးငယ်တို့၏ ချစ်ပုံဖြင့် ပမာနှိုင်းလေ့ရှိပြီး ဘုရား၏ မေတ္တာသည် လူတို့၏မေတ္တာထားကြသည့် ထုထည်ထက် ပို၍သာကြောင်း ပြထား၏။

**ဆာ ၁၀၃:၁၃၊ ဟေရှာ ၄၉:၁၅၊ ယေ ၃၁:၂၀ တို့ကို ဖတ်ရှုပါ။ ယင်းကျမ်းချက်များက ဘုရား၏မေတ္တာတော် မည်သို့ချပြသနည်း။**

---

---

ထိုကျမ်းပိုဒ်များအရဆိုလျှင် ဘုရားသခင်သည် ၎င်း၏သားသမီးများအပေါ် မိဘများ၏ မေတ္တာအတိုင်း ချစ်ကြောင်း ပြထား၏။ သို့သော် ဟေရှာ ၄၉:၁၅ တွင် လူသားမိခင်သည် "မိမိနို့စို့ သူငယ်ကို မေ့လျော့နိုင်" "မိမိဖွားသောသားကို မသနားသည်တိုင်အောင်" ဟု ရှင်းပြပြီး ဘုရားသည် ၎င်း၏သားသမီးများကို ဘယ်အခါမျှမမေ့၊ ၎င်း၏ကရုဏာတော်သည် မကုန် ဟုပြ၏ (မြည် ၃:၂၂)။

သနားကြင်နာခြင်းကို ဟေဗြဲတွင် raḥam ဟု သုံးထားပြီး အခြားသောကျမ်းများတွင်လည်း ဘုရား၏ အလွန်သနားကြင်နာမေတ္တာပွားခြင်းကို ဖေါ်ကျူးရာတွင် သုံး၏။ ယင်းသည် သားအိမ်ကိုညွှန်းသည့် ဟေဗြဲဝေါဟာရ raḥam မှ လာနိုင်သည်ဟု အယူရှိ၏။ သို့ဖြင့် စာပေပညာရှင်များက ဘုရား၏သနားကြင်နာခြင်းကို "ဝမ်းနှင့်လွယ်သည့် မိခင်မေတ္တာ" ဟု ကောက်ကြ၏။ အကယ်တွင်လည်း ဘုရား၏မေတ္တာသည် လူသားမိခင်ထက် သာလွန်လှ၏။

ယေ ၃၁:၂၀ အရဆိုလျှင် ဘုရားသည် ပဋိညာဉ်ပြုထားသည့် ၎င်း၏လူများအား ၎င်းကိုမကြာခဏပုန်ကန်ကြပြား ၎င်း၏ "ချစ်သား" အဖြစ် မှတ်၏။ ဘုရားသည် "သူ့ကို ငါသည် အောက်မေ့၏၊" "ငါသည် သူ့အတွက် စိတ်ကြင်နာခြင်း ရှိ၏" ဟု မိန့်၏။ ဤတွင် ကြင်နာကို "raḥam" ဖြင့် ဘုရား၏မေတ္တာကို ဖေါ်ထား၏။ "အလွန်တရာ အောက်မေ့၏" ကို "ပဋ္ဌာမြေလူး" ဖြစ်ရသည် ဟု ပြန်နိုင်၏။ ယင်းသည် ဘုရား၏ခံစားချက်ကို ကိုယ်တွင်းအင်္ဂါဖြင့်နှိုင်းသည့် ဝေါဟာရဖြစ်၏။ ၎င်းတို့က မည်မျှသစ္စာမဲ့မဲ့ ဘုရားသည် ၎င်းတို့အပေါ် မေတ္တာမပျက်ပါ။ ယင်းသို့ပြုမူခြင်းသည် ကျွန်ုပ်တို့ဉာဏ်ပေါက်နိုင်သည်ထက် တစ်ဘက်ကိုပင်လွန်၏။

**ဘုရား၏မေတ္တာသည် မိဘမေတ္တာနှင့်တူခြင်းတွင် အချို့သည် အားရနှစ်ထောင်းကြပါမည်။ သို့သော် အချို့အတွက်ကား ခက်ပေမည်။ အကြောင်းမှာ ၎င်းတို့၏မိဘများသည် မေတ္တာနည်းကြ၍ ဖြစ်၏။ ၎င်းတို့အပေါ် ဘုရား၏မေတ္တာအကြောင်း မည်သို့ ချပြနိုင်မည်နည်း။**

## တနင်္လာနေ့

*ဇန်နဝါရီလ ၂၀ ရက်*

### အသဲကွဲအချစ်

လူသားများအပေါ် မတွက်ဆနိုင်သည့် ဘုရား၏မေတ္တာတော်အကြောင်း ဟောရှေကျမ်းတွင် လာ၏။ ဘုရားက ပရောဖက်ဟောရှေထံ "သင် သွား၍ ပြည့်တန်ဆာမိန်းမနှင့်တကွ သူ့ဖွားမြင်သော သားသမီးတို့ကို သိမ်းပိုက်လော့။ အကြောင်းမူကား ပြည်သားတို့သည် ထာဝရဘုရားကို စွန့်ပစ်၍ အထပ်ထပ်မှားယွင်းကြပြီ" ဟုမိန့်၏ (ဟော ၁:၂)။ ယင်းနောက် ဟောရှေ ၁၁ တွင် ဘုရားနှင့် ၎င်း၏သားသမီးများကြား အဆက်အဆံကို ချပြ၏။ ဤတွင် ဖခင်က ကလေးငယ်အပေါ်ထားသည့် ချစ်ခြင်းဖြင့် ပြ၏။

**ဟော ၁၁:၁-၉ ကို ဖတ်ရှုပါ။ ဤကျမ်းချက်များတွင်လာသည့် ဇာတ်သားများသည် ဘုရားက ၎င်း၏သားသမီးများကို ချစ်ပုံကို မည်သို့ အသက်သွင်းပြသွားသနည်း။**

---

---

ဘုရားက ၎င်း၏သားသမီးများကို ချစ်ပုံမှာ မိဘက ၎င်းတို့၏ကလေးငယ်ကို ချစ်ပုံအတိုင်းဖြစ်၏။ ကျမ်းစာက ကလေးငယ်ကို လမ်းလျှောက်သင်ပေးပုံ၊ လက်နှင့်ချီပုံများဖြင့် သရုပ်ပြထား၏။ ဘုရားက ၎င်း၏သားသမီးများကို "အဘသည် သားကိုချီပိုက်သကဲ့သို့" (တရား ၁:၃၁) ချီပိုက်သည်ဟု ပြထားသေး၏။ "မေတ္တာကရုဏာတော်ရှိသည်အတိုင်း ရွေးနုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏" (ဟေရှာ ၆၃:၉)။

သစ္စာမယိုင်သည့် ဘုရားသခင်၏ အခြားဘက်တွင် ၎င်း၏လူများသည် အဖန်ဖန် သစ္စာပျက်ကြ၏။ နိဂုံးတွင် ဘုရားကိုကန်ထုတ်ကြကာ ဘုရားကိုဝမ်းနည်းစေ၏။ ဘုရားသခင်က ကရုဏာရှိငြား စည်းဘောင်မဖျက်ပါ (နောက်သင်ခန်းစာတွင် မေတ္တာနှင့်စည်းသည် ဒွန်တွဲကြကြောင်း တွေ့ကြမည်ဖြစ်၏)။

အူနုကျွဲခတ်သည့်အဖြစ်မျိုး သင် ကြုံဖူးသလော။ ယင်းဥပမာသည် ဘုရားက ၎င်း၏သားသမီးများကြောင့် ခံစားရသည့် အဖြစ်မျိုးဖြစ်၏။ ဤအဖြစ်မျိုးသည် ဘုရားဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ခံစားရသည့်အဖြစ်ကို ဥပမာပြသည့် ဝေါဟာရဖြစ်၏။

ဤဥပမာသည် ဘုရင်ရှောလမုန် တရားစီရင်ခန်းသို့ ရောက်လာသည့် မိခင်နှစ်ဦးတို့၏ ဖြစ်စဉ်တွင် သုံးထား၏ (kamar ဖြစ်၏)။ နှစ်ဦးလုံးက ၎င်းတို့၏သားဟု ကိုယ်စီဆိုကြ၏။ ရှောလမုန်က ကလေးကို ၂ ပိုင်းဖြတ်ရန် မိန့်သည့်အခါ (ကလေးကို နစ်နာစေလိုစိတ် မပါပါ) မိခင်အရင်းပေါ်တော့၏ (၃ ရာ ၃:၂၆ ကို က ၄၃:၃၀ နှင့် ယှဉ်ပါ)။

**မိဘဘဝရောက်သွားသူများသည် ဤတွင် ဘာသင်ခန်းစာရှိကြောင်းကို သိကြ၏။ ကမ္ဘာပေါ်ရှိ အခြားသောချစ်ခြင်းများနှင့် နှိုင်း၍မရပါ။ ဤဖြစ်စဉ်က ကျွန်ုပ်တို့အပေါ်ထားရှိသည့် ဘုရား၏မေတ္တာတော်ကို မည်သို့ တရားရဖြစ်စေသနည်း။ ကျွန်ုပ်တို့သည် တရားကို မည်သို့ယူရမည်နည်း။**

အင်္ဂါနေ့

*ဇန်နဝါရီလ ၂၁ ရက်*

## သခင်ယေရှု၏ သနားကြင်နာမှု

ဘုရားသခင်၏သနားကြင်နာမှုကို ဓမ္မဟောင်းကျမ်းတွင် ဥပမာဖြင့်ပြသကဲ့သို့ ဓမ္မသစ်တွင်လည်း လာ၏။ ရှင်ပေါလုက ခမည်းတော်ကို “သနားခြင်းကရုဏာ၏ အဘ” ဟုဆို၏ (၂ ကော ၁:၃)။ ထို့အပြင် ဖေက် ၂:၄ တွင် ဘုရားသခင်သည် “ကရုဏာတော်နှင့် ကြွယ်ဝတော်မူပြီး” “ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်” လူသားတို့ကို ကယ်တင်၏ ဟုပေါလုရှင်းပြ၏။

အခြားပုံပမာများတွင် ခရစ်တော်ကိုယ်တိုင်သည် ခမည်းတော်၏မေတ္တာကို ဖော်ကြူးရာတွင် ကိုယ်တွင်းအင်္ဂါဝေါဟာရများဖြင့် သုံးထား၏ (မ ၁၈:၂၇၊ လု ၁၀:၃၃၊ လု ၁၅:၂၀)။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများတွင် ဘုရားမေတ္တာတော်ကိုပြသည့် ထိုဝေါဟာရကို ခရစ်တော်၏အကြင်နာတရားကို ပြသည့်အနေဖြင့် ခရစ်ဝင်ကျမ်းတွင်လည်း သုံးထား၏။

**မ ၉:၃၆၊ ၁၄:၁၄၊ မာ ၁:၄၁၊ ၆:၃၄၊ လု ၇:၁၃ တို့ကို ဖတ်ရှုပါ။ မ ၂၃:၃၇ ကိုလည်း ရှုပါ။ ထိုကျမ်းပိုဒ်များက လူတို့ခံစားကြသည့် ဒုက္ခအပေါ် ခရစ်တော် မည်သို့ခံစားရကြောင်း ချပြသနည်း။**

---

---

ဒုက္ခတွေ့ကြသူများကြောင့် ခရစ်တော်သည် သနားကြင်နာသောစိတ်ရှိကြောင်း ခရစ်ဝင်ကျမ်းများတွင် အဖန်တလဲလဲ ဖေါ်ပြထား၏။ ၎င်းသည် သနားကြင်နာသောစိတ်ရှိရုံမဟုတ်ဘဲ လူတို့၏လိုအပ်မှုများကို ဖေါ်ထုတ်၏။

ယေရှုသည် ၎င်းတို့အတွက် မြည်တမ်းခဲ့ရ၏။ မြို့တော်ကို မျက်ရည်ဖြင့် မိုးကြည့်သည့် ခရစ်တော်၏အဖြစ်ကို အာရုံယူပါ — “ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ” (မ ၂၃:၃၇)။ ဤတွင် ခရစ်တော်၏တမ်းချင်းသည် ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်၏ တမ်းချင်းနှင့် တူကြောင်း ကျွန်ုပ်တို့တွေ့ရ၏။ သမ္မာကျမ်းစာပညာရှင်များက ကြက် သားအုပ်မ ဥပမာကို အရှေ့အလယ်ပိုင်းဒေသတွင်သာ ဘုရားမေတ္တာအကြောင်း ဖွင့်ဆိုရာတွင် သုံးကြောင်းကို တွေ့ကြ၏။ တရား ၃၂:၁၁ တွင် ဘုရားသခင်သည် ကြက် သားအုပ်မကဲ့သို့ စီမံကြောင်း အများးစုက မြင်ကြပါသည်။

**လူသားများအတွက် ဘုရား၏သနာကြင်နာမှု အကြီးမားဆုံးပြသမှုသည် ကျွန်ုပ်တို့အကျိုးအတွက် ပေးဆပ်ခဲ့သည့် ယေရှုထက် ကြီးမြတ်သည့်နမူနာ မရှိပါ။ ခရစ်တော်သည် ပြီးပြည့်စုံသည့် ပုံဆောင်ခဲသာ မဟုတ်ဘဲ ၎င်းသည် လူသားများအတွက် ပြီးပြည့်စုံသည့် နမူနာဖြစ်၏။ ကျွန်ုပ်တို့သည် ခရစ်တော်ကို မည်သို့ နမူနာယူနိုင်မည်နည်း။ ဤ၌ တစ်ပါးသူ၏ လိုအပ်ချက်များအတွက် မျက်မြင်လက်တွေ့ကျကျ ကူညီမှုကို ဆိုလို၏။**

---

*ဇန်နဝါရီလ ၂၂ ရက်*

## ဝန်တိုတတ်သည့် ဘုရားလော

သမ္မာကျမ်းစာလာ ဘုရားသခင်သည် "သနားကြင်နာသောဘုရားသခင်" ဖြစ်၏။ ဟေဗြဲပါဠိတွင် ဘုရားအား "el rahum" ဟုခေါ်၏ (တရား ၄:၃၁)။ "el" အနက်သည် "ဘုရား" ဖြစ်ပြီး "rahum" အနက်သည် သနားကြင်နာခြင်းကို ဆိုလိုသည်။ "raḥam" ဝေါဟာရကွဲဖြစ်၏။ သို့သော် ဘုရားသခင်သည် သနားကြင်နာသူဖြစ်ရုံမဟုတ်ဘဲ ဝန်တိုသည့် ဘုရား (el qana) လည်းဖြစ်၏။ တရားဟောရာ ၄:၂၄ တွင် "သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် လောင်သောမီး၊ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား (el qana) ဖြစ်တော်မူ၏" (တရား ၄:၂၄၊ ၆:၁၅၊ ယောရှ ၂၄:၁၉၊ နာ ၁:၂ ကိုရှုပါ)။

**၁ ကော ၁၃:၄ တွင် "မေတ္တာသည် ငုဏ်ပြိုင်ခြင်းမရှိ" ဟု ဆို၏။ သို့ဖြစ်လျှင် ဘုရားသည် "ဝန်တိုသည့်ဘုရား" မည်သို့ ဖြစ်နိုင်မည်နည်း။ ၂ ကော ၁၁:၂ ကိုဖတ်ပြီး ဘုရား၏သားသမီးများသည် ၎င်းအပေါ် သစ္စာမရှိကြသည်ကို ကျမ်းစာတစ်အုပ်လုံးတွင် တွေ့ရ၏ (ဆာ ၇၈:၅၈ ကိုရှုပါ)။ ထိုကျမ်းချက်များက ဘုရား၏ဝန်တိုမှုကို မည်သို့ချပြသနည်း။**

---

---

ဘုရား၏ "ဝန်တိုမှု" ကို မှားယူလေ့ရှိတတ်၏။ သင်က လူတစ်ဦးကို ဝန်တိုမှုကြီးသည့် လင် (သို့) မယားဟု ဆိုသည့်အခါ ပါရမီမဖြည့်သည့်ဘက်ကို ဆိုလိုပေမည်။ ဝန်တိုမှုသည် ဘာသာစကားတိုင်းတွင် အနုတ်သဘောတွင် အသုံးများ၏။ ကျမ်းစာတွင်ကား ဘုရား၏ဝန်တိုမှုတွင် အနုတ်သဘော မဆောင်ပါ။ ယင်းသည် သစ္စာရှိလင်က မယားအပေါ် ပုံအောချစ်သည့်သဘောမျိုးဖြစ်၏။

မေတ္တာ၏တစ်ဘက်တွင် ဝန်တိုမှုမျိုးရှိငြား (၁ ကော ၁၃:၄၊ ၂ ကော ၁၁:၂ အရ အပြုသဘောဆောင်သည့် ဝန်တိုမှုရှိ၏။ ယင်းကို ရှင်ပေါလုက "ဘုရားသခင်၏ စိုးရိမ်သောစိတ်" ဟုဆို၏ (၂ ကော ၁၁:၂)။ ဘုရား၏ဝန်တိုမှုသည် ၎င်း၏သားသမီးများ၏ အကျိုးကိုငဲ့သည့် ဝန်တိုမှုဖြစ်၏။

ဘုရားသခင်၏ သားသမီးများအတွက် ထားရှိသည့် ၎င်း၏သနားကြင်နာခြင်းသည် (qana) ၎င်းတို့ကို မေတ္တာရှိခြင်းမှ မြစ်ဖျားခံ၏။ ဘုရားသခင်သည် ၎င်းတို့နှင့် သီးသန့်ဆက်ဆံမှု ရှိလို၏။ ထိုအရှင်တစ်ပါးတည်းကသာ ၎င်းတို့၏ဘုရားသခင် ဖြစ်ရပါမည်။ သို့သော် ဘုရားသည် အချစ်ရှုံးသမားအဖြစ် သရုပ်ဖော်ခံရလေ့ရှိ၏ (ဟောရှေ ၁–၃၊ ယေ ၂:၂၊ ၃:၁–၁၂ တို့ကို ရှုပါ)။ ဤသို့ဖြင့် ဘုရား၏ "ဝန်တိုခြင်း၊" "စိတ်ထက်သန်မှု" သည် ဘယ်အခါမျှ အသာအထားမခံရဘဲ အစဉ်သစ္စာဖောက်ခံရ၏။ ဘုရား၏ဝန်တိုခြင်း ((သို့) စိတ်ထက်သန်မှု သည် လူသားတို့၏ အနုတ်သဘောဆောင်သည့် ဝန်တိုခြင်းမျိုး မဟုတ်ပါ။ ယင်းသည် ဘယ်အခါမှ တပ်မက်ခြင်းမပါဘဲ ၎င်း၏သားသမီးများ၏အကျိုးကို အစဉ်ရှေ့ရှုသည့် ဝန်တိုခြင်းဖြစ်၏။

**ဘုရားက ကျွန်ုပ်တို့ကိုပြသည့် ဝန်တိုမှုမျိုး ကျွန်ုပ်တို့သည် အခြားသူများထံ မည်သို့ ပြနိုင်စွမ်းမည်နည်း။**

*ဇန်နဝါရီလ ၂၃ ရက်*

## သနားကြင်နာခြင်း နှင့် စိတ်အားထက်သန်ခြင်း

ကျမ်းစာတွင်လာသည့် ဘုရားသည် ကရုဏာနှင့်မေတ္တာရှိပြီး ယေရှုခရစ်တော်၏ဘဝတွင် တွေ့ရ၏။ ဘုရား သခင်သည် စာနာခြင်းရှိ၏ (ဟေရှာ ၆၃:၉၊ ဟေဗြဲ ၄:၁၅ ကိုယှဉ်ပါ)။ ၎င်း၏ သား သမီးများ၏ဒုက္ခကို မရှုစိမ့်ပါ (သူကြီး ၁၀:၁၆၊ လု ၁၉:၄၁)၊ ထို့နောက် နားစိုက်လို၊ ဖြေလို၊ နှစ်သိမ့် ပေးလို၏ (ဟေရှာ ၄၉:၁၀၊ ၁၅၊ မ ၉:၃၆၊ မ ၁၄:၁၄)။

**၁ ကော ၁၃:၄-၈ ကို** ဖတ်ရှုပါ။ **ဤကျမ်းပိုဒ်များက အခြားသူများနှင့် ဆက်ဆံရာတွင် ဘုရား၏က ရုဏာတော်ကိုပြရန် မည်သို့ဆော်ဩသနည်း။**

---

---

ကျွန်ုပ်တို့သည် ၁ ကော ၁၃:၄-၈ တွင်ပြသည့် ပုဂ္ဂိုလ်မျိုးနှင့် ကြုံလိုကြ၏။ သို့သော် ကျွန်ုပ် တို့ကိုယ်တိုင် ထိုပုဂ္ဂိုလ်ဖြစ်ရန် စဉ်းစားဖူးသလော။ ကျွန်ုပ်တို့သည် စိတ်ရှည်ရန်၊ ကြင်နာတတ်ရန် မစွမ်းကြ။ ကျွန်ုပ်တို့သည် မတပ်မက်၊ ညဉ်ဆိုးမရှိ၊ မရိုင်း၊ တစ်ဘို့တည်းမကြည့်ရန် မစွမ်းကြပါ။ ကျွန်ုပ်တို့သည် "ခပ်သိမ်းသောအရာတို့ကို ဖုံးအုပ်တတ်၊ ယုံတတ်၊ မျှော်တတ်၊ သည်းခံတတ်၊ ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်" ရန် (၁ ကော ၁၃:၇၊ ၈) မစွမ်းပါ။ ဤသို့သော မေတ္တာမျိုးသည် ဝိညာဉ်တော်၏ အသီးအပွင့်သာ ဖြစ်၏။ ယေရှုခရစ်ကို ယုံကြည်ကြသူများ၏ စိတ်တွင် ဘုရား၏မေတ္တာတော်ကို သန့်ရှင်းသောဝိညာဉ်တော်က သွန်းဖြိုးပေးသောကြောင့် ဘု ရားကိုချီးမွမ်းပါ (ရော ၅:၅)။

ဘုရား၏ကရုဏာတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်များတို့အားဖြင့် ကျွန်ုပ် တို့သည် ပြီးပြည့်စုံသည့် ဘုရားမေတ္တာမျိုးကို ပြနိုင်မည်နည်း။ ပထမကား မေတ္တာတော်ရှင် ဘုရား သခင်ကို ကိုးကွယ်ပါ။ ဒုတိယကား အခြားသူများအပေါ် ကုသိုလ်ပြုခြင်းဖြင့် ဘုရား၏မေတ္တာကို တုံ့ပြန်သင့်၏။ ကျွန်ုပ်တို့သည် ခရစ်ယာန်ဖြစ်ရခြင်းတွင် သာယာမနေဘဲ တစ်ပါးသူများကိုလည်း ဝေငှရပါမည်။ နိဂုံးတွင် ကျွန်ုပ်တို့အစွမ်းဖြင့်မဟုတ်ဘဲ ဘုရားကသာလျှင် ကျွန်ုပ်တို့ကို ပြုပြင် ပြောင်းလဲနိုင်ကြောင်း မှတ်ရပါမည်။

ထို့ကြောင့် အခွံကိုပစ်၊ အဆံကိုဖြစ်စေသည့် မေတ္တာမျိုးရရှိရန် ဘုရားထံတောင်းကြအံ့။

ကျွန်ုပ်တို့၏ဆုတောင်းသည် "ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့်အတူ ကြွလာ တော်မူသောအခါ၊ ငါတို့အဘတည်းဟူသော ဘုရားသခင့်ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ် သော သင်တို့၏ စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းပါရမီ၌ မြဲမြံခိုင်ခံ့စိမ့်သောငှာ ငါတို့ သည် သင်တို့ကို ချစ်သကဲ့သို့ သင်တို့သည် အချင်းချင်းကိုလည်းကောင်း၊ သူတစ်ပါးအပေါင်းတို့ကို လည်းကောင်း ချစ်၍၊ ချစ်ခြင်းမေတ္တာနှင့် အထူးသဖြင့် ကြွယ်ဝပြည့်စုံမည်အကြောင်း သခင်ဘု ရား ပြုတော်မူပါစေသော" (၁ သက် ၃:၁၂၊ ၁၃) ဖြစ်သင့်၏။

**မိမိအတ္တကို ပယ်သတ်ခြင်းသည် ထိုမေတ္တာမျိုးကို ပြသနိုင်သည့်နည်းလမ်း ဘာကြောင့်ဖြစ်ရ သနည်း။ ကျွန်ုပ်တို့၏အတ္တကို ပယ်သတ်နိုင်သည့် အကြောင်းများသည် ဘာနည်း။**

## သောကြာနေ့

*ဇန်နဝါရီလ ၂၄ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Beatitudes,” pp. 6–44, in *Thoughts From the Mount of Blessing.*

“ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်ပြီး၊ ၎င်းတို့ဘဝတွင် ကုသိုလ်ကောင်းမှုမရှိဟု ခံစားကြသူများသည် ယေရှုကိုရှုခြင်းဖြင့် ဖြောင့်မတ်ခြင်းနှင့် ခွန်အားရရှိကြပါမည်။ ၎င်းက ‘ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်’ ဟုမိန့်၏ (မ ၁၁:၂၈)။ ၎င်းက သူ့ကျေးဇူးတော်နှင့် သင်၏ဆင်းရဲမှုကို အလဲအထပ်ပြု၏။ ကျွန်ုပ်တို့သည် ဘုရား၏မေတ္တာနှင့် မထိုက်တန်ပါ။ သို့သော် ကျွန်ုပ်တို့ကို အာမခံတာခံသူ ခရစ်တော်သည် ၎င်းထံဆည်းကပ်သူများကို ကယ်တင်နိုင်၏။ သင်၌ မည်သည့်အတိတ်မဲမျိုးရှိရှိ သင်၏လက်ရှိအနေအထားအတိုင်း ယေရှုထံဆည်းကပ်လျှင် သင့်ကို လက်ကမ်းကြိုဆိုကာ ၎င်း၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ရုံပေးပါလိမ့်မည်။ ၎င်းသည် ၎င်း၏ဖြောင့်မတ်သည့် ဂုဏ်ပုဒ်ဝတ်ရုံ ကျွန်ုပ်တို့ကိုရုံစေပြီး ခမည်းတော်ရှေ့သို့သွင်း၏။ ၎င်းသည် ကျွန်ုပ်တို့ကိုယ်စား ဘုရားထံ အကျိုးဆောင်ပေးပြီး အပြစ်ရှိသူ၏နေရာကို ငါသည်ဝင်ယူ၏ ဟုမိန့်၏။ လမ်းမလိုက်သူကို မကြည့်နှင့်၊ ငါ့ကိုရှုပါ။ စာတန်သည် ကျွန်ုပ်တို့ကို အပြစ်ရှိသည်ဟုဆိုကာ ၎င်း၏သားကောင်များဖြစ်သည်ဟု ဆို၏။ ခရစ်တော်၏ အသွေးတော်သည် ထို့ထက်သြဇာရှိစွာဖြင့် အကျိုးတော်ဆောင်၏။” — Ellen G. White, *Thought From the Mount of Blessings*, pp. 8, 9။

### ဆွေးနွေးရမည့်မေးခွန်းများ

၁။ အထက်ပါဝိညာဉ်တော် အရေးအသားကိုရှုကာ ယေရှုသည် ကျွန်ုပ်တို့ကို ခမည်းတော်ရှေ့တွင် မည်သို့သွင်းသည့် အကြောင်းအတွက် ကျေးဇူးတင်သင့်ကြောင်း သုံးသပ်ပါ။ “၎င်းသည် ၎င်း၏ဖြောင့်မတ်သည့် ဂုဏ်ပုဒ်ဝတ်ရုံ ကျွန်ုပ်တို့ကို ရုံစေပြီး ခမည်းတော်ရှေ့သို့ သွင်း၏။” ကျွန်ုပ်တို့၏အပြစ်ကြောင့် စိတ်ဓာတ်ကျကျ (သို့) ဘုရားက ကျွန်ုပ်တို့အပေါ်ပြသည့် မေတ္တာကို မထင်ဟပ်ပြလေ့ရှိငြား ယေရှုသည် “၎င်း၏ဖြောင့်မတ်သည့် ဂုဏ်ပုဒ်ဝတ်ရုံ ကျွန်ုပ်တို့ကို ရုံစေပြီး ခမည်းတော်ရှေ့သို့ သွင်း” ခမည်းတော်သည် လက်ခံမည်ဖြစ်၍ ကျွန်ုပ်တို့သည် အဘယ့်ကြောင့် အစဉ်ပြန်လှည့်သင့်ရသနည်း။

၂။ ကလေးကိစ္စဖြင့် ရှောလမုန်မင်းရှေ့သို့ ရောက်လာသည့် မိခင်အရင်း၏ခံစားမှုကို မှန်းဆကြည့်ပါ။ ၃ ရာ ၃:၂၆ တွင်လာသည့် ခံစားချက်ပါသည့် ဝေါဟာရကို စဉ်းစားပါ။ ယင်းဝေါဟာရသည် ဟောရှေ ၁၁:၈ တွင်လာသည့် ဘုရားက ၎င်း၏သားသမီးများအတွက် ခံစားပုံကို မည်သို့ မီးမောင်းထိုးပြသနည်း။

၃။ ခရစ်ဝင်ကျမ်းတွင် ယေရှုသည် လူသားများ၏ဒုက္ခခံကြရမှုများကြောင့် စိတ်ထိခိုက်ရကြောင်း ကျွန်ုပ်မြင်ရ၏။ ၎င်းက မည်သို့ပြုမူခဲ့သနည်း။ ၎င်းသည် ထိုသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့၏။ ကျွန်ုပ်တို့လည်း လက်တွေ့ကျကျ မည်သို့ဖြည့်ဆည်းပေးနိုင်သနည်း။

# အရက်သမား၏တိုက်ခိုက်မှု ခံရခြင်း

Andrew McChesney ရေးသားသည်

အရက်သမားတစ်ဦးသည် ဘတ်(စ်)ကားပေါ်တွင် ၂၁ နှစ်အရွယ် သာသနာပြုဆရာမကို ကာယိအနှောင့်အယှက်ပေးရန် အားထုတ်ခဲ့၏။ သူမသည် ထိုသူ့ရန်ကိုကာကွယ်စဉ် အခြားခရီးသည်များက မသိကျိုးကျွန်ပြုကြပြီး သူမလည်း အသံမြင့်ရတော့၏။ ကားလည်းရပ်ကာ သူမကိုကာကွယ်ပြီး ထိုအရက်သမားကို မောင်းထုတ်ကြ၏။ သူမကိုနှစ်သိမ့်သည့် အမျိုးသမီးကြီးက သူမနားမလည်သည့် အကြောင်းတစ်ခု ပြောပြ၏။

ဤဖြစ်စဉ်မျိုးကို Joanne (Park) Kim သည် မွန်ဂိုးလီးယားနိုင်ငံတွင် အပတ်စဉ်နီးပါး ကြုံတွေ့ရ၏။ ၁၉၉၀ အစောပိုင်းကာလများတွင် သူမသည် ကွန်မြူနစ် မွန်ဂိုးလီးယားနိုင်ငံတွင် ပထမဆုံးသော SDA အမေရိကန်သူ သာသနာပြုဆရာမတစ်ဦး ဖြစ်ခဲ့၏။

အခြားဖြစ်ရပ်တစ်ခုတွင်ကား အိမ်နီးချင်းအရက်သမားက Joanne ၏ အခန်းသို့ မှားဝင်ခဲ့၏။ ၎င်းက ၎င်း၏ဖိနပ်အားကိုးဖြင့် အိမ်တံခါးကို ကန်ဖွင့်ကာ သူမကိုရိုက်နှက်ခဲ့၏။ သူမလည်း တံမြက်စည်းယူကာ ခုခံ၏။ သူမလည်း အခြားသာသနာပြုများ အသံကြားနိုင်ရန် နံရံကိုရိုက်၏။ အမေရိကန်ဇနီးမောင်နှံတို့လည်း အသံကြားသည့်အခါ သူမအား လာကူညီကြ၏။

နောက်ဆုံးဖြစ်ရပ်ကား မွန်ဂိုးလီးယားမြို့တော် Ulaanbaatar မြို့ပြင်တွင် ဘတ်(စ်)ကားမှတ်တိုင်တွင် သာသနာပြုများအဖွဲ့လိုက် ကားစောင့်ကြချိန်တွင်ဖြစ်၏။ မိခင်တစ်ဦးသည် ၎င်း၏သား ပထမဆုံးဆံချမင်္ဂလာပွဲ တက်ကြရန် ၎င်းတို့အဖွဲ့ကို ဖိတ်ခဲ့၏။ Joanne တို့သည် အိမ်ကိုရှာရန် ခက်ကြမည်ဖြစ်၍ ထိုမိခင်၏အလာကို စောင့်ရမည်ဟု မှာထား၏။

သို့နှင့် အရက်သမား ၄ ဦးတို့သည် ၎င်းတို့အနီးတွင်လာထိုင်ပြီး Joanne ကို ထိပါးလာကြ၏။ Joanne တို့အဖွဲ့လည်း နေရာပြောင်းထိုင်ကြ၏။ ထိုအဖွဲ့တို့လည်း နောက်မှလိုက်လာကြ၏။ ဘတ်(စ်)ဂိတ်ရှိလူများသည် မသိကျိုးကျွန်ပြုနေကြ၏။ ထိုအရက်သမားများလည်း အမျိုးသမီးများကို လမ်းကြားသို့ဆွဲသွားကြ၏။ Joanne လည်းအော်ပြီး၊ ခြေဖြင့်လည်း ကန်ကျောက်၏။ သို့သော် ထို ၄ ဦးကို မယှဉ်နိုင်ပါ။ ၎င်းတို့က သူမကို မြေပေါ်လှဲပစ်ကြ၏။ Joanne လည်း ဘဝပျက်ပြီဟု မှတ်ပါပြီ။

ထိုလူများ၏မျက်နှာများ ရုတ်ခြည်းမဲ့လာကာ နောက်ပြန်လှည့်သွားကြ၏။ Joanne လည်း သူမကိုကယ်ခဲ့သူကို ရှာကြည့်၏။ မည်သူ့ကိုမှ မတွေ့ပါ။ Joanne လည်း ကောင်းကင်တမန်ဖြစ်ရမည်ဟု တန်းခနဲသိ၏။



ဤဖြစ်ရပ်သည် မွန်ဂိုးလီးယား ကွန်မြူနစ်အလွန်ကာလ SDA သာသနာတော်အတွက် အမေရိကန်သာသနာပြု Joanne (Park) Kim ၏ အကြောင်းဖြစ်ပြီး ဆက်၍လည်း အမှုဆောင်နေ၏။ သင်လည်း မွန်ဂိုးလီးယားနိုင်ငံ၊ Ulaanbaatar တွင် ကလေးသူငယ်များ အကျိုးအတွက် ပြုလုပ်မည့်စင်တာ ဆောက်လုပ်ရေးအတွက် ယခုသုံးလပတ် (၁၃) ပတ်မြောက် ဥပုသ်အလှူငွေဖြင့် ပါဝင်နိုင်ပါသည်။ Joanne ၏အကြောင်း နောက်အပတ်တွင် ဆက်လက်ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

အဓိကကျမ်းချက်။ ဟောရှာ ၄၉:၁၅

လေ့လာမှုဦးတည်ချက်များ။ ဆာ ၁၀၃:၁၃၊ ဟောရှာ ၄၉:၁၅၊ ဟော ၁၁:၁–၄၊ ၈၊ ၉၊ မ ၉:၃၆၊ ၁ ကော ၁၃:၄။

**နိဒါန်း။** ။ ဘုရားသခင်သည် ၎င်း၏လူစုအတွက် သနားကြင်နာမှုပေးရန် စိတ်ရောကိုယ်ပါ နှစ်၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာက အချက် ၃ ချက်ကို မီးမောင်းထိုးပြသွားပါ သည်။

၁။ ကျွန်ုပ်တို့၏ သနားကြင်နာသူ ဘုရားသခင်အကြောင်းကို သမ္မာကျမ်းစာတွင် မိဘဖြင့် သရုပ်ပြထား၏။ ဘုရား၏မေတ္တာသည် မိဘများနှင့်တူပြီး အကြင်နာကြီးမား၏။ ဘုရား၏မေတ္တာကို မိခင်နှင့်ပမာဖေါ်ထားခြင်းတွင် ၎င်း၏လူစုအတွက် စာနာမှုရှိကြောင်းကို ပြ၏။ မိခင်သရုပ်သည် ဘုရားက ၎င်း၏လူစုအပေါ် မည်သို့သဘောထားကြောင်း အကောင်းဆုံး ဥပမာပြခြင်း ဖြစ်၏။ ကျမ်းစာက ဘုရား၏စေတနာ၊ မေတ္တာများကို ဖခင်၏သရုပ်ဖြင့်လည်း ပြထားပါ သည်။

၂။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့၏မေတ္တာရှင် ဘုရားသခင်ကို ကိုယ်တွင်းအင်္ဂါ ဝေါဟာရများဖြင့် ဖော်ပြထား၏။ ဘုရားသည် ကျမ်းချက်များစွာတွင် ၎င်း၏လူစုများနှင့် ဆက်ဆံသည့်အခါ ၎င်း၏မေတ္တာကိုမြင်သာရန် ကိုယ်တွင်းအင်္ဂါများဖြင့် နှိုင်းတတ်၏။ ထိုမေတ္တာကို ဟေဗြဲဝေါဟာရတွင် ဝမ်းနှင့်လွယ်ရသည့် မိခင်မေတ္တာပမာ သရုပ်ဖော်ထား၏။ ထို့အတူ ဘုရားသည် ၎င်း၏လူစုအပေါ် ကြင်ကြင်နာနာ ဆက်ဆံ၏။

၃။ ကျွန်ုပ်တို့၏မေတ္တာရှင် ဘုရင်းသခင်သည် စေတနာကောင်းဘက်မှ ဝန်တို၏။ ဘုရားသည် သီးသန့်အဆက်အဆံကို လမ်းရှာပြီး ၎င်း၏လူစုသည် သစ္စာရှိကြရန် ပညတ်၏။ ထိုဝေါဟာရကို အဆိုးမမြင်ဘဲ ဘုရားသခင်သည် ကျွန်ုပ်တို့ ဘဝမပျက်ရန် စီမံပေးခြင်းဟု မြင်တတ်ရပါမည်။

**လက်တွေ့အသုံးချခြင်း။** ဘုရားသခင် သနားကြင်နာစိတ်ဖြင့် ၎င်းနှင့်သရုပ်တူရန် ကျွန်ုပ်တို့ကို ဖိတ်ကြား၏။ ကျွန်ုပ်တို့သည် အသင်းတော်အနေဖြင့် အခြားပုဂ္ဂိုလ်များအပေါ် စေတနာကောင်း ဖြင့် ဆက်ဆံရပါမည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**၁။ ကျွန်ုပ်တို့၏ စိတ်အားထက်သန်ပြီး သနားကြင်နာတတ်သော ဘုရားသခင်အကြောင်းကို သမ္မာကျမ်းစာတွင် မိဘဖြင့် သရုပ်ပြထား၏။**

ယင်းများအနက် အမြင်သာဆုံးက မိနှင့်ဖဝေါဟာရကို သုံးပြခြင်းဖြစ်ပြီး လူ့ဝန်းကျင်တွင် စံပြအဆက်အဆံဖြစ်၏။

ဟောရှာ ၄၉:၁၄–၂၃ တွင် ဘုရားနှင့် ဇိအုန်ဆက်ဆံမှုသည် ဣသရေလအပေါ် နှစ်သိမ့်ခြင်းသည် အဓိကဖြစ်ပြီး ဟောရှာ ၄၉:၁၄–၂၆ တွင် ဇိအုန်သည် အစပိုင်းတွင် အတွန့်တက်ခဲ့၏ — “ထာဝရဘုရားသည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားရှင်သည် ငါ့ကိုမေ့လျော့တော်မူပြီ” (ဟောရှာ ၄၉:၁၄)။ ဘုရားသခင်လည်း မိခင်သရုပ်ဖြင့် ပြန်၍ဖြေ၏။ “မိန်းမသည် မိမိဖွားသောသားကို မသနားသည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း၊ သင့်ကို ငါမမေ့လျော့” (ဟောရှာ ၄၉:၁၅)။ ဤတွင် မိခင်သရုပ် ပြထားခြင်းသည် အောက်မေ့ခြင်းနှင့် စာနာခြင်းကို ပြခြင်းဖြစ်၏။ ယင်း၏တစ်ဘက်တွင်ကား မေ့လျော့ခြင်းဆိုသည်မှာ စာနာမှုမရှိခြင်း ဖြစ်ကြောင်းကိုပြ၏။

ခြုံ၍ဆိုရလျှင် မိခင်သည် သူမ၏နို့စို့သူငယ်ကို ဘယ်အခါမျှမမေ့ ဖြစ်၏။ အနည်းဆုံးဆိုရလျှင် ဤလုပ်ရပ်သည် လူ့ဝန်းကျင်က မျှော်လင့်သည့်စံ ဖြစ်၏။ ထို့ကြောင့်လည်း ဘုရားသခင်သည် ၎င်း၏လူစုအပေါ် အာရုံစိုက်မှုကို မိခင်နှင့် ပမာပြခြင်းဖြစ်၏။ သို့တိုင်လည်း မိခင်တိုင်းသည် ထိုသို့ဝတ်မကျေကြပါ။ ဤကမ္ဘာတွင် လူအချို့က ၎င်းတို့၏မိခင်ကို မိခင်ဝတ်ကျေသူဟု အမွှမ်းတင်ကြချိန်တွင် အချို့တို့တွင် ထိုအမှတ်တရမျိုး ရှိကြမည်မဟုတ်ပါ။ ဟောရှာ ၄၉:၁၅ က မိခင်၏ဇောသည် လူ့ဝန်းကျင်တွင် အထွတ်အထိပ်ပမာပြထားငြား ၎င်း၏ဆန့်ကျင်ဘက် မိခင်ဝတ်မကျေနိုင်သည့် ဖြစ်ရပ်မျိုးရှိကြောင်းပါ ပြထား၏။

ဤအကြောင်းကြောင့် အချို့သည် စံဖြစ်ငြား အချို့မိခင်သည် သွေဖီနိုင်ကြောင်း ဤကျမ်းချက်က ပြထား၏။ ဤဖြစ်ရပ်မျိုးကို အချို့က တကယ်ကြုံတွေ့ကြရ၏။ ဤသို့ကြုံရလျှင်လည်း ဘုရားသည် ၎င်း၏လူစုကို ဘယ်အခါမျှ မမေ့ပါ။ အစဉ်ပင် ကြင်နာပါမည်။ အတိုယူသော် ဤကျမ်းချက်တွင် ဘုရားသခင်သည် မိခင်ပမာ သရုပ်ဖော်ထားပြီး မိခင်ကောင်းကြုံရသူများ (ဘုရားသည် ထိုမိခင်မျိုးနှင့်တူ) ပြီး မိခင်ဆိုးကြုံရသူများ (ဘုရားသည် ထိုမိခင်မျိုးနှင့်မတူ) အပေါ် တန်းတူကြင်နာကြောင်း ပြထား၏။

ထို့အတူ ဘုရား၏ကြင်နာမှုကို ဖခင်ပမာလည်း ပြထား၏။ ဆာ ၁၀၃ တွင် “ထာဝရဘုရားသည် သနားတတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ စိတ်ရှည်၍၊ ကရုဏာကြွယ်ဝသောသဘော ရှိတော်မူ၏။ အစဉ်မပြတ် အပြစ်တင်တော်မူသည် မဟုတ်။ အငြိုးကို အမြဲထားတော်မူသည် မဟုတ်။ ငါတို့ပြစ်မှားခြင်းနှင့် အလျောက် ငါတို့၌ပြုတော်မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကို ပေးတော်မမူတတ်” ဟု ချီးကြူးထား၏ (ဆာ ၁၀၃:၈–၁၀)။ ယခုဖော်ပြမည့် ဆာလံက ဘုရားကို ဖခင်နှင့် ပမာနှိုင်းထား၏ — “အဘသည် သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏” (ဆာ ၁၀၃:၁၃)။

**၂။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့၏ စိတ်အားထက်သန်ပြီး သနားကြင်နာတတ်သော ဘုရားသခင်ကို ကိုယ်တွင်းအင်္ဂါ ဝေါဟာရများဖြင့် ဖော်ပြထား၏။**

သနားကြည်နာမှုကိုပြရာတွင် သမ္မာကျမ်းစာတွင် ကိုယ်တွင်းအင်္ဂါများနှင့် ပြထား၏။ ဘုရား၏ မေတ္တာတော်ကို ဖော်ပြရာတွင် ထိုဝေါဟာရများကို သုံးတတ်၏။ ဥပမာ — သနားကြည်နာမှုသည် ဟေဗြဲတွင် rahamim ဖြစ်ပြီး "မူရင်းသည် rehem (သားအိမ်) နှင့် ပတ်သက်၏" (Shmuel Himelstein, "Compassion," *The Oxford Dictionary of the Jewish Religion*, 2nd ed., Adele Berlin [Oxford: Oxford University Press, 2011]). ဤသဘောတရားက ဘုရား၏စာနာမှုကို ဝမ်းနှင့်လွယ်သည့် မိခင်က သူမ၏ သားအပေါ်ထားသည့် စာနာမှုနှင့် နှိုင်းထား၏။ ထိုသရုပ်သကန်ကို ဘုရားအပေါ် အတည်ယူရန် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ဉာဏ်နှင့် ဘုရား၏မေတ္တာကို သဘောပေါက်ရန် ယူသုံးရ၏။

ဟောရှေ ၁၁ တွင် ဘုရားသခင်သည် ဣသရေလတို့ကို ချစ်လွန်းလှကြောင်း ဖွင့်ပြထား၏။ ဘုရားက "ဣသရေလသည် အသက်ငယ်သောအခါ ငါသည်ချစ်၏" (ဟော ၁၁:၁)။ "ငါသည် သွားတတ်သောအတတ်ကို ဧဖရိမ်အား လက်ဆွဲ၍ သွန်သင်၏" ဟုမိန့်၏ (ဟော ၁၁:၃)။ မည်သို့ဖြစ်စေ ဘုရားက "ငါ၏လူတို့သည် ငါ့ထံမှ လွှဲမြဲလွှဲကြ၏" ဟုမိန့်၏ (ဟော ၁၁:၇)။ သို့တိုင်လည်း ဘုရားသည် မေတ္တာဖြင့် "အိုဧဖရိမ်၊ ငါသည် သင့်ကို အဘယ်သို့စွန့်နိုင်မည်နည်း။ အို ဣသရေလ၊ သင့်ကို အဘယ်သို့ အပ်နှံနိုင်မည်နည်း" ဟု မိန့်သေး၏ (ဟော ၁၁:၈)။ ၎င်း၏မေတ္တာကို ကိုယ်တွင်းအင်္ဂါများဖြင့်လည်း နှိုင်းပြထား၏။ ဥပမာ "နှလုံးပြောင်းလဲ" ဖြစ်၏ (NET; NIV, Tanakh ကိုလည်းရှုပါ)။ ဘုရားက "ငါသည် နှလုံးပြောင်းလဲ၍ အလွန်ကြင်နာသောစိတ် ရှိ၏" ဟုမိန့်၏ (ဟော ၁၁:၈)။

ဟေဗြဲကြိယာပုဒ် hpk̲ သည် လူ့စိတ်ပျက်ခြင်း ပုံဖော်ရာတွင် ယေရမိမြည်တမ်းစကား၌ နှလုံးနှင့် ဆက်ပြထား၏။ ဤတွင် ကိုယ်တွင်းအင်္ဂါကို သုံးပြပြန်၏ — "အိုထာဝရဘုရား၊ ကြည့်ရှုတော်မူပါ။ အကျွန်ုပ်ပင်ပန်းပါ၏။ ဝမ်းပ ဆူလှိုက်ခြင်းရှိပါ၏။ နှလုံးမှောက်လျက် (ကြိယာ hp k̲) ရှိ၏ (မြည် ၁:၂၀)။ ထို့ကြောင့် မြည်တမ်းစကားတွင်လာသည့် ကိုယ်အင်္ဂါဖြစ်သည့် နှလုံးသည် ဟောရှေ၌ရှိသည့် ဘုရား၏နှလုံးသားဖြစ်ပြီး ဘုရားက ၎င်း၏လူစုအပေါ် ထားရှိသည့် သနားစာနာမှုဖြစ်၏။

ထို့အတူ ဂရိကြိယာပုဒ် splanchn̲izomai ကို Synoptic ခရစ်ဝင်ကျမ်းတွင် အထူးသုံးထားပြီး ယေရှုက လူထုအပေါ်ထားရှိသည့် မေတ္တာကိုပြရာတွင် သုံးထား၏ (မ ၉:၃၆၊ မ ၁၄:၁၄၊ မ ၁၅:၃၂၊ မ ၂၀:၃၄၊ မာ ၁:၄၁၊ မာ ၆:၃၄၊ မာ ၈:၂၊ လု ၇:၁၃ တို့ကိုရှုပါ။ မ ၁၈:၂၇၊ မာ ၉:၂၂၊ လု ၁၀:၃၃၊ လု ၁၅:၂၀ တို့တွင်လည်း ရှုပါ)။ Splanchon ဟူသည့် နာမ်ပုဒ်သည် ဓမ္မသစ်ကျမ်းများစွာတွင် ချစ်ခြင်း၊ သနားကြင်နာမှုကို ဆိုလိုရာတွင် သုံးသည်ကိုလည်း သတိကပ်သင့်၏ (လု ၁:၇၈၊ ဖိ ၁:၈၊ ဖိ ၂:၁၊ ကော ၃:၁၂)။ "ကိုယ်တွင်းအင်္ဂါကို" အတည်ဆိုခြင်း ဖြစ်၏ (Frederick W. Danker et. al., *A Greek–English Lexican of the New Testament and Other Early Christian Literature* [Chicago: University of Chicago Press, 2000], p. 938။ Craig Bloomberg လည်း မ ၉:၃၆ တွင် ယေရှု၏ခံစားမှုကို ဝမ်းတွင်းကလီစာတိုင်အောင် ဖော်ကြူးသည်ဟု မှတ်ချက်ပြုထား၏ (ဂရိ – splanchon ကို အင်္ဂလိပ်ဘာသာဖြင့် အူမကြီး၊ ကျောက်ကပ်တို့နှင့် နှိုင်းနိုင်၏)" (*Matthew: The*

*New American Commentary* [Nashville: Broadmar & Holman Publishers, 1992], vol. 22, p. 166)။ ဤသို့ဖြင့် ဓမ္မသစ်ကျမ်းသည် ယေရှု၏သနားကြင်နာမှုကို ဖော်ကြူးရာတွင် ထုတ်ယူခံရသည့် ကိုယ်တွင်းအင်္ဂါနှင့် ပမာပြထား၏။ ယေရှုသည် လူသားများအတွက် ကိုယ်ရောစိတ်ပါ ခံစားရ၏။ ယင်းသည် ဓမ္မဟောင်းကျမ်းတွင်လာသည့် ဘုရားသခင်က ၎င်း၏လူများအတွက် ခံစားမှုနှင့် ဆတူဖြစ်၏။

**၃။ ကျွန်ုပ်တို့၏ စိတ်အားထက်သန်ပြီး သနားကြင်နာတတ်သောဘုရားသခင်သည် စေတနာကောင်းဘက်မှ ဝန်တို၏။**

ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် မေတ္တာရှင်အဖြစ် ပုံဖော်ထားသကဲ့သို့ ဝန်တိုသည်ဟုလည်း ပုံဖော်ထား၏ (ထွက် ၂၀:၅၊ ထွက် ၃၄:၁၄၊ တရား ၄:၂၄၊ တရား ၅:၉၊ တရား ၆:၁၅၊ တရား ၃၂:၁၆၊ ၂၁၊ ယောရှု ၂၄:၁၉၊ ၃ ရာ ၁၄:၂၂၊ ဆာ ၇၈:၅၈၊ ယေဇ ၃၉:၂၅၊ နာ ၁:၂၊ ယောလ ၂:၁၈၊ ဇာ ၁:၁၄၊ ဇာ ၈:၂ တို့ကို ရှုပါ)။ ယင်းအချက်သည် ဒုတိယပညတ်တော်တွင် လာ၏။ ယင်းသည် ပထမပညတ်ကို အခြေပြု၏ ("ငါမှတစ်ပါး အခြားသောဘုရားကို ဝတ်မပြုရ" ထွက် ၂၀:၃)။ ထို့နောက် "ရုပ်တု" မထုရန် တားထား၏ (ထွက် ၂၀:၄)။ "ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား" ဟု ထပ်၍ပညတ်၏ (ထွက် ၂၀:၅)။ ထိမ်းမြားခြင်းအတိုင်း ဘုရားသခင်သည် ၎င်း၏လူစုနှင့် သီးခြားဆက်ဆံ၏။ ထိုပဋိညာဉ်ကိုမှီကာ ဘုရား၏လူများသည် ပညတ်ချိုးဖောက် ရုပ်တုကိုးကွယ်ကြသည့်အခါ ထိုလူများသည် ဘုရားသခင်ကို အမျက်ထွက်စေ၏ (တရား ၃၂:၁၆၊ ၂၁၊ ယောရှု ၂၄:၁၉၊ ၃ ရာ ၁၄:၂၂၊ ၂၃၊ ဆာ ၇၈:၅၈၊ နာ ၁:၂၊ ၁၄)။ ၎င်း၏လူစုအပေါ် ဝန်တိုသော (ယောလ ၂:၁၈၊ ဇာ ၁:၁၄၊ ဇာ ၈:၂) သန့်ရှင်းသည့် ဘုရားသခင်သည် (ယော ၂၄:၁၉၊ ယေ ၃၉:၂၅) ၎င်း၏ဝန်တိုခြင်းသည် သစ္စာမရှိ၊ ဆင်းတုကိုးကွယ်ကြသည့် ၎င်း၏လူစုအပေါ် စေတနာကောင်းဖြင့် တုံ့ပြန်ခြင်းဖြစ်၏။

ဓမ္မဟောင်းကျမ်းတွင်လာသည့် ဘုရား၏ဝန်တိုမှုသည် ရှင်ပေါလုက ဓမ္မသစ်ခေတ် အသင်းသားများကြား ဝန်တိုကြမှုတို့နှင့် ကွာခြားကြောင်း သတိပေးထား၏ (၁ ကော ၁၃:၄၊ ၂ ကော ၁၂:၂၀၊ ဂလ ၅:၂၀ တို့ကိုရှုပါ)။ ပေါလုက ဘုရားစိတ်ဓာတ်မျိုးပါသည့် ဝန်တိုမှုကို ၂ ကော ၁၁:၂ တွင် ပြောထားပြီး ၎င်းသည် အသင်းတော်ကို စိုးရိမ်သည်ဟု ဆို၏။ အနုတ်သဘောဆောင်သည့် ဝန်တိုမှုကို ရှောင်ရှားရန် ဘုရား၏ အပြုသဘောဆောင်သည့် ဝန်တိုမှုကို ဂရိဘာသာတွင် ရှုကြအံ့။ ဓမ္မသစ်ကျမ်းတွင် ၂ မျိုး ယူ၍ရ၏။ (၁) အပြုသဘောနှင့် အလွန်စိတ်ဝင်စားခြင်း ဖြစ်၏ (ဇောဖြစ်၏) (၂) ပုဂ္ဂိုလ်တစ်ဦး၏ အောင်မြင်မှုအပေါ် မနာလိုစိတ်ဝင်ခြင်း ဖြစ်၏ (မစ္ဆရိယစိတ်) (Danker et. al., *A Greek-English Lexicon of the New Testament and Other Early Christian Literature*, p. 427).

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ဘုရားသခင်သည် ၎င်း၏လူစုများအပေါ် မေတ္တာပြလျက်ရှိပြီး ကျွန်ုပ်တို့လည်း ထိုသို့ပြုကြရန် ဖိတ်ခေါ်၏။ ဤအကြောင်းကို နှလုံးမူကာ အောက်ပါအမေးများကို ဆွေးနွေးပါ။

**၁။ ဘုရား၏မေတ္တာကို မိခင်မေတ္တာနှင့် နှိုင်းယှဉ်မှုတွင် အောက်မေ့ခြင်း၊ မေ့နေခြင်းသည် သနားကြင်နာတရားတွင် မည်သို့ အခရာကျသနည်း။ ဥပမာပေးပါ။**

______________________________________________

______________________________________________

______________________________________________

**၂။ ဘုရားသခင်သည် ၎င်း၏လူစုများအတွက် အပြုသဘောဆောင်သည့် ဝန်တိုမှုမျိုး ရှိသကဲ့သို့ သင်သည် အသင်းတော်အတွက် မည်သို့ ဝန်တိုပေးနိုင်သနည်း။**

______________________________________________

______________________________________________

______________________________________________

**၃။ ကျွန်ုပ်တို့၏ဓမ္မခရီးတွင် အခြားပုဂ္ဂိုလ်များ၏ လောကီ၊ လောကုတ္တရာအကျိုးငှာ အသင်းတော် အနေဖြင့် မည်သို့ ရှေ့ရှုပေးနိုင်သနည်း။**

______________________________________________

______________________________________________

______________________________________________

သင်ခန်းစာ ၄။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၅

*ဇန်နဝါရီလ ၂၅-၃၁

# ဘုရားမေတ္တာ၏အမျက်တော်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဆာ ၇၈၊ ယောန ၄:၁–၄၊ မ ၁၀:၈၊ မ ၂၁:၁၂၊ ၁၃၊ ယေ ၅၁:၂၄၊ ၂၅၊ ရော ၁၂:၁၇–၂၁

**အလွတ်ကျမ်းချက်။** **"ကိုယ်တော်မူကား၊ ကရုဏာစိတ်ရှိ၍ သူတို့ကို မဖျက်ဆီးဘဲ အပြစ်လွှတ်တော်မူ၏။ ကြိမ်ဖန်များစွာ စိတ်တော်ပြေ၍၊ အမျက်တော်ကို နှိုးဆော်တော်မမူ"** (ဆာ ၇၈:၃၈)။

ဘုရား၏ကရုဏာတော်အကန့်တွင် လူအများက သာယာကြငြား ၎င်း၏အမျက်အကန့်တွင်ကား စိတ်မသာနိုင်ကြပါ။ ၎င်းတို့က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်လျှင် အမျက်မထွက်သင့် ဟုဆိုကြ၏။ ယင်းအယူသည် မှား၏။ ၎င်း၏အမျက်သည် မေတ္တာကြောင့် ဖြစ်လာရခြင်းတည်း။

အချို့က ဓမ္မဟောင်းကျမ်း၏ဘုရားသည် ဒေါသထွက်သည့်ဘုရား၊ ဓမ္မသစ်ကျမ်း၏ဘုရားသည် မေတ္တာရှင် ဟုဆိုကြ၏။ အမှန်ကား ဘုရားတစ်ပါးသာရှိ၏။ ၎င်းသည် ဓမ္မဟောင်း/သစ် ၂ ကျမ်းလုံးတွင် အတူတူဖြစ်ကြောင်း ပြထား၏။ ၎င်းသည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် အဆိုးတရားအပေါ် အမျက်ထွက်၏။ ယေရှုကိုယ်တိုင်သည် အဆိုးတရားအပေါ် အမျက်ထွက်ပြီး ဓမ္မသစ်ကျမ်းတွင် ဘုရားအလိုတော်နှင့်ညီသောအမျက်ထွက်မှုများစွာ ပါရှိ၏။

ဘုရား၏အမျက်သည် အဓမ္မကိုဆန့်ကျင်သည့်၊ မေတ္တာရှေ့ထားသည့် အမျက်မျိုးဖြစ်၏။ ဘုရား၏အမျက်သည် မေတ္တာတော်မှ ပေါက်ဖွားပြီး၊ ဖန်ဆင်းခံများ၏ အကျိုးစီးပွားကို ရှေ့ရှု၏။ ဘုရား၏အမျက်သည် မတရားမှုများကို တန်ပြန်ခြင်းဖြစ်၏။ အဆိုးတရားသည်လည်း ဘုရားကို ၎င်း၏သားကောင်များအပေါ် အမျက်ထွက်စေ၏။ သို့နှင့် ဘုရား၏အမျက်သည် မေတ္တာတော်ကိုပြသည့် အခြားသောအကန့်ပင် ဖြစ်၏။

** ဖေဖော်ဝါရီလ ၁ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

## တနင်္ဂနွေနေ့

*ဇန်နဝါရီလ ၂၆ ရက်*

# အဆိုးတရားကြောင့် ညည်းတွားရသည်

သမ္မာကျမ်းစာတွင်လာသည့် ဘုရားသည် တရားမှုကိုနှစ်သက်ပြီး အဆိုးတရားကို မုန်း၏။ အပြစ်နှင့်အဓမ္မသည် ၎င်းကို အမျက်ထွက်စေ၏။ ပုဂ္ဂိုလ်တစ်ဦးပင် အဆိုးတရား၏အဆိပ်ကို ခံစားရသည်ကိုပင် အမျက်ထွက်၏။ အဆိုးတရားသည် ဘုရား၏ဖန်ဆင်းခြင်းကို ပုံဖျက်သောကြောင့် ၎င်းသည် အဆိုးတရားကို မုန်း၏။ မိမိကိုယ်ကိုဖျက်ဆီးသည်ကိုပင် ဘုရားသည် မုန်း၏။ ပုန်ကန်မှုသမိုင်းလည်ပတ်မှုကြောင်း ဘုရားသည် ထပ်ခါထပ်ခါ ဒေါသအစွခံရ၏။ ယင်းသမိုင်းသည် ဤသို့လည်၏။ ။

သားသမီးများသည် ဘုရားကိုပုန်ကန်ကာ ဒုစရိုက်ကို ပြုကြ၏။ ရံခါတွင် ကလေးပူဇော်ခြင်းနှင့် အခြားသောစက်ဆုပ်ဖွယ်များကို ပြုကြ၏။

ဘုရားသည် လူတို့၏ဆုံးဖြတ်ချက်အတိုင်း နောက်ချန်နေပေး၏။

သူတို့သည် တိုင်းတစ်ပါးတို့၏ဖိနှိပ်မှု ခံရ၏။

ရွေးနုတ်ခြင်းအတွက်  ဘုရားထံ ဆုတောင်းကြ၏။

ဘုရားက သူတို့ကို ရွေးနုတ်၏။

၎င်းတို့က ဘုရားကို ပုန်ကန်ကြပြန်၏။ ရှေးယခင်ထက်ပင် သာ၍ဆိုးတတ်သေး၏။

ဤကဲ့သို့ သမိုင်းသံသရာရှိငြား ဘုရားသည် ၎င်းတို့အပေါ် မေတ္တာမပျက်ဘဲ အံ့ဖွယ်မေတ္တာတော်ဖြင့် ဆက်ဆံ၏။

**ဆာ ၇၈ ကို ဖတ်ရှုပါ။ ဤကျမ်းပိုဒ်က ဘုရားသည် သူ့လူများ၏ အဖန်ဖန်ပုန်ကန်မှုကို မည်သို့ကိုင်တွယ်သည်ဟု ပြသနည်း။**

---

---

ကျမ်းစာလာအရ မေတ္တာတော်နှင့် တရားမျှတမှုသည် လုံးထွေး၏။ ဘုရား၏အမျက်သည် မေတ္တာဖြင့် အဆိုးတရားအပေါ် အမျက်ထွက်ခြင်းဖြစ်၏။ အကြောင်းမှာ ဘုရားကချစ်သည့်သူတစ်ဦးဦးကို နစ်နာစေသောကြောင့် ဖြစ်၏။

ဘုရား၏သားသမီးများသည် ၎င်းကိုထားခဲ့ပြီး၊ သစ္စာဖောက်နေစဉ်တွင် ၎င်းသည် မေတ္တာအရင်းခံကာ မျှော်နေ၏ (နေ ၉:၇-၃၃)။ ဤသို့လျှင် တိုင်းတာ၍မရသည့် ၎င်း၏စာနာမှုကို ပြ၏။ ဆာ ၇၈:၃၈ တွင် ဘုရားသည် “ကရုဏာစိတ်ရှိ၍ သူတို့ကိုမဖျက်ဆီးဘဲ အပြစ်လွှတ်တော်မူ၏။ ကြိမ်ဖန်များစွာ စိတ်တော်ပြေ၍၊ အမျက်တော်ကို နှိုးဆော်တော်မမူ” ဟုလာ၏။

**အခြားသူများအပေါ် မတရားကျင့်သည်ကို သင်သည် ဒေါသထွက်ခဲ့ဖူးပါမည်။ ယင်းခံစားချက်က ဘုရားသည် အဆိုးတရားအပေါ် အမျက်ထွက်မှုကို မည်သို့ နားလည်ဖြစ်စေသနည်း။**

## တနင်္လာနေ့

*ဇန်နဝါရီလ ၂၇ ရက်*

# ဘုရားသည် အမျက်ထွက်နှေးသည်

ဘုရားသည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် အဆိုးတရားအပေါ် အမျက်ထွက်တတ်၏။ ဘုရားသည် မေတ္တာကရုဏာ ကြီးမားသောကြောင့် ပရောဖက်တစ်ဦးက ဘုရားအား သနားစုံမက်လွန်းသည့်ဘုရားဟု အပြစ်တင်ခဲ့၏။

**ယောနစ်၏အကြောင်းကို အာရုံယူကာ နိနဝေမြို့သားများအပေါ် ဘုရားမေတ္တာကြီးမားပုံကို ယောနက မည်သို့ဆိုကြောင်း သုံးသပ်ပါ။ ယောန ၄:၁-၄။ ယင်းက ယောနအကြောင်း၊ ဘုရားအကြောင်း ဘာချပြသနည်း (မ ၁၀:၈ ကိုလည်း ရှုပါ)။**

---

---

ဘုရား၏ သနားတတ်ခြင်းကို ယောနတုံ့ပြန်မှုတွင် အကြောင်း ၂ ချက် ပါ၏။ ပထမကား ယောန၏စိတ်သဘော ဖြစ်၏။ ၎င်းသည် ဣသရေလအပေါ် နှိပ်စက်ခဲ့သည့် အာရှုရိများကိုမုန်းပြီး ဘုရားလည်း ၎င်းတို့အပေါ် မေတ္တာမထားစေလိုပါ။

သံဝေဂယူဖွယ် မဟုတ်လော။ ကျွန်ုပ်တို့လည်း ထိုသဘောမျိုးမရှိကြရန် စောင့်ထိန်းရပါမည်။ ဘုရားသခင်၏ကရုဏာတော် မြည်းစမ်းခွင့်ရကြသူများသည် အခြားသူများအပေါ် ဝေငှလိုစိတ် ရှိရပါမည်။

ဒုတိယကား ယောန၏တုံ့ပြန်မှုက ဘုရား၏ကရုဏာသည် ၎င်း၏ဂုဏ်ပုဒ်ဖြစ်သည်ကို ပြ၏။ ယောနသည် ဘုရား၏မေတ္တာတော်နှင့် အလွန်ရင်းနှီးခဲ့၏။ အကြောင်းမှာ ဘုရားသခင်သည် "သနားစုံမက်တော်၊ စိတ်ရှည်၊ ကျေးဇူးပြုတတ်" (ယောန ၄:၂) သောကြောင့်ဖြစ်၏။ ယောနက ဘုရားသခင်သည် နိနဝေမြို့သားများအပေါ် ပြစ်ဒဏ်ပေးရန် နောင်တရမည်ကို သိခဲ့၏။ ဘုရားသခင်သည် လူတိုင်း၊ နိုင်ငံတိုင်းအပေါ် ကရုဏာဖြင့်၊ တရားမျှတစွာဖြင့် စီရင်၏။

ဟေဗြဲဝေါဟာရကို "အမျက်အထွက်နှေးသည်" ဟု ဘာသာပြန်ထားခြင်းကို "နှာခေါင်းရှည်သည်" ဟု တဲ့တိုးပြန်၍ ရ၏။ ဟေဗြဲဥပမာစကားတွင် (idiom) အမျက်ထွက်ခြင်းကို နှာခေါင်း၊ အမျက်မထွက်ရန် နှာခေါင်းမည်မျှရှည်သည်ဟု ပုံဖော်ပြောဆိုလေ့ရှိ၏။

ဘုရားသည် "နှာခေါင်းရှည်" ဟုဆိုရာတွင် ဘုရားသည် အမျက်အထွက်နှေးကြောင်းကို ဆိုလို၏။ ပုထုဇဉ်များ အမျက်ထွက်လွယ်ငြား ဘုရားသည် အလွန်ပင်စိတ်ရှည်ကာ ကရုဏာတော်ကို များစွာစီးဖြန်းပေး၏။ သို့သော် အပြစ်ကို မျက်ကွယ်ပြုခြင်း မပါပါ။ ထို့အစား ဘုရားကိုယ်တိုင်သည် ကပ်တိုင်တော်ဖြင့် အပြစ်ကိုဆေးကြောကာ ၎င်းသည် ၎င်းကိုယုံကြည်သူများအား ဖြောင့်မတ်သည်ဟု သတ်မှတ်ပေးသူ၊ ၎င်းလည်း တရားမျှတသူ ဖြစ်လာ၏ (ရော ၃:၂၅၊ ၂၆)။

**သင့်အပေါ် မကောင်းပြုခဲ့သူကို မေတ္တာပြရန် သင်ပျက်ကွက်ခဲ့ဖူးသလော။ အခြားသူများအား မေတ္တာပြဖြစ်စေသည့် ဘုရားမေတ္တာ သင်ကြုံခဲ့ဖူးကြောင်း သင်မှတ်မိသလော။ ကျွန်ုပ်တို့သည် အပြစ်လုပ်ရန်၊ ဖိနှိပ်ရန် အကြံမပါဘဲ မည်သို့ မေတ္တာပြကြသနည်း။**

အင်္ဂါနေ့

*ဇန်နဝါရီလ ၂၈ ရက်*

## ဖြောင့်မတ်သောဒေါသ

ဒေါသသည် မကောင်းသည့်ဘက်များသော်ငြား ကျမ်းစာက ဖြောင့်မှန်သည့်ဒေါသရှိကြောင်း သွန်သင်ထား၏။

ကစားကွင်းတစ်ခုတွင် မိခင်သည် ၃ နှစ်အရွယ်သမီး ကစားနေစဉ် အမျိုးသားတစ်ဦးက သူမ၏သမီးကို ရုတ်ချည်း ရန်ပြုသည်ဟု မှန်းဆကြည့်ပါ။ သူမသည် ဒေါသမထွက်ဘဲ နေရမည်လော။ ဤဖြစ်ရပ်တွင် ဒေါသသည် ချစ်ခြင်းကြောင့်ထွက်လာသည့် ဒေါသဖြစ်၏။ ဤဥပမာက ဘုရား၏ဖြောင့်မှန်သည့်ဒေသကို သဘောပေါက်ဖြစ်စေ၏။

**မ ၂၁:၁၂၊ ၁၃ နှင့် ယော ၂:၁၄၊ ၁၅ တို့ကို ဖတ်ရှုပါ။ ဗိမာန်တော်တွင် ယေရှု၏ပြုမူပုံက ဘုရားသည် အဆိုးတရားကိုမုန်းကြောင်း ဘာချပြသနည်း။**

---

---

ထိုဖြစ်စဉ်များတွင် ယေရှုက ဘုရားဗိမာန်တော်ကို အကြည်ညိုပျက်စေသည့်အရာ၊ မုဆိုးမများ၊ မိဘမဲ့များ၊ ဆင်းရဲသားများအပေါ် ဂုတ်သွေးစုပ်သည့် "ခားပြတွင်း" (မ ၂၁:၁၃၊ ယော ၂:၁၆ နှင့်ယှဉ်ပါ) သည် သူများအပေါ် ဖြောင့်မှန်သည့်ဒေါသ ထွက်ခြင်း၏ဥပမာဖြစ်၏။ ဗိမာန်တော်နှင့်ဝတ်တက်နည်းများသည် ဘုရားသည် အပြစ်သားများကို အပြစ်မှခွင့်လွှတ်၊ ဆေးကြောခြင်းကို တရားပြုရမည့်အစား ကူကယ်ရာမဲ့သူများအပေါ် ဂုတ်သွေးစုပ်သည့် အရပ်အဖြစ် သုံးကြ၏။ ယေရှုသည် ဒေါသမထွက်ဘဲ နေသင့်သလော။

မာ ၁၀:၁၃၊ ၁၄ နှင့် ၃:၄၊ ၅ တို့တွင်လည်း ဖြောင့်မှန်သည့် ဒေါသထွက်သည့် သာဓကများချပြ၏။ မိခင်များက ကလေးငယ်များကို ယေရှုထံခေါ်လာကြသည့်အခါ တပည့်တော်များက "ဆောင်ခဲ့သောသူတို့ကို အပြစ်တင်ကြ၏။" ယေရှုသည် "အမျက်ထွက်၏။" ၎င်းက တပည့်တော်များထံ "ထိုသူငယ်တို့ကို ငါ့ထံသို့ လာပါလေ့စေ" (မာ ၁၀:၁၃၊ ၁၄)။

အခြားဖြစ်စဉ်တွင် ဖာရိရှဲများက ယေရှုအား ဥပုသ်ချိုးကာ ကုသသည်ဟု စွပ်စွဲသည့်အခါ ယေရှုက "ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကို ဖျက်ဆီးအပ်သလော။ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလော" ဟု ခွန်းတုံ့ပြန်ခဲ့၏ (မာ ၃:၄)။ ယေရှုသည် "အမျက်တော်နှင့် သူတို့ကို ပတ်လည်ကြည့်ရှု၍ သူတို့စိတ်နှလုံးမိုက်သောကြောင့် ဝမ်းနည်းတော်မူခြင်းရှိလျက်" လူနာကိုကုရန်ကြွ၏ (မာ ၃:၅)။ ခရစ်တော်၏ဒေါသသည် ၎င်းတို့၏စိတ်ခိုင်မာမှုအပေါ် ဝမ်းနည်းခြင်းဖြစ်၏။ ယင်းသည် ကရုဏာဒေါသ ဖြစ်၏။ ဓမ္မဟောင်းကျမ်းတွင်လာသည့် ဘုရားသခင်၏ ကရုဏာဒေါသမျိုးပင် ဖြစ်၏။ အထူးအားဖြင့် ချစ်ရသူများ အဆိုးတရားကြောင့် နစ်နာကြသည့်အခါမျိုးတွင် မေတ္တာသည် မထိခိုက်ဘဲ မည်သို့နေမည်နည်း။

**ကျွန်ုပ်တို့သည် အတ္တဆောင်သည့်ဒေါသကို "ဖြောင့်မှတ်သောဒေါသ" ဟု မမှတ်ရန် မည်သို့ သတိဆောင်နိုင်မည်နည်း။ ထောင်ချောက်မိရန် ဘာ့ကြောင့် လွယ်ရသနည်း။ ကျွန်ုပ်တို့သည် မည်သို့ ကာကွယ်နိုင်မည်နည်း။**

*ဇန်နဝါရီလ ၂၉ ရက်*

## ဘုရားသည် စိတ်ပါပါဖြင့် မညှင်းဆဲပါ

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသခင်သည် အဖိနှိပ်ခံများကို မျက်နှာသာ အလီလီ ပေးကြောင်း ပြထား၏။ အဓမ္မတရားသာ မရှိခဲ့ပါလျှင် ဘုရားသည် အမျက်ထွက်မည် မဟုတ်ပါ။ ၎င်း၏အမျက်သည် ၎င်းဖန်ဆင်းထားသည့် အရာများအပေါ် မကောင်းကျိုးသက်ရောက်ခြင်း ကြောင့် ဖြစ်၏။

မြည် ၃:၃၂-၃၃ အရ ဘုရားသခင်သည် စိတ်ပါပါဖြင့် မညှင်းဆဲပါဟု တွေ့ရ၏ (နှလုံးသားမှ မြစ်ဖျားမခံ)။ ဒုစရိုက်ပြုသူများအပေါ် ဘုရားသည် တရားမစီရင်လိုပါ။ သို့သော် မေတ္တာသည် တရားမျှတမှုကို ပြရ၏။

ဤအမှန်တရားကို ဘုရားက မည်မျှသည်းခံကာ ၎င်း၏သားသမီးများအပေါ် အခွင့်အရေး အဖန်ဖန်ပေးခဲ့မှုများတွင် တွေ့ရ၏။ ပရောဖက်များကိုလွှတ်ကာ ခေါ်ထုတ်ခဲ့၏။ သို့သော် ငြင်းပယ်ကြ၏ (ယေ ၃၅:၁၄-၁၇၊ ဆာ ၈၁:၁၁-၁၄ တို့ကို ရှုပါ)။

**ဇေ ၅:၁၂ ကို ယေ ၅၁:၂၄၊ ၂၅၊ ၄၄ ဖြင့် ယှဉ်ဖတ်ပါ။ ယေရုရှလင်ကို ဗာဗုလုန်က ပုံစံပေးသည့်ဖြစ်စဉ်တွင် တရားစီရင်ခြင်းအကြောင်း မည်သို့လင်းပြသနည်း (ဖြ ရာ ၃၆:၁၆ ကိုလည်းရှုပါ)။**

---

---

ဇေ ၅ အရ လူတို့သည် စိတ်ခိုင်မာစွာဖြင့် ဘုရားသခင်ကို အမျက်ထွက်စေသည်။ နိဂုံးတွင် လက်လျှော့ရပြီး ဗာဗုလုန်ဘုရင် နေဗုဒ်ခနေဇာလက်သို့ ပြောင်းပေးရတော့၏ (ဇေ ၅:၁၂)။ ယင်းတွင်လည်း ဘုရားသခင်သည် မတတ်သာသည့်အဆုံးမှသာ ခွင့်ပြု၏ (ဖြ ရာ ၂၆:၁၆)။ ယင်းနောက်တွင် ဘုရားသခင်သည် ဗာဗုလုန်အပေါ် ယုဒပြည်အပေါ် ပြုခဲ့သည့်အကြောင်းအတွက် တရားစီရင်၏ (ယေ ၅၁:၂၄၊ ၂၅၊ ၄၄ ကို ဇာ ၁:၁၅ နှင့် ယှဉ်ပါ)။

သမ္မာကျမ်းစာတွင် ဘုရားသခင် တရားစီရင်ပုံသည် ရန်သူများထံ ၎င်း၏လူများကိုပေးသည့် သာဓကများစွာရှိ၏ (သူကြီး ၂:၁၃၊ ၁၄၊ ဆာ ၁၀၆:၄၁၊ ၄၂)။ ယင်းတွင် ၎င်း၏သားသမီးများက ဘုရားသခင်ကို မည်သည့်အတိုင်းအတာထိ ကျောခိုင်းကာ အခြားနိုင်ငံများ၏ဘုရားကို ကိုးကွယ်သည့်အပေါ် အခြေတည်၏ (သူကြီး ၁၀:၆-၁၆၊ တရား ၂၉:၂၄-၂၆)။ ဘုရား၏အမျက်တော်သည် အဆုံးတွင် အဓမ္မအပေါ် လုံးလုံးအနားသတ်မည်ဖြစ်၏။ ယင်းသည် စကြဝဠာကြီး၏ ကောင်းကျိုးရည်သန်ကာ အပြစ်၊ ပုန်ကန်မှု၊ ဒုစရိုက်တို့သည် ပြီးဆုံးစေခြင်းဖြစ်၏။

**ဘုရားသခင်သည် တရားမစီရင်လို ဟူသည့်တရားတွင် ဘုရား၏အမျက်အကြောင်း သင်၏ နားလည်ပုံအပေါ် မည်သို့ သက်ရောက်မှုရှိသနည်း။ ဘုရားသခင်သည် အမျက်အထွက်နှေးသည်ရှိသော် ကျွန်ုပ်တို့လည်း မိမိဝန်းကျင်အပေါ် စိတ်ရှည်သင့်သည် မဟုတ်လော။ အဖိနှိပ်ခံများကို ဝန်ဆောင်ပေးရင်းဖြင့် ကျွန်ုပ်တို့သည် သည်းခံခြင်းတရားကို မည်သို့ဖြင့် ကျင့်နိုင်ကြမည်နည်း။**

*ဇန်နဝါရီလ ၃၀ ရက်*

## သနားညှာတာမှုကိုပြသည်

ဘုရား၏အမျက်သည် ကြောက်ဖွယ်ဖြစ်ငြား မေတ္တာမဲ့ခြင်း မဟုတ်ပါ။ ဓမ္မဟောင်းနှင့်ဓမ္မသစ်တို့တွင် ဘုရားသည် အဓမ္မတရားအပေါ် မေတ္တာစိတ်ကြောင့် အမျက်ထွက်ခြင်းဖြစ်၏။ ဘုရား၏အမျက်သည် ၎င်း၏ဂုဏ်တော်နှင့် တိုက်ရိုက်ဆန့်ကျင်ဘက် အချိုးကျမှုကြောင့် ကြောက်မက်ဖွယ်ကောင်းရခြင်း ဖြစ်၏။

ဤတွင် မေတ္တာသည် ဘုရားအတွက် အခရာဖြစ်၏။ အမျက်သည် အခရာမဟုတ်။ အဓမ္မတရား မရှိသည့်အရပ်တွင် အမျက်ထွက်ခြင်း မရှိပါ။ နိဂုံးဆိုရလျှင် စကြဝဠာတွင် ဘုရားသခင်က မေတ္တာရှေ့ထားကာ အဓမ္မတရားကို လက်စတုံးသည့်အခါ အမျက်ထွက်ခြင်းလည်း ပြီးဆုံးမည်ဖြစ်၏။ ယင်းသည်လည်း အဓမ္မတရား မရှိတော့ခြင်းကြောင့်သာ ဖြစ်၏။ မိတ်သဟာယဖွဲ့ခြင်းသာ ပွားများမည်ဖြစ်၏။ ဘုရား၏အမျက်လည်း ထွက်ရန်အကြောင်း မရှိတော့၍ ထွက်တော့မည်မဟုတ်။ အလွန်ကောင်းသည့်အကြောင်း ဖြစ်ပေ၏။

**အချို့က ဘုရားအမျက်တော်သည် လူများကို ရည်ရွယ်ချက်မရှိဘဲ ကလဲ့စားချေခွင့်ပေးသည်ဟု ယူသူရှိ၏။ တရား ၃၂:၃၅၊ သု ၂၀:၂၂၊ သု ၂၄:၂၉၊ ရော ၁၂:၁၇–၂၁၊ ဟေဗြဲ ၁၀:၃၀ တို့ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက လူတို့၏ကလဲ့စားချေလိုမှုကို မည်သို့ဟန့်သနည်း။**

---

---

သမ္မာကျမ်းစာအရ ဘုရားသည် တရားစီရင်ပိုင်ခွင့်ရှိ၏။ စီရင်သည့်အခါလည်း တရားမျှတစွာ စီရင်၏။ ဓမ္မဟောင်းနှင့် ဓမ္မသစ် ၂ ကျမ်းလုံးတွင် တရားစီရင်ခြင်းကို ဘုရား၏အကန့်ကို ရှင်းစွာပြထား၏။ ရှင်ပေါလုက ရော ၁၂:၁၉ တွင် "ချစ်သူတို့၊ သူတစ်ပါးသည် သင်တို့ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (တရား ၃၂:၃၅ ကို မှီးထား၏)။

ဘုရားသခင်သည် အဆုံးတွင် မတရားမှု၊ ဒုစရိုက်တို့ကို တရားစီရင်သည်တွင် ခရစ်တော်သည် ၎င်းကို ယုံကြည်ကြသူများအတွက် လမ်းဖွင့်ထားပေး၏။ "ရောက်လတ္တံ့သောဘေးဒဏ်မှ ကယ်နုတ်သူသည် ယေရှုဖြစ်၏" (၁ သက် ၁:၁၀ ကို ရော ၅:၈၊ ၉ နှင့် နှိုင်းယှဉ်ပါ)။ ယင်းသည် ဘုရား၏အကြံတော်ဖြစ်၏ — "အမျက်တော်ကို ခံစားစေခြင်းငှာ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင် ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှာ ခန့်ထားတော်မူ၏" (၁ သက် ၅:၉)။ ဘုရား၏အမျက်သည် ပျက်ပြားသွားသည် မဟုတ်ပါ။ ယေရှုကို ယုံကြည်သူများသည် ခရစ်တော်၏ဂုဏ်ပုဒ်ကြောင့် ထိုအမျက်မှ လွတ်ကြခြင်းဖြစ်၏။

**ခရစ်တော်၏စတေးခံမှုသည် အမျက်တော်မှ ကျွန်ုပ်တို့ကိုကယ်ရာတွင် မည်သို့ဖြင့် တရားနည်းလမ်းကျရသနည်း။ သင်သည် အပြစ်ရှိငြား သင့်အတွက် အစီအမံရှိမှုတွင် သင်သည် အခြားသူများအပေါ် မည်မျှကရုဏာထားသင့်သနည်း။**

## သောကြာနေ့

*ဇန်နဝါရီလ ၃၁ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “Idolatry at Sinai,” pp. 315–300, in *Patriarchs and Prophets.*

ရွှေနွားရုပ်ဖြင့် အပြစ်လုပ်ကြသည့်ဖြစ်စဉ်တွင် Ellen G. White က “ဣသရေလများသည် ၎င်းတို့ကိုယ်တိုင်က သစ္စာရှိမည်ဟု ကတိခံထားသည့် ဘုရင့်အပေါ် သစ္စာမဲ့ကြ၏။ ယင်းကြောင့် သစ္စာဖောက်များအပေါ် ဘုရားသည် တရားစီရင်ရပါမည်။ သို့သော် ဘုရား၏ကရုဏာကို တွေ့ရ၏။ ၎င်းသည် ပညတ်အတိုင်းသွားပြြား သူတို့အားလုံးကို နောင်တရခွင့်ပေး၏။ ဆက်၍မိုက်တွင်းနက်ကြသူများကိုသာ စီရင်၏။

“အပြစ်ကိုတရားစီရင်ရန် လို၏။ ယင်းသည် ထိစပ်နိုင်ငံများက ဘုရားသည် ရုပ်တုကို ဘုရားပြုကိုးကွယ်ခြင်းကို မနှစ်မြို့သည့် သက်သေဖြစ်စေရန်ဖြစ်၏။ အပြစ်ရှိသူများကို တရားစီရင်ရာတွင် ဘုရား၏အသုံးတော်ခံ မောရှေသည် ၎င်းတို့၏အပြစ်ကို မပျက်မကွက် စာအကွာရာတင်ရမည်ဖြစ်၏။ ဣသရေလများက ယင်းအမှုအခင်းနောက်တွင် ရုပ်တုကိုးကွယ်ကြသည့် နိုင်ငံများကို အပြစ်ဖို့ကြသည့်အခါ တိုင်းတစ်ပါးသားများက ဟောရုပ်အရုပ်တွင် ၎င်းတို့က နွားရုပ်ပြုလုပ်ကာ ၎င်းတို့၏ ယေဟောဝါဘုရားသခင်ကို ပုန်ကန်ခဲ့သည့်အမှုဖြင့် ထောက်ကွက်ရကြမည်ဖြစ်၏။ ကျက်သရေတုံးသည့် အမှန်တရားကို အသိအမှတ် အတင်းပြုကြရပြီး ဣသရေလတို့က အပြစ်ကြူးလွန်ကြသည့်ကြမ္မာသည် ၎င်းတို့၏အပြစ်ကို မလျှော့ပစ်သည့်သက်သေဟု ဆိုနိုင်၏။

“တရားမျှတမှုထက် မသေးငယ်သည့် မေတ္တာတော်က အပြစ်အတွက် အပြစ်ဒဏ်တောင်းဆို၏။ ဘုရား၏ မေတ္တာတော်ကြောင့်သာလျှင် လူသန်းနှင့်ချီ ခံရမည်ကို ထောင်ဂဏာန်းကသာ ခံခဲ့၏။ အများစုကိုကယ်ရန်၊ အနည်းစုကို ဒဏ်ပေး၏။” — Ellen G. White, *Patriarchs and Prophets*, pp. 324, 326။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ ဘုရား၏အမျက်တော်အကြောင်း လူများစွာက မသိနိုင်ဖြစ်ကြရသနည်းဟု သင်ဘာကြောင့် တွေးဖြစ်သနည်း။ မည်သည့်တရားက သင့်ကို နားလည်စေသနည်း။

၂။ ဘုရားကစီရင်လျှင် ပြဿနာမပေါ်ပြီး၊ လူသားများက အချင်းချင်းစီရင်ကြသည့်အခါ မည်သည့်ပြဿနာပေါ်သနည်း။

၃။ ရွှေနွားရုပ်ကိုးကွယ်သည့်ဖြစ်စဉ်တွင် ဣသရေလတို့အပေါ် ဘုရား၏တရားစီရင်မှုတွင် ဘုရား၏ကရုဏာ မည်သို့ရှိခဲ့သနည်း။ ဘုရား၏စီရင်မှုသည် မေတ္တာကြောင့်ဖြစ်ကြောင်း ကျမ်းစာတွင် မည်သည့်သာဓကများ ရှိသေးသနည်း။

၄။ ဒုစရိုက်မှုအပေါ် ဘုရား၏စီရင်ခြင်းသည် တရားမျှတကြောင်း ကျွန်ုပ်တို့သိကြပြီး ကျွန်ုပ်တို့သည် အခြားသူများကို အပြစ်မဖို့မိရန် မည်မျှအရေးပါသနည်း။ ဤအကြောင်း ၁ ကော ၄:၅ ကို အခြေပြုကာ ဆွေးနွေးပါ။

# သင်သည် စာတန်ကို နိုင်စေလိုသလော

Andrew McChesney ရေးသားသည်

အမေရိကန်သာသနာပြု Joanne (Park) Kim သည် မွန်ဂိုးလီးယားတွင် အရက်သမား ၄ ဦး၏ တိုက်ခိုက်မှု ခံရပြီးနောက်တွင် အခန်းအောင်းနေ၏။ သူမသည် နစ်နာ၊ ကြောက်၊ ငိုခဲ့ရ၏။ အမေရိကသို့ ပြန်လိုခဲ့၏.

၂ ရက်နေပြီးနောက်တွင် အခြားသာသနာပြုတစ်ဦး သူမထံ အလည်လာ၏။ ထိုဆရာသည် သူမအား နှစ်သိမ့်ရန် လာခဲ့သည်ဟု သူမမှန်းခဲ့၏။ သို့သော် ၎င်းက သူမအား "နင်က ဒီလိုအခန်းအောင်းဖို့ အဝေးကြီးကနေ လာခဲ့တာလား။ ဘာလဲ။ နင်က စာတန်ကို အနိုင်ပေးချင်တာလား" ဟု ဆုံးမ၏။

ယင်းသည် Joanne ကြားရန်လိုသည့်စကား ဖြစ်၏။ ထိုဆရာကသာ သူမ၏စိတ်အတိုင်းလိုက်ကာ ပြောဆိုလျှင် နေရပ်အိမ်သို့ ပြန်ကြွဖြစ်ခဲ့ပေမည်။ သို့သော် ယခုတွင် မွန်ဂိုလီးယားသို့ လာရခြင်းကို သုံးသပ်တတ်ပါပြီ။

ပကဒူးတွင် သူမသည် Uzbekistan သို့ သွားရန်ကြံခဲ့ကာ Russia ဘာသာနှင့် Cyrillic စာများသင်ယူခဲ့သေး၏။ သို့သော် အကြံမအောင်မြင်သည့်အခါ မွန်ဂိုလီးယားသို့လာခဲ့ပြီး Cyrillic စာသည် အတူတူပင်ဖြစ်၏။ သို့သော် တစ်ခွန်းမှနားမလည်ပါ။ ပထမ ၂ လတွင် မည်သည့်မွန်ဂိုကိုမှ စကားပြောမဖြစ်ပါ။ ဘာသာစကား မကျွမ်းကျင်ဘဲ သာသနာပြုရန် အခက်ကြုံရ၏။ အရက်သမားများက အပတ်စဉ် ရန်ပြုသည့်အခါ အကူအညီမတောင်းတတ်ပါ။ လူများကလည်း သူမသည် ကိုးရီးယားဖြစ်သောကြောင့် မွန်ဂိုဟုမှတ်ကာ မွန်ဂိုစကားတတ်မည်ဟု မှတ်ကြ၏။

Joanne သည် မွန်ဂိုးလီးယားတွင် ယေရှု၏မေတ္တာကို ဝေငှလိုဆဲဖြစ်၏။ သို့သော် အရက်သမားများ၏ ရန်ပြုမှုများစွာ ခံရသည့်အခါ ဝေငှရန် မည်သည့်မေတ္တာမှ မကျန်တော့ပါ။

သူမလည်း "ဘုရားသခင် ကျွန်မကို ဤအရပ်တွင် ကေန်ရှိစေလိုပါလျှင် ဤဒုက္ခမှ လွတ်မြောက်စေပါ။ ကိုယ်တော်သည် ကျွန်မကိုကာကွယ်ရန် လိုပါသည်။ သို့မဟုတ်လျှင်လည်း ဖြေရှင်းနိုင်သည့် နည်းလမ်း ပေးသနားပါ။ သို့မဟုတ်လည်း အရက်သမားများကို ရှင်းပေးပါ" ဟု ဆုတောင်း၏။ သူမလည်း မွန်ဂိုးလီးယားတွင်နေရန် ဆုံးဖြတ်ပြီး ဘုရား၏လုပ်ဆောင်မှုကို စောင့်နေ၏။

အရက်သမားများ၏ရန်သည် မငြိမ်းပါ။ ဘုရားက Joanne အား မိမိရန်ကိုကာကွယ်မည့် ကိရိယာကိုပေး၏။ သူမသည် ၃ လအတွင်း မွန်ဂိုစကားကို ကျွမ်းကျင်စွာ ပြောတတ်လာ၏။ ယင်းသည် ဆန်းကြယ်ပေ၏။ Joanne သည် မွန်ဂိုသားများကို ကျမ်းစာသင်ပေးလာနိုင်၏။ တိုက်ခိုက်ခံရသည့်အခါ သူမသည် စကားပြောတတ်လာ၏။ သို့သော် ယေရှုကဲ့သို့ မေတ္တာမထားနိုင်ပါ။ အတွေ့အကြုံသည် ခါးသီးလှ၏။



ဤဖြစ်ရပ်သည် မွန်ဂိုးလီးယား ကွန်မြူနစ်အလွန်ကာလ SDA သာသနာတော်အတွက် အမေရိကန်သာသနာပြု Joanne (Park) Kim ၏ အကြောင်းဖြစ်ပြီး ဆက်၍လည်း အမှုဆောင်နေ၏။ သင်လည်း မွန်ဂိုးလီးယားနိုင်ငံ၊ Ulaanbaatar တွင် ကလေးသူငယ်များ အကျိုးအတွက် ပြုလုပ်မည့်စင်တာ ဆောက်လုပ်ရေးအတွက် ယခုသုံးလပတ် (၁၃) ပတ်မြောက် ဥပုသ်အလှူငွေဖြင့် ပါဝင်နိုင်ပါသည်။ Joanne ၏အကြောင်း နောက်အပတ်တွင် ဆက်လက်ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်များ။** ဆာ ၇၈:၃၈

**လေ့လာမှုဦးတည်ချက်များ။** ဆာ ၇၈၊ မ ၂၁:၁၂၊ ၁၃၊ ယော ၂:၁၄၊ ၁၅။

**နိဒါန်း။** ။ ဘုရား၏အမျက်သည် ဒုစရိုက်နှင့်အပြစ်ကို ဒဏ်ခတ်မည့် မေတ္တာဖြစ်၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အဓိက ၂ ချက်ကို ရှုပါမည်။

၁။ ဘုရား၏အမျက်သည် အပြစ်ကိုတုံ့ပြန်ရာတွင် သန့်ရှင်း၏၊ စိတ်ရှည်၏။ ဘုရား၏အမျက်တွင် ကြိုတင်ကြံစည်မှု၊ ထိန်းမရမှု၊ လက်စားချေလိုမှုများ မပါပါ။ မတရားမှုတို့၏တစ်ဘက်တွင် မေတ္တာဖြင့်စီမံခြင်းသာ ဖြစ်၏။ ဘုရား၏အမျက်သည် ၎င်းဖန်ဆင်းထားသည့် လက်ရာကို ဆက်တိုက်ပုန်ကန်သည့်အပြစ်ကို တုံ့ပြန်ခြင်းသာဖြစ်၏။ ဘုရား၏အမျက်သည် လူဆိုးများကို အပြစ်ပေးပြီး၊ ၎င်း၏လူစုများကို လူဆိုးတို့၏ကြိုးကိုင်မှုမှ ကယ်ထုတ်သည့်မေတ္တာကို ပြသခြင်းဖြစ်၏။ ဆာ ၇၈ တွင် ဘုရား၏အမျက်ကို ရှင်းစွာပြထား၏။ ဘုရားသခင်က မည်သို့ပင် လမ်းပြပြ ၎င်း၏လူစုက ၎င်းကိုမေ့လျော့ကာ နားကောက်လာကြပြီး နောင်တမရသည့် စိတ်နှလုံး ရှိလာကြ၏။

၂။ ဘုရား၏အမျက်သည် မေတ္တာနှောသည့် ဒေါသဖြစ်၏။ သမ္မာကျမ်းစာတွင် ဘုရား၏အမျက်ကို ၎င်း၏လူစုများ မတရားဖိနှိပ်ခံရမှုအတွက် ခံပြင်းခြင်းဟု ပြထား၏။ ဘုရားက စေတနာကောင်းဖြင့် ဒုစရိုက်ကို ကိုယ်တိုင်အပြစ်ပေး၏။ ဒုစရိုက်အပေါ် ၎င်း၏တုံ့ပြန်မှုသည် ၎င်းချစ်ရသည့် ဖန်ဆင်းခံများအပေါ် ဒုစရိုက်၏အကျိုးသက်ရောက်ပုံနှင့် တိုက်ရိုက်အချိုးကျ၏။

**လက်တွေ့အသုံးချခြင်း။** ။ ဘုရားသခင်က မတရားမှုဒုစရိုက်အပေါ် တုံ့ပြန်ပုံတွင် ကျွန်ုပ်တို့လည်း အခြားပုဂ္ဂိုလ်ဒုက္ခများကို ပေ့ါစေ (သို့) မတရားမှုကို မည်သို့ချေဖျက်သင့်သနည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ ဘုရား၏အမျက်သည် အပြစ်ကိုတုံ့ပြန်ရာတွင် သန့်ရှင်း၏။ စိတ်ရှည်၏။

ဘုရား၏အမျက်တော်အကြောင်း ကျမ်းစာတွင် ကောင်းစွာပြထား၏။ ဆာ ၁၁၉ နောက်တွင် ဆာလံဆရာ၏ ဒုတိယအရှည်ဆုံးသည် ဆာ ၇၈ ဖြစ်ပြီး ဣသရေလတို့၏ ထွက်မြောက်ရာနှင့် တောလည်ကြသည့်သမိုင်းများ ပြန်၍ဖော်ထား၏။ ဤအခန်းတွင် Asaph က မျိုးဆက်ဟောင်းများ၏ တစ်ဘက်တွင် လက်ရှိဘုရား၏လူစုကို ဘုရားအပေါ်သစ္စာရှိကြရန် အားပေးထား၏။

ဆာ ၇၈ သည် အခြားဆာလံများကဲ့သို့ သီချင်း/ ဆုတောင်းမျိုးမဟုတ်ဘဲ သီချင်း/ ဆုံးမခြင်းမျိုး ဖြစ်၏ (Adele Berlin and Marc Zvi Brettler တို့၏ ဆာ ၇၈ အကြောင်း ရေးသားချက်ကိုရှုပါ)။ *The Jewish Study Bible*, 2nd ed. [Oxford: Oxford University Press, 2014]). ဆာလံဆရာသည် ဘုရား၏ဘုန်းတော်နှင့် မေတ္တာတော်အကြောင်း သီချင်းရေးစပ်ခြင်းတွင် တောလည်မျိုး

ဆက်များကဲ့သို့ ဘုရားကိုမမေ့ကြရန် ရည်ရွယ်ကာ ရေးစပ်ခဲ့ဟန်ရှိ၏ (C. John Collins ရေးသည့် ဆာ ၇၈ အကြောင်း ရှုပါ။ ESV Study Bible [Wheaton, IL: Crossway, 2008], p. 1033).

ဟေဗြဲကြိယာ "မေ့" (skh) ကို ဤအခန်းတွင် ၂ ကြိမ် သုံးထား၏။ ဆာ ၇၈:၈ တွင် ဘုရား၏ စီမံမှုကို မမေ့ရန် ဖော်ပြပေးထားခြင်းဖြစ်ပြီး "ဘုရားကိုယုံ၊" "ပညတ်တော်ကိုစောင့်" တို့ တစ်ဆက်တည်းပါလာ၏။ ယင်း၏တစ်ဘက်တွင်ကား ဘုရားစီမံပေးမှုများကို မေ့လျော့ခြင်းသည် ငြင်းဆန်မှု၊ ပုန်ကန်မှုမည်ကာ "ဘုရားသခင်ကို မဆည်းကပ်" သည့် အခြေအနေသို့ ရောက်၏ (ဆာ ၇၈:၇)။ တောမြိုင်အတွင်း မည်မျှတန်ခိုးပြပြ၊ ကောင်းချီးပေးပေး လူထုသည် "တိုး၍ပြစ်မှား ကြ၏" (ဆာ ၇၈:၁၇)။ စိတ်နှလုံးအတွင်း ဘုရားသခင်ကို စုံစမ်းကြ၏" (ဆာ ၇၈:၁၈)။ ထိုပြစ်မှုကို တုံ့ပြန်သည့်အနေဖြင့် ဘုရား၏အမျက်ကို ဆာ ၇၈:၂၁ တွင် တွေ့ရ၏ — "ထိုစကားကို ထာဝရဘုရားသည်ကြား၍ အမျက်ထွက်တော်မူ၏။ ယာကုပ်အမျိုး၌မီးလောင်၍၊ ဣသရေလအမျိုး၌ ဒေါသမီးတက်လေ၏။" အမျက်ထွက်ရခြင်း အကြောင်းရင်းကို ဤသို့တွေ့ရ၏။ ဘုရားသခင်သည် ထိုလူစုများရှေ့တွင် အံ့ဖွယ်ရာများ မည်မျှ ပြခဲ့ပြခဲ့၊ ၎င်းတို့သည် "ဘုရားသခင်ကို မယုံကြည်၊ ကယ်တင်တော်မူခြင်း ကျေးဇူးကို မကိုးစားကြဘဲ နေကြ၏" (ဆာ ၇၈:၂၂–၂၅)။

ထို့အတူ ဘုရားအမျက်ထွက်ကြောင်း ဆာ ၇၈:၃၁ တွင်လာပြီး "ထိုအမှုအလုံးစုံတို့နှင့် ဣသရေလလူတို့သည် တွေ့ကြုံရသော်လည်း၊ အံ့ဖွယ်သောအမှုတော်တို့ကြောင့် ယုံကြည်ခြင်းမရှိ။ ပြစ်မှားလျက်နေကြသေး၏" (ဆာ ၇၈:၃၂)။ ဆာလံဆရာက ဘုရားသခင်သည် ၎င်းတို့ကိုကွပ်မျက်သည့်အခါ ကိုယ်တော်ကို ရှာကြ၏။ ကယ်တင်ရှင်ဖြစ်တော်မူသည်ကို သတိရကြသည် ဟုဆို၏ (ဆာ ၇၈:၃၄၊ ၃၅)။

သို့ပြီး ၎င်းတို့၏တုံ့ပြန်မှုသည် သန္ဓေမမှန်ပါ။ "သို့သော်လည်း၊ ကိုယ်တော်ကို နှုတ်ဖြင့်ချော့မော့၍၊ လျှာဖြင့်လည်း မုသားစကားကို လျှောက်ဆိုကြ၏။ သူတို့စိတ်သဘောမူကား၊ ရှေ့တော်၌ မဖြောင့်၊ သစ္စာတော်ကို မစောင့်ဘဲနေကြ၏" (ဆာ ၇၈:၃၆၊ ၃၇)။ ဤအကြောင်းတွင် ဘုရား၏အမျက်တော်ကို ဤဆာလံတွင် လှပစွာခြယ်မှုန်းထား၏ "ကိုယ်တော်မူကား၊ ကရုဏာစိတ်ရှိ၍ သူတို့ကိုမဖျက်ဆီးဘဲ အပြစ်လွှတ်တော်မူ၏။ ကြိမ်ဖန်များစွာ စိတ်တော်ပြေ၍၊ အမျက်တော်ကို နှိုးဆော်တော်မမူ" (ဆာ ၇၈:၃၈)။

Asaph လည်း ဘုရား၏လူစုများအား ဘုရား၏အမျက်က အီဂျစ်တို့ကို တရားစီရင်ခြင်းဖြင့် ၎င်းတို့အား အီဂျစ်၏ဖိနှိပ်မှုမှ ကယ်ထုတ်သွားသည်ဟု သတိကပ်စေ၏ (ဆာ ၇၈:၄၉၊ ၅၀)။ ဤမျှကြီးကျယ်သည့် လွတ်မြောက်မှု၏နောက်တွင် ဣသရေလတို့သည် "အမြင့်ဆုံးသောဘုရားကို စုံစမ်း၍ ပုန်ကန်ကြ၏။ သက်သေခံတော်မူချက်များကို မစောင့်ကြ" (ဆာ ၇၈:၅၆)။ ဘုရား၏ ပညတ်ချက်များတွင် ဆင်းတုကိုးကွယ်သည့်အပြစ်ကို ဖော်ပြပေးဖော်ပြထား၏ — "သူတို့သည် မြင့်သောအရပ်များအားဖြင့်၊ အမျက်တော်ကို နှိုးဆော်၍၊ ရုပ်တုများအားဖြင့်လည်း စိတ်တော်ကို ချုပ်ချယ်နှောင့်ယှက်ကြ၏" (ဆာ ၇၈:၅၈)။ ဤအချက်ကို အကြောင်းပြုကာ ဘုရား၏အမျက်ကို စွန့်ခွာသည့် ဝေါဟာရဖြင့် ပြထား၏ — "ရှိလောတဲတော်တည်းဟူသော၊ လူတို့တွင် နေရာချတော်

မူသောအရပ်ကို စွန့်တော်မူ၏” (ဆာ ၇၈:၆၀)။ “မိမိလူတို့ကိုလည်း ဓားဘေး၌အပ်၍၊ အမွေတော်ကို အမျက်ထွက်တော်မူ၏” (ဆာ ၇၈:၆၂)။

ဆာ ၇၈ တွင်လာသည့် အလ်ကာက ဘုရား၏အမျက်သည် ကြိုတင်ကြံစည်ခြင်း၊ အကွပ်မရှိသည့် တုံ့ပြန်မှုမဟုတ်ဟု ပြ၏။ ၎င်း၏အမျက်သည် စဉ်ဆက်မပြတ် ကျူးလွန်နေသည့် အပြစ်ပြုလုပ်ခြင်းကို တုံ့ပြန်ခြင်းသာဖြစ်၏။

**၂။ ဘုရား၏အမျက်သည် မေတ္တာနှောသည့်ဒေါသ ဖြစ်၏။**

ခရစ်ဝင်ကျမ်းတွင်လာသည့် ယေရှုက ဗိမာန်တော်ကို ဆေးကြောသည့်ဖြစ်စဉ်က (မ ၂၁:၁၂၊ ၁၃၊ မာ ၁၁:၁၅–၁၇၊ လု ၁၉:၄၅–၄၈၊ ယော ၂:၁၄၊ ၁၅) ဘုရား၏အမျက်ကို မေတ္တာပါသည့်ဒေါသဖြစ်ကြောင်း၊ သွေးဆူခြင်းမပါသည့် တရားထူးကို ပြ၏။ Ellen G. White ၏ *The Desire of Ages* အခန်း ၁၆ တွင် (In His Temple) ဘုရား၏အမျက်တော်အကြောင်း တရားထူးပြထား၏။ ဤအခန်းတွင် ကလောင်ရှင်က လူသားဖြစ်သူ ယေရှုကသာ ဗိမာန်တော်ကို သန့်စင်သည်မဟုတ်ဟု အဖန်ဖန်ရေးထား၏။ ကလောင်ရှင်က “ဗိမာန်တော်ကို သန့်စင်ခြင်းသည် လူ့အစွမ်းထက်ပိုသည့် ဘုန်းတော်ကိုပြခြင်း ဖြစ်သည်” ဟုဆို၏ – *The Desire of Ages*, p. 164။ လူထုလည်း “ခရစ်တော်ကို မော်ဖူးကြသည့်အခါ လူ့ဇာတိကိုရုံသည့် ဘုရားဘုန်းတော်ကို တွေ့ကြ၏။” — pp. 158, 162။

Ellen G. White က ဗိမာန်တော်ရှိ အကျိုးတော်ဆောင်များသည် “ယဇ်ကောင်များကို မတန်တဆ ဈေးတင်ရောင်းကြပြီး အမြတ်များကို ပုရောဟိတ်များနှင့် အစိုးရမင်းများ ဝေခွဲကြကာ လူထုအပေါ် အမြတ်ထုတ်ကြသည်” ဟုဆို၏ — p. 155။ ဤသို့လျှင် ၎င်းတို့သည် “ဗိမာန်တော်တွင် ဖြစ်ပျက်နေသည့် မတော်မတရားမှုများကို” တည့်မတ်ပေးကြရမည့်အစား “ကိုယ်ကျိုးသာရှာကြ၏” — pp. 156, 157။ ကလောင်ရှင်က “၎င်းတို့သည် လူထုကို သမာဓိ၊ ညှာတာစိတ်ရှိကြရန် နမူနာပြကြရမည့်၊ ဝတ်တက်ကြသူများကို ဝတ်ဖြည့်ပေးရမည့်၊ ယဇ်ကောင်ဝယ်ရန် ခက်ခဲကြသူများကို ကူညီရန် အဆင်သင့်ဖြစ်နေကြရမည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်” ဟုဆို၏ — p. 157။ ၎င်းတို့ကား လောဘတဏှာခေါ်ရာနောက် ကောက်ကောက်ပါသွားကာ စိတ်ကိုမာထန်စေကြပြီ။

Ellen G. White က ဗိမာန်တော်သို့ လာကြသူများသည် “အပူသည်များ၊ စိတ်ကျသူများ ဖြစ်ကြသည်။ မျက်ကန်း၊ ခြေထော့၊ နားပင်းသူများ လာကြသည်။ အချို့ကို ထမ်းစင်ဖြင့် ဆောင်လာကြရသည်။ ၎င်းတို့၏ ဝမ်းတစ်ထွာအတွက် မဝယ်စားနိုင်ကြသူများ၊ ဈေးအနိမ့်ဆုံးယဇ်ကောင်ကို မဝယ်နိုင်ကြသူများစွာ လာကြ၏” — *The Desire of Ages*, p. 157။ ယဇ်ပုရောဟိတ်များသည် ထိုလူထုများအပေါ်/အတွက် “စာနာမှု၊ ညှာတာမှု” မရှိကြပါ။ “၎င်းတို့၏ သောကဝေဒနာများက ပုရောဟိတ်များ၏ နှလုံးသားကို သနားစိတ် မဖြစ်ပေါ်စေနိုင်ပါ” — p. 157။

ပုရောဟိတ်တို့၏ အခြားဘက်တွင်ကား ယေရှုသည် ဗိမာန်တော်သို့ကြွကာ “မတရားဖောက်ကားမှု” “သူဆင်းရဲတို့၏ စိတ်ဓာတ်ကျမှု” တို့ကိုမြင်၏။ Ellen G. White က ယေရှု၏တုံ့ပြန်မှုကို ဤသို့ဆို၏။ “ယေရှုသည် မြင်ကွင်းကိုရှုသည့်အခါ မခံမရပ်နိုင်ခြင်း၊ ဂုဏ်တော်၊ ဘုန်း

တော်များ ၎င်း၏မျက်နှာတွင် အထင်းသားပေါ်၏" — p. 157။ ဤမခံမရပ်နိုင်ခြင်းတွင် ခရစ်တော်၏ ဘုရားဇာတိသည် ၎င်း၏လူဇာတိတွင် ထိုးပေါက်ခဲ့သည်ဟု Ellen G. White က ဆို၏။ "မတရားဖောက်ကားကြသူများက" ခရစ်တော်ကို ရှုကြသည့်အခါ "ဘုရားရှေ့တွင် ၎င်းတို့၏လုပ်ရပ်များကို ထုချေရသကဲ့သို့ ခံစားကြရ၏" — p. 157, 158။ Ellen G. White က ယေရှု၏ "စားပွဲခုံကို မှောက်လှန်ခြင်းသည် ၎င်းမပြခဲ့ဖူးသည့် ဒေါနှင့်ပြတ်သားမှုများ ဖြစ်သည်" ဟုဆို၏။ — p. 158။

ဤဒေါသကို "ဗိမာန်တော်ဝန်ဆောင်မှု၏ မတရားမှုကြောင့် ဆင်းရဲသားများအပေါ် ခရစ်တော်၏ စာနာမှုကို မသိဘဲ" နှင့် သမာသမတ်ကျစွာ နားလည်နိုင်မည် မဟုတ်ကြောင်း သတိကပ်သင့်ပါသည် (p. 162)။ "၎င်း၏မျက်ဝန်းတွင် မျက်ရည်ဥကာ၊ ၎င်း၏ဝန်းကျင်တွင် ကြောက်ဒူးတုန်ကြသူများအား 'မကြောက်ကြနှင့်၊ သင်တို့ကို ငါကယ်မည်။ သင်တို့သည် ငါ့ကို ဘုန်းပွင့်စေကြလိမ့်မည်'" ဟုဆို၏ — p. 153။

ကျမ်းစာလာ ဤဖြစ်စဉ်ကို Ellen G. White က လှပစွာ ချယ်မှုန်းခဲ့ပြီး ဘုရား၏အမျက်သည် အဖိနှိပ်ခံရသည့် ၎င်း၏လူစုများအတွက် မေတ္တာအရင်းကြောင်းကို ပြ၏။ နိဂုံးကား ဤမခံမရပ်နိုင်ခြင်းသည် မတရားဖိနှိပ်ကြသူများအပေါ် တရားစီရင်ခြင်းအားဖြင့် လူအများကို ကယ်တင်ဖြစ်စေ၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

"Reflections on the wrath of God" ဆောင်းပါးတွင် Marvin Moore က ဘုရား၏ မတရားမှုကို ဖွေစစ်ပြ၏။ Moore က သာဓကတစ်ခုပေး၏။ ယင်းသည် ဤသို့ဖြစ်၏ — တစ်နေ့တွင် မိခင်တစ်ဦးသည် အိမ်နောက်ဖေးသို့ သွားသည့်အချိန် ၎င်း၏ဆယ်ကျော်သက်သမီးသည် ဦးလေး၏ သားမယားပြုကျင့်မှုကို ခံရကြောင်းကို တွေ့၏။ ထိုမိခင်သည် အိမ်ထဲဝင်ကာ ဆုတောင်းရမည်လော (သို့) သွား၍ အပြစ်နှင့်အပြစ်သားကို ရပ်တန့်ဖို့ဖြေရှင်းရမည်လော။" (*Journal of the Adventist Theological Society* 15, no. 2 [2004]: pp. 118–127, အထူးသဖြင့် pp 121, 122 ကိုရှုပါ။ https://digitalcommons.andrews.edu/jats/vol15/iss2/8)။ ဤသာဓကကို အာရုံသွင်းရင်းဖြင့် အောက်ပါအမေးများနှင့် လေ့ကျင့်ခန်းများကို ဆွေးနွေးပါ။

**၁။ ဘုရားသခင်သည် ၎င်း၏လူစုများအပေါ် မတရားစွာ ဖိနှိပ်ခံရသည်ကို မြင်သည့်အခါ မည်သို့စီမံသင့်သနည်း။ ဘုရားသည် အလွန်ဒေါသထွက်ဖြစ်နိုင်သလော။**

______________________________________________

______________________________________________

**၂။ ဘုရား၏အမျက်သည် ၎င်း၏မေတ္တာကို ပြခြင်းလော။ ရှင်းပြပါ။ ဘုရားသည် အပြစ်နှင့် အပြစ်သားကြား ကိုင်တွယ်သင့်သလော။ ဘာ့ကြောင့် သင့် (သို့) မသင့်သနည်း။**

______________________________________________

______________________________________________

သင်ခန်းစာ ၅။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၆

*ဖေဖော်ဝါရီလ ၁-၇

# တရားမျှတသည့် ဘုရား၏မေတ္တာတော်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဆာ ၃၃:၅၊ ဆာ ၈၅:၁၀၊ တရား ၃၂:၄၊ ယာ ၁:၁၇၊ တိတု ၁:၂၊ ထွက် ၃၂:၁၄၊ မ ၅:၄၃–၄၈။

**အလွတ်ကျမ်းချက်။ "ဝါကြွားသောသူ မည်သည်ကား၊ ငါသည် ချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားဖြစ်ကြောင်း တည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ"** (ယေ ၉:၂၄)။

ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသတွင် ၎င်းတို့၏ဘုရားများသည် အခြေအမြစ်မရှိရုံမကဘဲ ကလေးပူဇော်ခြင်းမျိုးကဲ့သို့သော ရက်စက်မှုကို တောင်းဆိုကြ၏။ သို့တိုင်လည်း ဘုရား၏မျက်နှာတော်ကို မရကြပါ။ ထို့ကြောင့် လူမျိုးစုအသီးသီးတို့၏ ဘုရားများကို နယ်မကျော်ရဲကြပါ။

တရား ၃၂:၁၇ အရ ထိုဘုရားများ၏ နောက်ကွယ်တွင် နတ်ဆိုးများရှိ၏ (၁ ကော ၁၀:၂၀၊ ၂၁ ကိုလည်းရှု)။ ၎င်းတို့ ဝတ်ပြုပုံများလည်း ဖျက်ဆီးခြင်းဘက်သို့ဦးတည်ပြီး လူထုကို သာသနာ့အမှောင်ထုတွင် ပိတ်မိစေ၏။

ကျမ်းစာတွင်လာသည့် ဘုရားသည် ထိုဘုရားများနှင့် သီးခြားကွဲပြား၏။ ယေဟောဝါဘုရားသည် ကောင်းမြတ်ပြီး ဂုဏ်တော်သည် မပြောင်းလဲပါ။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကြောင့် ကျွန်ုပ်တို့သည် ယခုနှင့် ထာဝရကာလတိုင် မျှော်လင့်ချက်ထားနိုင်၏။

ယေဟောဝါဘုရားသည် ရှေးကာလနှင့် ယခုကာလတွင်ပင် ဘုရားတုများနှင့် အလွန်ကွဲပြားကာ မတရားမှုများကို ဂရုထားပြီး အပြစ်မြင်၏။ အရေးပါဆုံးကား ၎င်းသည် တစ်နေ့တွင် ဒုစရိုက်အားလုံးကို လက်စတုံးပစ်မည်ဖြစ်၏။

*ဖေဖော်ဝါရီလ ၈ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

## မေတ္တာနှင့်တရားမျှတမှု

သမ္မာကျမ်းစာ တစ်အုပ်လုံးတွင် မေတ္တာနှင့်တရားမျှတမှုသည် ဒွန်တွဲလျက်ရှိ၏။ စစ်မှန်သည့်မေတ္တာတရားတွင် တရားမျှတမှု လိုအပ်၏။ စစ်မှန်သည့် တရားမျှတမှုသည်လည်း မေတ္တာရှိမှသာ ပေါ်လွင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ထို ၂ ခုကို ဒွန်တွဲ၍ မသုံးသပ်ခဲ့ဖူးကြပါ။ အကြောင်းမှာ လူသားများသည် ထို ၂ ခုကို ပြောင်းဆန်စေခဲ့၍ဖြစ်၏။

**ဆာ ၃၃:၅၊ ဟေရှာ ၆၁:၈၊ ယေ ၉:၂၄၊ ဆာ ၈၅:၁၀၊ ဆာ ၈၉:၁၄ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရား၏ တရားမျှတမှုအကြောင်း မည်သို့ဆိုထားသနည်း။**

---

---

ထိုကျမ်းချက်များက ဘုရားသည် တရားမှုကိုနှစ်သက်ကြောင်း ပြ၏ (ဆာ ၃၃:၅၊ ဟေရှာ ၆၁:၈)။ ကျမ်းစာအုပ်တွင် မေတ္တာနှင့် တရားမျှတမှုကို ခွဲခြမ်း၍မရရန် ဆက်ထား၏။ ဘုရား၏ မေတ္တာ ဘုရား၏ဖြောင့်မတ်ခြင်းတို့သည် ယှဉ်တွဲလျက်ရှိ၏။ ဤကမ္ဘာတွင်လည်း ဤသို့ပြုကျင့်ကြရန် လိုလား၏။

ကောင်းကျိုးမျှော်ကာ ပရောဖက်များက မတရားမှုများ၊ မတရားသည့် ဥပဒေ/ချိန်ခွင်၊ မတရားမှု၊ သူဆင်းရဲနှင့် မုဆိုးမများ (သို့) ကူကယ်ရာမဲ့သူများအပေါ် ဖိနှိပ်မှုများကို ရှုတ်ချကြ၏။ လူသားများက မတရားမှုများ ပြုလုပ်ကြငြား ဘုရားသည် အစဉ်ပင် "ချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြု၏" (ယေ ၉:၂၄)။ ကျမ်းစာတစ်အုပ်လုံးတွင် ဘုရားအပေါ် သစ္စာရှိကြသူများက ဘုရား၏ တရားစီရင်ခြင်းကို မင်္ဂလာဟု မြင်ကြ၏။ အကြောင်းမှာ ဒုစရိုက်မှုကျူးလွန်ကြသူများကို အပြစ်ပေးကာ ဖိနှိပ်ခံရသူများကို ကယ်သောကြောင့်ဖြစ်၏။

ဆိုရလျှင် ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းတို့သည် ဘုရားနိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်၏။ ဘုရား၏နိုင်ငံတော်သည် အတ္တတဏှာရှာကြသည့်၊ ချစားသည့်အစိုးရနှင့် လုံးလုံးခြားနား၏။ ဘုရားသခင်ထံတွင် "ကရုဏာနှင့်သစ္စာ ဆုံမိပြီ။ တရားနှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါး နမ်းကြပြီ" (ဆာ ၈၅:၁၀)။

ဘုရားသည် ကျွန်ုပ်တို့ထံမှမျှော်ကြောင်း ရှင်းရှင်းလင်းလင်း ဆိုထား၏။ "အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကိုနှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတစ်ပါး အဘယ်ပူဇော်သကာကို ထာဝရဘုရား တောင်းတော်မူသနည်း" (မိ ၆:၈)။ ဘုရား၏သိက္ခာတော်ကို ကျွန်ုပ်တို့ပြရမည်ရှိသော် မေတ္တာသည် ဗဟိုဖြစ်နေရပါမည်။ တရားမျှတမှုနှင့် ဂရုဏာတို့သည် ထိုမေတ္တာတော်မှ ထွက်လာ၏။

**ယခုတွင်လည်း လူတို့၏မတရားသည့် သာဓကများသည် အဘယ်နည်း။ ဘုရားသခင်သည် တစ်နေ့တွင် တရားစီရင်မည်ဟု ကျွန်ုပ်တို့သည် ဘာ့ကြောင့် မပြောဘဲနေနိုင်ရသနည်း။**

တနင်္လာနေ့

*ဖေဖော်ဝါရီလ ၃ ရက်*

## ဘုရားသခင်သည် လုံးလုံးကောင်းမွန်၊ ဖြောင့်မတ်၏

ဘုရားသခင်သည် လူသားတို့ကို မေတ္တာရှိကြ၊ သီလရှိကြရန် အလွယ်မိန့်ခြင်း မဟုတ်ပါ။ ၎င်းကိုယ်တိုင်သည် ထိုသိက္ခာတော်များနှင့် ပြည့်စုံ၏။ သမ္မာကျမ်းစာက ဘုရားသခင်သည် လုံးလုံးသန့်ရှင်းသည်၊ သစ္စာရှိသည်၊ ဖြောင့်မတ်သည်၊ မေတ္တာရှိသည်ဟု ဆိုထား၏။ ဘုရားသည် ကောင်းမြတ်သည့်အရာများကိုသာ စီရင်စီမံ၏။ အမှားကို ဘယ်အခါမျှ မစီမံပါ။

**တရား ၃၂:၄ နှင့် ဆာ ၉၂:၁၅ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရားသခင်၏ သစ္စာရှိမှု၊ ဖြောင့်မတ်မှုကို မည်သို့ပြသနည်း။**

---

ထိုကျမ်းချက်များနှင့် အခြားသောကျမ်းချက်များက ဘုရားသခင်သည် တရားသည်၊ မေတ္တာရှိသည် ဟုဆို၏ — “မတရားသောအမှုနှင့် ကင်းလွတ်သည်” (ဆာ ၉၂:၁၅ ကို ဆာ ၂၅:၈၊ ဆာ ၁၂၉:၄ တို့နှင့် ယှဉ်ပါ)။ ဘုရားသခင်သည် “မတရားသောအမှုကို ပြုတော်မမူ။ နံနက်အစဉ်အတိုင်း မိမိဖြောင့်မတ်ကြောင်းကို မချွတ်မယွင်း ဖော်ပြတော်မူ၏။ သို့သော်လည်း အဓမ္မလူတို့သည် ရှက်ကြောက်ခြင်းမရှိကြ” (ဇေ ၃:၅)။ ဘုရား၏သိက္ခာပုဒ်နှင့် မတရားမှုကို ခုံမင်ကြသူများကို နှိုင်းယှဉ်ပါ။

ဘုရားသခင်သည် လူတိုင်းအတွက် အကောင်းဆုံးကိုသိပြီး၊ အစဉ်အဆက် ဖြည့်ဆည်းပေး၏။

**ဆာ ၉:၇၊ ၈ နှင့် ဆာ ၁၄၅:၉–၁၇ တို့ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက ဘုရားအကြောင်း မည်သို့ဆိုထားသနည်း။**

---

သမ္မာကျမ်းစာတွင်လာသည့် ဘုရားသည် “တရားသဖြင့်စီရင်သော ဘုရားဖြစ်၏” (ဆာ ၇:၁၁)။ ၎င်းတွင် “မတရားသောအမှု” မကိန်းပါ (ဆာ ၅:၄)။ ၁ ယော ၁:၅ တွင် “ဘုရားသခင်သည် အလင်းဖြစ်တော်မူပြီး ၎င်း၌ မှောင်မိုက်အလျှင်းမရှိ” ဟုဆို၏။ ဘုရားသခင်သည် ကောင်းမြတ်ရုံသာ မဟုတ်ပါ။ ရှင်ယာကုပ် ၁:၁၃ တွင် “မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ” ဟုလာ၏ (ဟဗ ၁:၁၃ နှင့် နှိုင်းယှဉ်ပါ)။

အထက်ပါတို့တွင် ဘုရား၏ကောင်းမြတ်ခြင်းနှင့် ဘုန်းတော်တို့သည် ဖြတ်မရအောင် ဆက်နွှယ်၏။ အများစုက အာဏာပါဝါကို ဘုရားပြုချိန်တွင် ဘုရားသခင်သည် အာဏာပါဝါ ပိုင်ဆိုင်သူဖြစ်ပြီး ၎င်း၏သြဇာကိုကား တရားစွာဖြင့် အသုံးချ၏။ ရှင်မောရှေက ဘုရားအား “ကိုယ်တော်၏ဘုန်းကို” ပြစေခြင်းသည် အမှုမဲ့အမှတ်မဲ့သဘော မဟုတ်ပါ။ ဘုရားက “ငါ၏ကောင်းမွန်ခြင်း ရှိသမျှကို သင့်ရှေ့၌ ငါလျှောက်သွားစေမည်” ဟုဖြေ၏ (ထွ ၃၃:၁၈၊ ၁၉)။

**ကောင်းမြတ်သည့် ဘုရားသခင်သည် ဤလောကတွင် ဒုစရိုက်ကို အဘယ်ကြောင့် ကြီးစိုးခွင့်ပေးရသနည်း။ သင်၏အဖြေကို ဥပုသ်အတန်းတွင် ဆွေးနွေးပါ။**

အင်္ဂါနေ့

*ဖေဖော်ဝါရီလ ၄ ရက်*

## မပြောင်းမလဲသည့် ဘုရား၏သိက္ခာပုဒ်

**မာလ ၃:၆ နှင့် ယာ ၁:၁၇ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရား၏သိက္ခာပုဒ်တော်အကြောင်း မည်သို့ချပြသနည်း။**

---

---

မာလခိ ၃:၆ တွင် ဘုရားက "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ" ဟုမိန့်၏။ အချို့က အကြောင်းများ မည်သို့ဖန်ဖန်ပြောင်းလဲနေသော်လည်း ဘုရားသည် မပြောင်းလဲဟု ယူပြန်၏။ ကျမ်းချက်၏အလိုကား သီလပိုင်းတွင် မပြောင်းလဲခြင်းကို ဆိုလို၏။ နောက်ပါကျမ်းချက်များတွင် ဘုရားသည် အကြောင်းမီကာ ပြောင်းလဲသည်ဟု ပြ၏ — "ထို့ကြောင့် ယာကုပ်အမျိုးသားတို့ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။" နောက်ကျမ်းချက်တွင် ဘုရားက ၎င်း၏သားသမီးများအား "ငါ့ထံသို့ လာကြလော့။ ငါသည်လည်း သင်တို့ဆီကို ပြန်လာမည်" ဟုမိန့်၏ (မာလ ၃:၇)။

ထို့ကြောင့် ဘုရားသခင်သည် ၎င်းဖန်ဆင်းထားသည့် အရာများနှင့် အဆက်အဆံရှိ၏။ ဘုရား၏သိက္ခာတော်သည် တစ်သမတ်တည်းဖြစ်၏။ ဤအကြောင်း ယာ ၁:၁၇ တွင် အတည်ပြုထား၏။ ထိုကျမ်းပိုဒ်တွင် ကောင်းခြင်းနှင့်ပြည့်စုံသည့် လက်ဆောင်အားလုံး ဘုရားသခင်ထံမှလာပြီး အရောင်အသွေးမကွဲပြား ဟုဆို၏။ ဘုရားသခင်သည် အဓမ္မတရား၏ အရင်းအမြစ် မဟုတ်ပါ။

ဤကျမ်းချက်နှင့် အခြားကျမ်းချက်များတွင် ဘုရား၏သိက္ခာတော်သည် မပြောင်းလဲနိုင်ဟု ပြထား၏။ တစ်နည်းကား သမ္မာကျမ်းစာက ဘုရားသည် မပြောင်းလဲဟု သွန်သင်၏။ သို့တိုင်လည်း ဘုရားသည် လူသားတို့နှင့် အဆက်အဆံပြုနိုင်ပြီး ၎င်းကိုလက်ခံကြသူများထံ မေတ္တာ၊ တရားမျှတစွာဖြင့် ဆက်ဆံ၏။

**၂ တိ ၂:၁၃၊ တိ ၁:၂၊ ဟေဗြဲ ၆:၁၇၊ ၁၈ တို့ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက ဘုရားအကြောင်း မည်သို့ သွန်သင်ထားသနည်း။**

---

---

ဘုရားသည် ကိုယ့်ရှုံးကိုယ် မပတ်နိုင်ပါ။ ဘုရား၏ကတိသည် မပျက်နိုင်ပါ။ သမ္မာကျမ်းစာလာ ဘုရားသခင်သည် ယေရှုအားဖြင့် လက်ဝါးကပ်တိုင်တွင် ကျွန်ုပ်တို့အတွက် ကြည်ဖြူစွာ ပေးဆပ်ခဲ့သည်ဟု ကျွန်ုပ်တို့ စိတ်ချစွာနေနိုင်၏။ ကျွန်ုပ်တို့သည် ဟေဗြဲ ၁၃:၈ တွင် လာသည့်အတိုင်း — "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ" သောကြောင့် အနာဂတ်အတွက် စိတ်ချ၊ မျှော်ကိုး၍ရ၏။

**သင့်ဘဝတွင် အဆိုးကြုံငြား ဘုရား၏ကောင်းမြတ်ခြင်းအပေါ် သင် မည်သို့ကိုးစားနိုင်သနည်း။ ကပ်တိုင်ပေါ် အချိတ်ခံရသည့် ဘုရားသည် ၎င်း၏ကောင်းမြတ်ခြင်းတွင် သင့်ကို မည်သို့ အားကိုးဖြစ်စေသနည်း။**

*ဖေဖော်ဝါရီလ ၅ ရက်*

## နောင်တရသည့်ဘုရားလော

ဘုရားသည် "နောင်တ" ရတတ်သလော။ နောင်တရလျှင် ဘာကိုဆိုလိုခြင်းနည်း။ ဘုရားသည် မပြောင်းလဲတတ်ကြောင်း ကျွန်ုပ်တို့တွေ့ခဲ့ကြပြီး ဖြစ်၏။ မည်သို့ဆိုစေ ကျမ်းချက်အချို့က ဘုရားသည် "နောင်တရ" (သို့) "ညှာတာ" သည် ဟုပြ၏။ လူ့ဉာဏ်နုကြောင့် နောင်တတွင် အမှားပြုခြင်းကြောင့် ဟူသည့်အမှတ်ရှိ၏။ သို့နှင့် ကျမ်းအချို့တွင် ဘုရားသည် "နောင်တရသည်" ဟု ဆိုရသနည်း။

**ထွက် ၃၂:၁၄ ကို ဖတ်ရှုပြီး ယေ ၁၈:၄–၁၀ နှင့် ယှဉ်ပါ။ ဤကျမ်းချက်များက ဘုရား၏ "ညှာတာ" မှုကို မည်သို့ချပြသနည်း။**

---

---

ထိုကျမ်းချက်များနှင့် အခြားကျမ်းချက်များတွင် ဘုရားသခင်သည် လူတို့၏နောင်တရခြင်းကြောင့် တရားစီရင်ရန် ဖြေလျော့သည်ဟု ပြ၏။ ဘုရားက လူသားများ နောင်တရကြလျှင် တရားမစီရင်ဟု ကတိခံထား၏။ လူသားများ နောင်တရလျှင် ဘုရားသည် တရားမစီရင်သည့် တရားတော်သည် ကျမ်းစာတစ်အုပ်လုံးတွင်လာသည့် တရားတော်ဖြစ်၏။

**တော ၂၃:၁၉ နှင့် ၁ ရာ ၁၅:၂၉ တို့ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက ဘုရားသည် "ညှာတာ၊ မညှာတာ" (သို့) "နောင်တရ၊ မရ" သည်များကို မည်သို့ဆိုထားသနည်း။**

---

---

ထိုကျမ်းချက်များက ဘုရားသခင်သည် "နောင်တရအံ့သောငှာ လူဖြစ်တော်မမူ" (၁ ရာ ၁၅:၂၉)၊ "မုသားစကားကို ပြောအံ့သောငှာ လူသားဖြစ်တော်မူသည် မဟုတ်။ မိန့်တော်မူပြီးမှ၊ စကားတော်အတိုင်း မပြုဘဲနေတော်မူမည်လော။ ကတိတော် ထားတော်မူပြီးမှ၊ ကတိတော်မတည်ဘဲ နေတော်မူမည်လော" (တော ၂၃:၁၉) ဟုလာ၏။ ထိုကျမ်းချက်များမှ ဘုရားသည် "မညှာတာ" ဟု ယူ၍မရပါ။ ထို့အစား ဘုရားသည် လူသားများကဲ့သို့ "မညှာတာ၊" "နောင်တမရ" ဟုပြ၏။ ဘုရားသည် ၎င်း၏ကတိကို တည်၏။ လူတို့၏ နောင်တရမှုကြောင့် ၎င်း၏စီရင်ပြုပြင်မှု ပြောင်းလဲပြီး၊ ၎င်း၏ကောင်းမြတ်ခြင်းဖြင့်သာ ပြုပြင်စီရင်၏။ ဘုရားက လူသားများ နောင်တရခြင်းကြောင့် တရားမစီရင်ရခြင်းမှာ ၎င်း၏ကောင်းမြတ်သည့် မေတ္တာကရုဏာတော်အဟုန်ကြောင့်ပင်ဖြစ်၏။

**ဘုရားက "ညှာတာခြင်း" တွင် မည်သည့်တရား ပါရှိသနည်း။ ဤဝေါဟာရက ဘုရား၏ အပေးအယူကိစ္စတွင် ဘုရား၏မပြောင်းလဲခြင်းကို မည်သို့ချပြသနည်း။**

*ဖေဖော်ဝါရီလ ၆ ရက်*

## မေတ္တာနှင့်တရားမျှတမှုကို စွဲကိုင်ထားပါ

သမ္မာကျမ်းစာက "သင်၏ဘုရားသခင် ထာဝရဘုရားသည် မှန်သောဘုရား၊ သစ္စာစောင့်သောဘုရား၊ ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ပဋိညာဉ်တည်၍ ကရုဏာတော်ကို ပြသောဘုရား" ဟု တောက်လျှောက်သွန်သင်ထား၏ (တရား ၇:၉)။ ၎င်း၏ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်တို့ကို ယေရှုက ကပ်တိုင်တော်ထက်တွင် အဆုံးစွန်ပြခဲ့၏ (ရော ၃:၂၅၊ ၂၆၊ ရော ၅:၈)။ ဆာ ၁၀၀:၅ တွင် "ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက်တည်လေသတည်း" ဟုလာ၏ (ဆာ ၈၉:၂ နှင့် ယှဉ်ပါ)။ ဤသို့ဖြင့် ဘုရားသခင်သည် အားကိုးထိုက်သူဖြစ်၏။ ၎င်းသည် ၎င်း၏သားသမီးများကို လက်ဆောင်ကောင်းများကိုသာ ပေး၏ (ယာ ၁:၁၇ ကို လု ၁၁:၁၁-၁၃ နှင့်ယှဉ်ပါ)။ အမှန်ဆိုရလျှင် ၎င်းသည် ၎င်း၏ရန်သူများကိုပင် အကောင်းများကိုပေး၏။

**မဿဲ ၅:၄၃-၄၈ ဖတ်ရှုပါ။ ဤကျမ်းချက်က ဘုရား၏အံ့ဖွယ်မေတ္တာကို မည်သို့ဆိုထားသနည်း။ သခင်ယေရှု၏ သွန်သင်ချက်အရ ကျွန်ုပ်တို့သည် အခြားပုဂ္ဂိုလ်များကို မည်သို့ဆက်ဆံကြရမည်နည်း။**

---

မဿဲ အခန်းဝင် ၅ သည် ဘုရား၏မေတ္တာတော်သည် ပြီးပြည့်စုံသည် ဟုဆို၏။ မပြည့်စုံသည့်မေတ္တာကား သူကြင်မှ ကိုယ်ကြင်မည် ဟူသည့်မေတ္တာမျိုး ဖြစ်၏။ ဘုရားသည် ၎င်းကို ရန်သူများကိုပင် မေတ္တာရှိ၏။ ထို့ကြောင့် ၎င်း၏မေတ္တာသည် ပြည့်စုံကုံလုံ၏။

ဘုရား၏ သနားခြင်းမေတ္တာတော်သည် ဉာဏ်ပေါက်နိုင်သည်ထက် သာလွန်ငြား မတရားမှုကို မျက်ကွယ်မပြုပါ။ တရားမှုနှင့် သနားညှာတာမှုကို ပေါင်းပေးသေး၏ (ဆာ ၈၅:၁၀)။ ထို့အတူ ကျမ်းစာက "ကရုဏာတရား၊ ဖြောင့်မတ်ခြင်းတရားကို စောင့်ရှောက်၍ သင်၏ဘုရားသခင်ကို အစဉ်မပြတ်မျှော်လင့်လော့" (ဟော ၁၂:၆) ဟု နှိုးဆော်ထား၏။ အခြားဗားရှင်း(version)တွင် "ကရုဏာတရားနှင့် ဖြောင့်မတ်ခြင်းတရားတို့ကို ဖမ်းဆုပ်လော့" ဟု ပြန်ထား၏ (ဟော ၁၂:၆၊ လု ၁၁:၄၂ နှင့်ယှဉ်ပါ)။

နိဂုံးတွင် ဘုရားကိုယ်တိုင်သည် တရားသဖြင့်စီရင်ပါမည်။ ရော ၂:၅ က ၎င်း၏ "တရားတော်ထင်ရှားမည်" ဟု ဆိုထား၏။ နိဂုံးတွင် ကယ်တင်ခြင်းရကြသူများသည် "အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်ကို မကြောက်ရွံ့ဘဲ၊ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူ နေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့် စီရင်တော်မူခြင်း အရာတို့သည် ထင်ရှားသည်ဖြစ်၍ လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်" ဟု သီချင်းသီကြပါမည် (ဗျာ ၁၅:၃၊ ၄၊ ကို ဗျာ ၁၉:၁၊ ၂ နှင့် ယှဉ်ပါ)။

**ဟေရှာ ၂၅:၁ တွင် "အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်ကို မြှောက်စားပါမည်။ အံ့ဖွယ်သောအမှုတို့ကို ပြုတော်မူပြီ။ ရှေးအကြံတော်တို့သည် မရွေ့၊ သစ္စာနှင့်မြဲမြံကြပါ၏" ဟုဆို၏။ ကျွန်ုပ်တို့သည် အပူမိချိန်တွင် ဘုရားသခင်ကို မည်သို့ဖြင့် ချီးမွမ်းနိုင်မည်နည်း။ သင့်သြဇာသက်သည့်ဝန်းကျင်တွင် ဘုရားသခင်အား သင့်နေထိုင်မှုပုံစံဖြင့် မည်သို့ ချီးမြှောက်နိုင်မည်နည်း။**

# သောကြာနေ့

*ဖေဖော်ဝါရီလ ၇ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “God’s Love for Man,” pp. 9–15, in *Steps to Christ*.

“ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ ဂုဏ်တော်၊ သဘောတော် အကြောင်းကို ထင်ရှားစေ၏။ ဘုရားသခင် ကိုယ်တော်တိုင် အနန္တမေတ္တာတော်နှင့် ကရုဏာတော်အကြောင်းကို ဖော်ပြထားတော်မူခဲ့ပြီ။ မောရှေသည် ‘ကိုယ်တော်၏ ဘုန်းတော်ကို အကျွန်ုပ်အားပြတော်မူပါ’ ဟုတောင်းလျှောက်သောအခါ၊ ထာဝရဘုရားက ‘ငါ၏ကောင်းမွန်ခြင်းရှိသမျှကိုသင့်ရှေ့၌ ငါလျှောက် သွားစေမည်’ ဟု ပြန်၍မိန့်တော်မူ၏ (ထွက် ၃၃:၁၈၊၁၉)။ ဤအရာသည် ဘုရား သခင်၏ ဘုန်းတော် ဖြစ်ပေသည်။ ထာဝရဘုရားသည် မောရှေ၏ အရှေ့၌ ကြွသွားတော်မူ၍ ‘ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်း မေတ္တာ ကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်း၊ ကျေးဇူးတော်တရား ကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကြူးခြင်း၊ ပြစ်မှား ခြင်း အပြစ်တို့ကို ဖြေလွှတ်တော်မူ၏’ (ထွက် ၃၄:၆၊၇)။ ထာဝရဘုရား၌ ‘စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘောရှိတော်မူ၏’ (ယောန ၄:၂)။ ‘အကြောင်း မူကား ကိုယ်တော်သည် ကရုဏာ၌ မွေ့လျော်သောကြောင့်တည်း’ (မိက္ခာ ၇:၁၈)။

“ကောင်းကင်မြေကြီးပေါ်ရှိ မရေမတွက်နိုင်သော လက္ခဏာသက်သေများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို မိမိထံတော်သို့ဆွဲငင် တုပ်နှောင်တော်မူ၏။ လူတို့၏စိတ်နှလုံးဖြင့် သိရှိနိုင်သော သဘာဝ၏ ဝတ္ထုပစ္စည်းများနှင့် အနက်နဲဆုံး၊ နူးညံ့သိမ်မွေ့ဆုံးသောလောကချည်နှောင်ဆက်သွယ်ရာများအားဖြင့် ဘုရာသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ထင်ရှားဖော်ပြ တော်မူရန် ကြံစည်တော်မူခဲ့ပြီ။ သို့ရာတွင် ဤအရာများအားဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို စုံလင်စွာမထင်ရှားစေနိုင်သေးပါ။ ဤသက်သေလက္ခဏာအပေါင်းတို့ကို ထင်ရှားစွာဖော်ပြထားတော်မူသော်လည်း လူတို့သည်ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မြော်ကြည့်လျက် ကိုယ်တော်သည် ပြင်းထန်၍ အပြစ် လွှတ်တော်မမူသော ဘုရားဖြစ်သည်ဟု ထင်မြင်ကြမည်အကြောင်း ကောင်းမြတ်သောအရာ၏ ရန်သူသည်လူတို့၏ စိတ်သဘောကို အမိုက်အမှောင်နှင့် ဖုံးလွှမ်းစေ၏။ လူတို့ သည် ဘုရားသခင်အား ခက်ထန်ကြမ်းကြုတ်သောတရားသူကြီး၊ စေ့စပ်သေချာ၍ ကြမ်းတမ်းသောမြီရှင်ကဲ့သို့ထင်မှတ်စေရန် စာတန်သည်လူများကို သွေးဆောင်တတ်၏။ ဖန်ဆင်းရှင်သည် လူများတို့အား တရားစီရင်နိုင်မည့်အကြောင်း ငြူစူသောမျက်နှာထားနှင့် လူတို့၏မှားယွင်းချက် များ၊ ယိုယွင်းချက်များတို့ကို စစ်ဆေးရှာဖွေရန် ချောင်းမြောင်းလျက်နေသောသူကဲ့သို့စာတန်ကသရုပ်ပေါ် အောင် ဖော်ပြ၏။ ဘုရားသခင်၏အနန္တမေတ္တာတော်ကို လောကအားဖော်ပြခြင်းဖြင့် ဤမှောင်ရိပ်ကို ဖယ်ရှား ဖို့ရန် သခင်ယေရှုသည် လူတို့ အထဲ၌လာရောက် နေထိုင်ခဲ့၏။” — Ellen G. White, *Steps to Christ*, pp. 10, 11။

**ဆွေးနွေးရမည့်မေးခွန်းများ**

၁။ဘုရား၏ဂုဏ်တော်သည် ၎င်း၏ကောင်းမြတ်ခြင်းတွင် အခြေတည်ကြောင်း အသိအမှတ်ပြုရန် အဘယ်ကြောင့် အရေးပါသနည်း။ ဘုရားသခင်၏မေတ္တာနှင့် သိက္ခာတော်ကို အရာမသွင်းဘဲ တန်ခိုးကို အရာပေးသည့် ဘုန်းတော်နှင့်ဆိုင်သည့် တရားတော်သည် မည်သို့ဖြင့် မှန်ကန်မှုရှိစေသနည်း။

၂။ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သင် သံသယဖြစ်ဖူးသလော။ လောကတွင် ဖြစ်ပေါ်နေသည့် အနိဋ္ဌာရုံများကြောင့် ဘုရားသခင်ကို ယုံကြည်သူဟု ဆိုကြသူများက ဘုရား၏ကောင်းမြတ်ခြင်းကို သံသယဖြစ်သူများ သင်သိမိသလော။ ဤမေးခွန်းကို သင့်ကိုယ်သင် မေးဖြစ်ဖူးသလော။ ဘုရား၏ ကောင်းမြတ်ခြင်းအပေါ် သို့လောသို့လော(မောဟ) ဖြစ်သူများကို သင် မည်သို့ကူညီနိုင်မည်နည်း။ နောက်အပတ်သင်ခန်းစာကို ရှုပါ။

၃။ဥပုသ်စာဖြေအတန်းတွင် တနင်္လာနေ့သင်ခန်းစာရှိမေးခွန်းကို ပြန်၍အစထုတ်ပါ။ အကောင်းအဆိုး မဟာတိုက်လှန်ပွဲ အမှန်ပင်ရှိနေခြင်းက ယခုတွင်ရှိနေသည့် ဒုစရိုက်များကို ကျွန်ုပ်တို့အား မည်သို့တရားရစေသနည်း။

## မထားခဲ့ပါနှင့်

Andrew McChesney ရေးသားသည်

အမေရိကန်သာသနာပြု Joanne (Park) Kim သည် မွန်ဂိုလီးယားနိုင်ငံ၊ Ulaanbaatar မြို့ရှိ သူမ၏အငှားအိမ်သို့ ပြန်လာ၏။ ဆောင်းရာသီသည် အေးလှ၏။ နေ့လည်ခင်းအပူချိန်သည် -၄ဝ ဖာရင်ဟိုက် ဖြစ်သည်။

သို့နှင့် Joanne သည် လမ်းဘေးတွင် မှောက်နေသည့် အရက်သမားကို မြင်၏။ သူမသည် မွန်ဂိုလီးယားတွင် အရက်သမားများ၏ တိုက်ခိုက်မှုကို အကြိမ်ကြိမ်ကြုံခဲ့ရ၏။ သူမသည် မရပ်လိုပါ။ ထိုသူသည် သူမအား တိုက်ခိုက်လျှင် မည်သို့ပြုရမည်နည်း။ သူမလည်း ထိုသူကို ကျော်ဖြတ်ရန် ဆက်လျှောက်၏။ ထို့နောက် ရပ်လိုက်၏။ အသံသေးသေးလေးက "မထားခဲ့နဲ့" ဟုဆို၏။

Joanne ထိုသူကို ကူရမည်လောဟု စိတ်ထွေနေ၏။ သူမက "ဘုရား၊ သူက ကျွန်မထက် ၂ဆကြီးတယ်။ သူ့ကို ဘယ်လိုကူရမှာလဲ" ဟုဆို၏။ သူမလည်း ဘေးဘီကိုပတ်ကြည့်၏။ လမ်းရှင်းနေ၏။ မြင်ကွင်းတွင် မည်သူမျှမရှိ။ Joanne လည်း လူစိမ်းကို ကြည့်ပြန်၏။ "ငါမကူရင် သူတော့သေမှာပဲ။ သူ့ခန္ဓာတော့ နာရီပိုင်းအတွင်း အေးခဲသွားမှာ" ဟုဆို၏။

သူမလည်း ပတ်ဝန်းကျင်တွင် အဆောက်အဦများကို တွေ့၏။ အိမ်တိုင်း ပထမထပ်တွင် ညစောင့်အတွက် အခန်းတွဲပါ၏။ ထို့ကြောင့် အခန်းသည်နွေး၏။ အနီးဆုံးတိုက်သည် ပေ ၁,ဝဝဝ ဝေး၏။ Joanne "ကောင်းပြီ ဘုရား၊ သူ့ကိုခေါ်သွားပါ့မယ်" ဟုဆို၏။ သို့နှင့် ထိုသူကိုခေါ်နိုင်ရန် ခွန်အားတောင်း၏။ ၎င်းကို အဆောက်အဦသို့ တွဲခေါ်နိုင်ခဲ့၏။ ၎င်းကို အဝင်ဝတွင် ထားပြီးနောက်တွင် နောက်ဆုတ်ကာ ၎င်းကိုပြန်ကြည့်၏။ သူမတွင် သနားစိတ်ဝင်လာ၏.

ဤအဖြစ်က Joanne ၏ အမှုတော်ကို လမ်းကျောင်းပေး၏။ သူမသည် တိုက်ခိုက်သူများကို မခံပြင်းတော့ပါ။ သူမလည်း ယေရှုကဲ့သို့ မေတ္တာစိတ်ရှိလာ၏။

Joanne သည် ၁၉၉၂ မှ ၁၉၉၈ ခုနှစ်များတွင် Ulaanbaatar ၌ အသင်းတော် ဖွဲ့စည်းဖြစ်ရေးတွင် ပါဝင်ခဲ့၏။ သူမသည် ၂ဝ၁၇ တွင် တစ်ဖန်ပြန်ရောက်လာကာ မွန်ဂိုလီးယားရှိ အသင်းတော်အတွက် ပညာရေးနှင့် ဖွံ့ဖြိုးရေးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်၏။ လက်ရှိကာလတွင်ပင် သူမအား တိုက်ခိုက်မှုများ ရှိဆဲဖြစ်၏။ သို့သော် ဘုရားနှင့် ဘုရား၏လူတို့ကို ချစ်သည့် သူမ၏စိတ်သည် မယိမ်းယိုင်ပါ။ သူမက "စာတန်ဟာ လက်မလျှော့ဘူး။ ကျွန်မက အလုံထိုးနိုင်မှန်း သူသိတယ်။ ဒါပေမယ့် ဘုရားက ကျွန်မကို မွန်ဂိုစကားပြောတတ်စေတယ်၊ စိတ်လည်းပြောင်းစေခဲ့တယ်။ ဘုရားက ကျွန်မကို အချိန်တိုင်း တိုက်ခိုက်တဲ့ အရက်သမားတွေကိုလည်း ချစ်တယ်။ အဲဒါကြောင့် ကျွန်မလည်း သူတို့ကို ပြန်ပြီးမေတ္တာပြ၊ ကူညီရမယ်" ဟုဆို၏။



သင်လည်း မွန်ဂိုးလီးယားနိုင်ငံ၊ Ulaanbaatar တွင် ကလေးသူငယ်များ အကျိုးအတွက် ပြုလုပ်မည့်စင်တာ ဆောက်လုပ်ရေးအတွက် ယခုသုံးလပတ် (၁၃) ပတ်မြောက် ဥပုသ်အလှူငွေဖြင့် ပါဝင်နိုင်ပါသည်။ Joanne ၏အကြောင်း နောက်အပတ်တွင် ဆက်လက်ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ယေ ၉:၂၄

**လေ့လာမှုဦးတည်ချက်များ။** ဆာ ၃၃:၅၊ ယေ ၁၈:၇-၁၀၊ မာလ ၃:၆၊ ယာ ၁:၁၇။

**နိဒါန်း။** ။ ကျမ်းစာတစ်အုပ်လုံးတွင် ဘုရား၏မေတ္တာနှင့် တရားခြင်းသည် ၎င်း၏သိက္ခာပုဒ်များ ဖြစ်ကြ၏။ ထိုသိက္ခာပုဒ်များက တရားခြင်း၊ ဖြောင့်မှန်ခြင်းအပေါ် ၎င်း၏အာရုံထားမှုကို ပြ၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။

၁။ မေတ္တာနှင့် တရားမျှတခြင်းတို့သည် လက်တွဲညီကြ၏။ ကျွန်ုပ်တို့က ယင်းတို့ကို မတွဲဖြစ်ကြငြား ကျမ်းစာက မေတ္တာစစ်တွင် တရားမျှတမှုလိုအပ်၏။ တရားမျှတခြင်းကို မေတ္တာက ထိန်းကျောင်းပေးရ၏။ အခြားတစ်ဘက်တွင် တရားခြင်းမပါသည့် သကာလွှမ်းသည့်မေတ္တာသည် ဒုစရိုက်သို့ဦးတည်၏။ မေတ္တာမပါသည့် တရားစီရင်ခြင်းတွင် သင်ပုန်းကြီးဝါဒ ပါဝင်၏။ ထို့ကြောင့် စစ်မှန်သည့်မေတ္တာနှင့် တရားခြင်းက ဘုရား၏ပြီးပြည့်စုံသည့်ဂုဏ်ကို ဆောင်၏။ ဘုရားသည် တရားခြင်းကိုလိုလားပြီး ဤကမ္ဘာတွင်လည်း ကျင့်သုံးကြသည်ကို မြင်လို၏။

၂။ မေတ္တာလွှမ်းသည့် တရားမျှတခြင်းတွင် မြဲမြံခြင်းလိုအပ်၏။ တရားမျှတမှုသည် ဘုရား၏အုပ်ချုပ်မှု၏ အုတ်မြစ်ဖြစ်၏။ ဘုရား၏ စီမံမှုများသည် သစ္စာသမ္မာဓိတွင် အခြေတည်ပြီး ရောက်တတ်ရာရာစီရင်မှု၊ မတရားပြုမှုအပေါ် အခြေမပြုပါ။ ဘုရား၏တရားမျှတပုံသည် ၎င်း၏မပြောင်းမလဲ၊ မုသားမဆိုသည့် ပကတိဖြစ်တည်မှုမှ ထွက်လာ၏။ သမ္မာကျမ်းစာက ဘုရား၏မပြောင်းလဲသည့်သဘောကို ပြဆိုငြား ၎င်း၏အဆုံးအဖြတ်များသည် လူတို့၏ပိုင်းဖြတ်မှုများကိုမှီကာ အပြောင်းအလဲရှိကြောင်း ပြထား၏။

၃။ မေတ္တာလွှမ်းသည့် တရားမျှတခြင်းတွင် နောင်တရခြင်းပါဝင်၏။ သမ္မာကျမ်းစာတွင် ဘုရားသခင်သည် မုသားမဆိုကြောင်း ကျွန်ုပ်တို့ များစွာတွေ့ရ၏။ ဓမ္မဟောင်းကျမ်းများတွင် လူတို့၏အမှားကျူးလွန်မှုများကြောင့် တရားမစီရင်ခဲ့သည်ကို နောင်တရကြောင်း များစွာတွေ့ရ၏။ ဘုရား၏သနားမှုသည် ၎င်း၏တရားစီရင်ခြင်းကို အလကား မုသားဆိုခြင်းမဟုတ်ဘဲ လူသားများ နောင်တရကြကာ ၎င်းနှင့် မိတ်သဟာယပြုကြလျှင် စိတ်ပြောင်းခြင်းဖြစ်၏။

**လက်တွေ့အသုံးချခြင်း။** ဘုရား၏လူစုတို့သည် ဘုရားကိုလက်ခံ (သို့) ငြင်းပယ်ရန် ဆုံးဖြတ်ကြသည့်အခါ ဘုရားသည် စိတ်ပြောင်းမည်ကို အာရုံသွင်းကာ ကျွန်ုပ်တို့သည် ဤကမ္ဘာတွင် မတရားမှုများ ကျူးလွန်နေချိန်တွင် ဘုရား၏မေတ္တာလွှမ်းသည့် တရားမျှတမှုကို ကျွန်ုပ်တို့ မည်သို့ရောင်ပြန်ဟပ်နိုင်ကြမည်နည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**၁။ မေတ္တာနှင့် တရားမျှတမှုတို့သည် လက်တွဲညီကြ၏။**

လူများစွာက မေတ္တာနှင့် တရားမျှတမှုတို့သည် သီးခြားစီဖြစ်ကြသည်ဟု မှတ်ကြ၏။ ဤရှုထောင့် မှရှုပါလျှင် ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် တရားမျှတရင်း မချစ်နိုင်ပါ။ ဤရှုထောင့်တွင် မေတ္တာတရားသည် ပျော့ပျောင်း (သို့) တရားမျှတခြင်းက တောင်းဆိုချက်တွင် မှုန်ဝါး၏။ အခြားဘက်တွင်ကား တရားခြင်းတွင် ပန်းတိုင်ရှိ၏။ မကြင်နာပါ။ ဤသို့လျှင် သနားသက်ညှာသည့် လက္ခဏာများကို ပထုတ်ထား၏။

ဤအမြင်သည် မေတ္တာနှင့် တရားမျှတခြင်းကို ခွဲခြမ်းရာတွင် တစ်ခုတည်းသောနည်း မဟုတ်ပါ (အကောင်းဆုံးလည်း မဟုတ်ပါ)။ အမှန်ဆိုရလျှင် သမ္မာကျမ်းစာတွင် မေတ္တာနှင့် တရားမျှတခြင်းတို့ကို မကန့်ထားဘဲ ဘုရား၏သိက္ခာပုဒ်အဖြစ်ပင် ပြထားသေး၏။ ကျမ်းစာရှုထောင့်တွင် ပုဂ္ဂိုလ်တစ်ဦးသည် ထို ၂ ခုမှ တစ်ခုခုကို ချန်ထား၍မရ ဟုဆို၏။ တရားမျှတခြင်းမရှိသည့် ဟန်ဆောင်မေတ္တာသည် စည်းခြားခြင်းသာဖြစ်ပြီး၊ မေတ္တာမပါသည့် တရားမျှတခြင်းသည်လည်း သင်ပုန်းကြီးသဘောသာ ဖြစ်၏။ သမ္မာကျမ်းစာတွင် ဘုရား၏သိက္ခာပုဒ်ကို တစ်ဆင့်တက်ပြသေး၏။ ဘုရားသည် မေတ္တာနှင့် တရားမျှတခြင်းကို ပေါင်းစည်းရုံမဟုတ်၊ တရားမျှတခြင်းကို အကယ်ပင်လိုလား၏ (ဆာ ၃၃:၅၊ ဟေရှာ ၆၁:၈)။

တရားမျှတခြင်းသည် ဟေဗြဲဝေါဟာရတွင် mišpāt ဖြစ်ပြီး (ဆာ ၃၃:၅၊ ဟေရှာ ၆၁:၈) စနစ်ကျသည့် အုပ်ချုပ်ရေးယန္တရားကို ဆိုလို၏။ Robert Culver က ဒီမိုကရေစီအစိုးရက ဥပဒေပြဌာန်းခြင်း၊ တရားရေး၊ ဥပဒေစိုးမိုးခြင်းတို့ကို ခွဲခြမ်းထား၏။ mišpāt သည် “တရားစီရင်ခြင်း” ကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ “အုပ်ချုပ်ရေးယန္တရား တစ်စုံလုံးကို ဆိုလိုသည်” ဟုဆို၏။ ဤရှုထောင့်မှနေကာ လုပ်ငန်းတွင် ခွဲခြမ်းထားခြင်းမရှိသည်မှန်လျှင် ကျမ်းစာခေတ်ကာလရှိ အုပ်ချုပ်သူများသည် ဥပဒေများထက် အုပ်ချုပ်သူကို အထူးဆိုနေကြောင်း တွေ့ရ၏။ အုပ်ချုပ်သူသည် “တရားစီရင်ပိုင်ခွင့်” ရှိ၏။ တစ်နည်းကား အုပ်ချုပ်သူသည် ဥပဒေပြဌာန်းရုံမက ဥပဒေစိုးမိုးရေးပါ လုပ်ဆောင်သည်ဟု ဆိုလို၏။

သာဓကအနေဖြင့် ဒါဝိဒ်သည် ရှောလုနှင့်ရင်ဆိုင်ရခိုက်တွင် ဘုရားအား တရားသူကြီးပြု၏။ ဒါဝိဒ်သည် တရားစီရင်ခြင်းကိုသာ အာရုံထားခြင်း မဟုတ်ဘဲ တရားရုံးမှ ကွင်းလုံးကျွတ်ရေးကို ဆိုခြင်းဖြစ်၏ — “ထာဝရဘုရားသည် တရားသူကြီးလုပ်တော်မူပါစေသော။ ကျွန်တော်နှင့် ကိုယ်တော်စပ်ကြားမှာ စီရင်တော်မူပါစေသော။ ကြည့်ရှု၍ ကျွန်တော်အမှုကိုစောင့်သဖြင့်၊ ကျွန်တော်ကို ကိုယ်တော်လက်မှ ကယ်လွှတ်တော်မူပါစေသောဟု ရှောလုအား လျှောက်ဆို၏” (၁ ရာ ၂၄:၁၅)။ — Robert D. Culver, “2443 (copy)” in *Theological Wordbook of the Old Testament*, ed. R. Laird Harris, Gleason L. Archer Jr., and Bruce K. Waltke (Chicago: Moody Press, 1980), p. 948။

တရားမျှတခြင်းကို ဤသို့ ကျယ်ပြန့်စွာနားလည်ကာ ဘုရားသည် တရားမျှတခြင်းကို လိုလားသည်ဟု ဆိုရာတွင် အချက် ၂ ချက် စစ်ထုတ်ရန်ရှိ၏။ ပထမကား ဘုရား၏ တရားမျှတခြင်းသည် ဥပဒေကို လိုက်လျှောက်ရုံမဟုတ်ဘဲ ၎င်း၏စိတ်ရင်းသိက္ခာပုဒ်တော်နှင့် ဆိုင်ခြင်းဖြစ်၏။ ဒုတိယကား ဘုရားသည် တရားမျှတခြင်းကို ပြဌာန်းရုံမဟုတ်ဘဲ အနားတတ်ရန်လည်း ဆန္ဒရှိ၏။

**၂။ မေတ္တာလွှမ်းသည့် တရားမျှတခြင်းတွင် မြဲမြံခြင်းလိုအပ်၏။**

တရားမျှတမှုသည် ကောင်းသည့်တရားစီရင်ခြင်းပြုသည့် အစိုးရကိုဆိုလိုလျှင် အုပ်ချုပ်သူဘက်မှ သွေးဆူဆူဆုံးဖြတ်မှုမျိုးကို ပထုတ်ထားရပါမည်။ ထို့ကြောင့် တရားမျှတခြင်းတွင် မြဲမြံခြင်းလိုအပ်၏။ ဘုရားသခင်၏ သစ္စာတရားကိုပြသည့် အဓိကကျမ်းချက် ၂ချက် ဓမ္မဟောင်းနှင့် ဓမ္မသစ်တွင်လာ၏။ ဘုရားသခင်၏ သစ္စာမြဲပုံအကြောင်း ခရစ်ယာန်ဓမ္မဗေဒတွင် ဒဿနဆန်စွာ မနည်းမနော ပြသော်လည်း မာလ ၃:၆ နှင့် ယာ ၁:၁၇ တို့က ဘုရား၏သစ္စာတရားကို သက်သေထူထား၏။ အထူးဆိုရလျှင် ဘုရားသည် သစ္စာမြဲသည်၊ မပြောင်းမလဲဖြစ်၏။

မာလခိ ၃ သည် ဘုရား၏တရားမျှတခြင်းကို ဖော်ကြူး၏။ ထိုအခန်းဝင်က ဘုရား၏ တရားမျှတမှုကို မေးထား၏။ မာလ ၂:၁၇ တွင် "စစ်ကြောစီရင်တော်မူသော ဘုရားသခင်ကား အဘယ်မှာနည်း" ဟုဆို၏။ တစ်နည်းကား ဒုစရိုက်ပြုသောသူတို့ မည်သို့ဖြစ်ကြမည်နည်း ဖြစ်၏ (မာလ ၂:၁၇)။ ဤအမေးကို မာလ ၃ တွင် "လာတော်မူသောနေ့ရက်ကို အဘယ်သူသည် မတိမ်းမရှောင်ဘဲ နေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရပ်လိမ့်မည်နည်း" (မာလ ၃:၂) ဟု တရားစီရင်မည်ကို ပြထား၏။ တရားစီရင်ခြင်းသည် ဘုရားသခင်၏လူစု၏ သမိုင်းဆိုးကို အာရုံထားခဲ့ပြီး ယင်းသည် နောင်တရကြရန် နှိုးဆော်ခြင်းဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏ အနာဂတ်တွင်ရှိမည့် တရားစီရင်ခြင်းသည် အပြုသဘောဆောင်၏။

အပြုသဘောဆောင်ခြင်းကိုမှီကာ ဘုရားသခင်သည် သစ္စာမြဲကြောင်း၊ ယင်းသည် ၎င်း၏လူစုများ ဖျက်ဆီးမခံရသည့် အကြောင်းရင်းဖြစ်၏ (မာလ ၃:၆)။ ဘုရားသခင်၏ မပြောင်းလဲခြင်းကို *New English Translation Bible* က "ငါ၊ ဘုရားသည် မိမိကတိသို့ ပြန်၍မလည်" ဟု ပြန်ထားပြီး၊ သစ္စာမြဲခြင်းကိုပြ၏။ မာလ ၃:၇ လည်း (ငါ့ထံသို့ ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ ပြန်လာမည်) ဘုရား၏ အပြုသဘောဆောင်သည့် စိတ်ပြောင်းမှုကို ပြထား၏။ ယင်းသည် လူထု၏နောင်တရမှုကိုမှီကာ ပြောင်းလဲလိုသည့်စိတ်ထား ဖြစ်၏။

ယာ ၁:၁၇ တွင် ဘုရားသခင်၏ သစ္စာမြဲပုံကို ပြထား၏။ ယာ-၁ က ဘုရားသခင်က စုံစမ်းခြင်းများ မပြုလုပ်ဟု ပြထား၏။ ဘုရားသည် ကောင်းသည့်လက်ဆောင်များကို အစဉ်ပေးကမ်းသည် ဟုဆို၏။ ထို့ကြောင့် ဆုနှင့်တုတ် ပေါင်းမည့်အစား ဆုကိုသာ မြဲစွာပေး၏။ "ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်၏" (ယာ ၁:၁၇)။ ဘုရားသခင်သည် အလင်းကိုဖန်ဆင်းသူ၊ မပြောင်းလဲသူဖြစ်ကြောင်း ဆာ ၁၃၆:၇-၉ တွင် ပြထား၏ — "ကရုဏာတော် အစဉ်အမြဲတည်" ကြောင်း ထပ်ခါထပ်ခါ ဆိုခြင်းဖြစ်၏။ ဤကျမ်းချက်တွင် ဆာလံဆရာက ဘုရားသခင်၏ ဖန်ဆင်းခြင်း ဘုန်းတန်ခိုးနှင့် မြဲမြံခြင်းကိုပြ၏ — "ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊ အလင်းအိမ်ကြီးတို့ကို ဖန်ဆင်းတော်မူထသော၊ ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊ နေ့ကိုအုပ်စိုးရသော နေကိုလည်းကောင်း၊ ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊ ညကိုအုပ်စိုးရသော လနှင့် ကြယ်များကိုလည်းကောင်း ဖန်ဆင်းတော်မူထသော" (ဆာ ၁၃၆:၇-၉)။

**၃။ မေတ္တာလွှမ်းသည့် တရားမျှတခြင်းတွင် နောင်တရခြင်းပါဝင်၏။**

ဓမ္မဟောင်းကျမ်းတွင် ဘုရား၏နောင်တရပုံကို မတူကွဲပြားစွာ ပြထား၏။ တော ၂၃:၁၉ တွင် (“ဘုရားသခင်သည် မုသားစကားကိုပြောအံ့သောငှာ လူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့သောငှာ လူသားဖြစ်တော်မူသည်မဟုတ်။ မိန့်တော်မူပြီးမှ၊ စကားတော်အတိုင်း မပြုဘဲနေတော်မူမည်လော။ ကတိထားတော်မူပြီးမှ၊ ကတိတော်မတည်ဘဲ နေတော်မူမည်လော”)၊ ၁ ရာ ၁၅:၂၉ တွင် (“ထိုမှတစ်ပါး ဣသရေလအမျိုး၏အစွမ်းသတ္တိဖြစ်သော ဘုရားသည် မုသားသုံးခြင်း၊ နောင်တရခြင်းနှင့် ကင်းလွတ်တော်မူ၏။ နောင်တရအံ့သောငှာလူဖြစ်တော်မမူ”) ဟုလာပြီး ဘုရား၏ မြဲမြံသည့်သဘောကို ပြ၏။ ဤကျမ်းချက်များ၏ ပဓာနတရားကား ဘုရားသခင်သည် မုသားမဆို ဖြစ်ပြီး ယင်းသည် တိ ၁:၂ နှင့် ဟေဗြဲ ၆:၁၈ တွင်လာသည့် ဘုရားသခင့်အကြောင်းနှင့် ဆီလျော်၏။

အခြားဘက်တွင် ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ဒုစရိုက်ပြုလုပ်သူများအပေါ် တရားမစီရင်ပုံကို ပြထား၏။ အသိသာဆုံးကား ယောနဝတ္ထု (၃:၁၀) တွင် ဘုရားသခင်သည် နိနဝေမြို့သားများအပေါ် မေတ္တာထားကြောင်း၊ ယောနက အခန်း ၄ တွင် ဘုရား၏နောင်တရမှုအပေါ် သဘောမတူကြောင်းများ တွေ့ရ၏။ ယောနက ဘုရားသခင်သည် နိနဝေမြို့ကို တရားစီရင်မည့်အကြောင်း မဟောကြားလိုကြောင်း ရှင်းထား၏ “ယောနသည် အလွန်စိတ်ညစ်၍ အမျက်ထွက်သဖြင့်၊ အို ထာဝရဘုရား၊ အကျွန်ုပ်တောင်းပန်ပါ၏။ အကျွန်ုပ်သည် ကိုယ်ပြည်၌ရှိစဉ်၊ ဤသို့ပြောပါပြီမဟုတ်လော။ ထို့ကြောင့်၊ ကိုယ်တော်ထံမှ တာရှုမြို့သို့ ကြိုးစား၍ ပြေးပါ၏။ ကိုယ်တော်သည် သနားစုံမက်တတ်သောဘုရားဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏” (ယောန ၄:၁၊ ၂)။

ယောန ၄:၂ တွင် ဘုရားသခင်၏ စိတ်ဖြေလျှော့မှုအပေါ် မအံ့သြရန် အကြောင်းရင်း ၃ ချက် ပြထား၏။ ပထမကား ယောနကိုယ်တိုင်က မည်သို့ဖြစ်ပျက်မည်ကို အစမှပင် သင်္ကာမကင်းပါ။ ဘုရားသခင်၏ သနားတတ်ခြင်းကို အကြောင်းပြုကာ ယောနသည် တာရှုမြို့သို့ ရှောင်ပုန်းခဲ့၏။ ဒုတိယကား ဘုရားအကြောင်း ယောနဆိုပုံက ထွက် ၃၂:၁၄၊ ထွက် ၃၄:၆၊ ၇ တို့တွင်လာသည့် ဣသရေလတို့သည် ဘုရားကအပြစ်ပေးရမည်ကို နောင်တရရသည့် အကြောင်းရင်း ဖြစ်ရသည့်အကြောင်း ထင်ဟပ်ပြ၏။ ဘုရားသည် ဣသရေလတို့ကို အပြစ်မပေးသည့်နည်းတူ နိနဝေမြို့သားများကို အပြစ်မပေးပါ။ တတိယကား ဤသို့သော စိတ်ပြောင်းလဲမှုသည် ၎င်းကြေငြာခဲ့သည့် အကြောင်းသည် မုသားဆိုခြင်း မဟုတ်ပါ။ ဥပမာ ယေ ၁၈:၇-၁၀ တွင် ဤသို့လာ၏ “အကြင်တိုင်းနိုင်ငံကို နုတ်ပယ်ဖြိုချ ဖျက်ဆီးခြင်းငှာ ငါအမိန့်တော်ရှိ၏။ ငါ့အမိန့်တော်နှင့် ဆိုင်သော ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကို စွန့်ပစ်လျှင်၊ ငါကြံစည်သောဘေးဒဏ်ကို ငါနောင်တရမည်။ အကြင်တိုင်းနိုင်ငံကို တည်ထောင်ပြုစုခြင်းငှာ ငါအမိန့်တော်ရှိ၏။ ထိုတိုင်းနိုင်ငံသည် ငါ့စကားကို နားမထောင်၊ ငါ့မျက်မှောက်၌ ဒုစရိုက်ကိုပြုလျှင်၊ သူ၏အကျိုးအလိုငှာ ပြုစုမည်ဟူသော စကား၌ပါသောကျေးဇူးကို ငါနောင်တရမည်။” ထို့ကြောင့် လူသားများ ဘဝနေထိုင်မှုပြောင်းကြလျှင် ဘုရားလည်း စိတ်ထားပြောင်းမည်ဖြစ်၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

သမ္မာကျမ်းစာက ဘုရားသခင့်သမာဓိသည် မပြောင်းမလဲဟု အတည်ပြုထား၏။ သို့သော် ၎င်း၏ လူစုက ၎င်းကိုလက်ခံ၊ ငြင်းပယ်မှုအပေါ် ဘုရားသည် ပြောင်းလဲပါမည်။ ဤတရားကို နှလုံးမူရင်းဖြင့် အောက်ပါအမေးများကို ဆွေးနွေးပါ။

၁။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသည့် မတရားမှုများကို ဖြေရှင်းရာတွင် ဘုရား၏တရားမျှတပုံကို မည်သို့ ရောင်ပြန်ဟပ်ပြနိုင်မည်နည်း။

---

၂။ လူသားတို့၏စိတ်ထား ဘုရားအပေါ် ပြောင်းလဲပုံကိုမှီကာ ဘုရားသခင်သည် တရားစီရင်မှုကို ပြောင်းတတ်၏။ ဘုရား၏ တရားမျှတမှုသည် တန်ပြန်သက်ရောက်မှုကို အရေးပေးခြင်းလော၊ ဖေးမခြင်းကို အရေးပေးခြင်းလော။ ရှင်းပြပါ။ ဘုရား၏နောင်တသည် ဖေးမခြင်းနှင့် မည်သို့ ဆက်စပ်သနည်း။၏

---

၃။ ဘုရားသခင်သည် ၎င်း၏လူစုနှင့် ပြန်လည်သင့်မြတ်လိုပါသည်။ ထိုရှုထောင့်ဖြင့် ကျွန်ုပ်တို့သည် ပျက်ပြားသွားသည့် ဆက်ဆံရေးကို မည်သို့ဖြင့် မျှတမှုပြန်လည်ရှိစေနိုင်ကြမည်နည်း။

---

၄။ မတရားမှု၊ အပုပ်ချမှု၊ ဒုက္ခသည်များ သင်ကြုံခဲ့ဖူးသလော။ ကြုံခဲ့ဖူးပါလျှင် သင် မည်သို့ဖြေရှင်းခဲ့သနည်း။ အားနွဲ့သူများကို သင် မည်သို့ဖေးမနိုင်မည်နည်း။

---

၅။ သင်သည် မတရားစွာ ဆက်ဆံခံရဖူးသလော။ ခံရဖူးလျှင် သင့်အပေါ် မည်သို့အကျိုးသက်ရောက်ခဲ့သနည်း။ သင့်အတွေ့အကြုံက တစ်ပါးသူများအပေါ် မည်သို့ဆက်ဆံဖြစ်စေသနည်း။

---

သင်ခန်းစာ ၆။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၇

*ဖေဖော်ဝါရီ ၈-၁၄

# ဒုစရိုက်တရား၏ဂယက်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ယောဘ ၃၀:၂၆၊ မ ၂၇:၄၆၊ ယောဘ ၃၈:၁-၁၂၊ ဆာ ၇၃၊ က ၂:၁၆၊ ၁၇၊ ဗျာ ၂၁:၃၊ ၄

**အလွတ်ကျမ်းချက်။ "ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ"** (ဗျာ ၂၁:၄)။

ခရစ်ယာန်များကြုံရသည့် ပြဿနာအကြီးဆုံးကား အဓမ္မတရားဖြစ်ပေမည်။ ပြီးပြည့်စုံသည့်ဘုရားနှင့် ဤကမ္ဘာရှိ အဓမ္မတရားကြား မည်သို့ ရင်ကြားစေ့မည်နည်း။ အတိုချုပ်ကား ဘုရားသည် အကုန်ကောင်း၊ တန်ခိုးအကုန်ရှိလျှင် အဓမ္မတရားသည် ဘာကြောင့် ပေါ်များရသနည်း။

ယင်းပြဿနာသည် စာပေပြဿနာမျိုး မဟုတ်ပါ။ ယင်းသည် လူများစွာကို ဒုက္ခပေး၊ ဘုရားကို မသိစေသည့် အတားအဆီးဖြစ်၏။ လူများစွာတို့၏စိတ်တွင် အပြစ်၏အစ၊ အပြစ်ရှိနေရခြင်း အကြောင်းများသည် ပြဿနာကြီး ဖြစ်နေ၏။ ၎င်းတို့က ဒုစရိုက်၏အကျိုးတရားများ မင်းမူနေသည်ကို တွေ့ကြကာ အနန္တတန်ခိုး၊ အနန္တမေတ္တာတော်ရှင် ဘုရားသခင်၏ရှေ့တွင် အဓမ္မတရားသည် မည်သို့ရှိနေရသနည်းဟု မေးကြ၏။ ဤတွင် ၎င်းတို့ အဖြေမတွေ့နိုင်သည့် ပဟေဠိရှိ၏။" — Ellen G. White, *The Great Controversy*, p. 492။

ဘာသာမဲ့များစွာများက ၎င်းတို့သည် ဘာသာမဲ့များ ဖြစ်ရသည့်အကြောင်းမှာ အဓမ္မတရားရှိခြင်းကြောင့်ဟု ဆိုကြ၏။ သို့သော် ယခုအပတ်နှင့် လာမည့်အပတ်များတွင် အပြစ်နွံအတွင်းကျရောက်သည့် ဤကမ္ဘာတွင် အဓမ္မတရားကြီးစိုးငြား သမ္မာကျမ်းစာလာ ဘုရားသခင်သည် လုံးဝကောင်းမြတ်ကြောင်း၊ အားကိုးထိုက်ကြောင်း ကျွန်ုပ်တို့တွေ့ရပါမည်။

** ဖေဖော်ဝါရီလ ၁၅ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

**တနင်္ဂနွေနေ့**

*ဖေဖော်ဝါရီလ ၉ ရက်*

## "မည်မျှကြာဦးမည်နည်း၊ အိုထာဝရဘုရား"

အဓမ္မတရားသည် လက်ရှိကာလတွင်သာ ပွဲတင်မထပ်ဘဲ သမ္မာကျမ်းစာတွင်လည်း ပွဲတင်ထပ်၏။

**ယောဘ ၃၀:၂၆၊ ယေ ၁၂:၁၊ ယေ ၁၃:၂၂၊ မာလ ၂:၁၇၊ ဆာ ၁၀:၁ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက အဓမ္မတရားကို လူတို့ရှေ့တွင် မည်သို့ချပြသနည်း။**

---

---

ထိုကျမ်းချက်များမှမေးခွန်းများသည် ယနေ့တိုင်မေးစရာအဖြစ်ရှိနေဆဲဖြစ်သည်။ အဓမ္မတရားပြုကျင့်သူများသည် အဘယ်ကြောင့် ကောင်းစားကြသနည်း။ သူကောင်းများ အဘယ်ကြောင့် ဒုက္ခတွေ့ကြရသနည်း။ အနိဋ္ဌာရုံများ ဖြစ်ပျက်သည့်အခါ ဘုရားသည် ဘယ်ရောက်နေသနည်း။ အဘယ်ကြောင့်ဘုရား သခင်သည် တခါတံအဝေးသို့ရောက်ပြီး၊ ပုန်းကွယ်နေသကဲ့သို့ ဖြစ်နေရပါသနည်း။

အဓမ္မတရားအကြောင်း ကျွန်ုပ်တို့နှီးနှောကြရာတွင် ကျွန်ုပ်တို့သည် အဓမ္မတရားကို သာမန်ကိစ္စပမာ မထားသင့်ပါ။ အဓမ္မတရားသည် အလွန်ဆိုးပါသည်။ ဘုရားသည် အဆိုးတရားကို ကျွန်ုပ်တို့ထက်ပင် မုန်း၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျမ်းစာတွင်လာသည့်အတိုင်း "မည်မျှကြာဦးမည်နည်း၊ အိုထာဝရဘုရား" ဟု သံပြိုင်လိုက်ဆိုသင့်၏။

**မ ၂၇:၄၆ ကို ဖတ်ရှုပါ။ ယေရှု၏စကားများကို သင် မည်သို့နားယူသနည်း။ ထိုစကားများက အဆိုးတရားသည် ဘုရားကို မည်သို့တိုင် ထိပါးကြောင်း ပြသနည်း။**

---

---

ကပ်တိုင်ထက်တွင် ယေရှုကိုယ်တိုင်က "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း" ဟု မိန့်ခဲ့၏ (မ ၂၇:၄၆)။ ဤတွင် ဘုရားကိုယ်တိုင်သည် အဆိုးတရားကြောင့် ထိပါးခံရကြောင်း ကျွန်ုပ်တို့တွေ့ရ၏။ ခရစ်တော်သည် ကပ်တိုင်ပေါ်တွင် အသေခံခဲ့ခြင်းဖြင့် အဆိုးတရား၏သရုပ်အမှန်ကို ချပြခဲ့၏။

ဤတွင်လည်း မျှော်လင့်ဖွယ်ရှိ၏။ ကပ်တိုင်ပေါ်တွင် ခရစ်တော်ပြုခဲ့သည့်အမှုသည် အဆိုးတရား၏ရင်းမြစ်၊ စာတန်နှင့် အဆွယ်အပွားအားလုံးကို အလဲထိုးခဲ့၏။ ယေရှုက ဆာ ၂၂:၁ တွင် လာသည့်တရားကို ကိုးကားခဲ့၏။ ကျန်ရှိသည့် အခန်းငယ်များသည် အောင်ခြင်းလက္ခဏာကို ဖော်ကြူး၏။

**ကပ်တိုင်ပေါ်တွင် ယေရှုသည် ထိုအချိန်တွင် ၎င်းကကြိုမမြင်နိုင်သည့်အရာကို မျှော်နေ၏။ ၎င်း၏အတွေ့အကြုံမှနေ ကျွန်ုပ်တို့လည်း မမြင်ရသည့်ကိစ္စရပ်အတွက် မည်သို့ စိတ်အေးနိုင်သနည်း။**

## တနင်္လာနေ့

*ဖေဖော်ဝါရီလ ၁၀ ရက်*

# "ကျွန်ုပ်တို့မသိကြသည့် အရာများစွာရှိသည်"

ကမ္ဘာ့သမိုင်းတွင် ဓမ္မကိုချစ်ခင်သူများက အဓမ္မကိုအနိုင်ရပါလိမ့်မည်။ သို့သော် လက်ရှိတွင် စိတ်မချမ်းသာဖွယ်များ ရှိပါမည်။ ပြဿနာကို အကောင်းဘက်သို့သုံးသပ်တတ်ရန် ကျွန်ုပ်တို့ မည်သို့ မြင်/ပြောကြမည်နည်း။

**ယောဘ ၃၈:၁-၁၂ ကို ဖတ်ရှုပါ။ ယောဘကိုပေးသည့် ဘုရား၏အဖြေသည် ပြဿနာကို မည်သို့ မြင်စေသနည်း။ နောက်ကွယ်တွင် ဖြစ်ပျက်သည်များကို ကျွန်ုပ်တို့ မည်မျှသိ၊ မသိဘဲ ဖြစ်နေသနည်း။**

---

---

ကျမ်းချက်တွင် ယောဘသည် ၎င်းအပေါ် ဘာ့ကြောင့် ဒုက္ခများရောက်ရသနည်းဟု ၎င်းကိုယ်၎င်းမေးကြောင်း ပြထား၏။ ၎င်း၏အမေးကို အဖြေရရှိရန် ဘုရားနှင့်ပရိသတ်များကို သနားခံခဲ့၏။ ၎င်းက ကောင်းကင်တွင် ဘာဖြစ်ပျက်သည်ကို မသိပါ (ယောဘ ၁-၂ ကို ဖတ်ရှုပါ)။

ယောဘအပေါ် ဘုရား၏အဖြေသည် မှတ်သားဖွယ်ဖြစ်၏။ အထူးသဖြင့် "ထာဝရဘုရားသည် ယောဘစကားကိုလှန်ပြန်၍ မိုးသက်မုန်တိုင်းထဲက မိန့်တော်မူသည်ကား၊ ပညာမရှိဘဲ စကားပြောကာမျှနှင့် ငါ့အကြံကို မိုက်စေသော ဤသူကား မည်သူနည်း" ဖြစ်၏ (ယောဘ ၃၈:၁၊ ၂)။ ပြန်ကျမ်းတစ်ကျမ်းတွင် "သင်သည် အနည်းငယ်ကိုသာသိသော်လည်း အဘယ်ကြောင့် စကားပေါကြွယ်ရသနည်း" ဟု ပြန်ထား၏ (ယောဘ ၃၈:၂ CEV)။ ဘုရားက ယောဘ ၃၈:၄ တွင် "မြေကြီးအမြစ်ကို ငါတည်သောအခါ သင်သည် အဘယ်မှာရှိသနည်း။ နားလည်လျှင် ဖော်ပြလော့" ဟု ထပ်ဖြည့်၏။

**ယောဘ ၄၂:၃ ကို ဖတ်ရှုပါ။ ယောဘ၏အဖြေက ကျွန်ုပ်တို့ကိုယ်ကို မည်သို့ရှုသင့်ကြောင်း ညွှန်ပြသနည်း။**

---

---

ဘုရားက ယောဘအား ခွန်းတုံ့မိန့်ခြင်းအားဖြင့် ယောဘမသိသည့်အကြောင်း များစွာရှိကြောင်း ပြသ၏။ ကျွန်ုပ်တို့လည်း ယောဘနည်းတူ ကျွန်ုပ်တို့မသိသည့်အကြောင်းများ ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေကြောင်း နှိမ့်ချစွာဝန်ခံသင့်ပါသည်။ ကျွန်ုပ်တို့၏ အမေးများအတွက် အဖြေမသိရခြင်းကို အဖြေကောင်းမရှိ၍ (သို့) အရာအားလုံး တစ်နေ့တွင် ပြေလည်မည်ဟု မယူသင့်ပါ။ ထိုအချိန်သို့ မရောက်မီတိုင် ကျွန်ုပ်တို့ထံ နည်းပေါင်းစုံဖြင့် ပြပြီးထားသည့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ကိုးစားရန်လိုအပ်၏။

**အကြောင်းတစ်စုံတစ်ရာအပေါ် ကျွန်ုပ်တို့သည် စဉ်းငယ်သာသိကြကြောင်းကို စဉ်းစားပါ။ သို့ဆိုလျှင် အခက်ဆုံးပဟေဠိဖြစ်သည့် အဓမ္မတရားနှင့် ယင်း၏အကျိုးဆက်အကြောင်း အဖြေမပေးသည့်အဖြစ်တွင် ကျွန်ုပ်တို့ မည်သို့နေထိုင်သင့်ကြသနည်း။**

*ဖေဖော်ဝါရီလ ၁၁ ရက်*

## သံသယသန္တေရှိသည့် ယုံကြည်သူ

ဘုရားသခင်သည် ဟေရှာ ၅၅:၈၊ ၉ တွင် "ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏" ဟု မိန့်ထား၏။

ဘုရားသခင်၏ဉာဏ်တော်သည် ကျွန်ုပ်တို့နှင့် မနှိုင်းအပ်ပါ။ လူ့သမိုင်းအတွက် ဘုရား၏ သိမ်မွေ့သည့် အကြံတော်ကို ကျွန်ုပ်တို့ ဉာဏ်မမီပါ။ ဤအကြောင်းခံဖြင့် ကျွန်ုပ်တို့သည် ဘုရားအပေါ် အဘယ်ကြောင့် ဆရာတကာလုပ်ချင်ကြသနည်း။

ကျွန်ုပ်တို့၏အဖြစ်ကိုသိရင်းဖြင့် အပြစ်တရားအားရှုပုံကို "သံသယရှိသည့် ဘုရားဝါဒ" ဟု ခေါ်ရပါမည်။ သံသယသန္တေရှိသည့် ယုံကြည်သူက ဘုရားသခင်သည် ခြယ်လှယ်ခွင့်ရှိသည်ဟု မြင်တတ်၏။ သို့သော် ဉာဏ်တိမ်ကြသောကြောင့် ထိုသို့ဖြစ်ကြရသည့် အကြောင်းရင်းခံကိုသိရန် မမျှော်သင့်ပါ။ ဤဝါဒီသည် ဤကမ္ဘာတွင် အဆိုးတရား ဘာကြောင့်ဖြစ်ရသည်ကို လူကဉာဏ်မီနိုင်သည် ဆိုသည့်အပေါ် သံသယဝင်၏။ ဥပမာ – ရောဂါပိုးသည် လေထုတွင်ဝဲပျံကြောင်းကို မျက်စိဖြင့်မမြင်ရခြင်းကြောင့် လေထုတွင်ရောဂါမရှိဟု မဆိုလိုပါ။ တစ်ဦးက ဘုရား၏အကြံတော်ကို မသိရုံဖြင့် ဘုရားတွင် အကြံတော်မရှိဟု မဆိုလိုပါ။

**ဆာ ၇၃ ကို ဖတ်ရှုပါ။ ဆာလံဆရာက ၎င်း၏ဝန်းကျင်တွင် မာန်ထနေသည့် အဆိုးတရားကို မည်သို့ရှုမြင်သနည်း။ ၎င်းက အခြားရှုထောင့်ဖြင့် သုံးသပ်နိုင်ရန် ၎င်းက ဘာမြင်ခဲ့သနည်း။**

---

---

ဆာလံဆရာသည် ဤကမ္ဘာတွင် အဆိုးတရားများ ရှိနေခြင်းကြောင့် စိတ်မအေးနိုင်ပါ။ ၎င်းက ၎င်း၏ဝန်းကျင်ကိုရှုလိုက်ကာ ဒုစရိုက်သမားများ ကောင်းစားနေကြသည်ကို တွေ့ခဲ့၏။ အရာခပ်သိမ်းသည် မတရားဟန်ရှိ၏။ ၎င်းတွင် အဖြေမရှိပါ။ ၎င်းက ဘုရားသခင်ကို ကိုးစားတန်သလောဟုပင် တွေးဖြစ်၏။ ဗိမာန်တော်ကို အာရုံမသွင်းမီအထိ ထိုသို့တွေးဖြစ်၏။

ဗိမာန်တော်သည် အဆိုးတရားအကြောင်းကို ခင်းပြ၏။ နာမည်တပ်ရသော် တရားသူကြီးသည် ၎င်း၏အချိန်ဇယားအတိုင်း တရားစီရင်မည့်အကြောင်း ဖြစ်၏။

**မျှော်လင့်ခြင်းအသင်းတော်၏ တရားစီရင်ခြင်းနှင့် ဗိမာန်တော်တရားအမြင်တွင် အပြစ်အကြောင်း မည်သို့ မီးမောင်းထိုးပြသနည်း။ လက်ရှိတွင် ကျွန်ုပ်တို့ မေးခွန်းများစွာရှိကြငြား နိဂုံးတွင် ဘုရား၏ တရားသောစီရင်ခြင်းသည် ပေါ်လွင်လာမည့်တရားအဖြစ် သင့်အားအင်အားဖြစ်စေပါသလော။**

*ဖေဖော်ဝါရီလ ၁၂ ရက်*

## အစ္ဆန္ဒ(စိတ်) လွတ်လပ်စွာသုံးပိုင်ခွင့်

ဘုရားသခင်၏ စီမံပြုပြင်မှုတို့ကို ကျွန်ုပ်တို့ဉာဏ်မမီကြပြား သမ္မာကျမ်းစာက အပြစ်ပြဿနာကို ဖော်ပြထား၏။ ယင်းကိစ္စရပ်တွင်လာသည့် တစ်ချက်မှာ အစ္ဆန္ဒ(စိတ်)ကို လွတ်လပ်စွာသုံးပိုင်ခွင့် ဖြစ်၏။

ယင်းကား အပြစ်သင့်ရခြင်းသည် အစ္ဆန္ဒ(free will)ကို တလွဲသုံးခြင်းဖြစ်သည် ဟူသည့်အမြင်ဖြစ်၏။ သို့ဖြစ်ကာ အပြစ်သင့်ရခြင်းတွင် ဘုရားကို အပြစ်မတင်ရပါ။ အကြောင်းမှာ လူသည် အကောင်းအတွက်သုံးရန် ပေးထားသည့် လွတ်လပ်ခွင့်ကို တလွဲသုံးခြင်းကြောင့် ဖြစ်၏။ သို့နှင့် ဘုရားသခင်သည် ဤသို့သောလွတ်လပ်ခွင့်ကို ပေးရသနည်း။ ဤ၌ C. S. Lewis က “လွတ်လပ်ခွင့်သည် အဆိုးပြုလုပ်မည်အန္တရာယ်ရှိပြား မေတ္တာ၊ စေတနာ၊ ပီတိကို ခံစားစေသည့် တစ်ခုတည်းသော အကြောင်းတရားဖြစ်၏။ စက်ရုပ်ကျသည့် ကမ္ဘာသည် ဖန်ဆင်းရန်ပင် မတန်ပါ။ သာ၍မြတ်သည့် လူသားများအတွက် ဘုရားစီမံပေးသည့် သုခချမ်းသာသည် လွတ်လပ်သည့်ပုဂ္ဂိုလ် ဖြစ်ရခြင်းဖြစ်ပြီး၊ မိမိဆန္ဒဖြင့် ဘုရားနှင့်စည်းလုံး၊ လူအချင်းချင်း စည်းလုံးစေ၏…။ ထိုသို့ဖြစ်နိုင်ရန် ၎င်းတို့သည် လွတ်လပ်ရပါမည်။” — *Mere Christianity* (New York: MacMillan, 1960), p. 62။

**က ၂:၁၆၊ ၁၇ ကို ဖတ်ရှုပါ။ ဤကျမ်းချက်များက အာဒံနှင့်ဧဝတို့ကို ပေးထားသည့် လွတ်လပ်ခွင့် အကြောင်း မည်သို့ဆိုထားသနည်း။**

---

၎င်းတို့သည် လွတ်လပ်ခွင့်မရှိလျှင် အဘယ်ကြောင့် ပညတ်ရမည်နည်း။ အာဒံနှင့်ဧဝတို့သည် တားမြစ်ထားသည့်အသီးကို စားခဲ့ကြကာ ထိုအခါမှစကာ အဓမ္မတရား လွှမ်းခဲ့ပါပြီ။ ကမ္ဘာ–၄ တွင် အပြစ်၏သရုပ်မှန်ကို အာဗေလအား ၎င်း၏အစ်ကိုက သတ်ခဲ့ခြင်းအကြောင်း တွေ့ရ၏။ အပြစ်သင့်ခြင်းမှာ အာဒံနှင့်ဧဝတို့သည် ၎င်းတို့၏လွတ်လပ်ခွင့်ကို မှားသုံးခဲ့ကြခြင်းကြောင့် ကျွန်ုပ်တို့နေထိုင်သည့် ကမ္ဘာတွင် အပြစ်ဝင်လာကြောင်း ချပြထား၏။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်သည် အမှန်အကန်တရားဖြစ်ကြောင်း တွေ့ရ၏ (တရား ၇:၁၂၊ ၁၃၊ ယောရှ ၂၄:၁၄၊ ၁၅၊ ဆာ ၈၁:၁၁–၁၄၊ ဟေရှာ ၆၆:၄)။ ကျွန်ုပ်တို့ နေ့စဉ်ရှင်သန်မှုတွင် ဘုရားကပေးထားသည့် လွတ်လပ်ခွင့်ကို ကျွန်ုပ်တို့သည် နည်းနည်းများများ သုံးကြ၏။

ဤလွတ်လပ်ခွင့်မရှိလျှင် ကျွန်ုပ်တို့သည် လူဟု မှတ်၍မရနိုင်ပါ။ ကျွန်ုပ်တို့သည် စက် (သို့) စက်ရုပ်သာ ဖြစ်ကြပါမည်။

**Sony လုပ်ငန်းစုမှ Aibo ဟု အမည်ပေးထားသည့် ခွေးစက်ရုပ် လုပ်ခဲ့၏။ ယင်းသည် သဘာဝခွေးနှင့် ဆင်တူကာ မနာ၊ သန်းမရှိ၊ မကိုက်၊ ဆေးမလို၊ အမွေးမကျွတ်ပါ။ သင်သည် အသားနှင့်အသွေးရှိခွေးနှင့် Aibo ကို လဲလိုသလော။ မလဲလိုလျှင် သင် ဤသို့ဆုံးဖြတ်ခြင်းက ဘုရားသခင်က စိန်ခေါ်မှုမည်မျှရှိရှိ စိတ်လွတ်လပ်ခွင့်ပေးကာ ကျွန်ုပ်တို့ကို ဖန်ဆင်းရခြင်းအကြောင်းတွင် သင့်အား တရားသိလာစေသလော။**

*ဖေဖော်ဝါရီလ ၁၃ ရက်*

## မေတ္တာနှင့်အဆိုးတရား

ဘုရားသခင်က လူသားများကို စိတ်လွတ်လပ်ခွင့် ပေးထား၏။ အကြောင်းမှာ ယင်းသည် မေတ္တာပွားရန်အတွက် လိုအပ်၍ဖြစ်၏။ ယင်းလွတ်လပ်ခွင့်ကို တလွဲသုံးခြင်းက အဆိုးတရားဖြစ်စေသည့် အကြောင်းရင်းဖြစ်၏။ မည်သို့ဆိုစေ မေးဖွယ်မေးခွန်း များစွာရှိသေး၏။ ဘုရားသည် အဆိုးတရားကိုမုန်းငြား ခွင့်ပြုထား၏ (ခေတ္တမျှ)။ အကြောင်းမှာ ယင်းကို ပထုတ်ခြင်းသည် မေတ္တာကိုပါ ပထုတ်ရာရောက်နိုင်ပြီး၊ မေတ္တာကို အကောင်းမြင်စိတ်ကိုပင် ထိပါးမည်ဖြစ်၍ ဖြစ်၏။

"ကမ္ဘာကြီးသည် ဘုရားကိုအမှားမြင်သောကြောင့် အမှောင်ဖုံးရ၏။ ယင်းအမှောင်ထုကို ဖြိုခွင်းရန်နှင့် ဤကမ္ဘာသည် ဘုရားထံပြန်လှည့်နိုင်ရန် စာတန်၏သြဇာသည် ပျက်စီးရန်လို၏။ ယင်းကို အဓမ္မဖြင့် ပြု၍မရပါ။ အဓမ္မကျင့်သုံးခြင်းသည် ဘုရား၏အုပ်ချုပ်နည်းနှင့် ဆန့်ကျင်၏။ ဘုရားသည် မေတ္တာကိုအခြေခံသည့် ဝန်ဆောင်မှုကို လိုလား၏။ မေတ္တာကို ခါးပြတိုက်၍ မရပါ။ အာဏာဖြင့်လည်း ရယူ၍မရပါ။ မေတ္တာကို မေတ္တာဖြင့်သာ ရနိုင်၏။ ဘုရားကိုသိကျွမ်းရန် ၎င်းကိုချစ်တတ်ရပါမည်။ ၎င်း၏သိက္ခာပုဒ်များသည် စာတန့်သိက္ခာပုဒ်၏ တစ်ဘက်တွင် မြင်သာစေရပါမည်။" — Ellen G. White, *The Desire of Ages*, p. 22။

စိတ်လွတ်လပ်ခွင့်မရှိလျှင် မေတ္တာသည် ရှိနိုင်မည်မဟုတ်ပါ။ ဘုရားသည် ချစ်ခြင်းမေတ္တာဖြစ်လျှင် ဘုရားသခင်သည် မေတ္တာကိုဆန့်ကျင်မည် မဟုတ် (သို့) မေတ္တာထားတတ်စေမည့် လွတ်လပ်ခွင့်ကို ဆန့်ကျင်မည်မဟုတ်။ ကျွန်ုပ်တို့သည် ဘုရားကဲ့သို့ အစမှအဆုံးသိခဲ့လျှင် ကျွန်ုပ်တို့၏လွတ်လပ်ခွင့်ကို ရုတ်သိမ်းစေလိုကြမည် မဟုတ်ပါ။ နိဂုံးဆိုရလျှင် မေတ္တာမရှိသည့် စကြဝဠာတွင် မည်သူနေလိုမည်နည်း။

**ရော ၈:၁၈ နှင့် ဗျာ ၂၁:၃၊ ၄ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ကျွန်ုပ်တို့ကမ္ဘာတွင် အဆိုးတရား မည်မျှရှိရှိ ဘုရား၏ကောင်းမြတ်ခြင်းအပေါ် အားကိုးစိတ် မည်သို့ဖြစ်စေသနည်း။**

---

ကျွန်ုပ်တို့သည် အမှောင်ထုကို ဖောက်ထွင်း၍မမြင်နိုင်ကြငြား ဘုရားသခင်သည် အစအဆုံးကို မြင်၏။ ယေရှုထံ ယုံကြည်ခြင်းဖြင့် အပ်နှံကြသည့်သူများ ရရှိမည့် ထာဝရပျော်ရွှင်သည့်ကောင်းချီးကို ဘုရားသည် မြင်နိုင်၏။ ရောမ ၈:၁၈ တွင် "ငါတို့အား ပေါ်ထွန်းလတ္တံ့သော ဘုန်းကိုထောက်သော် ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏" ဟုလာ၏။ ကျွန်ုပ်တို့သည် ဤအံ့ဖွယ်ကတိကို ယုံကြည်အားကိုးကြသလော။

မေတ္တာသည် အလွန်ပင်စင်ကြယ်၏။ ယင်းတွင်ကိန်းသည့် လွတ်လပ်မှုလည်း ထို့အတူပင်ဖြစ်၏။ ယေရှုက ယင်းလွတ်လပ်မှုသည် ၎င်းကို ကပ်တိုင်ပေါ်တွင် ငရဲပေးမည်ကိုသိ၏။ သို့တိုင်လည်း ၎င်းကိုဒုက္ခပေးမည်မှန်း သိသိနှင့် ၎င်းက ထိုလွတ်လပ်ခွင့်ကို မည်သို့ဖြစ်ဖြစ် ကျွန်ုပ်တို့အားပေး၏။ ဤတရားကို အဘယ်ကြောင့် ကျွန်ုပ်တို့ အစဉ်သတိချပ်သင့်သနည်း။

**ဖြစ်ပျက်သည့်အရာအားလုံး ဘုရား၏အလိုတော်ကြောင့်ဟုမှတ်ရင်းဖြင့် ဘုရားက ကျွန်ုပ်တို့ကိုပေးသည့် လွတ်လပ်ခွင့်က ကျွန်ုပ်တို့ကို မည်သို့ ထိန်းကျောင်းပေးသနည်း။**

*ဖေဖော်ဝါရီလ ၁၄ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “Why was sin Permitted?” pp. 33–43 in *Patriarchs and Prophets.*

“ဘုရားက စာတန်ကို ကောင်းကင်မှနှင်ချစဉ်တွင် ၎င်းကို လက်စမတုံးခဲ့ပါ။ ဘုရားသည် မေတ္တာကိုသာ လက်ခံသည်ဖြစ်၍ ၎င်းဖန်ဆင်းထားသူများသည် ၎င်း၏ကောင်းမြတ်ခြင်းကို ကိုယ်တိုင်သိခြင်းဖြင့် မိတ်ဖက်ပြုရပါမည်။ ကောင်းကင်သားများနှင့် ကမ္ဘာသားများသည် စာတန်ပျက်စီးခဲ့လျှင် အပြစ်၏သဘောသဘာဝကို နားမလည်ကြသောကြောင့် ဘုရား၏တရားမှုကို မြင်တတ်ကြမည် မဟုတ်ပါ။ ၎င်းကို ချက်ချင်းအပြစ်ပေးလျှင် အချို့သည် ဘုရားကိုမချစ်ဘဲ ကြောက်ကြောက်နှင့် ခယကြလိမ့်မည်။ လိမ်လည်သူ၏ဝါဒ သြဇာသက်မှုသည် အပြီးသတ်ခြင်းမရှိဘဲ ပုန်ကန်တတ်သည့်စိတ်သည် အမြစ်ပြတ်မည် မဟုတ်ပါ။ စကြဝဠာကြီး ကောင်းကျိုးအလို့ငှာ ဘုရား၏အစိုးရယန္တရားကို အပုပ်ချမှုကို လူတိုင်းက အမှန်အတိုင်းတွေ့ရန်၊ ဘုရား၏ညှာတာမျှတမှုနှင့် ၎င်း၏မပြောင်းလဲသည့် ပညတ်တော်ကို မေးဖွယ်မရှိရန် စာတန်သည် ၎င်း၏ဝါဒကို ချပြရပါမည်။

“စာတန်၏ပုန်ကန်မှုသည် ခေတ်အဆက်ဆက် တရားရကြရန် အပြစ်၏ဆိုးကျိုးကို သင်ခန်းစာပြ၏။ စာတန်၏ဥပဒေက ဘုရား၏သြဇာကို သွေဖည်ခြင်း၏အကျိုးသည် လူနှင့်ကောင်းကင်တမန်များအပေါ် သက်ရောက်မှုရှိကြောင်းကို ပြ၏။ ၎င်း၏ဥပဒေက ဘုရား၏ဥပဒေသည် ၎င်းဖန်ဆင်းခဲ့သည့် ဝေနေယျသတ္တဝါများအတွက် ကောင်းကြောင်းကို ပြပေမည်။ ဤသို့ဖြင့် သမိုင်းဆိုးသည် သန့်ရှင်းသူများအတွက် လုံခြုံရာ၊ အပြစ်မပြုပြီး ပြစ်ဒဏ်ခံရခြင်းများ မကြုံစေသည့် အစဉ်တည်မြဲသည့် သင်ခန်းစာအဖြစ် ရှိပါမည်။” — Ellen G. White, *Patriarchs and Prophets*, pp. 42, 43။

## ဆွေးနွေးရန်မေးခွန်းများ

၁။ “Theodicy” ဆိုသည်မှာ အဆိုးတရားအပေါ် ဘုရား၏မျှတပုံကို ဖေါ်ကြူးသည့်ဝေါဟာရဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ကောင်းကင်တွင် “ဟုတ်ပါသည်၊ အို ယေရှု၊ ကျွန်ုပ်၏မိသားစုသည် ကျွန်ုပ်၏မျက်စိရှေ့တွင် ညှင်းဆဲခံရ၊ အသတ်ခံရကြောင်း ယခုနားလည်ပါပြီ။ အရာအားလုံး အဓိပ္ပာယ်ရှိပါပြီ။ ကျေးဇူးတင်ပါသည်၊ ယေရှု” ဟု ဆိုနေပုံကို အာရုံယူပါ။ ယင်းသည် အဓိပ္ပာယ်မဲ့ပါသည်။ မဟာတိုက်လှန်ပွဲတွင် ဘုရားသခင်သည်သာ အနိုင်ရမည်ကို ကျွန်ုပ်တို့ မည်သို့နားလည်လာနိုင်ကြမည်နည်း။

၂။ သင်သည် ယောဘကဲ့သို့ ကြုံဖူးသလော။ သင် (သို့) သင်ချစ်ရသူ ဒုက္ခတွေ့ရခြင်းတွင် အကြောင်းတရား ပြစရာမရှိဟု သင့်အား တွေးဖြစ်စေသည့် ဖြစ်စဉ်မျိုး ရှိခဲ့ဖူးသလော။ ယောဘက ၎င်းက “ကိုယ်တိုင်မသိ” (ယောဘ ၄၂:၃) ဟု ဝန်ခံသည့်အဖြစ်၌ ကျွန်ုပ်တို့လည်း မည်သို့ဖြစ်တတ်ကြောင်း မည်သည့်တရားကို ပြသနည်း။

## အမှောင်ထုအတွင်းမှ အသံတစ်ခု

Andrew McChesney ရေးသားသည်

Grace Babcock သည် ညလယ်ခေါင်တွင် ဒေါသသံတစ်ခုကြောင့် လန့်နိုးလား၏။ ထိုအသံက “နင်မသိပါဘူး၊” “နင်နားမလည်ပါဘူး” ဟုဆို၏။ Grace သည် မလန့်ပါ။ သူမသည် ဆရာမအဖြစ် လုပ်ကိုင်ရာ Halbrook Indian ကျောင်းတွင် အိပ်ခန်းတစ်ခန်းဖွဲ့အိမ်တွင် နိုးလာရခြင်းကြောင့် စိတ်ဆိုးနေ၏။ သူမလည်း နားထောင်နေ၏။ အသံက “နင့်ကို ဘုရားက ရုပ်သေးလိုဆွဲနေတာ၊ နင်မသိတဲ့အရာတွေ ရှိတယ်။ နင်က ဘုရားကို မျက်စိမှိတ် လိုက်ယုံနေတာ။ ဘုရားက အာဏာရှင်ဆန်တယ်” ဟုဆို၏။

Grace သည် ဘုရားကိုကိုးစားရန် စိတ်လွန်ဆွဲနေ၏။ Halbrook ကျောင်းသားတစ်ဦး လောလောလတ်လတ် ကားတိုက်မှုတွင် ဆုံးပါးသွား၏။ သူမသည် ဘုရားကို မေးခွန်းများစွာ ထုတ်ရန်ရှိ၏။ သို့သော် ဘုရားအကြောင်း မပြောလိုသေးပါ။ ယခုတွင် အသံက ဘုရားကိုယိုးစွပ်ပါပြီ။ ဤသူကို သူမ မနှစ်မြို့ပါ။ သူမက “ထွက်သွား။ ငါနင်နဲ့ စကားမပြောချင်ဘူး” ဟုဆို၏။ အသံလည်း ငြိမ်သွား၏။

သို့သော် ဘုရားကိုစွပ်စွဲမှုသည် အခန်းအတွင်း နေရာယူနေ၏။ Grace သည် ဘုရားကိုလည်း စကားမပြောလိုပါ။ သို့သော် ဘုရားကိုလည်း အခွင့်အရေးပေးသင့်သည်ဟု တွေးမိ၏။ သူမလည်း ၎င်းအပေါ် စွပ်စွဲချက်တိုင်းကို ပြန်၍မေး၏။ ပတ်ဝန်းကျင်ငြိမ်ကျသွား၏။ သူမလည်း အိပ်မောကျသွား၏။

နောက်နေ့တွင် Grace သည် သူမ သွားနေကျနေရာသို့ သွား၏။ ကျောက်ဖျာပေါ်တွင်ထိုင်ကာ ဘုရားကိုစွပ်စွဲပြန်၏။ ထို့နောက် ဆိတ်ညံ၏။ နေဝင်သောကြောင့် အိမ်ပြန်၏။ နောက်နေ့တွင် ထိုနေရာသို့ သွားပြန်၏။ ဆိတ်ညံ၏။ သူမလည်း အိမ်ပြန်လာ၏။ သူမက “ဒီအကြောင်းတွေ နင်သိဖို့မလိုပါဘူး။ ယုံကြည်ကိုးစားဖို့ပဲလိုတယ်” ဟူသည့်အသံကို ခံစားဖြစ်၏။ သူမလည်း “အဲဒါမှန်တယ်။ ငါ့မှာ အဖြေတွေရဖို့မလိုဘူး။ ကိုယ်တော်သာ ကောင်းမြတ်ကြောင်း သိဖို့ပဲလိုတယ်။ အခုမှာတော့ ကိုယ်တော်ကောင်းမြတ်ကြောင်း ကျွန်မမသိပါဘူး” ဟုဆို၏။ Grace လည်း အိမ်တွင် လူကြီးတန်း ဥပုသ်သင်ခန်းစာ စာအုပ်ကိုဖွင့်ဖတ်၏။ ဖွင့်ဖတ်စဉ် “အပေါ်ကိုကြည့်” ဟူသည့်အသံကို ခံစားမိ၏။

အပေါ်သို့ကြည့်သည့်အခါ သူမသည် ရေခဲသေတ္တာပေါ်ရှိ စာအုပ်မှရုပ်ပုံကို တွေ့၏။ ပုံသည် သူမအား 5th grade ကျောင်းသူလေးက ပေးထားသည့်ပုံ ဖြစ်၏။ ယေရှု ကပ်တိုင်ပေါ် အချိတ်ခံရသည့်ပုံဖြစ်ပြီး ယော ၃:၁၆ စာသားရေးထား၏။ Grace က “ယေရှု ကိုယ်တော်ဟာ ကျွန်မတို့အတွက် အသေ ခံခဲ့တယ်။ ဒီလိုခံခဲ့တဲ့အတွက် ကိုယ်တော်ဟာ ကောင်းမြတ်ပါတယ်။ တကယ်ကောင်းမြတ်ပါတယ်။ ကျွန်မမှာရှိနေတဲ့ မေးခွန်းအားလုံးအတွက် အဖြေမရှိလည်း ကိုယ်တော့်ကို ကျွန်မကိုးစားလို့ ရပါတယ်” ဟုဆို၏။



ဤသာသနာ့သတင်းသည် ပြီးခဲ့သည့် ၁၃ ပတ်၏ ပရိဂျက်တစ်ခု ဖြစ်ပါသည်။ Grace Babcock သည် ၁၃ ပတ် အလှူငွေရရှိခဲ့သည့် US အခြေစိုက် Holbrook SDA Indian မူလတန်းကျောင်းတွင် စာသင်ပေးနေပါသည်။ မတ်လ ၂၉ ရက်တွင်ကောက်ခံမည့် ၁၃ ပတ်မြောက် အလှူငွေထည့်ဝင်ကာ သာသနာဖြန့်ရာတွင် ပါဝင်ကြမည့်အတွက် ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဗျာ ၂၁:၄

**လေ့လာမှုဦးတည်ချက်များ။** ယောဘ ၃၈၊ ယောဘ ၄၂:၃၊ ရော ၈:၁၈။

**နိဒါန်း။** ။ ဤကမ္ဘာတွင် စာတန်၏လုပ်ရှားမှုကို ကျွန်ုပ်တို့ နားလည်ရခက်ခဲရင်းဖြင့် ကျွန်ုပ်တို့၏အကန့်အသတ်ဖြင့်နားလည်ခြင်းများ၊ မျှော်လင့်ခြင်း၊ နောက်ဆုံးပိတ် ဖြေရှင်းပေးမှုများကို သတိကပ်ရပါမည်။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အချက် ၃ ချက်ကို လေ့လာပါမည်။

၁။ သမ္မာကျမ်းစာတွင် အဓမ္မတရား (evil) နှင့်ဆိုင်သည့် အမြင်အမျိုးမျိုးထားနိုင်သည့် အမေးများစွာရှိ၏။ ဒုက္ခကြုံချိန်တွင် ဘုရား၏ကောင်းမြတ်ခြင်းကို နားလည်ရခက်၏။ သမ္မာကျမ်းစာတွင် ဒုက္ခကြုံချိန်တွင် "မည်မျှကြာမည်နည်း" အမေးများကို တွေ့ရပြီး ဘုရားသခင်က လာ၍ စီမံပေးမည်ကို မျှော်ကြောင်းပြသ၏။ ထို့အတူ ကျွန်ုပ်တို့သည် ဒုက္ခတွင်းကျချိန်တွင် ဘုရားသခင်သည် အဓမ္မတရားအပေါ် အောင်နိုင်မည်ကို ကျွန်ုပ်တို့ မျှော်ကိုးပါသည်။

၂။ အဓမ္မတရားအကြောင်း ကျွန်ုပ်တို့ရှင်းပြပုံတွင် အကန့်အသတ်ရှိ၏။ အဓမ္မတရားနှင့် ဒုက္ခများက လူသားကိုစိန်ခေါ်နေ၏။ ယောဘက အဓမ္မတရားကို မတွန်းလှန်နိုင်ချိန်တွင် ဘုရားသခင်အား များစွာမေးခွန်းထုတ်ခဲ့၏။ ဘုရားလည်း အဖြေပေးရမည့်အစား တန်ပြန်မေးခွန်းများစွာ ပြန်မေးခဲ့၏။ ယောဘလည်း အဓမ္မတရားအကြောင်း ၎င်းက အကန့်အသတ်နှင့်သာသိကြောင်း ဝန်ခံ၏။

၃။ ကျွန်ုပ်တို့သည် ကံဆိုးမိုးမှောင်ကျမှုကို မျှော်လင့်ခြင်းဖြင့်ရင်ဆိုင်ရန် ခွန်အားပေးခံရပါသည်။ ကျွန်ုပ်တို့သည် အဓမ္မတရားအကြောင်း အဖြေမရကြငြား ဘဝကိုရင်ဆိုင်ရန် လမ်းရှာရပါမည်။ အပြစ်သည် မဖိတ်ဘဲ အတင်းဝင်လာသည့် အဖျက်အမှောင့်ဖြစ်၏။ ထိုအကြောင်း ခရစ်တွင်းကျ ရှင်းပြနိုင်မည်မဟုတ်ပါ။ ဘုရား၏မေတ္တာသည် ဒုက္ခကို မျှော်လင့်ခြင်းဖြင့် ရင်ဆိုင်နိုင်ရန် ကူညီပါသည်။

**လက်တွေ့အသုံးချခြင်း။** ။ ကျွန်ုပ်တို့သည် ဒုက္ခများနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် ယောဘကဲ့သို့ပင် အလုံးစုံကို နားမလည်ကြောင်း ကျွန်ုပ်တို့ကိုယ်ကို မြင်တတ်ရပါမည်။ ကျွန်ုပ်တို့သည် ဒုက္ခများကို မျှော်လင့်ခြင်းဖြင့် ရင်ဆိုင်နိုင်ရန် မည်သို့အားယူရမည်နည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**၁။ သမ္မာကျမ်းစာတွင် အဓမ္မတရားနှင့်ဆိုင်သည့် အမြင်အမျိုးမျိုးကွဲနိုင်သည့် အမေးများစွာရှိ၏။**

သမ္မာကျမ်းစာတွင် ဤကမ္ဘာတွင်ဖြစ်ပျက်သည့် အနိဋ္ဌာရုံများကြောင့် ဘုရားသခင်ထံ "မည်မျှကြာမည်နည်း" ဟူသည့်အမေး များစွာတွေ့ရ၏။ ဤအမေး ဆာ ၁၃:၁၊ ၂ တွင်လာပြီး ဆာလံဆရာက ရန်သူများ ကောင်းစားကြပုံနှင့် ၎င်းကဒုက္ခတွေ့ပုံကို အာရုံထားနေ၏ — "အိုထာဝရဘုရား၊ အ

ကျွန်ုပ်ကို အလျှင်းမမှတ်ဘဲ အဘယ်မျှကာလပတ်လုံး မေ့လျော့တော်မူမည်နည်း။ အဘယ်မျှကာလပတ်လုံး မျက်နှာတော်ကို ကွယ်ထားတော်မူမည်နည်း။ အကျွန်ုပ်သည် အစဉ်ဝမ်းနည်းလျက်၊ အဘယ်မျှကာလပတ်လုံး တွေးတောသောစိတ် ရှိရပါမည်နည်း။ အကျွန်ုပ်၏ ရန်သူသည် အဘယ်မျှ ကာလပတ်လုံး အကျွန်ုပ်ကို အုပ်စိုးရပါမည်နည်း။"

ထို့အတူ ဆာ ၉၄:၃ တွင် လူဆိုးများ၏ အောင်မြင်မှုကြောင့် စိတ်မသာနိုင်ပါ။ "အိုထာဝရဘုရား၊ မတရားသောသူတို့သည် အဘယ်မျှကာလပတ်လုံး ဝမ်းမြောက်ကြပါလိမ့်မည်နည်း။" ထပ်ဖြည့်ရလျှင် ဟဗ ၁:၂-၄ တွင် ဘုရားသခင်အား "အဘယ်မျှ" ဟုသုံးကာ မေး၏။ ဟဗက္ကုတ်က ဤသို့မေး၏ — "အို ထာဝရဘုရား၊ ကိုယ်တော်သည် ကြားတော်မမူဘဲ၊ အဘယ်မျှကာလပတ်လုံး အကျွန်ုပ် အော်ဟစ်ရပါမည်နည်း။ ကယ်တင်တော်မမူဘဲ အကျွန်ုပ်သည် အဓမ္မအမှုကိုခံ၍၊ ရှေ့တော်၌ အဘယ်မျှကာလပတ်လုံး အော်ဟစ်ရပါမည်နည်း။ မတရားသောအမှုကို အကျွန်ုပ်အား အဘယ်ကြောင့် ပြတော်မူသနည်း။ အဓမ္မအမှုကို အဘယ်ကြောင့် မြင်စေတော်မူသနည်း။ လုယူခြင်း၊ အနိုင်အထက်ပြုခြင်းအမှုသည် အကျွန်ုပ်ရှေ့မှာ အဘယ်ကြောင့် ရှိရပါသနည်း။ ငြင်းခုံခြင်း၊ ရန်တွေ့ခြင်းကိုလည်း အဘယ်ကြောင့် လူချင်းပြုရပါသနည်း။ သို့ဖြစ်၍ တရားလျော့ပါ၏။ တရားသဖြင့် စီရင်ဆုံးဖြတ်ခြင်း မရှိပါ။ မတရားသောသူတို့သည် ဖြောင့်မတ်သောသူတို့ကို ဝိုင်းသောကြောင့်၊ မတရားသဖြင့် စီရင်ဆုံးဖြတ်ကြပါ၏။"

ယင်း၏ဆန့်ကျင်ဘက်တွင် ပရောဖက်ယေရမိက ဘုရား၏ဖြောင့်မှန်ခြင်းအပေါ် စိတ်ချ၍နေ၏။ သို့သော် တရားစီရင်ခြင်းကိုကား အံ့ဩ၏ "အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်နှင့် တရားစကားကိုဆွေးနွေးသောအခါ၊ ကိုယ်တော်သည် တရားတော်မူ၏။ သို့သော်လည်း၊ စစ်ကြောစီရင်တော်မူခြင်းအကြောင်းကို မေးလျှောက်ပါမည်။ မတရားသောသူတို့သည် အဘယ်ကြောင့် အကြံမြောက်ရကြပါသနည်း။ အလွန်သစ္စာပျက်သော သူအပေါင်းတို့သည် အဘယ်ကြောင့် ချမ်းသာရကြပါသနည်း" (ယေ ၁၂:၁)။ ၎င်းလည်း ဘုရားအား "အဘယ်မျှ" ဟုမေး၏ — "ပြည်သားများပြုသော ဒုစရိုက်အပြစ်ကြောင့်၊ ပြည်သည် အဘယ်မျှကာလပတ်လုံး မြည်တမ်းရပါအံ့နည်း။ အရပ်ရပ်တို့၌ရှိသော မြက်ပင်သည် အဘယ်မျှကာလပတ်လုံး ညှိုးနွမ်းရပါအံ့နည်း။ ငါတို့ခံရသောအကျိုးအပြစ် ကို ဘုရားသခင် မသိမမြင်ဟု ပြည်သားများ ဆိုသောကြောင့်၊ သားများနှင့် ငှက်များတို့သည် ပျောက်ပျက်ကြပါပြီ" (ယေ ၁၂:၄)။

ဗျာဒိတ်ကျမ်းတွင် "ပဥ္စမတံဆိပ်ကို ဖွင့်ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်ကြောင့် လည်းကောင်း အသေခံရသော" (ဗျာ ၆:၉) လူများအကြောင်း ပြထား၏။ အတိအကျဆိုရလျှင် ပလ္လင်အောက်မှ ဘုရားထံ "အဘယ်မျှ" ဟု ကြွေးကြော်ကြ၏ — "သူတို့ကလည်း၊ သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာနေသော သူတို့သည် ငါတို့အသွေးကို သွန်းကြသော အပြစ်နှင့်အလျောက် ဒဏ်မပေးဘဲ အဘယ်မျှလောက်ကာလပတ်လုံး နေတော်မူမည်နည်းဟု ကြီးမားသောအသံနှင့် ကြွေးကြော်ကြ၏" (ဗျာ ၆:၁၀)။

ခြုံ၍ဆိုရသော် "အဘယ်မျှကာလ" ဟူသည့်အမေးက အနိဋ္ဌာရုံများအပေါ် ဘုရားက တရားစီရင်ရန် တောင့်တခြင်းဖြစ်၏။ ဆာ ၁၀:၁၊ ၂ တွင် "အဘယ်မျှ" ဟူသည့်စကား မပါပြား ဘုရားအား တရားစီရင်စေလိုကြောင်း တွေ့ရ၏။ "အိုထာဝရဘုရား။ ကိုယ်တော်သည် အဘယ်ကြောင့် ဝေးဝေးရပ်၍ နေတော်မူသနည်း။ ဘေးအန္တရာယ် ရောက်သည်ကာလ အဘယ်ကြောင့် ပုန်းကွယ်၍ နေတော်မူသနည်း။ မတရားသောသူသည် မာနစိတ်ရှိ၍ ဆင်းရဲသောသူကို ညှဉ်းဆဲတတ်ပါ၏။ မိမိပြုသော ပရိယာယ်အားဖြင့် ထိုသူကို ဖမ်းဆီးတတ်ပါ၏" (ဆာ ၁၀:၁၊ ၂)။

"အပြစ် မည်သို့သန္ဓေတည်လာပုံကို ရှင်းပြရခဲယဉ်းပါသည်။ သို့သော် အပြစ်ဖြစ်ပေါ်လာရခြင်းနှင့် မည်သို့ နိဂုံးချုပ်မည့်အကြောင်း ဘုရား၏တရားမျှတခြင်း၊ စာနာခြင်းများက ပြသပါမည်။ အပြစ်ဖြစ်ပေါ်လာရခြင်းတွင် ဘုရား၌ တာဝန်မရှိကြောင်း၊ ကရုဏာတော် ရုတ်သိမ်းမှုမရှိကြောင်း၊ ပုန်ကန်မှုဖြစ်စေလောက်သည့်အထိ ဘုရား၏အုပ်ချုပ်မှုတွင် လိုအပ်ချက်မရှိကြောင်းကို သမ္မာကျမ်းစာထက် ရှင်းလင်းစွာပြထားသည့်စာအုပ် မရှိပါ။

အပြစ်သည် မဖိတ်ခေါ်ဘဲ အတင်းဝင်လာသူဖြစ်၏။ ဤသို့ရောက်လာခြင်းအတွက် အကြောင်းပြရန် မရှိပါ။ ယင်းသည် သိမ်မွေ့၏။ တွက်၍မရပါ။ ယင်းကို ဆင်ခြေပေးခြင်းသည် ကာပေးခြင်းမည်ပြန်၏။ ဖြစ်ပေါ်လာပုံကို ရှင်းပြနိုင်လျှင် ယင်းသည် အပြစ်ဟူ၍ မမည်တော့ပါ။ အပြစ်အကြောင်း တစ်ခုတည်းသော အဘိဓမ္မာဖွင့်ဆိုချက်သည် နှုတ်ကပတ်တော်တွင်ရှိ၏။ ယင်းသည် 'ပညတ်တော်ကို ကျူးလွန်ခြင်း' ဖြစ်၏။ ယင်းသည် ဘုရား၏အုပ်ချုပ်မှု အုတ်မြစ်ဖြစ်သည့် မေတ္တာတော်အရင်းခံသည့် ပညတ်တော်ကို ဆန့်ကျင်သည့်အရာ ဖြစ်၏။" — *The Great Controversy*, pp. 492, 493။

**၂။ အဓမ္မတရားအကြောင်း ကျွန်ုပ်တို့ရှင်းပြပုံတွင် အကန့်အသတ်ရှိ၏။**

အဓမ္မတရားအကြောင်း သမ္မာကျမ်းစာတွင် စိတ်အရှုပ်စေဆုံးကျမ်းသည် ယောဘဝတ္ထုဖြစ်၏။ ယောဘ ၃၀:၂၆၊ ၂၇၊ ၃၁ တို့တွင် ယောဘသည် မည်သို့ခံစားရကြောင်း ပြထား၏ — "သို့သော်လည်း၊ ငါသည် ကောင်းကျိုးကို မျှော်လင့်သောအခါ ဘေးရောက်လာ၏။ အလင်းကိုတောင့်တသောအခါ မှောင်မိုက်ဖြစ်၏။ ငါ့အသည်းသည် ပူလောင်၍ ငြိမ်းခြင်းမရှိ။ ဒုက္ခဆင်းရဲခံရာကာလသည် ငါ့ကိုတွေ့မိပြီ" (ယော ၃၀:၂၆၊ ၂၇)။ ထို့ပြင်မက ၎င်းက ၎င်း၏ခံစားမှုကို တူရိယာပစ္စည်းဖြင့် ခိုင်းနှိုင်းထား၏ — "ငါ့စောင်းသည် ညည်းတွားသောအသံ၊ ငါ့ပုလွေသည် ငိုကြွေးသောအသံကိုသာ ပေးတတ်၏" (ယော ၃၀:၃၁)။

ထိုကျမ်းအဆုံးတွင် ဘုရားသခင်သည် ရှင်းပြလိမ့်မည်ဟု ကျွန်ုပ်တို့က မျှော်နေချိန် သာ၍များသော မေးခွန်းများနှင့် ချန်ထားခံရ၏။ ဘုရားသည် ယောဘအား အဖြေပေးမည့်အစား မေးခွန်းများစွာမေး၏ (ယောဘ ၃၈၊ ၃၉ တို့ကိုရှုပါ)။ အဓိကအားဖြင့် ဘုရားသခင်က ယောဘအား ဖန်ဆင်းရှင်၏ ခမ်းနားမှု၊ ယောဘ၏ သေးကွေးမှုကို ခြားနားပြရန် ဖန်ဆင်းခြင်းအကြောင်းကို မေး၏။ ယောဘက ဤမျှခြားနားမှုကြီးကို သဘောပေါက်သည့်အခါ ၎င်း၏အသိဉာဏ်နံ့နဲ့မှုကို အ

သိအမှတ်ပြုကာ “ပညာမရှိဘဲ အကြံအစည်တော်ကို မိုက်စေသောသူကား အဘယ်သူနည်း။ သို့ ရာတွင် အကျွန်ုပ်သည် နားမလည်သော အရာတို့ကိုလည်းကောင်း၊ ကိုယ်တိုင်မသိ၊ အံ့သြ၍မကုန် နိုင်သော အရာတို့ကိုလည်းကောင်း ပြောမိပါပြီ” ဟုဆို၏ (ယောဘ ၄၂:၃)။

ထို့ကြောင့် ကျွန်ုပ်တို့သည် အနိဋ္ဌာရုံများနှင့် ရင်ဆိုင်ကြရသည့်အခါ မှန်စွာနားမလည်၊ ပြည့် စုံစွာ မရှင်းပြနိုင်ကြောင်း သတိဆောင်ရပါမည်။ ယင်း၏ဆန့်ကျင်ဘက်တွင် အဖြေမရလည်း နေ တတ်ရမည်ဖြစ်ပြီး ဘုရားကပြသလောက်ဖြင့် ကျွန်ုပ်တို့က နားလည်၊ ရှင်းပြကြရပါမည်။ လောက ရှိ အနိဋ္ဌာရုံများကို နားလည်ရှင်းပြနိုင်သည့် တစ်ချက်ကား လွတ်လပ်စွာရွေးချယ်ခွင့်အကြောင်း ဖြစ်၏။ ဤအခွင့်သည် ဉာဏ်ရှိလူသားများအား ဘုရားကပေးထားသည့် လက်ဆောင်ဖြစ်၏။ သို့ သော် ဘုရားက ပြည့်စုံစွာ ဖန်ဆင်းထားသည့် ဤကမ္ဘာတွင် မှားသုံးခဲ့ကြ၏။

Ellen G. White က ဤသို့ဆို၏။ “အာဒံသည် လွတ်လပ်စွာရွေးချယ်ခွင့်ရှိသည့် ပုဂ္ဂိုလ် ဖြစ်၏။ သို့သော် မှားသုံးခဲ့၏။ ရသာရုံကို ချယ်လှယ်ခွင့် ပေးခဲ့၏။ ၎င်း၏ လမ်းမလိုက်မှုကြောင့် အ ပြစ်ရှိလာ၏။ ၎င်း၏အဖွူတ္တဖြင့် အပြစ်သားဖြစ်လာပြီး ဘုရားနှင့် စိမ်းကားသွား၏။” — *Manuscript*, 132, 1902။ သူမက အခြားစာမျက်နှာတွင် ဘုရားသည် လူ့ရှေ့တွင် အမှန်နှင့်အမှား၊ အပြစ်နှင့် သန့်ရှင်းခြင်းကို ထားထား၏။ ဘုရား၏အုပ်ချုပ်ပုံသည် လွတ်လပ်မှုတွင် အခြေခံ၏။ လွတ်လပ်မှုမရှိလျှင် ပုန်ကန်ခြင်း (သို့) နာခံခြင်း ဟူ၍မရှိပါ” — *Manuscript*, 19, 1896။

လွတ်လပ်မှုကို မှားသုံးခြင်းက ဘုရားက ပြည့်စုံစွာဖန်ဆင်းထားသည့် ကမ္ဘာတွင် ဒုစရိုက်၊ အပြစ်၊ ဒုက္ခ၊ မရဏာများ ဖြစ်ပေါ်စေ၏။ လွတ်လပ်မှုကို မှားသုံးခြင်းက ဒုစရိုက်နှင့် ဒုက္ခအကြောင်း စုံလင်စွာ မရှင်းပြငြား ဤပြဿနာအိုးကို အနည်းဆုံးအနေဖြင့် ဘုရားကရှင်းပြထားသည့် ပမာဏ ဖြင့် အကန့်အသတ်ဖြင့် နားလည်၊ ရှင်းပြနိုင်ပါသည်။

**၃။ ကျွန်ုပ်တို့သည် ကံဆိုးမိုးမှောင်ကျမှုကို မျှော်လင့်ခြင်းဖြင့် ရင်ဆိုင်ရန် ခွန်အားပေးခံရပါသည်။**

သမ္မာကျမ်းစာတွင် ဒုစရိုက်နှင့်ဆိုင်သည့် အမြင်အမျိုးမျိုးရှိနိုင်သည့် အမေးများပါဝင်ကြောင်း မီး မောင်းထိုးပြရန် အရေးပါပါသည်။ ဒုစရိုက်အကြောင်း ကျွန်ုပ်တို့၏ရှင်းပြမှုတွင် အကန့်အသတ် ရှိ၏။ အကြောင်းမှာ ထိုအချက်များက ဒုစရိုက်သည် ပလပ်ပစ်ရမည် မဟုတ်ကြောင်း ပြထားသော ကြောင့်ဖြစ်၏။ Ellen G. White က ဤသို့အတိုရှင်းပြ၏။ “It is impossible – the foundation of divine government” — *The Great Controversy*, pp. 492, 493။ သို့ဖြစ်ကာ ဒုစရိုက်အ ကြောင်း ကျွန်ုပ်တို့ ဆွေးနွေးကြသည့်အခါ ဒုစရိုက်ကိုဋီကာချဲ့ရန် မဟုတ်ဘဲ၊ ဘုရား၏မေတ္တာ တော်ကို အာရုံထားရပါမည်။ ဘုရား၏မေတ္တာတော်ကို အခြေခံကာ ဒုစရိုက်နှင့်ယှဉ်ပါးရန် မဟုတ် ဘဲ၊ ထို့ထက်ခမ်းနားထည်ဝါသည့် ပေါ်ထွန်းလတ္တံ့သော (ရော ၈:၁၈)၊ ကျွန်ုပ်တို့၏ “မျက်ရည်ရှိသ မျှတို့ကို သုတ်မည်” (ဗျာ ၂၁:၄) ဘုရားသခင်ကို အာရုံထားရပါမည်။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ဘုရားသခင်က သင့်အသံကိုမကြားဟု ခံစားသည်အထိ ဒုက္ခကြုံဖူးသလော။ ကြုံဖူးခဲ့လျှင် ယောဘ၏ဇာတ်ကြောင်းက သင့်အား ဒုက္ခအလယ်တွင် ဘုရားသခင်အား ကိုးစားဖြစ်စေသလော။။

၂။ သင်သည် အခက်အခဲကြုံစဉ်တွင် မျှော်လင့်ခြင်းဖြင့် ဒုက္ခများကို မည်သို့ရင်ဆိုင်သနည်း။

၃။ အပြစ်တရားအကြောင်း သင်၏အသင်းတော်ရှိ မျိုးဆက်သစ်များထံ မည်သို့တရားပြမည်နည်း။

၄။ ကြီးစွာသောဒုက္ခကို ရင်ဆိုင်ရသည့် ပုဂ္ဂိုလ်တစ်ဦးအား သင် မည်သို့အကြံပေး၊ တရားပြမည်နည်း။

သင်ခန်းစာ ၇။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၈

*ဖေဖော်ဝါရီလ ၁၅-၂၁

# လွတ်လပ်စွာရွေးချယ်ခွင့်၊ မေတ္တာတော် နှင့် ပြုပြင်စီမံမှုများ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** လု ၁၃:၃၄၊ ယေ ၃၂:၁၇-၂၀၊ ဟေဗြဲ ၁:၃၊ တရား ၆:၄၊ ၅၊ ဧ ၁:၉-၁၁၊ ယော ၁၆:၃၃

**အလွတ်ကျမ်းချက်။** **"သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကိုအောင်ပြီဟု မိန့်တော်မူ၏"** (ယော ၁၆:၃၃)။

ပြုပြင်စီမံပေးခြင်းဟူသည်မှာ ဘုရားက ဤကမ္ဘာတွင် ဝင်ရောက်စီမံပေးမှုကို ပြရန်သုံးသည့် ဝေါဟာရဖြစ်၏။ ဘုရား၏စီမံပေးခြင်းနှင့် ကျွန်ုပ်တို့က ဘုရားနှင့်ဖြစ်ဖြစ်၊ လူလူချင်း ပြန်လည်ပတ်သက်ပုံကြား ကွာဟမှုကို ကျွန်ုပ်တို့ မည်သို့သုံးသပ်ကြသနည်း။ အပြစ်ပြဿနာကို မည်သို့သုံးသပ်ကြသနည်း။

ခရစ်ယာန်များက ဘုရား၏အစီအမံကို ရှုထောင့်များစွာဖြင့် ရှုကြ၏။ အချို့က ဖြစ်ပျက်သမျှတို့သည် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပျက်သည်ဟု ယူကြ၏။ ဘုရားက မည်သူသည် ကယ်တင်ခြင်းရမည်၊ မရမည်ကို ပြဋ္ဌာန်းထားပြီးသားဟုပင် ယူကြ၏။ ဤရှုထောင့်တွင် လူသည် ဘုရားပြဋ္ဌာန်းထားပြီးသည့်အတိုင်းမှလွဲ၍ ရွေးခွင့်မရှိကြ။ အမှန်ဆိုရလျှင် ဤအယူကို ယူကြသူများက လူ့ဆန္ဒများကိုပင် ဘုရားကဆုံးဖြတ်ပေးပြီးသားဟု ယူကြ၏။

ယင်း၏ဆန့်ကျင့်ဘက်တွင်ကား သမ္မာကျမ်းစာတွင် ဘုရားသခင်သည် အဖြစ်အပျက်တိုင်းကို မပြဋ္ဌာန်းထားဟု ပြထား၏။ ထို့အစား ဘုရားက လူကို လွတ်လပ်ခွင့်ပေးထားပြီး ၎င်းတို့က (ကောင်းကင်တမန်များလည်းပါ၏) ဘုရား၏အလိုကို ဆန့်ကျင်ခွင့်ရှိကြ၏။ အပြစ်နွံသို့ကျရခြင်း၊ အပြစ်၊ အဓမ္မတရားများတို့သည် လွတ်လပ်ခွင့်ကို တလွဲသုံးခြင်း၏ ရလဒ်ဖြစ်၏။ ကယ်တင်ခြင်းစီမံကိန်းသည် လွတ်လပ်ခွင့်ကို တလွဲသုံးခြင်း၏ရလဒ်ကို ကုစားရန်ဖြစ်၏။

** ဖေဖော်ဝါရီလ ၂၂ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*ဖေဖော်ဝါရီလ ၁၆ ရက်*

## ကျွန်ုပ်တို့၏အကြီးမြတ်ဆုံးဘုရား

လူငယ်ဓမ္မဆရာတစ်ဦးက ၎င်း၏လူငယ်ဓမ္မပရိသတ်များကို "ဘုရားဟာ အကြီးမြတ်ဆုံးဘုရားဖြစ်တယ်။ ဆိုလိုတာက သူက အရာခပ်သိမ်းကို အုပ်ချုပ်တယ်" ဟု သင်ပေး၏။ ကျောင်းသားတစ်ဦးသည်လည်း "ဒါဆိုရင် ကျွန်တော့်ခွေးသေတာလည်း သူ့လက်ချက်လား။ ဘုရားက ကျွန်တော့်ခွေးကို ဘာလို့သတ်ရတာလဲ" ဟုဆို၏။

ထိုမေးခွန်းကို လူငယ်ဓမ္မဆရာက "ဒါက ခက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ရှေ့မှာကြုံရမယ့် ပိုဆိုးတဲ့အနာဂတ်အတွက် ဘုရားက ကျင့်သားရစေတာပါ။ ဆရာလည်း ဆရာ့ခွေးသေတုန်းက ခံရခက်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအဖြစ်အပျက်က ဆရာ့ရဲ့အဖွား သေတဲ့အခါ ဖြေသာစေခဲ့တယ်။ ဒီစကားတွေက တရားရစေသလား" ဟုဖြေ၏။

အတန်ကြာ ငြိမ်အပြီးတွင် ထိုကျောင်းသားက "ဘုရားက ကျွန်တော့်အဖွားကို သတ်တဲ့အခါ ကျွန်တော်ဖြေသာနိုင်ဖို့ ကျွန်တော့်ခွေးကို သတ်ခဲ့တာလား" ဟုဖြေ၏ — Marc Cortez, quoted in John C. Peckham, *Divine Authories: Knowing the Covenantal God of Scripture* (Michigan: Baker Academic, 2021), p. 141။

လူသားများက အရာအားလုံး ဘုရားအကြိုက် ဖြစ်ပျက်ကြသည်ဟု ယူတတ်ကြ၏။ ကုန်ကုန်ပြောရလျှင် ဘုရားသည် တန်ခိုးရှင်ပေတည်း။ ဘုရားအလိုတော်မပါဘဲ ဘာသည် ဖြစ်ခွင့်ရှိမည်နည်းဟု ဆိုတတ်ကြ၏။ ထို့ကြောင့် ဘာပဲဖြစ်လာဖြစ်လာ၊ မည်မျှပင်ဆိုးဆိုး ဘုရား၏အလိုတော်ဖြစ်သည်။ ယင်းသည် ဓမ္မဗေဒကသင်ပေးသည့် တရားဖြစ်သည်ဟု ဆိုကြ၏။

**ဆာ ၈၁:၁၁-၁၄၊ ဟေရှာ ၃၀:၁၅၊ ၁၈၊ ဟေရှာ ၆၆:၄၊ လု ၁၃:၃၄ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရား၏အလိုတော်ကို အစဉ်ဖော်ဆောင်သလော ဆိုသည်ကို မည်သို့ဆိုထားသနည်း။**

---

---

လူများစွာက ဘုရားသည် ၎င်းအလိုအတိုင်း အစဉ်ပြုလုပ်သည်၊ သမ္မာကျမ်းစာက အခြားဘက်ကိုပြသည် ဟုဆိုကြ၏။ သမ္မာကျမ်းစာတွင် ဘုရားသည် ၎င်း၏အလိုအတိုင်း မကြုံခဲ့ပုံ များစွာလာ၏။ ၎င်းက ဖြစ်စေလိုသည့်အတိုင်း မဖြစ်ခြင်းပါ။ အခါများစွာတွင် ၎င်း၏အလိုအတိုင်း မဖြစ်ပျက်ကြောင်းကို ဘုရားက ရှင်းစွာမိန့်ထား၏။ ဘုရားသည် ၎င်း၏သားသမီးများအတွက် ဆန္ဒတစ်ခုရှိပြီး ၎င်းတို့က ဆန့်ကျင်ဘက်ကိုရွေးခဲ့ကြ၏။ ဘုရားကိုယ်၌က "ငါ့လူများ ငါ့စကားကို နားမထောင်ကြ… ငါ၏လူစုသည် ငါ့စကားကိုနားထောင်၍ ဣသရေလအမျိုးသည် ငါ့လမ်း၌ လိုက်ပါစေသော။ ငါသည် သူတို့ရန်သူများကို အလျင်အမြန် နှိပ်စက်မည်" ဟု မြည်တမ်းခဲ့၏ (ဆာ ၈၁:၁၁၊ ၁၃၊ ၁၄)။

**အရာအားလုံး ဘုရား၏အလိုအတိုင်း ဖြစ်ပျက်သည်ဟူသည့် ဓမ္မဗေဒတစ်ခုခုကို လေ့လာပါ။ ဤဓမ္မဗေဒသည် အပြစ်၏အဆိုးတရားအပေါ် မည်သည့်ပြဿနာကို ပေးသနည်း။**

တနင်္လာနေ့

*ဖေဖော်ဝါရီလ ၁၇ ရက်*

## အနန္တတန်ခိုးရှင်(Pantokrator)

သမ္မာကျမ်းစာ တစ်ကျမ်းလုံးတွင် ဘုရား၏တန်ခိုးအကြောင်း ဖော်ပြထား၏။ မရေတွက်နိုင်သည့် တန်ခိုးပြခန်းများစွာ သမ္မာကျမ်းစာတွင် ရေးမှတ်ထား၏။ ဤသို့တန်ခိုးကြီးငြား ဘုရားအလိုအတိုင်း မဖြစ်ပျက်သည့် အရာများစွာရှိ၏။

**ဗျာ ၁၁:၁၇၊ ယေ ၃၂:၁၇-၂၀၊ လု ၁:၃၇၊ မ ၁၉:၂၆ တို့ကို ဖတ်ရှုပါ။ ဟေဗြဲ ၁:၃ ကိုလည်း အာရုံထားပါ။ ထိုကျမ်းချက်များက ဘုရား၏တန်ခိုးတော်အကြောင်း မည်သို့ဖွင့်ထားသနည်း။**

---

---

ထိုကျမ်းချက်များနှင့် အခြားကျမ်းချက်များက ဘုရားသည် အနန္တတန်ခိုးရှင်ဖြစ်ကြောင်း၊ လောကကြီးကို ၎င်း၏အာနုဘော်တော်ဖြင့် ထိန်းကျောင်းကြောင်း ပြကြ၏။ အမှန်လည်း ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်ကို "အနန္တတန်ခိုးရှင်" ဟုဆိုထား၏ (ဗျာ ၁၁:၁၇ ကို ၂ ကော ၆:၁၈၊ ဗျာ ၁:၈၊ ဗျာ ၁၆:၁၄၊ ဗျာ ၁၉:၁၅၊ ဗျာ ၂၁:၂၂ တို့နှင့်ယှဉ်ပါ)။ "အနန္တတန်ခိုးရှင်" (pantokrator) ဟု ပြန်ထားသည့်ခက်ဆစ်သည် "အရာအားလုံးတွင်စွမ်းသည်" ဟု အနက်ရှိ၏။

ဘုရားသခင်သည် အရာအားလုံးတွင်စွမ်းသည်ဟု ဆိုရာ၌ အရာအားလုံးကို ပြုလုပ်နိုင်သည်ဟု မဆိုလိုပါ။ သမ္မာကျမ်းစာတွင် ဘုရားက မပြုလုပ်နိုင်သည်များကို ပြထား၏။ ဥပမာ - ၂ တိ ၂:၁၃ တွင် ဘုရားသခင်သည် "ကိုယ်ကိုငြင်းပယ်တော်မမူနိုင်" ဟုလာ၏။

ခရစ်ယာန်အများစုကလည်း ဘုရားသည် အရာအားလုံးတွင်စွမ်းသည်ဟု ယူကြ၏။ ယင်းတွင် ဘုရား၏ဖြစ်တည်မှုနှင့် မဆန့်ကျင်သည့် အရာများကို ပြုနိုင်စွမ်းသည်ကို ဆိုလို၏။ ၎င်းမပြုလုပ်နိုင်သည့် အရာများရှိကြောင်း ဂေသရေမှန်ဥယျာဉ် ဖြစ်စဉ်တွင် တွေ့ရ၏။ ခရစ်တော်က "ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်" (မ ၁၉:၂၆) ဟု အတည်ပြုခဲ့သော်လည်း အသေမခံရမီတွင် "ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော် အကျွန်ုပ်အလိုအတိုင်း မဖြစ်စေဘဲ၊ ကိုယ်တော့်အလိုရှိသည်အတိုင်း ဖြစ်ပါစေသော" ဟု ဆုတောင်းခဲ့၏ (မ ၂၆:၃၉)။

ခမည်းတော်တွင် ခရစ်တော်ကို ကပ်တိုင်တွင် ငရဲခံခြင်းမှ ကယ်နိုင်စွမ်းပါသည်။ သို့သော် အပြစ်သားများကိုကယ်ရန် ထိုသို့မပြုစွမ်းပါ။ တစ်ခုကိုရွေးရပါမည်။ ၂ ခုလုံးကို ရွေး၍မရပါ။

**သမ္မာကျမ်းစာက ဘုရားသည် လူအားလုံးကို ကယ်လိုသည်ဟု ပြထား၏ (ဥပမာ - ၁ တိ ၂:၄-၆၊ တိ ၂:၁၁၊ ၂ ပေ ၃:၉၊ ယေဇ ၃၃:၁၁)။ သို့သော် လူအားလုံးကယ်တင်ခြင်း ရကြမည်မဟုတ်ပါ။ ဤအချက်က ရွေးချယ်ပိုင်ခွင့်နှင့် ဤအခွင့်အရေးကိုပေးသည့် ဘုရား၏ဩဇာစည်းဘောင်ကို မည်သို့ သွန်သင်ပြသနည်း။**

*ဖေဖော်ဝါရီလ ၁၈ ရက်*

## ဘုရားကိုချစ်ရန်

ဘုရားသည် အကုန်စွမ်းသည်ဟု ဆိုရာ၌ ယုတ္တိမတန်သည့်အရာကို လုပ်နိုင်စွမ်းသည်ဟု မဆိုလိုပါ။ ၎င်းကို လွတ်လပ်စွာချစ်သည့် ပုဂ္ဂိုလ်အပေါ် ဘုရားသည် ဘာမှမဆုံးဖြတ်ပါ။ လွတ်လပ်စွာပြုလုပ်ခြင်းတွင် စိတ်ပိုင်းဖြတ်မှု မပါပါ။ ထို့ကြောင့် လူတစ်ဦးကို လွတ်လပ်စွာပြုမူရန် တွန်း၍မရပါ။ အတိုချုံးရသော် ဘုရားသည် ၎င်းကိုချစ်ရန် မည်သူကိုမှ မတွန်းနိုင်ပါ။ အတင်းတွန်းသည့် အခါမှစကာ ယင်းသည် မေတ္တာမမည်တော့သည်ကို ကျွန်ုပ်တို့တွေ့ခဲ့ပြီးဖြစ်ကာ၊ ပြန်လည်အာရုံပြုရမည့်တရား ဖြစ်၏။

**မ ၂၂:၃၇ နှင့် တရား ၆:၄၊ ၅ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက လွတ်လပ်စွာရွေးချယ်ခွင့်ကို မည်သို့ချပြသနည်း။**

---

---

ဘုရားကိုချစ်ရမည့်ပညတ်တွင် ဘုရားက လူတိုင်းသည် ၎င်းကိုချစ်ကြရန်လိုလားသည့်သက်သေဖြစ်၏။ သို့သော် လူတိုင်းသည် ဘုရားကိုမချစ်ပါ။ သို့ဆိုလျှင် ဘုရားက လူတိုင်းသည် ၎င်းကိုချစ်ကြရန် အဘယ်ကြောင့် မစီမံထားသနည်း။ အကြောင်းကား မေတ္တာဟူသည် လွတ်လပ်စွာပေးရမည်ဖြစ်၏။

**ဟေဗြဲ ၆:၁၇၊ ၁၈၊ တိ ၁:၂ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရားသခင်အကြောင်း မည်သို့ပြသနည်း။**

---

---

တော ၂၃:၁၉ တွင် "ဘုရားသခင်သည် မုသားစကားပြောအံ့သောငှာ လူမဟုတ်" ဟုလာ၏။ ဘုရားသည် မုသားနှင့် ကင်းစင်၏ (တိ ၁:၂)။ ဘုရားသည် ကတိကို မဖျက်ပါ။ ကတိတည်၏ (ဟေဗြဲ ၆:၁၇၊ ၁၈)။ ဘုရားသည် ကတိခံလျှင် ထိုကတိဖြင့် ဘောင်ခတ်ထား၏။

ဆိုလိုရင်းကား ဘုရားက လူသားများကို လွတ်လပ်ခွင့်ပေးထားခြင်းတွင် ဘုရားနှင့်မဆိုင်တော့ဘဲ လူ့လက်ထဲတွင်ရှိပြီဟု ဆိုလို၏။ ဘုရားက လူသားများကို လွတ်လပ်ခွင့်ပေးခြင်းတွင် လူသားသည် ဘုရားအလိုတော်ကို ဆန့်ကျင်သည့်အထိပင် ပိုင်းဖြတ်ပိုင်ခွင့် ရှိ၏။ ဝမ်းနည်းဖွယ်ကား လူများစွာက ၎င်းကိုဆန့်ကျင်သည့်ဘက်သို့ သွားကြပြီး ဘုရားအလိုအတိုင်း မဖြစ်ပျက်ကြသည့်အရာများစွာရှိ၏။

**ဘုရားက မပြုလုပ်စေလိုခဲ့သည်ကို သင် ဘာပြုလုပ်ဖြစ်ခဲ့သနည်း။ ယင်းက လွတ်လပ်စွာရွေးပိုင်ခွင့်အကြောင်း ဘာချပြသနည်း။**

ဗုဒ္ဓဟူးနေ့

*ဖေဖော်ဝါရီလ ၁၉ ရက်*

## ဘုရားသခင်၏စံပြ နှင့် ကုသပေးသည့်အလိုတော်များ

**ဧ ၁:၉-၁၁ ကို ဖတ်ရှုပါ။ ဤကျမ်းချက်က ကြိုတင်စီရင်ထားမှုအကြောင်း ဘာချပြသနည်း။ ကယ်တင်ခြင်းရမည့်သူ၊ မရမည့်သူဟူ၍ ပြဋ္ဌာန်းထားသလော။**

---

---

"ကြိုတင်စီရင်" ဟု ပြန်ထားသည့် ဂရိခက်ဆစ် prohorizo တွင် ဘုရားသခင်က သမိုင်းကိုပုံစံချသည့် အဓိပ္ပာယ် သမ္မာကျမ်းစာတစ်အုပ်လုံးတွင် မပြထားပါ။

တစ်ဦးဦးက တစ်ဖက်သတ်ကျစွာ ကြိုတင်ဆုံးဖြတ်နိုင်ပါသည်။ (သို့) အခြားပုဂ္ဂိုလ်များက လွတ်လပ်ခွင့်ကို မည်သို့အသုံးချလိမ့်မည်ဟု ကြို၍မိန့်နိုင်ပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်သည် ဒုတိယအချက်ကို ပြုလုပ်သည်ဟု ပြ၏။

ဤကျမ်းချက်နှင့် အခြားကျမ်းချက်များတွင် (ဥပမာ – ရော ၈:၂၉၊ ၃၀) "ကြိုတင်ဆုံးဖြတ်" ဟု ဘာသာပြန်ရာတွင် ၎င်းဖန်ဆင်းထားသူများက လွတ်လပ်စွာပိုင်းဖြတ်ကြမည့်အရာကို ဘုရားကကြိုသိသောကြောင့် ကြိုပြင်ထားသည်ဟု ဆိုလို၏။

ဧ ၁:၁၁ က ဘုရားသခင်သည် "မိမိစေတနာ အလိုတော်ကိုလိုက်၍ အလုံးစုံတို့ကို စီရင်သည်" ဟုဆို၏။ ယင်းက ဘုရားသခင်သည် ဖြစ်ပျက်မည့်အရာအားလုံးကို စီမံသည်ဟု ဆိုလိုသလော။ ဧ ၁:၉-၁၁ ကိုကွက်၍ ဖတ်ရှုလျှင် ထိုသို့ယူဖြစ်နိုင်ပါသည်။ သို့သော် ထိုသို့ယူခြင်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ပြီးကြသည့် အချို့တို့သည် "ဘုရား၏အလိုတော်" (လု ၇:၃၀ ကို လု ၁၃:၃၄၊ ဆာ ၈၁:၁၁-၁၄ တို့နှင့် ယှဉ်ပါ) ကို ငြင်းကြမည် ဆိုသည့်အကြောင်းနှင့် ဗီလာဆန့်ကျင်ပါလိမ့်မည်။ သမ္မာကျမ်းစာသည် သပွတ်အူမလည်ပါ ဟုဆိုလျှင် ၎င်းတို့အချင်းချင်း ချိတ်ဆက်လျက်ရှိကြောင်း မည်သို့ယူရမည်နည်း။

ဤကျမ်းချက်ကို "ဘုရား၏ စံအလိုတော်၊" ဘုရား၏ "ကုသပေးသည့် အလိုတော်" ဟု သိမြင်နိုင်လျှင် အဓိပ္ပာယ်ရှိလာ၏။ "ဘုရား၏ စံအလိုတော်" ကား ၎င်းဖြစ်စေလိုသည့် အလိုတော်ဖြစ်၏။ "ကုစားလိုသည့် အလိုတော်" ကား ၎င်းအလိုရှိသည့် ဗဟိုချက်မမှ သွေဖည်သွားသည့် အရာများကို ဆိုလိုပြီး လွတ်လပ်စွာရွေးပိုင်ခွင့်အကြောင်း လည်း ပါ၏။ ဧ ၁:၁၁ သည် ဘုရား၏ "ကုသပေးသည့်အလိုတော်" ကို ဆိုလိုဟန်ရှိ၏။

**ဘုရားသည် အနာဂတ်ကို ကြိုသိကာ၊ လူသားများ ဘာကိုရွေးကြမည် (အဆိုးကိုရွေးခြင်းလည်းပါ၏) ကိုပင် သိ၏။ သို့တိုင်လည်း "ခပ်သိမ်းသော အရာတို့ကို တညီတညွတ်တည်းအကောင်းအတွက်" ဖြစ်စေ၏ (ရော ၈:၂၈)။ ဤတရားတော်မှ သင်သည် မည်သည့်နှစ်သိမ့်မှုကို ခံစားရသနည်း။**

*ဖေဖော်ဝါရီလ ၂၀ ရက်*

## ခရစ်တော်သည် လောကကိုအောင်နိုင်ခဲ့ပြီ

အရာအားလုံးသည် ဘုရားအလိုကျ ဖြစ်ပျက်ခဲ့ပါလျှင် အပြစ်တရားဝင်မလာဘဲ အားလုံးပြီး ပြည့်စုံပါလိမ့်မည်။ အဆုံးတွင် စကြဝဠာသည် ပြည့်စုံနေပါမည်။ လောလောဆယ်တွင် ဘုရားသည် လွတ်လပ်စွာရွေးပိုင်ခွင့် ပြုခဲ့ကြသူများ၏ ကိစ္စရပ်များကို ဖြေရှင်းနေ၏။

မုန့်ဖုတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက ယူလာရမည့်အမယ်များကို ယူလာကြရမည့် အခြားအမယ်များလည်း စိတ်ကြိုက်ယူလာခွင့်ရှိသည်ဟု မှန်းကြည့်ပါ။ နိဂုံးတွင် မုန့်ဖုတ်သူက မည်သို့ဖုတ်ငြား မုန့်ဖုတ်သူမသုံးခဲ့သည့် အမယ်များဖြင့်လည်း ချိန်ထိုးကာ ဆုံးဖြတ်မည်ဖြစ်၏။

ထိုနည်းအတူ ဘုရားက လူသားများကို လွတ်လပ်စွာပေးထားသည့် မေတ္တာတရားတွင် ဘုရားမကြိုက်သည့်ဘက်သို့ ဖြစ်ပျက်သည့်အမယ်များ ကမ္ဘာ့သမိုင်းတွင်ရှိ၏။

ဤရှုထောင့်တွင် ဘုရား၏အစီအမံသည် အနားတစ်ဖက်တည်း မဟုတ်ပါ။ ယင်းက ဘုရားသည် အရာအားလုံး တစ်ဖက်သပ်ဆန်စွာ အုပ်စိုးဟန်ရှိစေ၏။ ထို့အစား ဤကိစ္စရပ်တွင် အစွန်း ၂ ဘက်ရှိ၏။ ဤကမ္ဘာတွင် ဖြစ်ပျက်သည့်ကိစ္စအချို့သည် ဘုရားကြောင့်ဖြစ်ရပြီး၊ အခြားသောကိစ္စများသည် လူသားများ၏ ရွေးချယ်မှုကြောင့် ဖြစ်ပျက်ရ၏။ ဘုရားမကြိုက်သည့် ကိစ္စများစွာ ဖြစ်ပျက်၏။

**ယောဒ ၁၆:၃၃ ကို ဖတ်ရှုပါ။ ဤကျမ်းချက်က ဒုက္ခများ၏အလယ်တွင် မည်သည့်မျှော်လင့်ချက်ကို ပေးသနည်း။**

---

---

အထူးသဖြင့် ဒုက္ခတွေ့ချိန်များတွင် လူသားများသည် ဘုရားကို အမြင်စောင်းကြကာ ယုံကြည်မှု ယိုင်တတ်ကြ၏။ ၎င်းတို့ကို ဒုက္ခမှကွေကွင်းစေသင့်သည်ဟု ယူကြ၏။ သို့သော် ယေရှုက အခြားအကြောင်းကို မိန့်၏။ ၎င်း၏နောက်လိုက်များအား ၎င်းတို့သည် ဤကမ္ဘာတွင် အမှုများစွာ ကြုံကြရမည်ဖြစ်ပြီး သို့သော် မျှော်လင့်ချက်ရှိ၏။ အကြောင်းမှာ ခရစ်တော်သည် လောကကို အောင်နိုင်ခဲ့သောကြောင့် ဖြစ်၏ (ယောဒ ၁၆:၃၃)။

ကျွန်ုပ်တို့ ဒုက္ခတွေ့နေရခြင်းသည် ဘုရာ၏အလိုတော်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့သည် မဟာတိုက်လှန်ပွဲအကြောင်းကို အစဉ်အာရုံထားရပါမည်။ မည်သို့ဖြစ်ဖြစ် အဆိုးသည် မရှိရမည့်အရာဖြစ်သော်လည်း ဘုရားသည် အဆိုးထဲမှ အကောင်းဖြစ်စေနိုင်သည်ဟု အားယူနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားကိုအားကိုးလျှင် ဒုက္ခကို ၎င်းနှင့်နီးစေသည့်အရာ ဖြစ်စေနိုင်ပြီး အခြားပုဂ္ဂိုလ်များကို စာနာစိတ် ထားတတ်စေပါမည်။

*ဖေဖော်ဝါရီလ ၂၁ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White "God With Us," pp 19–26, in *The Desire of Ages*.

"ကယ်တင်ခြင်းစီမံကိန်းသည် နောက်တိုးအစီအမံ မဟုတ်။ အာဒံကျရှုံးပြီးမှ စီမံခြင်းမဟုတ်။ ယင်းသည် 'ရှေးကပ်ကာလပတ်လုံး ဝှက်ထား' (ရော ၁၆:၂၅) သည့်အရာကို ထင်ပြခြင်းဖြစ်၏။ ဘုရား၏ပလ္လင်တော်မှ ထာဝရကာလမှချထားသည့် နိယာမကို ဖေါ်ပြခြင်းဖြစ်၏။ ရှေးမဆွကပင် ဘုရားနှင့်ခရစ်တော်တို့သည် စာတန်က လမ်းမလိုက်မည်ကို၊ ယင်း၏ဉာဉ်က လူသားကို အညာမိစေမည်တို့ကို သိခဲ့ကြ၏။ ဘုရားက အပြစ်တရားပေါ်ပေါက်ရန် မပြဋ္ဌာန်းထားပါ။ အပြစ်ရှိလာမည်ကို ကြိုမြင်ပြီး ကုစားရန်လမ်းရှာခဲ့၏။ လောကသားများကို ချစ်လွန်းအားကြီးသောကြောင့် ၎င်း၏တစ်ပါးတည်းသော သားတော်ကို 'ယုံကြည်သောသူအပေါင်း ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ရစေခြင်းငှာ' ယော ၃:၁၆ ပေးလှူခဲ့၏။" — Ellen G. White, *The Desire of Ages*, p. 22။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ ဘုရားသည် ၎င်းဆန္ဒအတိုင်း အစဉ်မရရှိလျှင် ဤလောကတွင် ဖြစ်ပျက်နေသည့်အကြောင်းများက သင့်အပေါ် မည်သို့ သြဇာသက်သနည်း။ ဘုရားမလိုလားသည်များ ဖြစ်ပျက်သည်ကို နားလည်ခြင်းတွင် မည်သည့်လက်တွေ့ကျင့်သုံးဖွယ်များ ရှိသနည်း။

၂။ ကြာသပတေးနေ့သင်ခန်းစာ၏ မုန့်ဖုတ်သည်ဥပမာကို ပြန်သုံးသပ်ရလျှင် "ဘုရားနှင့် ခရစ်တော်တို့သည် စာတန်၏ လမ်းမလိုက်မည့်အဖြစ်ကို သိခဲ့" ကြငြား ၎င်းတို့သည် အကြံတော်အတိုင်း ဖန်ဆင်းခြင်းကို ပြုကြ၏။ မေတ္တာသည် နက်နဲ၏။ မေတ္တာဆိုသည်မှာ လွတ်လပ်ခြင်းကို ဆိုလို၏။ ကျွန်ုပ်တို့ကို မေတ္တာရှိနိုင်ချေရှိမည့် ပုဂ္ဂိုလ်အဖြစ် မဖန်ဆင်းဘဲ၊ မေတ္တာရှိနိုင်သည့် ပုဂ္ဂိုလ်အဖြစ် ဖန်ဆင်းခဲ့ကာ ယေရှုကို ကပ်တိုင်ပေါ်တင်ကြမည်ကို သိသိဖြင့် ဖန်ဆင်းခဲ့၏။ ယင်းအဖြစ်က ဘုရား၏ အစိုးရယန္တရားတွင် ကျွန်ုပ်တို့ကို ငြင်းပယ်မည့်အစား ခရစ်တော်ကို ကပ်တိုင်တက်စေသည့်တရားတွင် မေတ္တာသည် မည်မျှအခြေခံကျ၊ မွန်မြတ်ကြောင်း ချပြသနည်း။

၃။ ဤလောကတွင်ဖြစ်ပျက်သည့် အနိဋ္ဌာရုံများအပေါ် ကျွန်ုပ်တို့ မြည်တမ်းတတ်ကြ၏။ သို့သော် အဆိုးတရားကြောင့် ဘုရားသခင်လည်း မြည်တမ်းမည်ကို ကျွန်ုပ်တို့ စဉ်းစားဖြစ်ကြသလော။ အပြစ်ကြောင့် ဘုရားလည်း ခံစားရကြောင်းကို သိခြင်းတွင် အပြစ်၏ဆိုးကျိုးကို သင် မည်သို့အမြင်ပြောင်းလာသနည်း။

၄။ သင်သည် ကောင်းကျိုးဖြစ်လာဟန်မရှိသည့် ဒုက္ခမျိုး ခံစားရချိန်တွင် ဤလောကတွင် ဘုရားမကြိုက်သည့်အရာများ ဖြစ်ပျက်ကြောင်း သိရခြင်းက မည်သို့ အထောက်အမ ဖြစ်မည်နည်း။

## ပါတီပွဲ(Rumba)မှ ဘုရားကျောင်းသို့

Andrew McChesney ရေးသားသည်

Nelson သည် ကိုလံဘီယာရှိ rumba (ပါတီ) သွားရန် ငယ်သေး၏။ သို့သော် ၎င်းအား မိဘများက ဒီဇင်ဘာ ၃၁ ရက်ညတွင် ဘုရားကျောင်းပို့ပြီးနောက် အိမ်တွင်ထားခဲ့ကာ နှစ်သစ်ကျင်းပသည့်ပါတီ (rumba) သို့ သွားကြသည့်အခါ တစ်ခုခုမှားနေသည်ဟု ခံစားဖြစ်၏။

Nelson တို့၏ဝေလေ့တွင် ခရစ်ယာန်များသည် နှစ်သစ်ကူးအကြိုညတွင် ဘုရားထံဆက်ကပ်မှုပြုကြပြီး ထို့နောက်တွင် rumba သို့ သွားကြ၏။ ၎င်းသည် ငယ်သေးငြား ဘုရားကျောင်းသည် သန့်ရှင်းရာအရပ်၊ rumba သည် bar, nightclub များတွင် ပြုလုပ်သောကြောင့် မသန့်ရှင်းဟု ခံစားဖြစ်၏။ ၎င်းက "ငါ့မိသားစုက သန့်ရှင်းဖို့ ဘုရားကျောင်းသွားပြီးမှ မသန့်ရှင်းအောင် rumba ကို သွားတာလဲမသိဘူး" ဟု အံ့သြခဲ့၏။

Nelson က ၎င်း၏မိခင်အား "အမေက ဘာကြောင့် ဘုရားကျောင်းသွားပြီးမှ rumba ကိုသွားတာလဲ" ဟုမေး၏။ သူမသည် မဖြေ။

လူရွယ်ဖြစ်လာသည့်အလျောက် Nelson သည် ဘုရားကျောင်းမတက်တော့ဘဲ rumba တွင် valenato ဂီတကိုလိုက်စား တီးခတ်တော့၏။ ၎င်းသည် လက်ဆွဲဘာဂျာတွင် တစ်ဖက်ကမ်းခပ်တတ်ကျွမ်းပြီး ဘဝပြောင်းရန်ကြံ၏။ သို့နှင့် ၎င်း၏ကြင်ဖော်ဖြစ်လာမည့် SDA ဖြစ်ခဲ့ဖူးသူ Laura နှင့်ကြုံခဲ့၏။ သူမက "တမလွန်ရောက်ကြသူတွေ ကောင်းကင်ကို မရောက်ကြသေးတာကို ရှင်သိလား" ဟုမေး၏။ Nelson သည် သူမ၏အမြင်များကို မကြိုက်။ သူမကိုကား ကြိုက်၏။ သို့နှင့် ဆက်၍တွဲဖြစ်၏။ အချိန်အချို့စားလာပြီးနောက်တွင် Laura သည် ဘုရားကျောင်းပြန်တက်ကာ Nelson ကိုလည်း သူမ၏မိဘနှင့် မိတ်ဆက်ပေး၏။ ပထမတွင် သူမ၏ဖခင်သည် "အစာမစားခင် ကျေးဇူးတော်ချီးမွမ်းရအောင်" ဆိုပြီး Nelson ကို အံ့သြဖြစ်စေ၏။ Nelson သည် အစာမစားမီ တစ်ခါမျှ ဆုမတောင်းဖူးပါ။

Nelson နှင့် Laura ၏ ဖခင်သည် ရင်းနှီးလာကြ၏။ မကြာမီအချိန်တွင် Nelson သည် အစာမစားမီ ဆုတောင်းတတ်လာ၏။ Laura နှင့်လည်း ဘုရားအတူတက်စပြု၏။ ၎င်းသည် အစပိုင်းတွင် အသားမကျသေးပါ။ စနေနေ့တွင် ဘုရားကျောင်းတက်ရသည်ကို မနေတတ်ပါ။ သို့သော် ထွက် ၂၀:၈–၁၀ ကို ဖတ်ဖြစ်သွားသည့်အခါ ဘုရားက လူသားများအား သတ္တမနေ့ကို သန့်ရှင်းစွာထားရန် ပညတ်သည်ကို သိလာ၏။ ၎င်းလည်း သန့်ရှင်းလို၏။

ယနေ့တွင် Nelson Silva, (၃၀) သည် SDA တူရိယာပညာရှင်ဖြစ်လာပြီး rumba တွင် လက်ဆွဲဘာဂျာ မတီးတော့ပါ။ ၎င်းနှင့် အဖွဲ့သားများသည် အများပြည်သူသုံးယာဉ်များပေါ်တွင် တီးခတ်ကြ၏။ "တေးဂီတက ကျွန်တော့်ကို ကမ္ဘာမှာတောက်ပစေပါတယ်။ အခုတော့ ခရစ်တော်အတွက် တောက်ပချင်ပါပြီ" ဟုဆို၏။



ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံတွင် သာသနာဖြန့်ကြသူများအတွက် ဆုတောင်းပေးကြပါ။ သာသနာမသိသေးသူများထံ သာသနာဖြန့်ဖြူးနိုင်ရန် အလှူငွေထည့်ဝင်ပေးကြသည့်အတွက် ကျေးဇူးတင်ပါသည်။ လက်ဆွဲဘာဂျာတီးခတ်သည့် Nelson ၏ video ကို bit.ly/Nelson-Silva တွင် ဝင်ရောက်ရှုစားနိုင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ရှင်ယောဟန် ၁၆:၃၃

**လေ့လာမှုဦးတည်ချက်များ။** ဆာ ၈၁:၁၁–၁၄၊ လု ၇:၃၀၊ လု ၁၃:၃၄၊ တိ ၁:၂၊ ဟေဗြဲ ၆:၁၈။

**နိဒါန်း။** ။ ဘုရားသခင်သည် သဗ္ဗဗလဘုရားရှင် (omnipotent)၊ အဓိပတိဖြစ်ငြား ဖြစ်ပျက်လာသည့်အရာများကို ပုံစံမချထားပါ။ ထို့ပြင်မက ဘုရားက ၎င်း၏ဂုဏ်တော်ကိုမှီကာ မပြုလုပ်မည့်၊ မပြုလုပ်နိုင်သည့် အမှုများရှိ၏။ သို့တိုင်လည်း ဘုရား၏အစီအမံသည် စုတ်ကို လာဘ်အဖြစ် ဧ ကန်ပြောင်းပေးနိုင်ပါသည်။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် သဘောတရား ၃ ခုကို အာရုံထားပါမည်။

၁။ ဘုရား၏အာနုဘော်သည် အထမမြောက်သည့်ဆန္ဒများကို မ ပထုတ်ပါ။ ဘုရားသခင်သည် ဖြစ်ပျက်မှုတိုင်းကို မ ကြိုးကိုင်ပါ။ ၎င်းသည် သဗ္ဗဗလဘုရားရှင်ဖြစ်ငြား လူသားတို့၏ လွတ်လပ်စွာရွေးချယ်ခွင့်ကို မထိပါးပါ။ ဆိုရသော် ဖြစ်ပျက်လာကြသည့် အရာအားလုံးသည် ၎င်း၏ဆန္ဒချည်းမဟုတ်။ ဤတွင် လွတ်လပ်စွာရွေးချယ်ခွင့်ကို နေရာပေးခြင်းဖြစ်၏။ ဘုရားက ၎င်း၏အလိုတော်ကို (စံအလိုက်) အထမြောက်စေသည့်အချက်တွင် အာနုဘော်ရှိသည်ဟု ဆိုခြင်းဖြစ်ပြီး၊ ယင်းသည် ကုစားမှုရှေ့ရှုသည့် အလိုတော်နှင့် သီးခြားဖြစ်၏။

၂။ ဘုရား၏ အလုံးစုံစွမ်းခြင်းသည် ၎င်း၏ကျေးဇူးတော် အစီအမံများတွင် ဘောင်မရှိဟု ဆိုခြင်းမဟုတ်ပါ။ ဘုရားက ၎င်း၏ဂုဏ်တော်မှီကာ မကြိုးကိုင်၊ ထိုသို့မလုပ်နိုင်သည့် အရာများရှိ၏။ ဤအချက်သည် ဘုရား၏ကျေးဇူးတော်ကို နားလည်နိုင်ရေးတွင် အခရာကျ၏။ ဘုရား၏အစီအမံများသည် ၎င်း၏မေတ္တာတော်နှင့် အံကျပြီး အဓမ္မမသုံးပါ။ ၎င်း၏ အစီအမံများသည် လူသားတို့၏လွတ်လပ်ခွင့်ကို မချယ်လှယ်ပါ။ သို့နှင့် ဘုရား၏ အလုံးစုံစွမ်းခြင်းသည် ၎င်းဖန်ဆင်းထားသည့် လူသားများ၏လွတ်လပ်ခွင့်ကို မချုပ်ချယ်ပါ။

၃။ ဘုရားသခင်၏ အလိုတော်တွင် စံနှင့်ကုစားခြင်းတို့ ပါ၏။ ဘုရား၏အလိုတော်တွင် စံတန်ဖိုးကိုသာ အနက်ဖွင့်သည်မဟုတ်။ ကုစားခြင်းလည်းပါ၏။ ကုစားခြင်းသည် ဘုရား၏ ကြိုတင်စေတနာနှင့် ကွဲလွဲ၏။ သို့ပေငြား ဘုရားသခင်သည် ၎င်း၏အလိုတော်ကို ဆန့်ကျင်သည့် အနေအထားကို ၎င်း၏အလိုတော်နှင့် ကိုက်ညီစေရန် ပြုပြင်ပါလိမ့်မည်။

**လက်တွေ့အသုံးချခြင်း။** ။ ကျွန်ုပ်တို့၏ဘဝတွင် ဖြစ်ပျက်သမျှသည် ဘုရား၏အလိုတော်လော။ ဘာ့ကြောင့် ဟုတ်၊ ဘာ့ကြောင့် မဟုတ်သနည်း။ ယောသပ်၏ဘဝဖြစ်စဉ်မှ ဘုရား၏ပြုပြင်စီရင်ပေးမှုကို သင် ဘာမြင်တွေ့သနည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ ဘုရား၏အာနုဘော်သည် အထမမြောက်သည့်ဆန္ဒများကို မ ပထုတ်ပါ။

"Four Views on Divine Providence" တွင် အဓိကမေးခွန်းမှာ ဘုရားသခင်သည် ၎င်းဆန္ဒအတိုင်း အစဉ်ရရှိသလော ဖြစ်၏။ ဒဲ့ဆိုရလျှင် ဤအမေးက "လူသား၏အတာနှင့် ဘုရားက လူသားတို့၏ အပြုအမူများအပေါ် တုံ့ပြန်မှုကို မည်သို့ညှိမည်နည်း ဖြစ်၏" — Denis W. Jowers, ed., *Four Views of Divine Providence* (Grand Rapids, MI: Zondervan, 2011), p. 10။ ဤအမေး၏အဖြေသည် ဟုတ်သည်ဖြစ်လျှင် (ဘုရားသည် ၎င်း၏ဆန္ဒ အစဉ်ရရှိသည်) သို့ဖြစ်လျှင် မည်သူမျှ ဘုရား၏ဆန္ဒကို ဆန့်ကျင်ကာ ဘာမျှမလုပ်နိုင်ဖြစ်ကာ ကမ္ဘာတွင်ဖြစ်ပျက်သမျှသည် ဘုရားအလိုတော် ဖြစ်တော့၏ (အပြစ်ရှိလာခြင်းအကြောင်းလည်း အကျုံးဝင်၏)။ သို့သော် ယင်းသည် သမ္မာကျမ်းစာတွင် မြင်ရသည့်အတိုင်း ဘုရား၏မေတ္တာ၊ လူတို့၏ လွတ်လပ်ခွင့်တို့နှင့် ဆန့်ကျင်၏ (John Peckham, "Providence and God's Unfulfilled Desires," *Philosophia Cristi*, 15, no. 2 [2013]: p. 234။

သမ္မာကျမ်းစာရှိ ကျမ်းချက်များစွာတွင် လူသားများသည် ဘုရား၏လူစုများလည်းအပါ၊ ဘုရား၏အလိုတော်ကို ဆန့်ကျင်ကာနေကြသည်ဟု လာ၏။ ဘုရားသခင်က ဣသရေလများ နောင်တရကြရန် တောင်းဆိုသည့် ဆာ ၈၁:၁၁–၁၄ တွင် ဘုရားက "ငါ၏လူများမူကား၊ ငါ့စကားကို နားမထောင်ကြ။ ဣသရေလအမျိုးသည် ငါ့ကိုအလိုမရှိကြပါတကား။ ငါသည်လည်း ထိုသူတို့ကို သူတို့နှလုံးခိုင်မာခြင်း၌အပ်၍၊ သူတို့သည် မိမိတို့အလိုသို့ လိုက်ကြ၏။ ငါ၏လူစုသည် ငါ့စကားကို နားထောင်၍၊ ဣသရေလအမျိုးသည် ငါ့လမ်း၌ လိုက်ပါစေသော။ လိုက်လျှင် ငါသည် သူတို့ရန်သူများကို အလျင်အမြန်နှိပ်စက်၍၊ ရန်ဘက်ပြုသောသူတို့ကို ဒဏ်ခတ်မည်။" ထို့အတူ ဟေရှာ ၆၆:၄ တွင် "ငါသည်လည်း၊ သူတို့ဖို့ ဘေးဥပဒ်များကို ရွေးမည်။ သူတို့ကြောက်သောအမှုကို ရောက်စေမည်။ အကြောင်းမူကား၊ ငါခေါ်သောအခါ အဘယ်သူမျှမထူး။ ငါပြောသောအခါ သူတို့သည် နားမထောင်ကြ။ ငါ့မျက်မှောက်၌ မကောင်းသောအကျင့်ကို ကျင့်၍၊ ငါမနှစ်သက်သောအရာကို ရွေးယူကြ၏" ဟု ဝမ်းနည်းစွာမိန့်၏။

ယေဇ ၁၈:၂၃ တွင် ဘုရားက လူဆိုးများ ဆုံးပါးကြမှုတွင် စိတ်မချမ်းသာ ဟုဆို၏။ ထို့အစား လူဆိုးများ နောင်တရကြကာ အသက်ရကြမည်ကို လိုလား၏။ ခရစ်ဝင်ကျမ်းများတွင် "ဖာရိရှဲနှင့် ကျမ်းတတ်တို့မူကား သူတို့အကျိုးအလိုငှာ ဘုရားသခင် ကြံစည်တော်မူသော ကျေးဇူးတော်ကို ပယ်ကြ၏" (လု ၇:၃၀) ဟုဆို၏။ ထို့အတူ ယေရှုသည် ယေရုရှလင်သည် ၎င်း၏အလိုတော်ကို ပုန်ကန်ကြမှုတွင် ဤသို့တမ်းခဲ့၏ — "အို ယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိ၏။ သင်မူကား အလိုမရှိ" (လု ၁၃:၃၄)။

ဤကျမ်းချက်က ဘုရား၏အာနုဘော်သည် အထမမြောက်သည့်ဆန္ဒများကို မပထုတ်ထားကြောင်း ပြ၏။ ဤသည်မှာ လူတို့၏လွတ်လပ်ခွင့်ကို ငဲ့ခြင်းဖြစ်၏။ တစ်ချိန်တည်းတွင် ဘုရားသည် အာနုဘော်အရှင်သခင် ဖြစ်၏။ ယောဘ၏မှတ်ချက်အတိုင်းပင် ဖြစ်၏ — "ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်သည်" (ယောဘ ၄၂:၂)။ Peckham က "ဘုရားသည် ၎င်း၏ဆန္ဒ(စံဆန္ဒ)ကို အမြဲမရပါ။ သို့တိုင်လည်း ၎င်း၏အနန္တမေတ္တာတော်ကို ဖြစ်အောင်ပြုပါလိမ့်မည်။" — *Philosophia Cristi*, vol. 15, no. 2, p. 236။ သာ၍တိကျစွာဆိုရလျှင် "ဘုရားသခင်သည် အပြစ်ကြောင့်ဖြစ်လာသည့် အကျိုးတရားများအပေါ် ဝန်ဆောင်ပေး၏။ နိဂုံးတွင် စကြဝဠာတစ်ခုလုံး ၎င်း၏အလိုအတိုင်း သဟဇာတကျလာမည့်အကြောင်းတွင် ဘုရားသခင်သည် စိတ်တော်တွေ့၏။" p. 235။

**၂။ ဘုရား၏ အလုံးစုံစွမ်းခြင်းသည် ၎င်း၏ကျေးဇူးတော် အစီအမံများတွင် ဘောင်မရှိဟု ဆိုခြင်းမဟုတ်ပါ။**

သဗ္ဗဗလ (almighty) ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်၏။ ၎င်းအတွက် မဖြစ်နိုင်သည့်အရာ မရှိ (က ၁၈:၁၄၊ မာ ၁၄:၃၆၊ လု ၁၈:၂၇)။ ထို့ကြောင့် လွတ်လပ်သည့် အာနုဘော်ဘက်ခြမ်းမှနေကာ ဘုရားသခင်သည် အရာခပ်သိမ်းကို ပြုလုပ်နိုင်၏။ သို့သော် ၎င်း၏ဂုဏ်ပုဒ်အရ ကမ္ဘာတွင်ဖြစ်ပျက်နေသည့် အဖြစ်သနစ်များတွင် ၎င်းမလုပ်နိုင်သည့်အရာများလည်း ရှိ၏။ ထိုဘက်ခြမ်းမှနေကာ သမ္မာကျမ်းစာက ဘုရားသခင်သည် အချို့ကိစ္စရပ်များကို မပြုလုပ်နိုင်ပဟု ပြခြင်းဖြစ်၏။ ဥပမာ — ဘုရားသည် "မုသားမဆိုနိုင်" (တိ ၁:၂၊ ဟေဗြဲ ၆:၁၈ ကိုလည်းရှုပါ)။ "မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ" (ယာ ၁:၁၃)။ "ထိုသခင်သည် ကိုယ်ကိုငြင်းပယ်တော် မမူနိုင်" (၂ တိ ၂:၁၃) တို့ဖြစ်၏။

ဘုရားသခင်၏သိက္ခာပုဒ်သည် ၎င်း၏ မေတ္တာစီးဖြန်းပေးမှုအကြောင်း တရားပေါက်ရေးအတွက် အရေးပါ၏။ ဘုရားတွင် အာနုဘော်ရှိပြီး စိတ်ကြိုက်စီမံနိုင်စဉ်တွင် ၎င်း၏စီရင်ပြုပြင်မှုများကို ၎င်း၏သိက္ခာပုဒ်က ပြန်၍ကန့်သတ်၏။ Ellen G. White က "ဘုရားသခင်သည် ၎င်းဖန်ဆင်းထားသည့် လူသားတို့၏ အစွမ်းတ္တကို ကြိုးမကိုင်ပါ (*The Great Controversy*, p. 591)။ *Steps to Christ* စာအုပ်တွင် သူမက ဤသို့ဆို၏ "သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား အပြစ်မှကယ်လွတ်ရန် အသင့်ရှိတော်မူ၏။ သို့သော် ကျွန်ုပ်တို့အလိုမတူဘဲ အတင်းအကြပ်ပြုတော်မမူ။ အပြစ်ကို ဆက်လက်ကျူးလွန်နေခြင်းဖြင့် မကောင်းမှုဒုစရိုက်ဘက်၌သာ လုံးလုံး စိတ်ညွတ်နေ၍ အပြစ်မှလွတ်ဖို့ရန် ကျွန်ုပ်တို့သည် အလိုမရှိကြလျှင် ကိုယ်တော်၏ကျေးဇူးတော်ကို လက်မခံလိုကြလျှင် ကိုယ်တော်သည် မည်ကဲ့သို့ ပြုလုပ်နိုင်တော်မူဦးမည်လဲ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာတော်ကို အသေအချာငြင်းပယ်ခြင်းဖြင့် မိမိတို့ကိုယ်ကိုဖျက်ဆီးခဲ့ကြပြီ" p. 50။

ဤသဘောတရားက ဘုရား၏မေတ္တာတော်ကြောင့် ၎င်း၏အလုံးစုံစွမ်းသည့် ဂုဏ်ပုဒ်က လူသားများကို ကြိုးမကိုင်ဖြစ်စေပါဟု ဆိုလိုခြင်းဖြစ်၏။ ၎င်း၏ ပြုပြင်စီရင်ပေးမှုများက လူ့စိတ်ကို ကြိုးမကိုင်ပါ။ ယင်းအချက်က ၎င်းသည် ကျွန်ုပ်တို့ကို မရဏအစား အသက်ကိုရွေးကြရန် (တရား

၃၀း၁၅–၂၀) ၎င်း၏အသံတော်ကို ဥပေက္ခာမပြုကြရန် နားချခြင်းကို နားရှင်းစေ၏ (ဟောရှေ ၃း၇၊ ၈)။ ဘုရားသည် လူတိုင်း ကယ်တင်ခြင်းရစေလိုသော်လည်း (ယေဇ ၃၃း၁၁၊ ၁ တိ ၂း၄–၆၊ တိ ၂း၁၁၊ ၂ ပေ ၃း၉) သမ္မာကျမ်းစာက လူတိုင်း ကယ်တင်ခြင်းရကြလိမ့်မည်ဟု မသွန်သင်ထားပါ (မ ၂၅း၃၁–၄၆၊ ယော ၅း၂၈၊ ၂၉ တို့ကို ဖတ်ရှုပါ)။

ဘုရားသခင်၏ ပြုပြင်စီရင်ပေးမှုများသည် ၎င်း၏မေတ္တာတော်နှင့် ထပ်တူကျ၏။ အဘိဓမ္မာဖွင့်ရလျှင် မေတ္တာနှောသည့် ဆက်ဆံရေးတွင် အဓမ္မတရားမပါဘဲ၊ လွတ်လပ်စွာရွေးချယ်ခွင့်သည် ပါရ၏။ မေတ္တာ၏အရင်းအမြစ် (၁ ယော ၄း၇၊ ၈) ဖြစ်သည့်အားလျော်စွာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ မေတ္တာတုံ့ပြန်မှုတွင် အဓမ္မတရားမသုံးပါ။ ၎င်းက ကျွန်ုပ်တို့ကို ချစ်လွန်းအားကြီးလွန်းသောကြောင့် ၎င်း၏ ချစ်ခြင်းတရားကို ကျွန်ုပ်တို့အတွင်း ဌာပနာပေး၏ (ယော ၃း၁၆၊ ၁ ယော ၄း၁၉)။ ၁ ယော ၄း၁၉ က "ဘုရားသခင်သည် ငါတို့ကို ဦးစွာချစ်သောကြောင့် ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏" ဟု ဆိုထား၏။

ဘုရားသခင်ကို စစ်မှန်စွာ ချစ်နိုင်ရေးသည် ဘုရား၏မေတ္တာ၊ သိက္ခာပုဒ်ကို သိကျွမ်းခြင်းတွင်မှီ၏။ Ellen G. White ဤသို့ စာပန်းချီ ခြယ်မှုန်းထား၏ — "မေတ္တာအရင်းခံသည့် ခစားမှုသည်သာလျှင် ဘုရားလက်ခံနိုင်သည့် အရာဖြစ်၏။ အဖန်ဆင်းခံတို့၏ မဟာမိတ်ပြုခြင်းသည် ဘုရား၏ တရားမျှတခြင်း၊ သဒ္ဒါတရားကို ဓမ္မဉာဏ်ပေါက်ခြင်းတွင် အခြေတည်ရပါမည်။" — *Patriarchs and Prophets*, p. 42။

**၃။ ဘုရားသခင်၏အလိုတော်တွင် စံနှင့်ကုစားခြင်းတို့ ပါ၏။**

ဘုရားသခင်၏ ဘုန်းအာနုဘော်အကြောင်းတွင် အထမမြောက်ခဲ့သည့် အလိုတော်များကို မပထုတ်သည့်အကြောင်းတွင် ၎င်း၏ အလုံးစုံစွမ်းသည့် တန်ခိုးသည် လူတို့၏ဆုံးဖြတ်ချက်ကို ကြိုးမကိုင်ကြောင်း၊ ဘုရား၏ ပြုပြင်စီမံပေးမှုများကို ဘုရား၏ မူရင်းစံအလိုတော် စံအတိုင်း လုပ်ဆောင်သည်ဟု အကျုံးမဝင်စေရပါ။ ဖြစ်ပျက်မှုအများစုသည် ဘုရား၏အလိုတော်နှင့် ဆန့်ကျင်သည့် လူသားများ၏ အဆုံးအဖြတ်များကြောင့် ဖြစ်ရသည်ဟု နှလုံးမူရင်းဖြင့် ပြုပြင်စီမံပေးမှုများစွာတို့သည် ကုစားခြင်းဖြစ်ကြောင်း သဘောပေါက်ရပါမည်။ ဆိုလိုသည်မှာ ဖြစ်ပျက်ပြီးသော အပျက်တရားများကို ၎င်း၏ စံ/ကုစား အလိုတော်နှင့် ညီထွေစေရန် ပြုပြင်ခြင်းကို ဆိုလို၏။

ပြုပြင်ကုစားပေးခြင်းကို ယောသပ်၏ဘဝဖြစ်စဉ်တွင် တွေ့နိုင်၏။ ၎င်းက ၎င်း၏အဆိုးလောကဓံကို လူတို့၏ညဉ်ယုတ်နှင့် ဘုရား၏ကရုဏာတော်တို့က ချေမိုးထားသည်ဟု တရားရ၏။ လူ့ညဉ်ယုတ်သည် ဘုရား၏ကရုဏာတော် ရှေ့ပြေးလည်း မဟုတ်ပြန်ပါ။ က ၅၀း၂၀ တွင် ယောသပ်က ၎င်း၏ညီအစ်ကိုများထံ ဤသို့ဆို၏ — "သင်တို့သည် ကျွန်ုပ်ကိုညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများအသက်ချမ်းသာစေခြင်းငှာ ကျေးဇူးပြုမည်ကြံတော်မူ၏။" အတိုကား ဘုရား၏ကရုဏာတော်က ကူကယ်ရာမဲ့သည့် ဒုက္ခများကို ကျွန်ုပ်တို့က ဘယ်အခါမျှ ကြိုမမြင်နိုင်သည့် သုခအဖြစ် ပြောင်းပေးသည်ဟု ဆိုရပါမည်။

Ellen G. White က ဘုရားသခင်၏ ပြုပြင်ပေးမှုကို ဤသို့ဆို၏။ "မစ္စရိယဟူသည့် မနာလိုစိတ်က ယောသပ်၏ နောင်တော်များအား ယောသပ်ကို ကျွန်အဖြစ်ရောင်းလိုစိတ် ဆွပေး၏။ ဤနည်းအားဖြင့် ၎င်တို့ကိုချေမိုးမည့်ရန်ကို ကာနိုင်မည်ဟု မှတ်ကြ၏။ ယောသပ်ကို အီဂျစ်ပြည်သို့ ပို့ဖြစ်သွားသည့်အခါ နောင်တော်များက ၎င်း၏အိပ်မက်များ မပြည့်စုံနိုင်တော့ဟု ကျေနပ်နေကြ၏။ *သို့သော် ၎င်းတို့၏အဖျက်အမှောင့်ကို ဘုရားကကြိုးကိုင်ကာ* ၎င်းတို့၏အကြံတိုင်းကို မှောက်လှန်ပစ်၏။" *Patriarchs and Prophets*, p. 239, emphasis added။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ကျွန်ုပ်တို့သည် ဘုရားက ကျွန်ုပ်တို့အတွက် ဆန္ဒရှိပေးသည်အတိုင်း မလိုက်ကြသော်လည်း ဘုရားက စုတ်ကိုလာဘ်အဖြစ် ပြောင်းပေးနိုင်ပါသည်။ ဤအချက်ကို အခြေပြုကာ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**၁။ ကျွန်ုပ်တို့၏ဓမ္မခရီးတွင် ဘုရား၏အလိုတော်ကို မှီခိုနိုင်ရန် ကျွန်ုပ်တို့တွင် ပြုပြင်ရမည့်အရာ ဘာရှိသနည်း။ ကျွန်ုပ်တို့၏ လွတ်လပ်ခွင့်ကို ဘုရား၏ဆန္ဒနှင့် ခလုတ်မတိုက်ဖြစ်ရန် မည်သို့ ချင့်ချိန်ကြမည်နည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

**၂။ ကျွန်ုပ်တို့၏ ဓမ္မခရီးတွင် ကျရှုံးမှုရှိငြား ဘုရားသခင်သည် အချစ်မပြယ်ပါ။ ဤတရားထူးက ဧဝံဂေလိတရား ဟောကြားရာတွင် ကျွန်ုပ်တို့ကို မည်သို့ အားဖြစ်စေသနည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

**၃။ ဖြစ်ပျက်သမျှအလုံးစုံသည် ဘုရား၏အလိုတော် မဟုတ်ကြောင်း ကျွန်ုပ်တို့သည် ကလေးသူငယ်များကို မည်သို့ ရှင်းပြနိုင်မည်နည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

သင်ခန်းစာ ၈။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၉

*ဖေဖော်ဝါရီလ ၂၂-၂၈

# စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ



## ဥပုသ်နေ့မွန်းလွဲပိုင်း

ဖတ်ရန်ကျမ်းချက်များ။ မ ၁၃:၂၄-၂၇၊ က ၁:၃၁၊ ယေဇ ၂၈:၁၂-၁၈၊ ဟေရှာ ၁၄:၁၂-၁၅၊ မ ၄:၁-၁၁၊ ယော ၈:၄၄၊ ၄၅

အလွတ်ကျမ်းချက်။ **"သင်နှင့် မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏"** (က ၃:၁၅)။

ခရစ်တော်နှင့်စာတန်ကြားရှိ မဟာတိုက်လှန်ပွဲသည် သမ္မာကျမ်းစာဆိုင်ရာဓမ္မပညာ၏ သော့ချက်ဗဟိုဖြစ်သည်။ ဘုရားသခင်နှင့် ဘုရားသခင်အားတော်လှန်ပုန်ကန်၍ကောင်းကင်မှကျရှုံးခဲ့သောဖန်ဆင်းခံများကြားရှိ စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ/တိုက်လှန်မှုသည် သမ္မာကျမ်းစာတွင် ပေါ်လွင်ထင်ရှားစွာဖော်ပြထားသည့်အကြောင်းအရာဖြစ်၏ (မ ၁၃:၂၄-၃၀၊ ၃၇-၃၉၊ ဗျာ ၁၂:၇-၁၀)။ ဤအကြောင်းအရာကို ခရစ်ယာန်ထုံးတမ်းဓလေ့အများစုတွင် လက်ခံကြသော်လည်း တချို့သောခရစ်ယာန်များက ငြင်းပယ် (သို့) လစ်လျူရှုထားကြသည်။

သမ္မာကျမ်းစာရှုထောင့်အရ စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ/တိုက်လှန်မှု၏ အဓိကတရားဖြစ်သည့် ဘုရားသခင်၏နိုင်ငံတော်အား နတ်ဆိုးနှင့် ၎င်း၏အပေါင်းအပါများမှ ဆန့်ကျင်တိုက်ခိုက်ခြင်းသည် မေ့ထား၍မရသည့်တရားတော် ဖြစ်၏။ ခရစ်ဝင်ကျမ်းများတွင်ပင် ဘုရားသခင်ကို ဆန့်ကျင်ကြသည့် မာရ်နတ်နှင့် နတ်ဆိုးများအကြောင်းနှင့် ပြည့်နေ၏။

ယခုအပတ်တွင် အောက်ပါမေးခွန်း ၂ ခုကို ကျမ်းစာကောက်နှုတ်ချက်များဖြင့် သုံးသပ်လေ့လာသွားကြမည်ဖြစ်သည်။

(၁) ဘုရားနှင့်စာတန်ကြားရှိ ပဋိပက္ခအကြောင်း မည်သည့်ကျမ်းချက်က ပြသနည်း။

(၂) ကျမ်းစာအရ ပွတ်တိုက်မှု(conflict)၏ သဘာဝသည် ဘာနည်း။

* *မတ်လ ၁ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

## တနင်္ဂနွေနေ့

*ဖေဖော်ဝါရီလ ၂၃ ရက်*

# ဤအမှုကို ရန်သူကပြုခဲ့သည်

**မ ၁၃:၂၄–၂၇ ကို ဖတ်ရှုပါ။ ဤပုံပမာက လောကတွင်ဖြစ်ပျက်သည့် အနိဋ္ဌာရုံကို မည်သို့နားလည်စေသနည်း။**

---

ယေရှုက ကောင်းသောမျိုးစေ့များကိုကြဲသည့် လယ်ပိုင်ရှင်အကြောင်း မိန့်၏။ မည်သို့ဆိုစေ ပေါင်းပင်များ စပါးပင်ကြားတွင် ပေါက်ကြ၏။ ယင်းအဖြစ်ကို မြင်ကြသည့်ကျွန်များက သခင့်ထံ "သခင်၊ ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည် မဟုတ်လော။ တောပင်တို့သည် အဘယ်ကဖြစ်သနည်း" ဟု လျှောက်ကြ၏ (မ ၁၃:၂၇)။ ဤအမေးသည် ယနေ့မျက်မှောက်ကာလ အနိဋ္ဌာရုံများကို မြင်ရသည့်အခါ မေးလေ့မေးထရှိသည့်မေးခွန်းပင်ဖြစ်၏ — ဘုရားသခင်သည် ကောင်းသောအရာများကိုသာဖန်ဆင်းခဲ့လင့်ကစား အဘယ်ကြောင့် မကောင်းမှုဒုစရိုက်များ ရှိနေရသနည်း။

**မ ၁၃:၂၈–၃၀ ကို ခရစ်တော်ရှင်းပြသည့် မ ၁၃:၃၇–၄၀ ရှုထောင့်မှ ဖတ်ရှုပါ။ စကြဝဠာရှိ ပွတ်တိုက်မှု၏သဘာဝကို မည်သို့ မီးမောင်းထိုးပြထားသနည်း။**

---

သခင်က ကျွန်များ၏မေးခွန်းကို "ဤအမှုကား ရန်သူပြုသောအမှုတည်း" ဟုဖြေ၏ (မ ၁၃:၂၈)။ နောက်ပိုင်းတွင် ယေရှုက "ကောင်းသောမျိုးစေ့ ကြဲသောသူသည် လူသားဖြစ်၏" ဟု ပြောခဲ့၏။ ယင်းသည် ယေရှုကိုယ်တိုင်ကို ဆိုလို၏ (မ ၁၃:၃၇)။ "လယ်ကား ဤလောကဖြစ်သည်" (မ ၁၃:၃၈)၊ "တောမျိုးစေ့ကို ကြဲသောရန်သူကား မာရ်နတ်ဖြစ်သည်" ဟု ရှင်းပြ၏ (မ ၁၃:၃၉)။ ခရစ်တော်နှင့်စာတန်ကြားရှိ တိုက်လှန်ပွဲကို ဖော်ကျူးပြခြင်းဖြစ်၏။ ဒုစရိုက်သည် အဘယ်ကြောင့် လောကတွင်ရှိရသနည်း။ ဒုစရိုက်သည် သခင့်ကိုဆန့်ကျင်သည့် ရန်သူ၏ပယောဂ ဖြစ်၏။ "ဤအမှုကား ရန်သူပြုသော အမှုတည်း" (မ ၁၃:၂၈)။

ဤအဖြေက "အကျွန်ုပ်တို့သည်သွား၍ တောပင်တို့ကိုရွေးနုတ်စေခြင်းငှာအလိုရှိသလော" ဟု မေးဖြစ်စေ၏။ တစ်နည်းကား၊ ဒုစရိုက်ကို အဘယ်ကြောင့် ချက်ချင်းအမြစ်မလှန်ရသနည်း ဖြစ်၏။ သခင်က "တောပင်တို့ကို ရွေးနုတ်လျှင် စပါးပင်တို့ကိုရောနှော၍ နုတ်မိမည် စိုးရိမ်စရာအကြောင်း ရှိ၏။ စပါးရိတ်သည့်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ" ဟုဖြေ၏ (မ ၁၃:၂၉၊ ၃၀ ကို မာ ၄:၂၉ နှင့်ယှဉ်ပါ)။ ပုံပမာအခန်းအရ ဘုရားသခင်သည် နောက်ဆုံးတွင် ဒုစရိုက်ကိုအပြီးသတ် လက်စတုံးပစ်မည်ဟုဆိုလိုခြင်းဖြစ်၏။ သို့သော် အချိန်မတိုင်မီစောလျင်စွာနုတ်ခဲ့ပါသော် ကောင်းသည့်အပင်များအပေါ်၌လည်း တူညီသည့် ပျက်စီးမှုမျိုးသက်ရောက်သွားနိုင်မည်ဖြစ်၏။

**ယခုတွင် ပေါင်းပင်ရှင်းရာတွင် စပါးပင်လည်းထိခိုက်မည့် အန္တရာယ်များသည် ဘာများနည်း။ တစ်ချိန်တည်းတွင် ယင်းသို့ အသာနေခြင်းသည် ဒုစရိုက်ကို လျစ်လျူရှုရာ မရောက်သနည်း။**

## တနင်္လာနေ့

*ဖေဖော်ဝါရီလ ၂၄ ရက်*

# ကမ္ဘာမြေတွင်ဖြစ်လာသည့် ပဋိပက္ခ၏ မူလဘူတ

ပုံပမာတွင် ကောင်းသောမျိုးစေ့ကိုသာ လယ်ရှင်က ကြဲခဲ့သော်လည်း မကောင်းသောမျိုးစေ့သည် အဘယ်ကြောင့် ပေါက်လာရသနည်း ဟူသည့်မေးခွန်းနည်းတူ နောက်မေးခွန်းတစ်ခုမှာ ဘုရားသခင်သည် ကမ္ဘာမြေကြီးကိုပြီးပြည့်စုံစွာ ဖန်ဆင်းခဲ့သည်မှန်လျှင် ဒုစရိုက်သည် မည်သို့ဖြင့် ရှိလာရသနည်း ဟူ၍ဖြစ်သည်။

**က ၃:၃၁ ကို ဖတ်ရှုပါ။ သမ္မာကျမ်းစာက ဖန်ဆင်းစဉ်က အနေအထားကို မည်သို့ဆိုထားသနည်း။ ဤအကြောင်းသည် ဘာ့ကြောင့် အရေးပါရသနည်း။**

---

က ၁:၃၁ အရ ဘုရားက ကမ္ဘာကိုဖန်ဆင်းစဉ်တွင် ကမ္ဘာသည် “အလွန်ကောင်း၏။” က-၁ တွင် ဤကမ္ဘာတွင် အပြစ်အရိပ်အယောင် မသန်းခဲ့ပါ။ အပြစ်သည် မည်သို့ဖြင့် လူ့လောကသို့ ဝင်လာသနည်း။

**က ၁:၁-၇ ကို ဖတ်ရှုပါ။ ဤကျမ်းချက်တွင် ကမ္ဘာသို့ အပြစ်ဝင်လာပုံကို မည်သို့ဆိုထားသနည်း။ ဤဖြစ်စဉ်က တိုက်လှန်မှုအကြောင်း မည်သို့ မီးမောင်းထိုးပြသနည်း။ (ဗျာ ၁၂:၇-၉ လည်းရှုပါ)။**

---

ဤဖြစ်စဉ်တွင် ဗျာ ၁၂:၇-၉ တွင် ရှေးမြွေဟောင်းဟုဆိုသည့် မြွေသည် ဘုရား၏သိက္ခာပုဒ်တော်ကို ပုံမှားရိုက်ပြသွားကြောင်း တွေ့ရပါသည်။ မြွေက ဘုရားအပေါ် သင်္ကာမကင်းသည့်မေးခွန်းဖြင့် စခဲ့၏။ ဘုရားမိန့်သည့်အရာကို ပြောင်းပြန်လှန်လုနီးနီးဖြင့် မေး၏။ ထို့နောက် ဘုရားကို ဆန့်ကျင်ကာ ဧဝထံ “သင်တို့သည် ကေန်အမှန် သေရမည်မဟုတ်” (က ၃:၄) ဆိုခဲ့၏။

မြွေ (သို့) ဘုရား တစ်ဦးဦးက ဧဝကို လိမ်ပါပြီ။ သူမလည်း ရွေးရတော့၏။

ဤကျမ်းချက်နှင့် အခြားသောကျမ်းချက်များတွင်တွေ့ရသည့် ဤတိုက်လှန်မှု၏ အဓိကမှာ မည်သူ့ကိုယုံစားရမည်ပင်ဖြစ်ပြီး ဤအရာသည် ချစ်ခြင်းမေတ္တာနှင့်စပ်လျဉ်းလျှက်ရှိသည်။ အကြောင်းမှာ ယုံကြည်ကိုးစားခြင်းသည် သူ့အပေါ်ထားရှိသောသင်၏သဘောထားအပေါ်မူတည်ခြင်းကြောင့်ဖြစ်သည်။ ထိုသူသည် မည်သို့လူစားမျိုးဖြစ်ခြင်းနှင့် ယုံကြည်၍ရမရခြင်းအပေါ်မူတည်၏။ ယုံကြည်အပ်သောသူ ချစ်ဖွယ်သောသူဖြစ်မည်ဆိုလျှင် ထိုသူအားသင်သည် ချစ်ခင်ယုံကြည်၍ သူပြောသောစကားများကိုနားထောင်မည်ပင်ဖြစ်သည်။

**က ၃:၁၅ ကို ဖတ်ရှုပါ။ ဘုရားက အမျိုးသမီး၏မျိုးစေ့ (မေရှိယ) သည် မြွေ၏ဦးခေါင်းကို ချေမည်ဟု မိန့်မှာသည့်ကျမ်းစာတွင် ပထမဆုံးသောသတင်းကောင်းဟု ဆိုထား၏။ ဤတရားက တိုက်လှန်မှု၏သဘောသဘာဝနှင့် ဤတိုက်လှန်မှုအတွင်း မည်သည့်မျှော်လင့်ချက် ရှိသနည်း။**

*ဖေဖော်ဝါရီလ ၂၅ ရက်*

## ကောင်းကင်တွင်ဖြစ်လာသည့် ပဋိပက္ခ၏ မူလဘူတ

က ၁-၃ ကသာ အဆိုးတရားသည် အာဒံနှင့်ဧဝ အပြစ်မကျူးလွန်မီကပင် ရှိနှင့်ပြီးဖြစ်ကြောင်း ပြ၏။ ဒေင်ဥယာဉ်တွင် အဆိုးတရားရှိခြင်းသည် ခိုင်မာသည့်အမှန်တရားမဟုတ်ခဲ့သော်လည်း သေချာစွာတွေးကြည့်လျှင် "ကောင်းမကောင်း သိကျွမ်းရာအပင်"ဟုဆိုရာတွင် အဆိုးတရားလည်းပါနေကြောင်းတွေ့ရသည် (က ၂:၉၊ ၁၇)။ ထို့နောက်တွင် မြွေက သူကိုယ်တိုင်လိမ်လည်သူဖြစ်လျက်ပင် ဘုရားအား မုသားစကားဆိုသူဟုစွပ်စွဲ အပြစ်တင်၏။ မြွေကြီးရှိသည့်နေရာတွင် (ဗျာ ၁၂:၉) သူ၏မုသာဝါဒများ၊ အဆိုးတရားရှိနေကြောင်း တွေ့ရ၏။ ထို့ကြောင့် ဒေင်ဥယျာဉ်တွင် အပြစ်ထဲမကျရှုံးမီကပင် အဆိုးတရားသည် ရှိနှင့်နေ၏။

**ယေဇ ၂၈:၁၂-၁၉ ကို ထွက် ၂၅:၁၉၊ ၂၀ ရှုထောင့်မှ ဖတ်ရှုပါ။ ဤပုဂ္ဂိုလ်၏ ကျရှုံးရခြင်း၏ သဘောသဘာဝသည် အဘယ်နည်း။**

---

အထက်ပါကျမ်းချက်အရ အပြစ်တရားစတင်မှုနှင့် တိုက်လှန်မှုကြီးတို့သည် ကောင်းကင်တွင် စခဲ့၏။

စာတန် တစ်ဖြစ်လဲလာသည့် ပုဂ္ဂိုလ်သည် ခေရုဗိမ်ဖြစ်၏။ ၎င်းသည် ခေရုဗိမ်အပြင် "ထူးဆန်းသောတံဆိပ် ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်း၊ အသားရေလည်း စုံလင်လျက်ရှိ၏။ ဒေင်အရပ်၊ ဘုရားသခင်၏ ဥယျာဉ်တော်၌နေပြီ" (ယေဇ ၂၈:၁၂၊ ၁၃)။ ယင်းဂုဏ်များကို တုရှာရင် ((သို့) မည်သည်လူကို) အပေါ် တပ်၍မရပါ။ ထို့ကြောင့် လူစီဖာကိုညွှန်းကြောင်း ကျွန်ုပ်တို့သိနိုင်၏။

**ဟေရှာ ၁၄:၁၂-၁၅ ကို ဖတ်ရှုပါ။ မဟာတိုက်လှန်ပွဲအကြောင်း မည်သို့ထပ်ဆင့်တွေ့ရသနည်း။**

---

ဟေရှာ ၁၄ အရ လူစီဖာသည် ကိုယ်ကိုကိုယ် ချီးမြှောက်၍ ဘုရားကဲ့သို့ပြု၏။ ဤကျမ်းပိုဒ်သည် ယေဇ ၂၈ ကို ဖြည့်စွက်ပေး၏။ ဆိုလိုသည်မှာ "တင့်တယ်ခြင်း အသရေကြောင့်၊ ကြွားဝါခြင်းရှိ၏ (ယေဇ ၂၈:၁၇)။ ထိုအသရေအားဖြင့် တင့်တယ်စေတော်မူသည့် ဘုရားကို ဂုဏ်ပြုရမည့်အစား မာန်တက်ကာ ထိုမာနဖြင့် ဘုရားကိုပြစ်မှားပြောဆိုတော့၏။ ယေဇ ၂၈:၁၆ တွင်လာသည့် "ကုန်သွယ်ခြင်း" သည် ဟေဗြဲဝေါဟာရတွင် "ပုတ်ခတ်ပြစ်မှားပြောဆို" သည့် အနက်ရှိ၏။ စာတန်က ဘုရားနှင့် ကျွန်ုပ်တို့၏တစ်ဘက်တွင် မည်သို့ပြုကျင့်မည်ကို ပြခြင်းဖြစ်၏။

**လူစီဖာသည် မကျရှုံးမီတွင် "ဖွားသောနေ့မှစ၍ အပြစ်ထင်ရှားသောနေ့တိုင်အောင် စုံလင်၏" (ယေဇ ၂၈:၁၅) ဟူသည်ကို ကျွန်ုပ်တို့ မည်သို့နားလည်ကြသနည်း။ စုံလင်ခြင်းတွင် လွတ်လပ်စွာရွေးပိုင်ခွင့် မရှိလျှင် မည်သို့ဖြင့် ကျရှုံးနိုင်မည်နည်း။**

ဗုဒ္ဓဟူးနေ့

*ဖေဖော်ဝါရီလ ၂၆ ရက်*

# သင်သည် ငါ့ကိုကိုးကွယ်လျှင်

ဘုရားသခင်၏ပလ္လင်တော်ကိုသိမ်းပိုက်ရန် စာတန်၏ကြိုးပမ်းမှုသည် မ–၄ နှင့် လု–၄ တို့တွင်တွေ့ရသည့် စုံစမ်းသွေးဆောင်မှုအကြောင်းတွင်လည်း ပေါ်လွင်ထင်ရှားနေ၏။ ယေရှုနှင့်သွေးဆောင်သူကြားရှိ ပဋိပက္ခ/တိုက်လှန်မှု၏ သဘောသဘာဝကို များစွာချပြထား၏။ ဤတွင် ခရစ်တော်နှင့်စာတန့်ကြား မဟာတိုက်လှန်ပွဲ၏ အဖြစ်မှန်ကို အကွက်ကျကျ ပြထား၏။

**မ ၄:၁–၁၁ ကို ဖတ်ရှုပါ။ ခရစ်တော်နှင့်စာတန့်ကြားရှိ ပဋိပက္ခကြီး အမှန်ရှိကြောင်း မည်သို့ပြထားသနည်း။**

---

---

ဝိညာဉ်သည် ယေရှုအား "မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေရန်" (မ ၄:၁) တောသို့ပို့ဆောင်ခဲ့၏။ ထိုသို့မကြုံမီတွင် ယေရှုသည် ရက်ပေါင်း ၄၀ အစာရှောင်ထား၏။ ထို့ကြောင့် စာတန်လာရောက်ချိန်တွင် ယေရှုအား ၎င်း၏ဆာလောင်မှုကို အညှာကိုင်ကာ ကျောက်ကိုမုန့်ဖြစ်စေပြီးစားရန် စုံစမ်းခဲ့၏။ သို့သော် ယေရှုက ကျမ်းစာဖြင့် ပြန်ကာကွယ်ကာ စာတန့်အကြံ ပျက်ရ၏။

ထို့နောက် ယေရှုကို စိတ်ရှိအတိုင်းပြုမူစေရန် ဗိမာန်တော်ထိပ်သို့ ပင့်သွား၏။ စာတန်က သမ္မာကျမ်းစကားကို ဖော့ဝှိုက်ကာ ယေရှုသည် ဘုရား၏သားတော်မှန်လျှင် ကောင်းကင်တမန်များက ကူမကြလိမ့်မည် ဟုဆို၏။ ယေရှုက သွေးဆောင်ခြင်းကို ကျမ်းစာဖြင့် ပြန်၍ထောက်၏။

တတိယသွေးဆောင်ခြင်းသည် စာတန်၏မည်သည့်အရာကိုအားထုတ်နေကြောင်းသိသာထင်ရှားစေ ၏။ ယေရှုက သူ့ကိုဦးချရန် လိုလား၏။ ဘုရားသခင်တစ်ပါးတည်းသာ ရသင့်သည့်ကိုးကွယ်ခံထိုက်ခြင်းကို စာတန်သည် ရယူရန်အားထုတ်၏။

ထိုသို့ပြုနိုင်ရန် ၎င်းက ယေရှုအား လောကဌ်ရှိသမျှသော တိုင်းနိုင်ငံနှင့် ဘုန်းစည်းစိမ်တို့ကိုပြပြီး "ကိုယ်တော်သည် ငါ့ကိုညွှတ်ပျပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟု ဆိုလေ၏" (မ ၄:၈၊ ၉)။ လု ၄:၆ တွင် စာတန်က "ဤဘုန်းတန်ခိုး အာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည် ပေးလိုသောသူအား ပေးရသည်ဖြစ်၍ ကိုယ်တော်အား ပေးပါမည်" ဟုဆို၏ (လု ၄:၆)။

ယေရှုလည်း သွေးဆောင်ခြင်းကို ကျမ်းစာဖြင့်တန်ပြန်၏။ စာတန်သည် ကျရှုံးရ၏။ ဤဖြစ်စဉ် ၃ ခုလုံးတွင် ယေရှုသည် ကျမ်းစာဖြင့် ရန်သူ၏တိုက်ခိုက်မှုကို ကာကွယ်ခဲ့၏။

**ဧ ၆:၁၂ က "ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန် ရကြ၏" ကျွန်ုပ်တို့သည် ကြောက်ကြောက်ဖြင့် မနေသင့်ပြား၊ ကျွန်ုပ်တို့ပတ်ပတ်လည်တွင် ဖြစ်ပျက်သည့်အရာများကို ဘာ့ကြောင့် မဖြစ်မနေ သတိကပ်ရသနည်း။**

*ဖေဖော်ဝါရီလ ၂၇ ရက်*

## စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ၏ သဘောသဘာဝ

ဘုရားနှင့်စာတန်တို့ တိုက်လှန်ကြသည့်အကြောင်း ကျမ်းချက်အချို့ကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်၏။ ဤပဋိပက္ခသည် မည်သို့ဖြင့် ဖြစ်ပျက်နိုင်ရသနည်း။ အနန္တတန်ခိုးရှင် ဘုရားသခင်ကို တစ်ဦးဦးက မည်သို့ဖြင့် ဆန့်ကျင်နိုင်ရသနည်း။ ပဋိပက္ခကြီးသည် အာဏာအပေါ်သာတည်လျှင် ပွဲသိမ်းသည်မှာ ကြာခဲ့ပေမည်။ ဤပဋိပက္ခသည် တစ်မျိုးကွဲနေရပါမည်။ သမ္မာကျမ်းစာက ဤပဋိပက္ခသည် ဘုရား၏ဂုဏ်တော်နှင့် ပတ်သက်သည်ဟုပြ၏ — စာတန်က ဘုရားကို အပုပ်ချ၏။ ယင်းတို့တွင် ဘုရားသည် မကောင်း၊ မေတ္တာမရှိ စသည်များပါ၏။ ထိုအပုပ်ချခြင်းမျိုးကို တန်ခိုး၊ အစွမ်းသုံး၍ မရပါ။ နှိုင်းယှဉ်မှုပြုမှသာ ဖြစ်နိုင်၏။

"အပြစ်ကိုဖြေရှင်းရာတွင် ဘုရားသခင်သည် ဖြောင့်မှန်ခြင်း၊ သမာဓိရှိခြင်းဖြင့်သာ ဖြေရှင်းနိုင်၏။ စာတန်က ဘုရားအသုံးမပြုနိုင်သည့် မြှောက်စားခြင်း၊ မုသားသုံးခြင်းများ သုံးနိုင်၏။ စာတန်သည် ဘုရား၏စကားကို အမှားထောက်ပြ၊ ကောင်းကင်တမန်များရှေ့တွင် ဘုရား၏အစိုးရယန္တရားကို အမှားပြကာ ဘုရားသခင်သည် ပညတ်ပြဋ္ဌာန်းခြင်းတွင် မတရားစွာဖြင့် ကောင်းကင်သားများကို အုပ်စိုးသည် ဟုဆို၏ — ဤတွင် အလုံးစုံနာခံခြင်းကို ပြဋ္ဌာန်းသည်။ ၎င်းကိုမြှောက်စားရန်သာ လမ်းရှာသည်ဟု ဆိုခြင်းဖြစ်၏။ ထို့ကြောင့် ဘုရား၏အစိုးရသည် မျှတသည်။ ၎င်း၏ပညတ်တော်သည် စုံလင်ကြောင်းကို ကောင်းကင်သားများရှေ့တွင် ချပြရမည်။ ကမ္ဘာသားများကိုလည်း ချပြရမည် ဟုဆို၏။ စာတန်သည် စကြဝဠာကို အဆင့်မြှင့်တင်ပေးမည့် ပုဂ္ဂိုလ်အဖြစ် ဂုဏ်ဆာပြ၏။ တလွဲယူသူ၏ သရုပ်မှန်ကို အားလုံးက သဘောပေါက်ကြရန် လိုအပ်၏။ ၎င်း၏အဖျက်လုပ်ငန်းများ ဗူးပေါ်စေရန် ၎င်းတွင် အချိန်ရှိရပါမည်။" — Ellen G. White, *The Great Controversy*, p. 498။

**ယောဝ ၈:၄၄၊ ၄၅ ကို ဗျာ ၁၂:၇–၉ ရှုထောင့်မှ ဖတ်ရှုပါ။ ထိုကျမ်းချက်များက နတ်ဆိုး၎င်း၊ ၎င်း၏ဗျူဟာကို မည်သို့ပြထားသနည်း။**

---

---

နတ်ဆိုးသည် အစမှပင် လူသားများ ဘုရားသခင်အား မတရားသူ၊ မေတ္တာမရှိသူ၊ ၎င်း၏ပညတ်သည် ချုပ်ချယ်လွန်းသည်ဟု မြင်စေရန် အကြံရ၏။ ယေရှုသည် နတ်ဆိုးအား "မုသားပြောသူ၊ မုသား၏အဘ" (ယောဝ ၈:၄၄) ဟု မိန့်ခြင်းသည် မဆန်းပါ။ ယင်း၏တစ်ဘက်တွင် ယေရှုသည် "သမ္မာတရား၌ သက်သေခံခြင်းငှာ" (ယောဝ ၁၈:၃၇) ကြွခဲ့ပြီး စာတန့်အပုပ်ချခဲ့ခြင်းများကို ချေပကာ နိဂုံးတွင် မာရ်နတ်၏တန်ခိုးကို ချိုးဖွဲ့ခဲ့၏ (၁ ယောဝ ၃:၈၊ ဟေဗြဲ ၂:၁၄)။

ဗျာ ၁၂:၉၊ ၁၀ တွင် စာတန်ကို (၁) ရှေးဟောင်းမြွေကြီး၊ (၂) ဘုရား၏လူစုများကို ကောင်းကင်တရားရုံးတွင် စွပ်စွဲသူ၊ (၃) ကမ္ဘာကိုအုပ်စိုးသည့် နဂါး ဟုဆိုထား၏။ ဂရိဝေါဟာရကိုပြန်ထားသည့် "မာရ်နတ်" ၏အနက်သည် "အပုပ်ချသူ" ဖြစ်၏။ ပဋိပက္ခသည် ယုံကြည်မှုကို အကြောင်းပြကြောင်း ပြပြန်၏။ ယင်းတွင် ဘုရား၏သိက္ခာပုဒ်ကို ယုံကြည်သည့်တရားလည်း ပါ၏။

## သောကြာနေ့

*ဖေဖော်ဝါရီလ ၂၈ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Origin of Evil,” pp. 492–604 in *The Great Controversy.*

“ပုန်ကန်မှုရှိလာရန် ဘုရားသခင်သည် အပြစ်အတွက် တာဝန်မရှိကြောင်း၊ ကရုဏာတော်ရုတ်သိမ်းသည့်အကြံ မရှိကြောင်း၊ ဘုရား၏အုပ်ချုပ်မှုတွင် ပျက်ကွက်မှုမရှိကြောင်း သမ္မာကျမ်းထက် ရှင်းလင်းစွာ ပြဆိုသည့်ကျမ်း မရှိပါ။ အပြစ်သည် မဖိတ်ခေါ်ဘဲ ရောက်လာသူဖြစ်ပြီး မည်သို့ရောက်လာကြောင်း အစရှာ၍မရပါ။ ယင်းသည် နက်နဲသိမ်မွေ့၏။ ယင်းကို ဆင်ခြင်ပေးခြင်းသည် အကာအကွယ်ပေးသည့် သဘောသို့ သက်ရောက်ပေမည်။ စာတန်အား ချက်ချင်းလက်စတုံးပစ်လျှင် ကောင်းကင်သားများနှင့် အခြားကမ္ဘာသားများက ဘုရားကို မေတ္တာအရင်းမခံဘဲ ကြောက်ကြောက်နှင့် ဩဇာခံကြပေမည်။ မုသားဆိုသူ၏ သက်ရောက်မှုကို အပြီးတိုင် လက်စတုံး၍မရ ဖြစ်ခဲ့ပေမည်။ ဒုစရိုက်ကို ဗူးပေါ်စေရန် အခွင့်ပေးရပါမည်။ စကြဝဠာကြီး၏ ကောင်းကျိုးကို မြော်ကာ ဘုရား၏အုပ်စိုးမှုကို အမှားထောက်ခဲ့မှုကို လူသားအားလုံးက ဘုရား၏တရားမှု၊ ညှာတာမှု၊ ဘုရား၏ပညတ်သည် မေးရန်မလိုသည့်အထိ တည်မြဲကြောင်း တွေ့ကြရန် စာတန်၏သရုပ်မှန်ကို ပေါ်ခွင့်ပေးရပါမည်။” — Ellen G. White, *The Great Controversy*, pp. 492, 493, 499။

### ဆွေးနွေးရမည့်မေးခွန်းများ

၁။ အပြစ်ကင်းစင်သော လူစီဖာသည် မည်သို့ဖြင့် အပြစ်ပြုလုပ်ဖြစ်ရသည်ကို လူများစွာက အံ့ဩကြ၏။ အပြစ်သည် အဘယ်ကြောင့် နက်နဲသိမ်မွေ့၍လျှို့ဝှက်ဆန်းကြယ်ရသနည်း။ ဤပထမဆုံးသောအပြစ်ကို ကျွန်ုပ်တို့သည် မည်သို့ဖြင့် အကြောင်းပြချက်ဆင်ခြေမပေးဘဲ အမှန်အတိုင်း ရှင်းပြနိုင်မည်နည်း။ ဆိုလိုသည်ကား အပြစ်၏မူလကို ရှင်းပြခြင်းသည် ၎င်းအား အကြောင်းပြချက်ဆင်ခြေပေးခြင်း နှင့် အဘယ်ကြောင့် တူညီနေရသနည်း။

၂။ ဘုရားသခင်သည် စာတန်ကို အဘယ်ကြောင့် ချက်ချင်းအစမဖျောက်ခဲ့ရသနည်း။ အဆိုးတရားကို အဘယ်ကြောင့် ရုပ်လုံးပေါ်လာခွင့် ပေးရသနည်း။ ယင်းသည် မည်သို့ဖြင့် “စကြဝဠာတစ်ခုလုံး၏ ကောင်းကျိုး” ဖြစ်နိုင်ရသနည်း။

၃။ ဘုရားနှင့်စာတန့်အကြား တိုက်လှန်မှုသည် အာဏာအားပြိုင်မှု မဟုတ်ဘဲ၊ အဘယ်ကြောင့် ကွဲပြားထူးခြားနေပါသနည်း။ အာဏာအားပြိုင်ခြင်းထက် ဂုဏ်သိက္ခာအပေါ်မူတည်နေခြင်းသည် မည်သို့ အဓိပ္ပာယ်ရှိသနည်း။

၄။ ပဋိပက္ခ၏ သဘောသဘာဝကို သဘောပေါက်ခြင်းက သင်သည် ဤပဋိပက္ခတွင်ပါဝင်ကြောင်း မည်သို့မြင်ဖြစ်စေသနည်း။ ဤပဋိပက္ခသည် အမှန်ပင် ဖြစ်ပျက်နေကြောင်း ယခုတွင် သင် မည်သို့ကြုံတွေ့နေရသနည်း။ သင်သည် မည်သူ့ဖက်တွင် ရပ်တည်ကြောင်းကို အဘယ်နည်းလမ်းများဖြင့်ပြင်ဆင်တုံ့ပြန်မည်နည်း။

## ဖုန်းသရဲ – အပိုင်း ၁

Andrew McChesney ရေးသားသည်

Zoom သည် အဆင်မပြေဖြစ်နေ၏။ Matrona က "ဘာမှလုပ်လို့မရဘူး" ဟုဆို၏။ Colette သည် သူမ၏ဖုန်းမှ Matrona က Zoom password ရိုက်ထည့်နေသံကို ကြားရ၏။

ဤဖုန်းခေါ်မှုသည် ထိုအပတ်တွင် အကြိမ်ကြိမ်ခေါ်သည့်ဖုန်း ဖြစ်၏။ Matrona သည် Alaska ရှိ Alaska တိုင်းရင်းကလေးငယ်များ ဂေဟာတွင် နေထိုင်သူဖြစ်ပြီး Colette နှင့် ရင်းနှီးလိုသူဖြစ်၏။

ပြန်၍ကြိုးစား၏ "မရဘူး" ဟုဆို၏။ Colette လည်း "Ok" ဟုဆို၏။ Matrona က "ကြိုးစားချင်သေးတယ်" ဟုဆို၏။ ဘာမှဖြစ်မလာသည့်အတူတူ Colette က ဖုန်းဖြင့် စကားပြောကြရန် နားချ၏။ Colette Reahl သည် Anchorage တွင် SDA ကလေးဆရာဝန်ဖြစ်ပြီး Matrona နှင့် ရင်းနှီးလို၏။

Alaska တိုင်းရင်းသူ Matrona သည် မိုင် ၃၆၀ အဝေးတွင်ရှိသည့် Fairbank မှ တရားဝင်မွေးစားခံခွင့် ရရှိသူဖြစ်၏။ Matrona လည်း စိတ်မပါစွာဖြင့် ဖုန်းနှင့်ပြောခွင့်ပေး၏။ သူမက "ဆရာမရဲ့ အိမ်စည်းကမ်းက ဘာလဲ" ဟု မေး၏။

Colette က "ဒါတွေ ဒီကိုရောက်မှ ပြောကြတာပေါ့။ ယဉ်ကျေးခြင်းကတော့ ငါ့အိမ်မှာ အဓိကပဲ" ဟုဆို၏။

Matrona က Colette အား မိနစ် ၃၀ မျှ စစ်မေးနေ၏။ စကားအဆုံးတွင် သူမက "ကျွန်မကို မွေးစားအမေက မွေးစားတော့မယ်" ဟုဆို၏။

Florida သူ Colette သည် သူမ၏ခင်ပွန်းနှင့် Alaska တွင် ၈ နှစ် နေခဲ့ပါပြီ။ သူမက Matrona သည် စိတ်ဝင်စားဖွယ်ကောင်းသည်။ နကိုင်းထွက်လောက်သည်။ ဒါသည် စွန့်စားမှုဖြစ်သည်ဟု တွေးဖြစ်၏။ Matrona ဘက်မှလည်း Colette သည် သူမကို မွေးစားလိုသည်ကို သိ၏။ သို့သော် သူမသည် စိတ်မနာကျင်လိုပါ။ ထို့ကြောင့် Colette အား ခက်ခဲစေခဲ့၏။

Colette က Matrona အား ဖုန်းမည်မျှ ခေါ်ခွင့်ရှိမည်နည်းဟု မေး၏။ Matrona က အင်္ဂါနေ့တိုင်းခေါ်ရန် ပြော၏။ Colette က ခေါ်လာသည့်အခါ Matrona သည် မရှိ၊ ဖုန်းမကိုင်ပါ။ ၎င်းတို့လည်း ကြာသပတေးနေ့သို့ ပြောင်း၊ စနေနေ့သို့ ပြောင်းကြ၏။ Colette က Matrona သည် သဘောမတွေ့ကြောင်း ရိပ်စားမိ၏။ သို့သော် ဘာ့ကြောင့်ဟုတော့ တွေး၍မရပါ။ သူမလည်း Matrona က စကားပြောလိုလို၊ မလိုလို အပတ်တိုင်းခေါ်ရန် ဆုံးဖြတ်၏။ သူမက မေတ္တာမပြယ်ဘဲ ခေါ်ခေါ်သည့်အခါ Matrona ၏စိတ်လည်း အရည်ပျော်တော့၏။



ဤသာသနာ့သတင်းသည် ယခင် ၁၃ ပတ် ဥပုသ်၏စီမံကိန်းကို အတွင်းကျကျ ကြည့်ရှုခြင်းဖြစ်၏။ ကလေးဆရာဝန် Colette Reahl သည် ၂၀၂၄၊ ၁၃ ပတ် အလှူငွေကို အချို့အဝက်ရရှိသည့် Bethel (Alaska) SDA Church ၏ ပူးတွဲခေါင်းဆောင်ဖြစ်၏။ မတ်လ ၂၉ ရက်နေ့တွင် ကောက်ခံမည့် ၁၃ ပတ် အလှူငွေဖြင့် သာသနာချဲ့ရန် ကူညီကြမည့်အတွက်လည်း ကျေးဇူးတင်ရှိပါသည်။ Colette နှင့် Matrona တို့အကြောင်း ရှေ့လာမည့်အပတ်တွင် ဆက်၍ဖတ်ပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

အဓိကကျမ်းချက်။ က ၃:၁၅

လေ့လာမှုဦးတည်ချက်များ။ က ၃:၁-၄၊ ဟေရှာ ၁၄:၁၂-၁၅၊ ယေဇ ၂၈:၁၂-၁၉၊ မ ၁၃:၂၄-၃၀၊ ယော ၈:၄၄၊ ဗျာ ၁၂:၇-၉။

**နိဒါန်း။** ။ စကြဝဠာတွင်ဖြစ်ပျက်သည့် ပဋိပက္ခကြီးသည် လူတိုင်းကို နေ့တဓူဝထိပါးပြီး စကြဝဠာကိုပါ ထိပါး၏။ စာတန်က ဘုရားသခင်သည်သာ ရထိုက်သည့် ကိုးကွယ်ခံမှုကို ပြောင်းပစ်ရန် အားထုတ်ပြီး နိဂုံးတွင် အလဲ့ထိုးခံရမည်ဖြစ်၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အဓိက ၃ ချက်ကို အာရုံထားပါသည်။

၁။ စကြဝဠာတွင် ဖြစ်ပျက်သည့် ပဋိပက္ခသည် အလုံးစုံစွမ်းသည့် အင်အားနှစ်ခုတို့ တိုက်ခိုက်ကြခြင်း မဟုတ်ပါ။ ယင်းပဋိပက္ခသည် ဘုရားသခင်၏သိက္ခာပုဒ်တွင် အခြေပြု၏။ ပဋိပက္ခတွင် သီးခြားဖြစ်တည်နိုင်သည့် စွမ်းအင်နှစ်ခုတို့ အဆုံးမဲ့တိုက်ခြင်း မဟုတ်ပါ။ လူစီဖာကို ဘုရားသခင်သည် ဖန်ဆင်းထားပြီး ၎င်းက ဖန်ဆင်းရှင်၏သိက္ခာတော်ကို စောဒကတက်ရန် ဆုံးဖြတ်၏။

၂။ စကြဝဠာပဋိပက္ခတွင် ဘုရား၏လူစုတို့လည်း မြေစာပင်ဖြစ်ကြရ၏။ စကြဝဠာတစ်ခုလုံးက ပဋိပက္ခ၏အကျိုးကို ခံကြရ၏။ ကောင်းကင်ဘုံတွင် ခရစ်တော်သည် လူစီဖာပုန်ကန်ရခြင်း၏ ပစ်မှတ်ဖြစ်၏။ ကန္တာရတွင် စာတန်က ယေရှု၏သားတော် အမှတ်သညာကို မေးခွန်းထုတ်ခဲ့၏။ သို့တိုင်လည်း ယေရှုသည် အောင်နိုင်ခဲ့ပြီး ကျွန်ုပ်တို့ကို ဘုရား၏သားသမီး ဖြစ်စေနိုင်သည့် အခွင့်အာဏာ ရခဲ့၏။

၃။ ဤပဋိပက္ခကို အချိန်မတန်ခင် ဖြေရှင်း၍မရပါ။ ဘုရားသခင်က ဒုစရိုက်ကို အဆုံးသတ်မည့်အချိန် ရောက်လာပါမည်။ ယင်းအခိုက်တွင် ဘုရား၏အုပ်ချုပ်ပုံကို စောဒကတက်ခဲ့သည့် ဘီလူးရုပ်ကို ဖန်ဆင်းခံလူသားအားလုံးကမြင်ရန် အချိန်ပေးရ၏။

**လက်တွေ့အသုံးချခြင်း။** ။ စကြဝဠာပဋိပက္ခ၏ အကျိုးသက်ရောက်မှုကို ကျွန်ုပ်တို့က နေ့တဓူဝကြုံတွေ့နေရခြင်းက ဘုရားသခင်ကို အချိန်တိုင်း မှီခိုဖြစ်စေသလော။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ စကြဝဠာတွင်ဖြစ်ပျက်သည့် ပဋိပက္ခသည် အလုံးစုံစွမ်းသည့် အင်အားနှစ်ခုတို့ တိုက်ခိုက်ကြခြင်း မဟုတ်ပါ။

ပဋိပက္ခအကြောင်း ကိုးကွယ်မှုဘာသာ/ ဒဿနများကိုမှီကာ အမြင်များစွာကွဲ၏။ ခရစ်ယာန်သာသနာပ၏ အမြင်ကား ဒွိတ္တဝါဒ (dualism) ဖြစ်၏။ C. S. Lewis က ဖွင့်ဆိုသည့်အတိုင်း ဒွိတ္တဝါဒဆိုသည်မှာ “ပခုံးညီ၊ အမှီအခိုကင်းသည့် ဘက်နှစ်ဘက်တို့ အားပြိုင်ခြင်းဖြစ်၏။ တစ်ဘက်သည် ဓမ္မ၊ အခြားဘက်သည် အဓမ္မဖြစ်ပြီး စကြဝဠာသည် စစ်တလင်းဖြစ်ပြီး စစ်သည်မပြီးနိုင်” ဟု

ဆို၏။ ယင်းဘက်နှစ်ဘက်တို့သည် “ထာဝရဖြစ်တည်ကြသည်” ဟု ဆိုလို၏။ — *Mere Christianity* (New York: Macmillan, 1960), pp. 33, 34။ ဤဘက် ၂ ဘက် ထိပ်တိုက်တွေ့ကြမှုသည် ကျမ်းစာတွင်လာသည့် ပဋိပက္ခမျိုး မဟုတ်ပါ။ ကျမ်းစာအရ ယခုတွင် စာတန်ဟုခေါ်သည့် ပုဂ္ဂိုလ်သည် “ဘုရားကဖန်ဆင်းခဲ့ပြီး ဖန်ဆင်းခံရချိန်တွင် ကောင်းခဲ့ပြီး၊ လမ်းမှားသွားသည်။” ဒွိတ္တဝါဒနှင့် တူသည့်အချက်ကား ခရစ်ယာန်အမြင်တွင် ကျွန်ုပ်တို့၏ “စကြဝဠာသည် စစ်တိုက်နေသည်” ဖြစ်၏။ ဒွိတ္တဝါဒနှင့် မတူချက်ကား “ဘက်ညီသည့် ဘက်နှစ်ဘက်တို့ စစ်တိုက်ကြသည်ဟု မမြင်ခြင်းဖြစ်၏။ ခရစ်ယာန်၏အမြင်ကား ယင်းသည် ပြည်တွင်းစစ်၊ ပုန်ကန်မှုဖြစ်ပြီး ကျွန်ုပ်တို့သည် ပုန်ကန်သူ၏နယ်တွင် နေနေကြသည်” ဖြစ်၏။ — *Mere Christianity*, p. 36။

ထို့ကြောင့် အမှီအခိုကင်းအန္တတန်ခိုး ၂ ပါးတို့ကြား စစ်ခင်းခြင်းမဟုတ်ဘဲ အဖန်ဆင်းခံက ဖန်ဆင်းရှင်ကို တိုက်ခိုက်ခြင်းဖြစ်၏။ ကမ္ဘာဦးကျမ်း ၃ တွင် မြွေ၏ပါဝင်မှုအရ ပဋိပက္ခသည် ပညတ်တော်တွင်တွေ့ရသည့် ဘုရား၏သိက္ခာပုဒ်ကို အခြေပြု၏။ ဆိုရသော် ဘုရားသည် ကိုးစားထိုက်၏လော ဖြစ်၏။ ၎င်း၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ယုံထိုက်သလော။ ထိုအမေး ၂ ခုတို့သည် အဆွေတော်ဖြစ်ရေးတွင် အရေးပါ၏။ ကျွန်ုပ်တို့ မကိုးစားနိုင်သည့် ပုဂ္ဂိုလ်နှင့် စစ်မှန်သည့် ဆက်ဆံရေးသည် မဖြစ်နိုင်ပါ။

စကြဝဠာတွင် ကမောက်ကမဖြစ်မှု၏ မူလအစဖြစ်သည့် လူစီဖာက ဘုရားသခင်ကို ဆန့်ကျင်ခြင်းသည် ကောင်းကင်ဘုံတွင်စခဲ့ပြီး ကျွန်ုပ်တို့ က–၃ နှင့် ဗျာ–၁၂ တို့ကို လေ့လာရာတွင် ဟေရှာ ၁၄:၁၂–၁၅ နှင့် ယေဇ ၂၈:၁၂–၁၉ တို့တွင် ပြထား၏။ ဟေရှာယနှင့် ယေဇကျေလတို့က ဗာဗုလုန်နှင့် တုရုမင်းတို့ ပြကြပြီး ၂ ကျမ်းလုံးက လောကီမင်းတို့မှ အာကာသဘက်သို့ ဦးလှည့်ပြီး လူစီဖာ/စာတန် အကြောင်းနှင့် ပဋိပက္ခကြီး ဖြစ်လာရခြင်းအကြောင်းကို လှန်ပြ၏။ — Richard Davidson, “Cosmic Narrative for the Coming Millennium,” *Journal of the Adventist Theological Society II*, nos 1, 2 (2000): p, 107။ အထူးအားဖြင့် လူစီဖာ/စာတန်သည် ၎င်းကိုယ်ကို ဘုရားပြုလို၏။ အတိအလင်းကား ဘုရား၏ဂုဏ်တော်နှင့် အာနုဘော်တို့ကို ပိုင်စိုးလို/ခြယ်လှယ်လို၏။ သို့သော် ဘုရား၏မေတ္တာတရား ပြည့်ဝသည့်ဘက်ကား မပါ။ လူစီဖာ/စာတန်သည် ၎င်းကိုယ်ကို အပေးအယူ/ ခြေထိုးခြင်း (ယေဇ ၂၈:၁၆)၊ မုသားတို့ဖြင့် (က ၃:၁၄၊ ယော ၈:၄၄) ဖျာဝင်ခင်းရန်ကြံ၏။

**၂။ စကြဝဠာပဋိပက္ခတွင် ဘုရား၏လူစုတို့လည်း မြေစာပင်ဖြစ်ကြရ၏။**

စကြဝဠာပဋိပက္ခသည် ကောင်းကင်တွင် လူစီဖာက ဘုရားသခင်ကို ပုန်ကန်ခြင်းမှ စခဲ့ပြား အဆုံးတွင် စကြဝဠာတစ်ခုလုံးလည်း ပါလာရ၏။ အတိအကျဆိုရလျှင် ကောင်းကင်တမန်များ (ဗျာ ၁၂:၇–၉) နှင့် လူသားတို့ (က ၃) ဝင်ပါရ၏။ ဧဝသည် စာတန့်မြှုံးမိသည်ကို အကြောင်းပြုကာ အာဒံသည် သိသိဖြင့် ဧဝနောက်သို့ မိုက်ဘက်ပါခဲ့ကာ ကျွန်ုပ်တို့၏ကမ္ဘာသည် စကြဝဠာပဋိပက္ခ၏ ဇာတ်ခုံ တစ်ဖြစ်လဲပါပြီ။ အပြစ်သင့်သည့် ဤကမ္ဘာတွင် လူ့ဘဝသည် ပဋိပက္ခ၏ ကြိုးဆွဲရာအတိုင်း ကရတော့၏။ တစ်နည်းကား လူသားများသည် ပဋိပက္ခ၏ သက်ရောက်မှုကို နေ့တဓူဝရှင်

သန့်မှုတွင် ကြုံတွေ့ခံစားရ၏။ ဤအကွင်းအကွက်ကို ဘုရား၏လူစုတို့၏ သမိုင်းတွင် အထင်အရှားရှိကြောင်း ကျမ်းစာတစ်အုပ်လုံးတွင် အထင်းသားတွေ့ရ၏။

ဘုရားဖြစ်သည့် ခရစ်တော်သည် ကောင်းကင်တွင် လူစီဖာက ပုန်ကန်သည့် ပစ်မှတ်ဖြစ်ပြီး ခဲ့ရိုးမှန်လျှင် (ဗျာ ၁၂:၇၊ Ellen G. White, *Patriarchs and Prophets*, Chapter 1 [“Why was Sin Permitted?”)၊ ကျွန့်ပ်တို့၏ ကယ်ချွတ်ရှင် ဘုရား၏လူစုကို ဒုတိယအာဒံဖြစ်လာသည့် (ရော ၅:၁၄၊ ၁ ကော ၁၅:၂၂၊ ၄၅) ဤကမ္ဘာတွင် မနုသဇာတိခံယူသည့် ခရစ်တော်သည် ကန္တာရအတွင်း စာတန်က သဲကြီးမဲကြီး တိုက်ခိုက်သည့်ပစ်မှတ် ဖြစ်ရ၏။

ခရစ်တော်ကို စုံစမ်းသည့်ဇာတ်ကွက် မလာခင်တွင် ၎င်းသည် ဘုရား၏သားတော်ဖြစ်ကြောင်း ရှင်လုကာတွင် ပြထား၏ “သင်ကား၊ ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း” (လု ၃:၂၂)။ ၎င်းနှစ်ခြင်းခံခြင်းအကြောင်းတွင် “ယောသပ်၏သား” ဟု မျိုးရိုးဆက်ပြထား၏ (လု ၃:၂၃)။ နောက်ကြောင်းလှန်ကာ (လု ၃:၂၃–၃၈) ဘုရား၏သား၊ အာဒံတို့တိုင် ရောက်၏ (လု ၃:၃၈)။ သားတော်ဖြစ်ခြင်း အကြောင်းကို နှလုံးသားတွင် မှတ်ရင်းဖြင့် ခရစ်ဝင်ကျမ်းကို သတိမူသူက စာတန်သည် ယေရှုအား “ဘုရား၏သားတော်” (လု ၄:၃) အရေးဖြင့် ဗျူဟာစတင်သည်ကို တွေ့၏။ ယင်းကို ဘုရားက အသံတော်ဖြင့် အတည်ပြုခဲ့ပြီးသား ဖြစ်၏။

စုံစမ်းခြင်းအကြောင်းတွင် မျိုးရိုးဆက်ပြခြင်းတွင် အာဒံအား အရေးပါသည်ဟု ကျွန့်ပ်တို့က ယူလျှင် စာတန်က ဒေင်ဥယျာဉ်တွင် စုံစမ်းစဉ်တွင် ဧဝလည်း ထိုမေးခွန်းကို မေးဖြစ်ခဲ့သည်မှာ (စိတ်တွင်ဖြစ်ဖြစ်ပါ) ဆင်တူကြ၏။ ဘုရားသခင်က ဧဝနှင့် ၎င်း၏ခင်ပွန်းအပေါ် ပညတ်ထားသည့်အသီးကို စားခြင်းအကျိုးကို မိန့်ထားပြီးသားဖြစ်၏ (က ၂:၁၇)။

မည်သို့ဖြစ်ဖြစ် ခရစ်ဝင်ကျမ်းတွင်လာသည့် စုံစမ်းခြင်းသမိုင်း အကွက်အကွင်းက ကျွန့်ပ်တို့သည် အာဒံအသစ်ဖြစ်သည့် ယေရှုအားဖြင့် သီးခြားသမိုင်း ပိုင်ထားပါပြီ။ အာဒံသည် ဒေင်ဥယျာဉ်တွင် ကျရှုံးခဲ့ပြီး၊ ယေရှုသည် ကန္တာရတွင် အနိုင်ပိုင်းခဲ့၏။ ၎င်း၏ အောင်နိုင်မှုက စကြဝဠာပွတ်တိုက်မှုကြီးတွင် ဘုရား၏ သားသမီးများအလိုငှာ နယ်သစ်ဖွင့်ပေးခဲ့ပြီး ခရစ်တော်လည်း အာဒံအသစ်ဖြစ်သည့်အလျောက် လူသားတို့၏ ခေါင်းဆောင်သစ်ဖြစ်၏။

ရှင်မဿဲကျမ်းတွင် စုံစမ်းခြင်းဇာတ်ကွက်သည် ယေရှု၏ နှစ်ခြင်းမင်္ဂလာခံယူအပြီး ဆက်တိုက်လိုက်ဖြစ်သည့်ပမာ ရှိ၏။ ရှင်မဿဲသည် လုကာကဲ့သို့ အာဒံဘက်သို့ အစမလှန်ဘဲ ဣသရေလများကို အာရုံထား၏။ အာဗြဟံနှင့် ဒါဝိဒ်တို့ကို အာရုံထား၏ (မ ၁:၁–၁၇)။ ယေရှုကြောင့် အခြားမွေးကင်းစကလေးများ သေမိန့်ကျကြသည့်သမိုင်း (မ ၂:၁၃–၁၉) လည်း မောရှေ၏သမိုင်းတွင် ရှိ၏။ ဣသရေလကြုံခဲ့သည့် အဖြစ်များဖြင့် ယေရှုက စာတန်၏စုံစမ်းခြင်းကို တွန်းလှန်ခဲ့သည်မှာလည်း တရားထူးဖြစ်၏ (တရား ၈:၃၊ တရား ၆:၁၆၊ ၂ရား ၆:၁၃)။ အတိုချုံးရလျှင် ဣသရေလတို့ ကျရှုံးသည့်အချက်တွင် ယေရှုနိုင်ခဲ့ပြီး ယင်းက စကြဝဠာပွတ်တိုက်မှုတွင် ဘုရား၏လူစုများကို နယ်သစ်ပေးခဲ့ပြီး ခရစ်တော်သည် ဣသရေလအသစ်၏ ကိုယ်စားပြုသူ ဖြစ်လာ၏။

**၃။ ဤပဋိပက္ခကို အချိန်မတန်ခင် ဖြေရှင်း၍မရပါ။**

တောမျိုးစေ့ပုံပမာတွင် — မ ၁၃:၂၄-၃၀ — ကောင်းကင်နိုင်ငံတော်တွင် အဖျက်အမှောင့်ရှိကြောင်းကို ပြ၏။ ရန်သူသည် စပါးပင်ကြားတွင် ပေါင်းမျိုးကို ကြဲနိုင်စွမ်းခဲ့၏။ ဤသို့ကြဲခြင်းသည် ဆိုးရှုံမကဘဲ ညဉ်ဆိုးပါ၏။ ပေါင်းပင်ကိုနှုတ်လျှင် စပါးပင်လည်း ထိခိုက်နိုင်၏ (မ ၁၃:၂၉)။ ထို့ကြောင့် စပါးရိတ်ရမည့်အချိန် (သို့) နောက်ဆုံးတရားစီရင်ခြင်းတိုင်အောင် စောင့်ရာ၏ (မ ၁၃:၃၀)။

Ellen G. White ၏ အရေးအသားတွင် စာတန်နှင့်အပေါ် ဘုရား၏ပြုမူပုံသည် တောမျိုးစေ့ပုံပမာနှင့် ထပ်တူကျကြောင်း ပြ၏။ သူမက ဘုရားသည် စာတန်အား ချက်ခြင်းလက်ငင်း မဖျက်ဆီးရသည့်အကြောင်း ရေးထား၏ “လှည့်ဖြားသူ၏ ဩဇာ၊ အငုံစိတ်တို့ကို လုံးလုံးဖျက်ဆီးရန် မသင့်သေးပါ။ အဓမ္မတရားကို ရုပ်လုံးပေါ်ခွင့် မဖြစ်မနေ ပေးရပါမည်။ စကြဝဠာ၏ ရှေ့ရေးကိုမျှော်ကာ စာတန်အား ၎င်း၏စည်းများကို မဖြစ်မနေ ချပြခွင့်ပေးရန် လို၏။ ဘုရား၏အုပ်ချုပ်ပုံကို အပုပ်ချခဲ့ခြင်းများကို အားလုံးက ပကတိအတိုင်းမြင်ကြရန် လို၏။ သို့မှသာ ဘုရား၏မေတ္တာ၊ မပြောင်းမလဲသည့် ပညတ်တော်များသည် ထာဝရကာလတိုင် သံသယမဖြစ်တော့ရန် စာတန်အား အခွင့်အရေးပေးရန် လို၏။” — *The Great Controversy*, p. 499။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

အောက်ပါအမေးများကို ဆွေးနွေးပါ။

**၁။ ကျွန်ုပ်တို့အားလုံး ဤကမ္ဘာတွင် ပဋိပက္ခ၏အကျိုးဆက်ကို တွေ့ကြုံကြရကြောင်းကို နှလုံးမူ ရင်းဖြင့် မယုံကြည်သူများအား သင်သည် မည်သို့ဖြင့် အကောင်းဆုံး ရှင်းပြနိုင်မည်နည်း။**

______________________________________________

______________________________________________

**၂။ ဘုရားသခင်သည် စာတန်၏ မဟုတ်တမ်းတရား စွပ်စွဲမှုများကို ကိုင်တွယ်ပုံကို သုံးသပ်ရင်းဖြင့် ကျွန်ုပ်တို့သည် ဘုရား၏မေတ္တာ၊ ကိုးစားဖွယ် ဂုဏ်ပုဒ်များကြောင့် တရားရကြ၏။ အသင်းတော်တွင် အချင်းချင်း ယုံကြခြင်းသည် ဘုရား၏မေတ္တာပုဒ်ကို ပြရာရောက်သလော။**

______________________________________________

______________________________________________

**၃။ ပုဂ္ဂိုလ်တစ်ဦးကို ချစ်ခင်ကိုးစားခြင်းသည် ထိုပုဂ္ဂိုလ်၏သမာဓိကို အကြောင်းပြု၏။ သင့်ဘဝတွင် ဘုရား၏သိက္ခာပုဒ်ကို ရောင်ပြန်ဟပ်ရန် သင့်ထံတွင် ဘာများ အားထုတ်ရန်လိုသနည်း။**

______________________________________________

______________________________________________

**၄။ လူပုဂ္ဂိုလ်များ ဘုရားသခင်နှင့် အဆက်ပြတ်ကြသည့်အခါ ဘုရားသိက္ခာပုဒ်အပေါ် မြင်ပုံပြောင်းပြောင်းသွားလေ့ရှိ၏။ ဤအန္တရာယ်ကို ရှောင်ကွင်းရန် ဘုရား၏စရိုက်ကို အခြားသူများထံ မည်သို့ပြနိုင်မည်နည်း။**

______________________________________________

______________________________________________

**သင်ခန်းစာ ၉။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။**

**၁။**

သင်ခန်းစာ - ၁၀

*မတ်လ ၁-၇

# စေ့စပ်ခြင်းဆိုင်ရာ စည်းမျဉ်းများ



## ဥပုသ်နေ့မွန်းလွဲပိုင်း

ဖတ်ရန်ကျမ်းချက်များ။ ဒံ ၁၀:၁-၁၄၊ ဗျာ ၁၃:၁-၈၊ ယောဘ ၁:၁-၁၂၊ ယောဘ ၂:၁-၇၊ ယော ၁၂:၃၁၊ ယော ၁၄:၃၀၊ မာ ၆:၅၊ မာ ၉:၂၉

အလွတ်ကျမ်းချက်။ **"မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူ ဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကို ပြု၏။ ထိုသူသည် မာရ်နတ်နှင့် ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှာ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏"** (၁ ယော ၃:၈)။

စကြဝဠာရှိ တိုက်လှန်မှုနှင့်စပ်လျဉ်းသည့် အစွမ်းထက်သော အကြောင်းအရာတစ်ခုကို ၃ ရာ ၁၈:၁၉-၄၀ တွင် ဖေါ်ပြထား၏။ ဘုရားသခင်သည်လူမျိုးတို့ကိုးကွယ်သော နတ်ဘုရားများ၏ သရုပ်မှန်ကို ကရမေလတောင်ပေါ်တွင် ဘုရားသခင်က ဧလိယအားဖြင့် လူမျိုးခွာချပြသ၏။ အမှန်တွင်ကား ထိုရုပ်တုများနှင့် အိမ်နီးချင်းနိုင်ငံများရှိ လူမျိုးများကိုးကွယ်နေသည့် နတ်ဘုရားများတို့ကိုနောက်ကွယ်မှချုပ်ကိုင်နေသည့်လက်မဲကြီးရှိနေ၏။

"ဘုရားမဟုတ်သော နတ်ဆိုး၊ မသိဖူးသောဘုရား၊ ဘိုးဘေးတို့ မကြောက်ဖူးသော ဘုရားသစ်တို့အား ယဇ်ပူဇော်ကြ၏" (တရား ၃၂:၁၇)။ ရှင်ပေါလုက "သာသနာပလူတို့သည် ပူဇော်သော ယဇ်ကို ဘုရားသခင်အား ပူဇော်ကြသည်မဟုတ်။ နတ်ဆိုးတို့အား ပူဇော်ကြ၏။ သင်တို့သည် နတ်ဆိုးတို့နှင့် ဆက်ဆံခြင်းငှာ ငါအလိုမရှိ" ဟု ဖြည့်စွက်ထား၏ (၁ ကော ၁၀:၂၀)။

အိမ်နီးချင်းနိုင်ငံများ၏ မှားယွင်းသောဘုရားများ၏နောက်ကွယ်မှ မျက်နှာဖုံးစွပ်ထားသည့် နတ်ဆိုးများ ပါရှိ၏။ ဆိုလိုသည်မှာ သမ္မာကျမ်းစာမှ ရုပ်တုများ၊ ဘုရားတုများတည်းဟူသောနတ်ဘုရားများသည် စကြာဝဠာလုံးဆိုင်ရာ ပဋိပက္ခ/တိုက်လှန်မှုနှင့်ပါဝင်ပတ်သက်နေကြောင်းဖော်ပြနေခြင်းဖြစ်၏။

ဤတရားနောက်ခံဖြင့် စကြဝဠာကြီး ခလောက်ဆံရခြင်းအကြောင်းကို နားလည်ဖြစ်စေပါသည်။ ဤအမှန်တရားသည် ပွတ်တိုက်မှုကြီး၏ သရုပ်မှန်ကို များစွာနားလည်ဖြစ်စေပါသည်။

** မတ်လ ၈ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

## တနင်္ဂနွေနေ့

*မတ်လ ၂ ရက်*

## ကောင်းကင်တမန် နောက်ကျခဲ့သည်

အိမ်နီးချင်းနိုင်ငံများ ကိုးကွယ်ကြသည့် ဘုရားများသည် ရုပ်ပြောင်းထားသည့် နတ်ဆိုးများ ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ကြပြီး ဖြစ်ပါသည်။ အခြားဖြစ်ရပ်များတွင်လည်း လောကီအစိုးရမင်း ကို နောက်မှကြိုးကိုင်ကြကြောင်းလည်း ကျွန်ုပ်တို့တွေ့ရ၏။ ဘုရားသခင် စေလွှတ်သည့် ကောင် ကင်တမန်များပင်လျှင် ရန်သူတော်တို့၏ ဟန့်တားမှုကို ခံရကြ၏။

**ဒံ ၁၀:၁-၁၄ ကို ဖတ်ရှုပါ။ အငယ် ၁၂၊ ၁၃ ကို အထူးအားပြုပါ။ ထိုကျမ်းချက်များက စကြဝဠာရှိ ပဋိပက္ခအကြောင်း ဘာဆက်စပ်ပြသနည်း။ ဘုရားကစေလွှတ်သည့် ကောင်းကင်တမန်သည် ၂၁ ရက်ကြာ ခုခံခံရခြင်းကို သင် မည်သို့မြင်သနည်း။**

---

---

ဘုရားကစေလွှတ်သည့် ကောင်းကင်တမန်သည် မည်သို့ဖြင့် ၃ ပတ်ကြာမျှ ခုခံခံရသနည်း။ ဒံ ယေလ၏ဆုတောင်းကို အဖြေပေးမည့် ဘုရားသခင်သည် တန်ခိုးအားလုံးကို ပိုင်ဆိုင်ပါသည်။ ဘု ရားသည် ၎င်း၏တန်ခိုးကို သုံးလိုလျှင် ဒံယေလရှေ့တွင် ကောင်းကင်တမန်ကို ပေါ်စေနိုင်ပါသည်။ သို့သော် ဘုရားကစေလွှတ်ထားသည့် ကောင်းကန်တမန်သည် ပါးရှားဘုရင်၏ တားဆီးခြင်းကို ၃ ပတ် ခံခဲ့ရ၏။ ဘာများဖြစ်ပျက်နေခြင်းနည်း။

“ဂါဗြေလသည် အမှောင်၏သခင်နှင့် ၃ ပတ်ကြာမှ နပန်းသတ်ခဲ့ရ၏။ ကုရုမင်း၏စိတ်ကို ပြောင်းရန်ဖြစ်၏။ ... ဘုရား၏ သားသမီးများအတွက် ကောင်းကင်မှ ပြုပေးနိုင်သည်များကို ပြု ပေးခဲ့ပြီ။ နိဂုံးတွင် အနိုင်ရပါပြီ။ ကုရုမင်းနှင့် ၎င်း၏သား ကမ်ဘီစိ(စ်) (Cambyses) ၏ လက်ထက် များတွင် ရန်သူ၏အားအင်များကို ချုပ်ထားနိုင်ခဲ့ပြီ” — Ellen G. White, Prophets and Kings, p. 672။

ထိုကဲ့သို့သော ပဋိပက္ခမျိုး သက်ဆိုးရှည်စေရန် ဘုရားသခင်သည် ၎င်း၏တန်ခိုးကို အကုန် ထုတ်မသုံးရပါ။ ရန်သူတော်ကို စစ်မှန်သည့် လွတ်လပ်မှုနှင့် အစွမ်းကို မရုတ်သိမ်းဘဲ ကိုယ်စည်း ကိုယ့်ဘောင်ဖြင့် သုံးခွင့်ပေးထား၏ (အကျွန်ုပ်တို့ကို အတွင်းကျကျ မပြထားပါ)။ စကြဝဠာ ပဋိပ က္ခတွင် ဘုရား၏ကောင်းကင်တမန်များပင်လျှင် စည်းနှင့်ဘောင်နှင့် လှုပ်ရှားကြရဟန်ရှိပြီး “စေ့ စပ်ခြင်းတွင်ပါသည့် ပဋိညာဉ်များ” ဟု ဆိုကြအံ့။

ဘုရားသည် အဓမ္မမသုံး၊ မေတ္တာသည် နိုင်ငံတော်၏ အုတ်မြစ်ဖြစ်ကြောင်း ကျွန်ုပ်တို့ တရား ပေါက်ကြလျှင် ထိုစည်းဘောင်များကို သဘောပေါက်ရန် မခဲယဉ်းပါ။ ဘုရားသည် မေတ္တာဖြင့်သာ အုပ်ချုပ်ကြောင်းသည် မဟာတိုက်လှန်ပွဲအကြောင်း နားလည်ဖြစ်စေပါသည်။

**အဓမ္မမသုံးဘဲ မေတ္တာအားအခြေခံထားသည့်မှုများကိုသာကျင့်သုံးသည့် အဖြစ်မျိုး သင်ကြုံဖူး သလော။ အာဏာ၏ကန့်သတ်ချက်များအကြောင်းနှင့်ပတ်သက်၍ မည်သည့်သင်ခန်းစာများ ကို သင်လေ့လာသင်ယူခဲ့ရသနည်း။**

## တနင်္လာနေ့

*မတ်လ ၃ ရက်*

# ဗျာဒိတ်ကျမ်းရှိ နဂါး

ဘုရားသခင်ကိုဆန့်ကျင်သည့် "နဂါးကြီး၊" "လောကတစ်နိုင်ငံလုံးကို လှည့်ဖြား" (ဗျာ ၁၂:၉) သည် မာရ်နတ်အကြောင်း ရေးထားသည့် ဗျာဒိတ်ကျမ်းတွင် အာကာသကို အုပ်စိုးသူများအကြောင်း ရေးထား၏။

**ဗျာ ၁၃:၁-၈ ကို ဖတ်ရှုပါ။ ဤကျမ်းချက်က နဂါး၏စိုးမိုးနယ်အကြောင်း ဘာဖော်ပြသနည်း။**

---

နဂါး(စာတန်)သည် ဘုရားသခင်(ဗျာ ၁၂:၇-၉) နှင့်ဘုရား၏လူစု (ဗျာ ၁၂:၁-၆) ကို စစ်တိုက်ရုံသာ မဟုတ်ဘဲ စာတန်သည် ခေတ်အဆက်ဆက်ရှိ ဘုရားသခင်၏လူစုကို ညှင်းပန်းသည့် နိုင်ငံများ၏ နောက်ကွယ်မှ ကြိုးကိုင်သူဖြစ်ကြောင်း သရုပ်ပြဖော်ပြထား၏။

"နဂါးသည် ပင်လယ်မှတက်လာသည့် သားရဲကို ၎င်း၏တန်ခိုး၊ ၎င်း၏ပလ္လင်၊ ကြီးစွာသောအာဏာစက်ကို အပ်ပေး၏" (ဗျာ ၁၃:၂ ကို ဗျာ ၁၃:၅၊ ၁၇:၁၃၊ ၁၄ များနှင့် နှိုင်းယှဉ်ပါ)။ ပင်လယ်မှတက်လာသည့် သားရဲသည် "ကြီးစွာသောစကားကို လည်းကောင်း၊ ဘုရားသခင်ကိုပြစ်မှားသော စကားကို လည်းကောင်း ပြောတတ်သောနှုတ်နှင့် ပြည့်စုံ၍ လလေးဆယ် နှစ်လပတ်လုံး စီရင်ရသောအခွင့်ကို ရ၏" (ဗျာ ၁၃:၅)။

ထို့ကြောင့် စာတန်(နဂါး)သည် အုပ်စိုးခွင့်အာဏာကို သားရဲ(ကမ္ဘာပေါ်ရှိ ဘာသာရေး-နိုင်ငံရေး အာဏာစက်တစ်ခု)အား ပေး၏။ ဤအာဏာအားကျင့်သုံး၍ ဘုရားသခင်သာလျှင် ရထိုက်သည့် ကိုးကွယ်ခံခွင့်ကို ပြောင်းပြန်လုန်သိမ်းပိုက်ရန်ဖြစ်၏။ သားရဲသည် ဘုရား၏နာမတော်ကို မထီမဲ့မြင်ပြု၍ ကဲ့ရဲ့ရှုတ်ချ၏။ ဆန့်ကျင်တိုက်ခိုက်၏။ ဘုရား၏ သန့်ရှင်းသူများအပေါ်ပင် ကာလတစ်ခုကြာ နိုင်ထက်စီးနင်း နိုင်သေး၏။ တစ်ကမ္ဘာလုံးကို အစိုးရနိုင်ခွင့်ကို အနိုင်အထက်လုယူထားသည့်နဂါးက ပေးထား၏။

သို့သော် စာတန်နှင့် အပေါင်းပါများအား အကန့်အသတ်ဖြင့် အခွင့်အရေးပေးထား၏။ "ထို့ကြောင့် ကောင်းကင်နှင့် ကောင်းကင်သားတို့ ရွှင်လန်းကြလော့။ မြေကြီးနှင့် ပင်လယ်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည် မိမိကာလ တစ်ခဏသာရှိသည်ကို သိ၍၊ ပြင်းစွာသော ဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ ဆင်းလေပြီဟု ဆိုကြသည်ကို ငါကြား၏" (ဗျာ ၁၂:၁၂)။

စာတန်သည် "၎င်း၏ကာလ တစ်ခဏသာရှိသည်ကို သိ၏" (ဗျာ ၁၂:၁၂)။ ဗျာဒိတ်ကျမ်းတွင် ပြထားသည့် ကမ္ဘာ့သမိုင်းတွင် အချိန်အကန့်အသတ် တိတိကျကျဖြင့် အဓမ္မတရား ကြီးစိုးခွင့်ရှိကြောင်း လာ၏ (ဗျာ ၁၂:၁၄၊ ဗျာ ၁၃:၅)။

နိဂုံးတွင် ဘုရားသည် အောင်နိုင်၏။ "ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ" (ဗျာ ၂၁:၄)။

**လက်ရှိပစ္စုပ္ပန်တွင် ကျွန်ုပ်တို့အတွက် နားလည်နိုင်ရန်မည်သို့ပင်ခက်ခဲသော်လည်း နိဂုံးတွင် ဓမ္မသည် အဓမ္မကို အောင်လိမ့်မည်ဖြစ်၏။ ဤနှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသောကတိတော်မြတ်ကို မမေ့ရန် အဘယ့်ကြောင့် အရေးပါသနည်း။**

အင်္ဂါနေ့

*မတ်လ ၄ ရက်*

## ယောဘဖြစ်စဉ်

ယောဘဝတ္ထုတွင် မဟာတိုက်လှန်ပွဲ၏ အဖြစ်မှန်နှင့်ဆက်စပ်သည့် အလွန်စွဲမက်စရာကောင်းသော အကြောင်းအရာများကို ကျွန်ုပ်တို့တွေ့ရ၏။

**ယောဘ ၁:၁-၁၂ နှင့် ၂:၁-၇ ကို ဖတ်ရှုပါ။ မဟာတိုက်လှန်ပွဲကြီး၏ မည်သည့်အခြေခံမှုများကို ဤကျမ်းပိုက်တွင်ဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသနည်း။**

---

အခရာကျသည့် အသေးစိတ်များ ထိုကျမ်းချက်များတွင် စစ်ထုတ်နိုင်၏။ ပထမကား အနေအထားသည် ဘုရားနှင့်စာတန်တို့ စကားဖောင်ဖွဲ့ရုံမျှသာ မဟုတ်ဘဲ အခြားသောကောင်းကင်သားများ ပါဝင်သည့် ကောင်းကင်ညီလာခံ ရှိပါသည်။

ဒုတိယကား ယောဘအကြောင်း ဘုရားက စာတန်နှင့် အချေအတင်ပြောကြသည့် အကြောင်းပါ၏။ ယောဘကို ဘာအတွက် အောက်မေ့ရသနည်း။ ဤအမေးသည် ပိုမိုကြီးမားပြီး ဆက်လက်ဖြစ်ပွားနေသော အငြင်းပွားမှုအခြေအနေတွင် အရေးပါ၏။

တတိယကား ဘုရားသခင်က ယောဘသည် အပြစ်ကင်းသူ၊ သမာဓိရှိသူ၊ ဘုရားကိုကြည်ညိုသူဟုဆို၏။ စာတန်က ယောဘသည် ဘုရားရှင်ကာကွယ်ပေးမှုကိုရရှိခြင်းနှင့် ရရှိသည့် ကောင်းချီးများကိုမှီကာ ဘုရားကိုကြည်ညိုနေသည်ဟု ဆို၏။ ဤအချက်က ယောဘနှင့် ဘုရားသခင်တို့ကို အပြစ်တင်ပုတ်ခတ်ခြင်းဖြစ်၏ (ဗျာ ၁၂:၁၀၊ ဇာ ၃ တို့နှင့် ယှဉ်ပါ)။

စတုတ္ထကား စာတန်က ယောဘအား ဘုရားကွယ်ကာထားပုံသည် မတရား၊ ထိုကြောင့်၎င်း၏စွပ်စွဲချက်များကို သက်သေပြရန်လုပ်နိုင်ခြင်းမရှိ ဟု အခိုင်အမာစွပ်စွဲပြောဆို၏။ ဤအချက်က စာတန်တွင် ကန့်သတ်ချက်တစ်ချို့ (စေ့စပ်ခြင်းတွင်ပါသည့် ပဋိညာဉ်များ) ရှိနေကြောင်းကို ပြပြီး စာတန်သည် ယောဘအား အန္တရာယ်ပြုရန် ကြိုးစားနေကြောင်းကိုပြ၏။

ကောင်းကင်ညီလာခံတွင် စာတန်၏စွပ်စွဲမှုသည် မှန်သည်မမှန်သည်ကို ဘုရားက ပြခွင့်ပြုသော်လည်း အကန်အသတ်များအတွင်းသာဖြစ်၏။ ဦးစွာ ဘုရားက စာတန်အား ယောဘ၏ပိုင်ဆိုင်မှုကိုထိပါးခွင့်ပြု၏။ သို့သော် “သူ့ကိုယ်တစ်ခုကိုသာ မထိမခိုက်နှင့် ဟုမိန့်၏” (ယောဘ ၁:၁၂)။ စာတန်က ယောဘသည် ၎င်း၏ခန္ဓာကိုသာဂရုစိုက်သည်ဟု ဆိုပြန်သည့်အခါ ဘုရားက ယောဘ၏ခန္ဓာကို ထိပါးရန်ခွင့်ပြုပြီး အသက်ကိုအလွတ်ထားရန် မိန့်၏ (ယော ၂:၃-၆)။

စာတန်လည်း ယောဘ၏မိသားစုထံသို့ ကပ်ဘေးဒုက္ခမျိုးစုံ ဝင်စေ၏။ သို့သော် ယောဘသည် ဘုရားကိုချီးမွမ်းဆဲပင်ဖြစ်ပြီး (ယော ၁:၂၀-၂၂၊ ယော ၂:၉၊ ၁၀)၊ စာတန့်၏စွပ်စွဲမှုကို မှားစေ၏။

ဤဖြစ်ရပ်တွင် ကျွန်ုပ်တို့သင်ခန်းစာယူဖွယ် များစွာရှိ၏။အထူးသဖြင့် စကြဝဠာတွင် ဖြစ်ပျက်သည့် ပဋိပက္ခ/တိုက်လှန်မှုတွင် ပဋိညာဉ်များ ပါဝင်ကြောင်းကိုတွေ့မြင်ရ၏။ ထို့ပြင် ကောင်းကင်တွင် ဘုရားအပေါ်စွပ်စွဲမှုကို ဖြေရှင်းနိုင်ခဲ့ပြီး ဘုရားသခင်သည် မေတ္တာအခြေခံသည့် အခြေခံမှုများကို မချိုးဖောက်ကြောင်း၊ ဘုရားသခင်၏အုပ်ချုပ်ရေးစနစ်သည် ချစ်ခြင်းမေတ္တာအပေါ်တွင် မူတည်၍ စကြဝဠာကိုအုပ်စိုးရာတွင် ချစ်ခြင်းမေတ္တာအားဖြင့်သာဖြစ်ကြောင်းများကို သိရ၏။

ယောဘဝတ္ထုတွင်ကိုလေ့လာခြင်းအားဖြင့် ကောင်းကင်ဘုံမှ မဟာတိုက်လှန်ပွဲသည် ဤကမ္ဘာကို မည်သို့တိုက်ရိုက် ရိုက်ခတ်ကြောင်း ကျွန်ုပ်တို့အား သိစေ၏။

ဗုဒ္ဓဟူးနေ့

*မတ်လ ၅ ရက်*

## ဤကမ္ဘာ၏(ယာယီ)အရှင်သခင်

စကြဝဠာလုံးဆိုင်ရာ ပဋိပက္ခ/တိုက်လှန်မှုတွင် စာတန်နှင့် အပေါင်းအပါတို့အား ပဋိညာဉ်အကန့်အသတ်များအားဖြင့် ဤကမ္ဘာကို ယာယီအုပ်ချုပ်ခွင့်ပေးထားကြောင်းကို ပြီးခဲ့သည့်သင်ခန်းစာများတွင်တွေ့ခဲ့ပြီးဖြစ်၏။

ထိုစေ့စပ်ခြင်းဆိုင်ရာပဋိညာဉ်များသည် ရန်သူများဖြစ်သောစာတန်နှင့် ၎င်း၏အပေါင်းအပါများကိုသာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ ရန်သူ၏ယာယီအုပ်ချုပ်ပိုင်ခွင့်အတွင်း စာတန်နှင့်အခမ္မတရားအပေါ် ဘုရား၏ဖျက်ဆီးပိုင်ခွင့်ကိုပါ ဘောင်ခတ်ကန့်သတ်ထား၏။ ဘုရားသခင်သည် သူ၏ကတိတော်များကို ဖျက်မည်မဟုတ်ပါ။ ပဋိညာဉ်စည်းမျဉ်းများဖြင့်အကန့်အသတ်ထားကာ စာတန်အား ယာယီအုပ်စိုးခွင့်ပေးထားခြင်းသည် အနာဂတ်ကာလတွင် လုပ်ဆောင်မည့်အမှုစီရင်ခြင်းအရာများကို (သူ၏ တန်ခိုးတစ်စုံတစ်ရာကို မဆုံးရှုံးစေဘဲ) ကန့်သတ်ထားရန် ရွေးချယ်ဖြေလျှော့ခဲ့ခြင်းဖြစ်၏။

**ယောဟ ၁၂:၃၁၊ ယော ၁၄:၃၀၊ ယော ၁၆:၁၁၊ ၂ ကော ၄:၄၊ လု ၄:၆ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ရန်သူတော်က ဤကမ္ဘာကိုအုပ်စိုးကြောင်း ဘာချပြသနည်း။**

---

---

ခမ္မသစ်ကျမ်းက အလင်းနှင့်အမှောင် နိုင်ငံ ၂ နိုင်ငံ၏ တိုက်ခိုက်နေမှုကို ချပြ၏။ အမှောင်ခြမ်းတွင် စာတန်နှင့်သူ၏အပေါင်းအပါများရှိ၏။ ခရစ်တော်၏အမှုတော်တစ်ခုကား စာတန့်နိုင်ငံကို အလဲထိုးရန်ဖြစ်၏ — “မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှာ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏” (၁ ယော ၃:၈)။

ဘုရားသခင်သည် သူ၏အုပ်ချုပ်ရေးအခြေခံမှုများကို မဆန့်ကျင်ဘဲ ပြုနိုင်သည့်အရာများကိုကန့်သတ်ထားသည့် စည်းမျဉ်းများရှိ၏။ ထိုကန့်သတ်ချက်များကား (၁) လွတ်လပ်စွာရွေးပိုင်ခွင့်ပေးခြင်း (၂) စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တို့ဖြစ်၏။ ဤကန့်သတ်ချက်များသည် ဘုရားသခင်၏ ဒုစရိုက်အားချေမှုန်းလိုက်နိုင်ခြင်းအပေါ် သက်ရောက်မှုရှိနေသည်။ ဤသို့ဖြင့် အဓမ္မတရားသည် ဆက်လက်ချယ်လှယ်ပြီး ဘုရား၏ကောင်းမြတ်ခြင်းကို မေးခွန်းထုတ်ဖြစ်စေကြောင်း ကျွန်ုပ်တို့ တွေ့ရ၏။ မည်သို့ဖြစ်စေ မဟာတိုက်လှန်ပွဲအကြောင်း၊ အဓမ္မတရားအပေါ် ဘုရားသခင်သည် စည်းမျဉ်းအတိုင်း ပြုမူရသည့်အကြောင်းကို သိရှိပြီးနောက်တွင် ဘုရားသခင်သည် နောက်ဆုံးတွင် ဒုစရိုက်ကို အနိုင်ယူမည့်အချိန် မတိုင်မီတွင် လောကသည် ဘာ့ကြောင့် ဤသို့ဖြစ်ရကြောင်းကို ကျွန်ုပ်တို့ နားလည်မည်ဖြစ်သည်။

**ယေရှုက စာတန်သည် ဤကမ္ဘာကို အုပ်စိုးသူဟု မိန့်ဆိုမှုတွင် ကမ္ဘာပေါ်တွင် ဒုစရိုက်ရှိနေရခြင်းအကြောင်း မည်သို့ နားလည်ဖြစ်စေသနည်း။ စာတန်က ယာယီသာမင်းမူမည့်အကြောင်း သိရခြင်းက မည်မျှနှစ်သိမ့်မှု ပေးသနည်း။**

ကြာသပတေးနေ့

*မတ်လ ၆ ရက်*

## အကန့်အသတ်များနှင့် စည်းမျဉ်းများ

စကြဝဠာတွင်ဖြစ်ပျက်သည့် ပဋိပက္ခများ၏ အကြောင်းခံကား ဘုရား၏ကောင်းမြတ်ခြင်း၊ တရားမျှတခြင်း၊ အုပ်ချုပ်ပုံ စသည့်ဂုဏ်သိက္ခာတော်ကို အပြစ်တင်ပုတ်ခတ်ခြင်းများကြောင့် ဖြစ်ပါသည်။ ယင်းသည် ပဋိညာဉ်ဆိုင်ရာ စွပ်စွဲသောအမှုဖြစ်၏။ ဤပဋိပက္ခမျိုးသည် အာဏာအသုံးပြုခြင်းဖြင့် မပြီးနိုင်ပါ။ ထို့အစား ပေါ်လွင်အောင်ချပြရန်လိုအပ်၏။

အာဏာရှိပုဂ္ဂိုလ်ကို ပြင်းထန်သော စွပ်စွဲချက်များပြုခြင်းတွင်၊ အဆိုပါ စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းပြသရန် အကောင်းဆုံး (တစ်ခုတည်းသော) နည်းလမ်းမှာ လွတ်လပ်ပြီး တရားမျှတကာ ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန်ဖြစ်သည်။ ထိုစွပ်စွဲခြင်းသည် မေတ္တာအရင်းခံသည့် အစိုးရခြင်းကို ထိပါးစေလျှင် ခြေသုတ်ခုံအောက်ကိုလှည်းရုံနှင့် ရိုးရိုးရှင်းရှင်းလွှဲအောင်လုပ်၍ မပြီးနိုင်ပါ။

စကြဝဠာရှိပဋိပက္ခနှင့် ဒုစရိုက်တရားတို့ ဆက်နွယ်ခြင်းကို နားလည်ခြင်းသည် ဘာအဓိပ္ပာယ်နည်း။ ဘုရားသခင်သည် ကတိပေးခဲ့လျှက်ပင် ဖျက်ပစ်မည်လော။ မဖျက်ပါ။ ဘုရားသည် စေ့စပ်ညှိနှိုင်းရေးပဋိညာဉ်စည်းမျဉ်းများကိုလိုက်လျှောက်လုပ်ဆောင်ရန် သဘောတူသောကြောင့်သူ၏ရှေးလာမည့် ပြုပြင်စီရင်မှုတွင် အကန့်အသတ်ရှိ၏။ ဤသို့ဖြင့် ယာယီအမှောင်ကမ္ဘာတွင် ဒုစရိုက်များ မင်းမူကြပါမည်။

**မာ ၆:၅ နှင့် မာ ၉:၂၉ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက ဘုရား၏အစီအမံများသည် ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းများနှင့် ထဲထဲဝင်ဝင်ဆက်နွယ်ကြောင်း မည်ကဲ့သို့ချပြသနည်း။**

---

---

ကျမ်း ၂ ချက်လုံးတွင် ယုံကြည်ခြင်း၊ ဆုတောင်းခြင်းများနှင့်နွယ်သည့် ကန့်သတ်ချက်ဘောင်များချပြထား၏။ အခြားကျမ်းများတွင် ဆုတောင်းခြင်းသည် ဤကမ္ဘာကိုပြောင်းလဲစေပြီး အခြားနည်းလမ်းဖြင့်မရနိုင်သည့် ဘုရားသခင်၏မြင့်မြတ်သောလုပ်ဆောင်မှုအတွက် လမ်းဖွင့်ပေးကြောင်းများ ဖော်ပြထား၏။ သို့သော် ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းများသည်သာ အခရာဖြစ်သည်ဟု အယူမမှားရပါ။ ကျွန်ုပ်တို့ သတိမမူဖြစ်သည့်တရားများစွာ ရှိနိုင်ပါသည်။

ဤအချက်က ကျွန်ုပ်တို့လေ့လာပြီးခဲ့ကြသည့် စေ့စပ်ခြင်းတွင်ပါဝင်သည့် ပဋိညာဉ်များနှင့် ကိုက်ညီပါ၏။ ဘုရားသခင်သည် ပဋိညာဉ်တွင် သဘောတူညီချက် ပြုခဲ့သည့်အတွက် စကြဝဠာလုံးဆိုင်ရာပဋိပက္ခ/တိုက်လှန်မှုကိုဖြေရှင်းရာတွင်လည်း လတ်တလောအချိန်တွင် အကန့်အသတ်ရှိ၏။

**ရော ၈:၁၈ နှင့် ဗျာ ၂၁:၃၊ ၄ တို့ကို ဖတ်ရှုပါ။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို မသိနားမလည်သော်လည်း ဘုရားသခင်က မည်သည့်အရာသည် အကောင်းဆုံးဖြစ်သည်ကို သိပြီး၊ အကောင်းဆုံးအရာအတွက်ဆန္ဒရှိ၍ ဒုစရိုက်ကိုအဆုံးသတ်ကာ ချမ်းသာသုခကိုထာဝရစံစားစေမည်ဖြစ်ကြောင်း ထိုကျမ်းချက်များအားဖြင့် သင့်အား မည်သို့စိတ်ချစေသနည်း။**

## သောကြာနေ့

*မတ်လ ၇ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Power of Satan,” pp. 341–347 in *Testimonies for the Church*, vol. 1.

“အပြစ်သားများသည် စာတန်၏ တရားဝင်အကျဉ်းသားဖြစ်ကြ၏။ ခရစ်တော်၏အမှုတော်ကား ထိုအပြစ်သားများကို ရန်သူ့လက်မှ ကယ်ရန်ဖြစ်၏။ လူ၏အတွင်းသန္တေကား စာတန့်သွေးထိုး/ဆောင်မှုများကို လိုက်လို၏။ အောင်နိုင်သူခရစ်တော်သည် ၎င်း၏စိတ်တွင် ကိန်းအောင်းမှုမရှိ၊ ပွဲမထိန်းပေး၊ ခွန်အားမပေးကင်းပါက ရန်သူကို တွန်းလှန်နိုင်မည် မဟုတ်ပါ။ ဘုရားတစ်ပါးကသာလျှင် စာတန်၏တန်ခိုးကို ဘောင်ခတ်နိုင်၏။ စာတန်သည် ဤကမ္ဘာတွင် နယ်ပယ်တိုင်းတွင် နှံ့စပ်သူဖြစ်လာပါပြီ။ ဝိညာဉ်များကို ဖျက်ဆီးနိုင်ရန် စာတန်သည် အမှုမဲ့အမှတ်မဲ့ မနေဖူးပါ။ ဘုရား၏သားသမီးများသည် စာတန်၏ထောင်ချောက်များမှ လွတ်နိုင်မည့်နည်းလမ်းကို သိကြရန် အရေးကြီးပါ၏။ နောက်ဆုံးအခွင့်အရေးတွင် ဘုရား၏သားသမီးများသည် စာတန်ကို စာတန်မှန်း မရိပ်မိရန် ပြင်ဆင်နေပါသည်။ ၂ ကော ၁၁:၁၄ — ‘ဤအမှုသည် အံ့ဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်အဖြစ် ယောင်ဆောင်တတ်၏။’ လှည့်ဖြားခံရသူအချို့က စာတန်သည်မရှိပါဟု ဆိုကြချိန်တွင် စာတန်သည် ၎င်းတို့ကို မြှူးသွင်းပြီးဖြစ်ပြီး အသုံးပြုကာ မကောင်းမှုများစွာ ဆောင်ရွက်စေ၏။ ဘုရားသားသမီးများသည် ခရစ်တော်၌ အားယူကြလျှင် မည်မျှပေါက်ရောက်မည်ကို စာတန်သည် ၎င်းတို့ထက်သိ၏။ နှိမ့်ချစွာဖြင့် အောင်နိုင်သူကြီးထံ အကူအညီတောင်းလျှင် ယုံကြည်သဒ္ဓါအား အနည်းဆုံးပုဂ္ဂိုလ်ပင်လျှင် ခရစ်တော်ကိုမှီခိုခြင်းအားဖြင့် စာတန်နှင့် ၎င်း၏အပေါင်းအပါအားလုံးကို တန်ပြန်နိုင်ပါသည်။ စာတန်သည် သွေးဆောင်မှုများနှင့်အတူ ထင်ပေါ်လျှက်ရဲရင့်စွာ လာရန် လိမ်မာပါးနပ်လွန်းပါသည်။ အကြောင်းမှာ ယုံကြည်သူ ခရစ်ယာန်တစ်ဦးသည် သဘောပေါက်နိုးကြားလာပြီး အောင်နိုင်သူကြီးကို မှီခိုကြမည်ဖြစ်ကြောင်း စာတန်ကြိုတင်သိထား၏။ စာတန်သည် လူအများသတိမမူမိစေရန် အပြင်ပန်းတွင် ဘုရားကို ကြည်ညိုပုံဖမ်း၍ဟန်ဆောင်ကြသည့် လမ်းမလိုက်သူများဖြင့် အလုပ်လုပ်၏။” — Ellen G. White, *Testimonies for the Church*, vol. 1, p. 341။

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ “စာတန်၏ တရားဝင်အကျဉ်းသား” ဖြစ်ရခြင်းဆိုသည်မှာ အဘယ်နည်း။ စာတန်သည် လူသားများကို စိတ်ရှိသ၍ပြုနိုင်သည်ဆိုသည့် အဓိပ္ပာယ်လား။ ဤသို့မဟုတ်လျှင် အဘယ်ကြောင့် မဟုတ်ရသနည်း။ ဤအချက်က စကြဝဠာလုံးဆိုင်ရာပဋိပက္ခ/တိုက်လှန်မှုတွင်ရှိသည့် စေ့စပ်ခြင်းတွင်ပါဝင်သည့် ပဋိညာဉ်များနှင့် မည်သို့ဆက်နွယ်သနည်း။**

**၂။ ယာယီပင်ဖြစ်စေ စကြဝဠာလုံးဆိုင်ရာပဋိပက္ခ/တိုက်လှန်မှုတွင် ဘုရားသခင်သည် အဘယ်ကြောင့် စာတန့်အား အုပ်စိုးခွင့်ပေးရသနည်း။ ဤအချက်က ဘုရားသည် စာတန်၏ စွပ်စွဲချက်များကို မည်သို့ဖြေရှင်းသည်ဟု ကျွန်ုပ်တို့အား ပြသနည်း။**

**၃။ တချို့သောခရစ်ယာန်များအပါအဝင် စာတန်မရှိဟု ဆိုကြသူများ ကို သင် မည်သို့တုံ့ပြန်မည်နည်း။ စာတန်ရှိကြောင်း ကျွန်ုပ်တို့ သက်သေမပြနိုင်ပြား ကြီးစွာအညာခံထားရသူများအားမည်သည့်သက်သေကို စုစည်းပြသနိုင်မည်နည်း။**

## ခွဲသန်သည့်ညော့်သည် – အပိုင်း ၂

Andrew McChesney ရေးသားသည်

SDA ကလေးဆရာဝန်အတွက် ၁၃ နှစ်အရွယ် Alaska တိုင်းရင်းသူလေးသည် အသက်နှင့်မလိုက်စွာ လူထွားကြီးဖြစ်နေ၏။

ဖုန်းပြောဖူးပြီးနောက် ၄ လအကြာတွင် ကလေးဆရာဝန်သည် ကလေးငယ် ၁၉ ဦးနှင့် နေထိုင်သည့် Matrona ရှိရာ Fairbanks, Alaska သို့ ၇ နာရီကြာ ကားမောင်းရမည့် Anchorage မှ လာခဲ့၏။ Matrona သည် ၅'၇" မြင့်ပြီး Colette သည် ၅'၃" သာ ဖြစ်၏။

Colette သည် ကလေးမကိုမြင်သည့်အခါ *ကျွန်မအတွက်တော့ လူ့ဘီလူးပဲ။ စိတ်ဝင်စားဖို့ကောင်းပါတယ်* ဟု တွေးဖြစ်၏။

Matrona သည် ညော့်ခန်းတွင်ထိုင်နေပြီး ရှက်နေကာ အစပိုင်းတွင် စကားပြောလိုဟန်မရှိပါ။

Colette လည်း သူမအနီးတွင် ဝင်ထိုင်၏။ အစပိုင်းတွင် အတော်ဖြင့်စကားမစနိုင်ကြဘဲ ပြီးနောက်မှ Matrona အတွက် ယူလာသည့် တိရစ္ဆာန်စွယ်စုံကျမ်း လက်ဆောင်ကို အမှတ်ရသွား၏။ Colette လည်း စာရွက်စလှန်တော့၏။ Matrona လည်း စိတ်ဝင်စားလာပြီး Colette ထံ နီးနီးလာ၏။ တစ်ခဏအတွင်း Matrona သည် Colette အနားသို့ထိုင်ဖြစ်ကာ ရုပ်ပုံများ အတူကြည့်ဖြစ်သွား၏။

ပထမအကြိမ် တွေ့ဆုံမှုသည် ပျော်ရွှင်ဖွယ်ဖြစ်ပြီး ၃ နာရီ ကြာခဲ့၏။ ၎င်းတို့ ၂ ဦးလည်း နောက်လတွင် ပြန်တွေ့ကြ၏။ Colette က Matrona အား ကျမ်းစာအုပ် လက်ဆောင်ပေး၏။ ကျမ်းစာကို ဖုန်းဖြင့်အတူဖတ်ကြရန် စကားဆို၏။ သို့သော် ဖုန်းခေါ်သည့်အခါ Matrona သည် ဆင်ခြေပေး၏။

ထို့နောက် Matrona သည် Anchorage သို့ ပြောင်းလာ၏။ သူမသည် အထီးကျန်ကာ Fairbanks ရှိ သူငယ်ချင်းများကို အောက်မေ့နေ၏။ သူမလည်း Colette ကို နေ့တိုင်းဖုန်းခေါ်ကာ သူမကိုမွေးစားရန် ပူဆာ၏။

Colette သည် အလုပ်ပြောင်းရန် စတင်နေ၏။ Anchorage တွင် လုပ်ရသည့် လုပ်ငန်းသည်ပြီးဆုံးကာ လူဦးရေ ၆,၀၀၀ နေထိုင်သည့် Alaska တွင် လူအများဆုံးနေထိုင်သည့် Bethel သို့ ပြောင်းရန် ကြံ၏။ သူမသည် ဆေးရုံတွင် အလုပ်ဝင်လို၏။

Matrona က ပြောင်းရွှေ့မည့်အကြောင်း သိရသည့်အခါ "အို" ဟုဆို၏။ သူမအတွက်ကား Bethel သည် ရွာငယ်သာသာဖြစ်ပြီး ပျင်းရမှာပဲဟု တွေး၏။



ဤသာသနာ့သတင်းသည် ယခင် ၁၃ ပတ် ဥပုသ်၏စီမံကိန်းကို အတွင်းကျကျ ကြည့်ရှုခြင်းဖြစ်၏။ ကလေးဆရာဝန် Colette Reahl သည် ၂၀၂၄၊ ၁၃ ပတ် အလှူငွေကို အချို့အဝက်ရရှိသည့် Bethel (Alaska) SDA Church ၏ ပူးတွဲခေါင်းဆောင်ဖြစ်၏။ မတ်လ ၂၉ ရက်နေ့တွင် ကောက်ခံမည့် ၁၃ ပတ် အလှူငွေဖြင့် သာသနာချဲ့ရန် ကူညီကြမည့် အဖြစ်အတွက် ကျေးဇူးတင်ရှိပါသည်။ Colette နှင့် Matrona တို့အကြောင်း ရှေ့လာမည့်အပတ်တွင် ဆက်၍ဖတ်ပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၁ ယော ၃:၈

**လေ့လာမှုဦးတည်ချက်များ။** ယောဘ ၁:၁-၁၂၊ ယောဘ ၂:၁-၇၊ ဒံ ၁၀၊ လု ၄:၆၊ ယော ၁၂:၃၁။

**နိဒါန်း။** ။ စာတန်၏ အစိုးပိုင်ခွင့်ကို ဘုရားက ကန့်သတ်ထား၏။ စာတန်အား ၎င်း၏သိက္ခကာကို ထောက်ရှုခြင်းဖြင့် တရားမဝင်သည့် အုပ်ချုပ်သူဖြစ်၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အဓိကအချက် ၃ ချက်ကို လေ့လာပါမည်။

၁။ စာတန်သည် တရားမဝင်၊ ယာယီအုပ်ချုပ်သူဖြစ်၏။ ဉာဏ်ကမ္ဘာသို့ အပြစ်ဝင်ပြီးနောက်တွင် ဘုရားသခင်က စာတန်အား ယာယီအုပ်ချုပ်စေပြီး ယင်းသည် တရားဝင်အခွင့်အာဏာမဟုတ်။ ဘုရားသည် ဉာဏ်ကမ္ဘာတွင် အဓမ္မတရားကို အပြီးသတ်ရေးတွင် အကန့်အသတ်ရှိပြီး၊ ယေရှုက စာတန်ကိုနိုင်ခဲ့၏။ ခရစ်တော်က ကန္တာရအတွင်း စုံစမ်းခြင်းကို အောင်နိုင်ခြင်း၊ ကပ်တိုင်ပေါ်တွင် စာတန်အား အလှဲထိုးခြင်း စသည်တို့သည် စာတန်၏ အစိုးရခွင့်သည် တရားမဝင်ကြောင်း၊ ယာယီဖြစ်ကြောင်းကို ပြ၏။

၂။ စာတန်သည် မုသားသုံးကာ သြဇာခံမည့်ပုဂ္ဂိုလ်များကို မြှူးသွင်းထား၏။ စာတန်သည် တရားမဝင်၊ ယာယီအုပ်ချုပ်သူဖြစ်ပြီး လူသားများသည် ၎င်း၏အုပ်ချုပ်မှုကို ခံရသူများ ဖြစ်နိုင်ကြ၏။ ခရစ်တော်ကသာ ကျွန်ုပ်တို့၏ ဆန္ဒနှင့်ဘဝကို မထိန်းကျောင်းပေးလျှင် ကျွန်ုပ်တို့၏ အတွင်းဓာတ်သည် စာတန့်ကြိုးဆွဲရာနောက်သို့ လိုက်လိုပြီးသား ဖြစ်ကြ၏။

၃။ စာတန်သည် ၎င်း၏ "အုပ်ချုပ်ခွင့်" တွင် ကန့်သတ်ခံရ၏။ စာတန်တွင် အုပ်ချုပ်ရမည့်အချိန်နှင့် နယ်ပယ်ရှိ၏။ သို့သော် ဘုရားက ၎င်း၏ "အုပ်ချုပ်မှု" ကို ကန့်သတ်ထား၏။ လူ့သမိုင်းတွင် ဘုရား၏ကောင်းမြတ်ခြင်းက အဓမ္မကိုဆန့်ကျင်၏။ ယုံကြည်သူများ၏ ဆုတောင်းပတ္ထနာများသည် နတ်ဆိုးတို့ကို တိုက်လှန်ရန် အကောင်းဆုံးလက်နက်ဖြစ်၏။

**လက်တွေ့အသုံးချခြင်း။** ။ စာတန်သည် ယာယီအုပ်ချုပ်ခွင့်ရစဉ်တွင် ကန့်သတ်ခြင်းခံရ၏။ ယေရှု၏အောင်မြင်မှုကို အကြောင်းပြုကာ ကျွန်ုပ်တို့သည် သေခြင်းတရား၏ ထိန်းချုပ်မှုအောက်တွင် မရှိကြပါ။ သို့သော် သတိမလွတ်ဘဲ ဘုရား၏ဘုန်းတော်ကို မှီခိုကြရန် လိုသေး၏။ သင်၏ဆုတောင်းခြင်းဘဝသည် စာတန်၏ တရားမဝင်အုပ်ချုပ်မှုကို မည်သို့ဖြင့် တွန်းလှန်ဖြစ်စေမည်နည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ စာတန်သည် တရားမဝင် ယာယီအုပ်ချုပ်သူဖြစ်၏။

Synoptic ခရစ်ဝင်ကျမ်းများတွင် စာတန်နှင့်ယေရှုကြား ရန်ကြီးသည် ကန္တာရအတွင်း စုံစမ်းမှုကြီးအကြောင်း ဖြစ်၏ (မ ၄:၁-၁၁၊ မာ ၁:၁၂၊ ၁၃၊ လု ၄:၁-၁၃)။ ယင်း ၃ ကျမ်းမှနေ လုကာက တတိ

ယစုံစမ်းမှုတွင် စာတန်၏သြဇာကို ပြထား၏။ ယေရှုအား "ဤလောက၌ တိုင်းနိုင်ငံတို့ကို ပြသွန်၏" (လု ၄:၅)။ စာတန်က ယေရှုအား "ဤဘုန်းတန်ခိုး အာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည် ပေးလိုသောသူအား ပေးရသည်ဖြစ်၍ ကိုယ်တော်အား ပေးပါမည်" (လု ၄:၆) ဟုလျှောက်၏။

စာတန်သည် ၎င်းဂုဏ်ဆာသည့်အတိုင်း အကယ်ပင် အခွင့်အာဏာရှိသလော ဟူ၍ စောဒကတက်ဖွယ်ရှိ၏။ ရှိသည်ဆိုလျှင်၊ ၎င်းက မည်သို့ဖြင့် ရခဲ့သနည်း။ ဆိုရသော် လောကသို့ အပြစ်ဝင်လာသည့်အခါ "ဘုရားက စာတန်အား တစ်ကမ္ဘာလုံးကို စိတ်ကြိုက်ချယ်လှယ်ခွင့် ပေးထား၏။" — Sydney H.T. Page, *Powers of Evil: A Biblical Sutdy Satan and Demons* (Grand Rapids, MI:Baker Books, 1995), p. 98။ မည်သို့ဆိုစေ၊ ဤလွတ်လပ်မှုက စာတန်သည် ဤလောကတွင် အခွင့်အာဏာရှိသည်ဟု ဆိုသည့်အချက်နှင့် ကွဲပြား၏။ ဆိုရလျှင် စာတန်၏ထိုးကျွေးမှုကို ငြင်းပယ်ခြင်းဖြင့် ယေရှုသည် ထိုသြဇာမျိုးကို အသိအမှတ် မပြုပြပါ။

ရှင်ယောဟန်ကျမ်းတွင် စာတန်နှင့်ယေရှုကြား ပဋိပက္ခကို "ဤလောကကို အစိုးရသောမင်း" တွင် ဗဟိုပြုထား၏ (ယော ၁၂:၃၁၊ ယော ၁၄:၃၀၊ ယော ၁၆:၁၁)။ ယော ၁၂:၃၁-၃၃ တွင် ယေရှုက ကမ္ဘာကို တရားစီရင်မည့်အကြောင်း၊ ကမ္ဘာကို အုပ်စိုးသူအား နှင်ထုတ်မည့်အကြောင်း (သေခြင်းဖြင့်) ဖောင်းပေးထား၏။ ယော ၁၄:၃၀ တွင် ယေရှုက တပည့်တော်များထံ မိန့်ခဲ့သည့် လမ်းခွဲစကားတွင် "ဤလောကကို အစိုးရသောမင်းသည် လာဆဲဖြစ်၏" ဟုမိန့်၏။ ယေရှုက ဤအမုန်းတရားတွင် ဤသို့ထပ်ဖြည့်ထား၏ — "လာသော်လည်း ငါ၌ အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။" ဤစကားသည် ယုဒရှကာရုတ်ကို ညွှန်းခြင်းဖြစ်နိုင်၏။ ၎င်းသည် "ယေရှုဆုံးပါးရန် ကြံစည်သည့် စာတန်ကိုယ်တိုင်က" သုံးထားသူဖြစ်၏။ မည်သို့ဖြစ်ဖြစ် လက်ဝါးကပ်တိုင်သည် စာတန်၏ အောင်နိုင်ခြင်းပုံရိပ် မဟုတ်ဘဲ ၎င်းကိုအလှဲထိုးသည့်ပုံရိပ် ဖြစ်၏ (D.A. Carson, The Gospel According to John, *The Pillar New Testament Commentary* [Grand Rapids, MI: Eerdmans, 1991], p. 508)။ ထို့နောက်တွင် ယေရှုက တပည့်တော်များအား သန့်ရှင်းသောဝိညာဉ်တော်ကို ကတိထားရာတွင် ယော ၁၆:၁၁ တွင် "ဤလောကကို အစိုးရသောမင်းသည် အပြစ်စီရင်ခြင်း ခံရသည်" ဟု မိန့်ပြန်ကာ ယော ၁၂:၃၁ တွင်လာသည့် နတ်ဆိုးကို ဆိုလိုဟန်ရှိ၏။

ထို့ကြောင့် synoptic ခရစ်ဝင်ကျမ်းများက ခရစ်တော်သည် စာတန်ကို ကန္တာရအတွင်း အနိုင်ရခဲ့ကြောင်း ပြကြသကဲ့သို့ ရှင်ယောဟန်ကျမ်းက လောကကိုအစိုးရသည့် စာတန်ကို ကပ်တိုင်ပေါ်တွင် အနိုင်ယူကြောင်း ပြထား၏ (*Power of Evil: A Biblical Study of Satan and Demons*, p. 129 ကိုလည်းရှု)။ ဆိုလိုသည်မှာ ယေရှု ဤလောကတွင် လာ၍အမှုဆောင်သည့် နိဂုံးပိုင်းကို ဆိုလို၏။ ဖြစ်စဉ် ၂ ခုလုံးတွင် စာတန်သည် အပြစ်သင့်သည့်လောကကို တရားမဝင်၊ ယာယီအုပ်စိုးသူ၊ ဘုရားကချစ်သည့် ဤလောကသည် ယေရှုကိုငြင်းဆန်ခြင်းကြောင့် တရားစီရင်ခံရမည်တို့ကို တွေ့ရ၏ (ယော ၁:၁၀၊ ၂၉၊ ယော ၃:၁၆၊ ၁၇၊ ၁၉၊ ယော ၉:၃၉၊ ယော ၁၂:၃၁၊ ၄၇၊ ယော ၁၄:၁၇၊ ယော ၁၅:၁၈၊ ၁၉၊ ယော ၁၆:၈၊ ယော ၁၇:၉၊ ၁၄၊ ၁၆၊ ၂၁)။ Robert Recker က ချပြထားသည့်အတိုင်း စာတန်သည် "နန်းချခံမင်းသား (သို့) ပြုတ်ဆော်နံနေသူ" ဖြစ်၏။ — "Satan: In Power or Dethroned?" *Calvin Theological Journal* 6, no. 2 (1971), p. 147။

**၂။ စာတန်သည် မုသားသုံးကာ သြဇာခံမည့်ပုဂ္ဂိုလ်များကို မြှုံးသွင်းထား၏။**

တရားမဝင်သည့် အစိုးရသူဖြစ်ပြီး လူသားများသည် အပြစ်ကြောင့် စာတန်၏ တရားဝင်မြှုံးသွင်းခံရသူများ ဖြစ်ကြတော့၏။ Ellen G. White က “ကျရှုံးလူသားသည် စာတန်၏ တရားဝင်အကျဉ်းသား ဖြစ်သည်...။ လူသားသည် ဗီဇအရ စာတန်၏သွေးထိုးမှုများနောက် အလိုလိုနေရင်း နားယောင်ပြီး အောင်နိုင်သူကြီး ခရစ်တော်က ၎င်း၏စိတ်သန္တာန်တွင် ကိန်း၊ ဆန္ဒများကို ချွန်းထိုး၊ အားအင်ပေးခြင်း စသည်တို့ မပြုလုပ်လျှင် ကြောက်မက်ဖွယ်ရန်သူတော်ကို တွန်းလှန်နိုင်မည် မဟုတ်ပါ။” — *Testimonies for the Church*, vol. 1, p. 341။ ဘုရားသည် “စာတန်အား ဤလောက၏အစိုးရမင်း ဖြစ်စေသူမဟုတ်ပါ...။ လူသားများက ၎င်းတို့၏ အပြစ်များဖြင့် ၎င်းကို မင်းပြုကြ၏။” — *Powers of Evil: A Biblical Study of Satan and Demons*, p. 129။

စာတန်သည် လူသားများက အပြစ်လုပ်ခြင်းကြောင့် အကျင့်ပျက်လူသားများ၏ တရားဝင်အုပ်ချုပ်သူဖြစ်ပြီး ၎င်းသည် ၎င်း၏အကျင့်စရိုက်များအရ တရားမဝင်အုပ်ချုပ်သူသာ ဖြစ်ဆဲဖြစ်၏။ ယေရှုက၎င်းကို မုသားစကားဆိုသူ၊ အသက်သတ်သူဟု မိန့်ထား၏။ ယေရှုက စာတန်အား ဤသို့ဆို၏ — “သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူ ဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်း ဖြစ်၏” (ယော ၈:၄၄)။ ယေဘုယျအားဖြင့် မုသား၊ သေတတ်သည့်အကျဉ်းသားများသည် ၎င်းအစိုးရနိုင်ခြင်း၏ အကြောင်းရင်းဖြစ်ပြီး ယင်းကို ယေရှုက မြေလှန်ပစ်ရန်လို၏။

ရှင်ယောဟန်ကျမ်းက “ဤလောကကို အစိုးရသောမင်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ ပေးဆပ်မှု၊ ထမြောက်ခြင်း၊ ခမည်းတော်ထံသို့ တက်ကြွခြင်း စသည်တို့ဖြင့် အလှဲထိုးခံ၊ ပထုတ်ခံရပြီ” ဟုဆို၏ (ယော ၁၂:၃၁–၃၃၊ ယော ၁၆:၁၁)။ မည်သို့ဆိုစေ ယေရှုက တပည့်တော်များအတွက် ယော–၁၇ တွင် ဆုတောင်းပေးရာတွင် စာတန်၏သြဇာသည် လက်ဝါးကပ်တိုင်တွင် အပြီးမချုပ်သေးကြောင်း ပြ၏။ “ယင်းနှင့်ဆန့်ကျင်ကာ ရှင်ယောဟန်က ယေရှုကိုထိုးနှက်သည့် စာတန်သည် ယေရှု၏နောက်လိုက်များကိုပါ ထိုးနှက်မည်ဖြစ်၏။” — *Powers of Evil: A Biblical Study of Satan and Demons*, p. 130။ ယော ၁၇:၁၅ တွင် ယေရှုက ခမည်းတော်ထံတွင် “ဤသူတို့ကို မကောင်းသောအမှုအရာနှင့် ကင်းလွတ်ရန်” လျှောက်ခဲ့၏။ “အကြောင်းမှာ ဤသူတို့သည် ဤလောကနှင့် မဆက်ဆံကြရ ဖြစ်၏ (ယော ၁၇:၁၅၊ ၁၆)။ ၁ ယော ၅:၁၉ တွင် ဘုရားကိုယုံကြည်သူများနှင့် မယုံကြည်သူများကို စည်းခြားထား၏။ နတ်ဆိုးလက်အောက် ရောက်ကြသူများနှင့် ခြားနားထား၏ — “ငါတို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်ကိုလည်းကောင်း၊ လောကီသားအပေါင်းတို့သည် မာရ်နတ်၏လက်၌ ရှိကြသည်ကိုလည်းကောင်း ငါတို့သိကြ၏။” ဟေဗြဲ ၂:၁၄၊ ၁၅ က စာတန်က လူသားများအပေါ် အစိုးရခွင့်ရှိ၏။ ၎င်း၏လက်ခုပ်အတွင်း ချုပ်ထား၏။ “သေခြင်းတရားကို အစိုးရသူ” ဟုဆို၏။ ဤကျမ်းချက်က ယေရှုသည် ထိုတန်ခိုးကို ၎င်း

၏အသေခံခြင်းဖြင့် ချိုးဖျက်သည် ဟုဆို၏။ သို့သော် ကျွန်ုပ်တို့သည် ဘုရား၏တန်ခိုးကို မှီခိုကာ သတိမပြတ်ကြရန် လိုဆဲဖြစ်၏။ ကယ်တင်ခြင်းလုပ်ငန်းသည် မပြီးပြတ်သေးပါ။ "မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ မည်သူကိုမျိုရမည်နည်းဟု လှည့်လှည်ရှာဖွေလျက်ရှိ၏" (၁ ပေ ၅:၈)။ ထို့အပြင် ၎င်းသည် နောက်ဆုံးပိတ် မပျက်စီးမီတွင် (ဗျာ ၂၀:၁၀) စာတန်သည် ယုံကြည်သူများအား ဘုရားရှေ့တွင် စွပ်စွဲဦးမည်ဖြစ်၏ (ဗျာ ၁၂:၁၀)။ ယောဘ၏ဖြစ်စဉ်သည်လည်း အပုပ်ချခြင်းသည် (ယောဘ ၁:၉–၁၁၊ ယောဘ ၂:၅) စာတန်၏ မတရားစွပ်စွဲခြင်းဗျူဟာ တစ်ခုဖြစ်သည် ဟုဆို၏။

### ၃။ စာတန်သည် ၎င်း၏ "အုပ်ချုပ်ခွင့်" တွင် ကန့်သတ်ခံရ၏။

အပြစ်သင့်လူသားများက စာတန်အား မင်းပြုကြပြီ။ ဘုရားက ဂရုမထားသည့်အရာဖြစ်သည့် စာတန်၏ ကလိမ်စွေ့ငြမ်းဆင်မှုများနောက်သို့ ပါကြပြီ။ ထိုထိုမတရားစွပ်စွဲမှုများ မှားကြောင်းသက်သေဖြစ်ရန် ဘုရားက ရုပ်လုံးပေါ်ခွင့် ပေးထား၏။ ထို့ကြောင့် စာတန်တွင် "အုပ်ချုပ်နိုင်သည့်" နယ်နှင့် အချိန်ရှိ၏။ သို့သော် ယောဘဖြစ်စဉ်တွင် မြင်ရသည့်အတိုင်း ("သူ့ကိုယ်တစ်ခုကိုသာ မထိမခိုက်နှင့်" – ယောဘ ၁:၁၂၊ "သူ့အသက်တစ်ခုကိုသာ လွတ်စေ" – ယောဘ ၂:၆) ဟုဆိုကာ၎င်း၏ "အုပ်ချုပ်ခွင့်" ကို ဘုရားက ကန့်သတ်ပေး၏။

ဒံယေလ ၁၀ တွင် အဓမ္မတရား၏ အကန့်အသတ်ကို တွေ့နိုင်၏။ ဤကျမ်းချက်တွင် "လူ့သမိုင်းဖြစ်စဉ်ကို လူက မဆုံးဖြတ်ပါ။ အကြောင်းမှာ လူ့သမိုင်းကို ကြိုးကိုင်သည့် မျက်စိဖြင့်မမြင်ရသည့် အရှင်ရှိ၏။ အထူးသဖြင့် ဘုရား၏လူစုများကို ဒုက္ခပေးသည့် အဓမ္မတရားရှိ၏။ မည်သို့ဖြစ်စေ ထိုအဓမ္မတရားသည် ဘောင်ခတ်ခံရ၏။ အကြောင်းမှာ ၎င်းကိုဆန့်ကျင်သည့် ဓမ္မရှိ၏။ သစ္စာရှိ ယုံကြည်သူများ၏ ဆုတောင်းပတ္ထနာများကလည်း အဓမ္မတရားအပေါ် သက်ရောက်မှုရှိ၏။ အဓမ္မတရားသည် ဘုရား၏အလိုတော်အပေါ် မည်သို့ပင် အာဃာတတရားထားထား အထမမြောက်စေနိုင်ပါ။" — *Powers of Evil: A Biblical Study of Satan and Demons*, p. 64။

Ellen G. White က စကြဝဠာတွင် ဖြစ်ပျက်သည့် ပွတ်တိုက်မှုသည် လူတစ်ဦးချင်းတွင်လည်း ရှိနေပြီး ပတ္ထနာပြုခြင်းသည် အရေးပါကြောင်း ဆိုထားပါသည်။ *Testimonies for the Church*, vol. 1, စာအုပ် "The Power of Satan" အခန်းတွင် "ဘုရားသခင်သာလျှင် စာတန့်အစွမ်းကို ထိန်းကွပ်နိုင်သည်" ဟုဆို၏ (p. 341)။ သူမက "နတ်ဆိုးများသည် ဝိညာဉ်များကို ဆွဲလုကြသည်။ ဘုရား၏ တမန်တော်များကလည်း ၎င်းတို့ကို တွန်းလှန်ကြသည်။ ပွတ်တိုက်မှုသည် ကြီးကျယ်သည်" ဟု မြင်ခဲ့၏ (p. 345)။ သူမက "ကောင်းကင်တမန်များသည် လူတို့၏စိတ်ကို ၎င်းတို့ဆန္ဒကိုချိုးဖျက်ကာ မကြိုးကိုင်ကြပါ။ လူတို့သည် ရန်သူနှင့် ပေါင်းစည်းသည့်အခါ ကောင်းကင်တမန်များက စာတန်သည် ထိုလူများကို မဖျက်ဆီးရန်၊ လမ်းဆုံးသူများ တစ်ဖန်နိုးထကာ ဘုရားထံ အကူအညီတောင်းတတ်စေရန် ထပ်တိုးအလင်းမရမည်တိုင် ကာကွယ်ပေးခြင်းများသာ လုပ်ပေး၏ (p. 345)။ ဤရှုထောင့်မှနေကာ သူမက "ကောင်းကင်နှင့်မြေကြီးကို ဦးစီးသည့်အရှင်က စာတန်၏ အခွင့်အာဏာကို ဘောင်ခတ်ထား၏" ဟုဆို၏။ တစ်ဆက်တည်းတွင် ပတ္ထနာ

ပြုခြင်း၏ အရေးပါပုံကို သူမက ထိုးပြ၏။ အကြောင်းမှာ "ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် လေးနက်စွာဖြင့် ဆုတောင်းခြင်းကို နားသောင်းကာ ထိုပုဂ္ဂိုလ်ကို ကယ်တင်ရန် ကောင်းကင်တမန်များ ထပ်လောင်းအားဖြည့်ပေး၏" (p. 346)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ယောဘဝတ္ထုက မဟာတိုက်လှန်ပွဲကြီး အကယ်ပင်ရှိကြောင်းကို ပြ၏။ ယောဘသည် ထိုအတွေ့အကြုံမှနေ ဘုရားကိုကိုးစားရန် ဆုံးဖြတ်ခဲ့၏။ ဤအကြောင်းကို အာရုံသွင်းကာ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**၁။ ဘုရား၏ဖေးမမှုက ကျွန်ုပ်တို့ကို ၎င်းအား မည်သို့ဖြင့် သာ၍ ချစ်၊ ကြောက်၊ ကြည်ညိုစေသနည်း။ ၎င်း၏ဖေးမမှုသည် ကျွန်ုပ်တို့ဘက်မှ ၎င်းအား ပြန်လည်တုံ့ပြန်မှုကြောင့် အတားအဆီးအဖြစ် မည်သို့ တစ်ဖြစ်လဲနိုင်သနည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

**၂။ စာတန်၏အာဏာသည် အကန့်အသတ်ရှိကြောင်း ယောဘဝတ္ထုတွင်လာသည့် ကောင်းကင်ဘုံက ညီလာခံအကြောင်းတွင် တွေ့ရ၏။ ကန့်သတ်ခံ စာတန့်အာဏာက ဘုရား၏အာနုဘော်အကြောင်း ကျွန်ုပ်တို့ကို ဘာပြသနည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

**၃။ "The Power of Satan" (*Testimonies for the Church*, vol. 1, p. 345) တွင် Ellen G. White က ကျွန်ုပ်တို့ကိုကယ်ရန် ဘုရားက ကောင်းကင်တမန်များကို စေလွှတ်စေမည့် ဆုတောင်းခြင်း၏ အရေးပါပုံကို မီးမောင်းထိုးပြ၏။ သို့ဖြစ်လျှင် ဘုရားသခင်သည် တစ်ခုခုပြုလုပ်ရန် သင်၏ဆုတောင်းတတ်သည့် အလေ့အကျင့်သည် မည်မျှအရေးပါသနည်း။**

______________________________________________________________

______________________________________________________________

______________________________________________________________

သင်ခန်းစာ ၁၀။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

**မတ်လ ၈–၁၄*

# ငါမပြုရသေးသောအရာ တစုံတခုရှိသလော



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ယောဒ ၁၈:၃၇၊ ရော ၃:၂၃–၂၆၊ ရော ၅:၈၊ ဟေရှာ ၅:၁–၄၊ မ ၂၁:၃၃–၃၉၊ ဟေရှာ ၅၃:၄၊ ရော ၃:၁–၄

**အလွတ်ကျမ်းချက်။** **"ပိလတ်မင်းကလည်း၊ သို့ဖြစ်လျှင် သင်သည် ရှင်ဘုရင်မှန်သလောဟု မေးသော်၊ ယေရှုက၊ မင်းကြီးမေးသည်အတိုင်း ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌ သက်သေခံခြင်းငှာ ငါသည်မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟု မိန့်တော်မူ၏"** (ယောဒ ၁၈:၃၇)

လွန်ခဲ့သည့်နှစ်များတွင် Guide မဂ္ဂဇင်း၌ အားရဖွယ်ပုံပြင် တစ်ခုပါလာ၏။ ယင်းသည် Denis အမည်ရှိ သမိုင်းအလယ်ခေတ်တွင် မွေးစားသားပုံပြင် ဖြစ်၏။ Denis သည် ၎င်း၏မိဘများ ဖျားနာချိန်တွင် ဘုရင့်စစ်သည်တော်များက ၎င်းကို မိဘများထံမှအဝေးသို့ ခေါ်သွားချိန်မှစ၍ မိဘများနှင့် ရှင်ကွဲကွဲရကာ ဘုရင်ကို အလွန်မုန်း၏။ နောက်ပိုင်းတွင် ကပ်ရောဂါဘေးမှလွတ်ရန် ကယ်ထုတ်ကြောင်းကို သိခဲ့၏။ ဘုရင်၏စိတ်ရင်းအမှန်သည် Denis တစ်သက်လုံးမုန်းခဲ့သည့် အငုံစိတ်ကို ဖြေလျှော့ပေးခဲ့၏။ ဘုရင်သည် ၎င်း၏ ပြည်သူပြည်သားများအတွက် ကိစ္စကြီးငယ်များကို မေတ္တာဖြင့် စီမံပေး၏။

ယနေ့ကာလတွင် လူပေါင်းများစွာက ဘုရားသခင်ကို Denis ကဲ့သို့ သဘောထားကြ၏။ ၎င်းတို့မြင်ရသည့် အနိဋ္ဌာရုံများ၊ ကြုံရသည့်ဒုက္ခများက ဘုရားကို မုန်းစေ၊ လျစ်လျူရှုစေ၏။ ဒုက္ခကြုံချိန်တွင် ဘုရားသည် မည်သည့်အရပ်တွင် ရှိနေသနည်း။ ဘုရားသည် ကောင်းမြတ်သည်မှန်လျှင် ဒုစရိုက်များ အဘယ်ကြောင့်ရှိနေရသနည်း။ စကြဝဋ္ဌာရှိ ပဋိပက္ခသည် ဤပဓာနတရားကို မီးမောင်းထိုးပြ၏။ များစွာကျန်သေး၏။ ကျွန်ုပ်တို့အားထုတ်သမျှ အချည်းနှီးဖြစ်သည့်အခါ ကျွန်ုပ်တို့သည် ကပ်တိုင်ပေါ် တင်သတ်ခံရသည့် သခင်ယေရှုကို ကြည့်ရှုနိုင်ပြီး ယခုတွင် အဖြေမရသေးသော်ငြားလည်း ဘုရားသခင်သည် အားကိုးထိုက်သည့်ဘုရားဟု တွေ့မြင်နိုင်ပါသည်။

** မတ်လ ၁၅ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

**တနင်္ဂနွေနေ့**

*မတ်လ ၉ ရက်*

## အောင်နိုင်သူ သခင်ခရစ်တော်

ခရစ်တော်က “ဤလောကကို အစိုးရသူ” ဟုမိန့်သည့် ရန်သူတော်သည် ချယ်လှယ်နေသော်လည်း စကြဝဠာ၏ ဘုရင်အစစ်သည် ယေရှုခရစ်ဖြစ်၏။ ယေရှုသည် ကျွန်ုပ်တို့အတွက် အောင်နိုင်ခဲ့၏။ ယေရှုထံတွင် ကျွန်ုပ်တို့သည် ဒုက္ခများ ပင်လယ်ဝေနေသော်လည်း အောင်ကြောင်းဖြာနိုင်ပါသည်။ ခရစ်တော်သည် ရန်သူတော်ကို အကွေ့တိုင်းတွင် တန်ပြန်၏။

ကျမ်းစာတွင်စာတန်အကြောင်းကို မည်သို့ဆိုကြောင်း အောက်ပါတို့တွင် တွေ့ရ၏ –

(၁) အစအဦးမှ လောကတစ်နိုင်ငံလုံးကို လှည့်ဖြားသူ (ဗျာ ၁၂:၉၊ မ ၄:၃၊ ယော ၈:၄၄၊ ၂ ကော ၁၁:၃၊ ၁ ယော ၃:၈)။

(၂) ဘုရားသခင်နှင့် ၎င်း၏လူစုများကို ကောင်းကင်တွင် အပုပ်ချသူ၊ ယိုးစွပ်သူ (ဗျာ ၁၂:၁၀၊ ဗျာ ၁၃:၆၊ ယောဘ ၁–၂၊ ဇာ ၃:၁၊ ၂ ယုဒ ၉)။

(၃) ဤကမ္ဘာကိုချယ်လှယ်သူ (ယော ၁၂:၃၁၊ ယော ၁၄:၃၀၊ ယော ၁၆:၁၁၊ တ ၂၆:၁၈၊ ၂ ကော ၄:၄၊ ဧ ၂:၂၊ ၁ ယော ၅:၁၉)။

**ယော ၁၈:၃၇ ကို ဖတ်ရှုပါ။ ဤကျမ်းချက်က ရန်သူ့အလုပ်ကို ခရစ်တော် မည်သို့တန်ပြန်ကြောင်း ပြထားသနည်း။ ယေရှုသည် ဘုရင်ဖြစ်ခြင်းသည် ဘာအဓိပ္ပာယ်နည်း။**

သမ္မာကျမ်းစာက စာတန်သည် မုသားတို့၏ဖခင်၊ အပုပ်ချသူ၊ စွပ်စွဲသူ၊ ကမ္ဘာကိုချယ်လှယ်သူဟု ပြထားပြီး ယေရှုသည် စာတန်ကို အောင်နိုင်သူဟု ပြထား၏။

(၁) ယေရှုသည် “သမ္မတရားကို သက်သေခံခြင်းငှာ ဤလောကသို့ ကြွခဲ့၏” (ယော ၁၈:၃၇)။

(၂) ကပ်တိုင်တော်အားဖြင့် ယေရှုသည် ဘုရားသခင်၏ ဖြောင့်မှန်ခြင်းနှင့် မေတ္တာတော်ကို အဆုံးစွန်ပြခဲ့၏ (ရော ၃:၂၅၊ ၂၆၊ ရော ၅:၈)၊ ထိုမှနေ စာတန်၏ မတရားစွပ်စွဲမှုကို မှားကြောင်းပြခဲ့၏ (ဗျာ ၁၂:၁၀၊ ၁၁)။

(၃) ယေရှုသည် “မိမိကာလတိုကြောင်း” (ဗျာ ၁၂:၁၂ ကို ရော ၁၆:၂၀ နှင့်ယှဉ်ပါ) ကိုသိသည့် စာတန့်နိုင်ငံကို ဖျက်ဆီးမည်၊ ခရစ်တော်လည်း “ကမ္ဘာအဆက်ဆက် စိုးစံမည်” (ဗျာ ၁၁:၁၅)။

နိဂုံးတွင် စာတန်သည် မည်သို့ပြုပြု၊ ၎င်းသည် ရှုံးနှင့်ပြီးသား ရန်သူဖြစ်ပြီး ကျွန်ုပ်တို့လုပ်ရမည်မှာ ခရစ်တော်၏ အောင်နိုင်မှုကို နေ့တိုင်း၊ အချိန်တိုင်း ယူသုံးရန်ဖြစ်ပြီး၊ ကပ်တိုင်တော်က ပေးသည့် ကတိတော်ကိုလည်း အရယူရန်ဖြစ်သည်။

**မဟာတိုက်လှန်ပွဲတွင် မည်သည့်ဘက်သည် နိုင်မြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိကြပါသည်။ ကျွန်ုပ်တို့၏ နေ့စဉ်ရွေးချယ်မှုက မည်သည့်ဘက်သို့ ပါစေသနည်း။ ယခုတွင်ပင် ကျွန်ုပ်တို့သည် နိုင်သည့်ဘက်တွင်ရှိကြောင်း မည်သို့ အတည်ဖြစ်စေနိုင်သနည်း။**

*မတ်လ ၁၀ ရက်*

## တရားသူ၊ အပြစ်ဖြည်ပေးသူ

ခရစ်တော်၏လုပ်ဆောင်မှုသည် စာတန်၏လုပ်ဆောင်မှုကို အကွေ့တိုင်းတွင်ချေဖျက်ရန် ဖြစ်၏။ ၁ ယော ၃:၈ အရ ယေရှုသည် "မာရ်နတ်၏အမှုတို့ကို ပယ်ဖျက်ရန်" နှင့် "သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးရန်" ဖြစ်၏ (ဟေဗြဲ ၂:၁၄)။ သို့သော် ရန်သူ၏ အလုံးစုံကျရှုံးမှုတွင် ၂ ကန့်ရှိ၏။ ပထမကား ကပ်တိုင်တော်ဖြင့် ခရစ်တော်သည် စာတန်၏ အပုပ်ချစွပ်စွဲမှုများကို အမှားထောက်ပြ၏။ ထို့နောက်တွင် စာတန်နှင့် ၎င်း၏နိုင်ငံတော်ကို ဖျက်ဆီးမည်။

**ရော ၃:၂၃–၃၆ နှင့် ရော ၅:၈ တို့ကို ဖတ်ရှုပါ။ ထိုကျမ်းချက်များက စာတန်၏ မတရားစွပ်စွဲချက်များကို ခရစ်တော်မှ ချေဖျက်ခဲ့ပုံကို မည်သို့ပြထားသနည်း။**

---

---

ရန်သူသည် ကျွန်ုပ်တို့တွေ့ခဲ့ပြီးကြသည့်အတိုင်း ဘုရားသခင်သည် အလုံးစုံမဖြောင့်မှန်၊ မေတ္တာမရှိဟု စွပ်စွဲ၏။ သို့ရာတွင် ဘုရားသခင်သည် ခရစ်တော်ကိုတည်ပြီး ဖြောင့်မှန်ခြင်းနှင့် မေတ္တာတော်ကို လက်ဝါးကပ်တိုင်တွင် ပြခဲ့၏။

ယေရှုအသေခံပြီးနောက်တွင် "၎င်း၏မျက်နှာဖုံး ကွာကျပြီဖြစ်ကြောင်း စာတန်သည် တွေ့ရပြီ။ ၎င်း၏အုပ်စိုးပုံသည် အပြစ်မလုပ်သည့် ကောင်းကင်တမန်များနှင့် စကြဝဠာတစ်ခုလုံးရှေ့တွင် ဘွင်းဘွင်းပေါ်ချေပြီ။ စာတန်သည် ၎င်းကိုယ်ကို အသက်နုတ်သူအဖြစ် ချပြခဲ့ပြီး။ ဘုရား၏သားတော်ကို သွေးသွန်းစေခဲ့ခြင်းအားဖြင့် ကောင်းကင်သားများ၏ စာနာစိတ်ကို ၎င်းကိုယ်တိုင်က ဖျက်ခဲ့၏။" — Ellen G. White, *The Desire of Ages*, p. 761။

**ဗျာ ၁၂:၁–၁၂ ကို က ၃:၁၅ ရှုထောင့်မှ ဖတ်ပါ။ ဤကျမ်းချက်က ကပ်တိုင်ပေါ်တွင် ခရစ်တော်၏ အောင်နိုင်ခြင်းကို မည်သို့ မီးမောင်းထိုးပြသနည်း။**

---

---

ကယ်တင်ခြင်းသမိုင်းက ဘုရားသခင်သည် အဆုံးတွင် အရာခပ်သိမ်းအတွက် အကောင်းပြုလုပ်ကြောင်း ကျွန်ုပ်တို့ကို သက်သေများစွာပြ၏။ ကျမ်းစာတွင်လာသည့် ဘုရားသခင်သည် အကောင်းကို အစဉ်စီမံပေးပြီး မဟာတိုက်လှန်ပွဲ၏ အလယ်တွင်ပင် လမ်းလည်းကျောင်းပေးထား၏ (တရား ၃၂:၄၊ ၁ ရာ ၃:၁၈၊ ဆာ ၁၄၅:၁၇၊ ဒံ ၄:၃၇၊ ဟဗ ၁:၁၃၊ ဗျာ ၁၅:၃၊ က ၁၈:၃၅)။

**စကြဝဠာရှိ ပွတ်တိုက်မှုကြီးတွင် ဘုရားသခင်၏ ဖြောင့်မှန်ခြင်းနှင့် မေတ္တာတော်ကို ချပြရခြင်းသည် အဘယ့်ကြောင့် အရေးပါရသနည်း။ ကပ်တိုင်တော်အကြောင်း၊ ကယ်တင်ခြင်းစီမံကိန်းတွင် ဘုရား၏လုပ်ဆောင်မှုများ အားလုံးကို သင်သုံးသပ်သည့်အခါ ဘုရားသခင်၏ လုပ်ဆောင်မှုများက ဒုက္ခကြုံရချိန်တွင်ပင် ဘုရားသခင်၏ မေတ္တာတော်ကို သင့်အား မည်သို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ဖြစ်စေသနည်း။**

အင်္ဂါနေ့

*မတ်လ ၁၁ ရက်*

## ချစ်သူအတွက်သီချင်း

ဘုရားသခင်သည် စကြဝဠာပဋိပက္ခကြားတွင်ပင် ၎င်း၏မေတ္တာတော်နှင့် ဖြောင့်မှန်ခြင်းကို အံ့ဖွယ်နည်းလမ်းများဖြင့် ဖွင့်ပြ၏။ သို့သော် အချို့က ဘုရားသည် ဒုစရိုက်ကို ကာကွယ် (သို့) ပထုတ်ခြင်းထက်လွန်ကာ စီရင်ဖွယ်ရှိသလောဟု မေးပေမည်။ ပဋိပက္ခအတွင်း ဘုရားသခင်သည် ၎င်းနှင့်လူသားကြား မေတ္တာအရင်းခံသည့် အဆက်အဆံရှိနိုင်ရန် လွတ်လပ်ခွင့်ပေးသည်ကို တွေ့ရပါသည်။ ထို့အပြင် ဘုရားသည် စည်းနှင့်နေသည် (သို့) ပဋိညာဉ်လိုက်နာသည်ကို တွေ့ရပါသည်။ ယင်းသည် ၎င်း၏မေတ္တာတော်ဖြင့်သည် အထမြောက်မည့်အရာဖြစ်၏။

**ဟေရှာ ၅:၁-၄ ကို ဖတ်ရှုပါ။ ဤကျမ်းချက်တွင် မည်သူက ခွန်းဆိုနေသနည်း။ ဟေရှာယသည် မည်သူကို ခွန်းဆိုနေသနည်း။ စပျစ်ဥယျာဉ်နှင့် ဥယျာဉ်ပိုင်ရှင်များသည် မည်သူ့ကို ပုံဆောင်သနည်း။ ဥယျာဉ်အတွက် ၎င်းပိုင်ရှင်၏ စီမံမှုတွင် မည်သည့်အနှစ်အသား ရှိသနည်း။ မည်သည့်သက်ရောက်မှု ဖြစ်လာသနည်း။**

---

---

ဤကျမ်းချက်များတွင် ဟေရှာယသည် ၎င်းချစ်ရသူ(ဥယျာဉ်)ကို သီချင်းစပ်ဆို၏။ ဥယျာဉ်ပိုင်ရှင်သည် ဘုရားသခင်ဖြစ်ပြီး၊ ဥယျာဉ်သည် ဘုရား၏လူစုဖြစ်၏ (ဟေရှာ ၁:၈၊ ယေ ၂:၂၁ ကိုရှုပါ)။ ဤတွင် ဘုရားသည် ဤလောကအတွက် စီမံပေးမှုအဖြစ် ချဲ့ယူနိုင်ပါသည်။ ဤကျမ်းချက်များအရ ဥယျာဉ်ပိုင်ရှင်(ဘုရား) သည် ၎င်း၏ဥယျာဉ် အထွက်ကောင်းရန် တတ်နိုင်သမျှ စီမံပေးကြောင်း တွေ့ရ၏။ ဥယျာဉ်သည် အသီးကောင်းကို သီးရမည်ဖြစ်သော်ငြားလည်း အသီးညံ့များသာ သီးခဲ့၏။ ယင်းကို တန်ဖိုးမဲ့သည်ဟုလည်း ပြန်ဆိုထား၏။ ဟေဗြဲဝေါဟာရတွင် "ပိုးထိုးသီး" ဟု တိုက်ရိုက်ပြန်ဆိုနိုင်၏။ ဘုရား၏ဥယျာဉ်သည် ပိုးထိုးသီးများသာ သီးကြ၏။

ဟေရှာ ၅:၃ က ဘုရားသခင်သည် ၎င်းကိုယ်ကို မိန့်နေရင်းမှ လူထုကို ၎င်းနှင့် ၎င်း၏ဥယျာဉ်အကြား ပိုင်းဖြတ်ပေးရန် မိန့်တော်မူ၏။ ဟေရှာ ၅:၄ တွင် ဘုရားက အရေးပါသည့်မေးခွန်း မေးထား၏ — "ငါ့စပျစ်ဥယျာဉ်၌ ငါကျေးဇူးပြုနိုင်လျက်၊ မပြုသေးသောအရာ တစ်စုံတစ်ခုရှိသလော။ စပျစ်သီးကို သီးမည်ဟု မျှော်လင့်သည်ရှိသော်။ ဗောရှသီးကို အဘယ်ကြောင့် သီးသနည်း။" ဘုရားရှင်သည် မည်သည့်အရာကို ထပ်၍စီမံပေးရဦးမည်နည်း။ ၎င်းပြုခဲ့သည့် အစီအမံကို ပိုင်းဖြတ်ပေးရန် ဖိတ်ခေါ်ခြင်းသည် မည်မျှ စိတ်ဝင်စားဖွယ် ဖြစ်သနည်း။

**ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၏ အပြစ်အတွက် စတေးခဲ့သည့် လက်ဝါးကပ်တိုင်ကို သင်ရှုမောသည့်အခါ "ငါ့စပျစ်ဥယျာဉ်၌ ငါပြုနိုင်လျက်၊ မပြုရသေးသောအရာ တစ်စုံတစ်ခုရှိသလော" ဟူသည့် ဘုရား၏နှုတ်မိန့်သည် မည်မျှထူးခြားမှုရှိသနည်း။**

---

**ဗုဒ္ဓဟူးနေ့**

*မတ်လ ၁၂ ရက်*

## ယေရှုမိန့်သည့် စပျစ်ဥယျာဉ် ပုံပမာခန်း

မဿဲ ၂၁ တွင်လာသည့် စပျစ်ဥယျာဉ် ပုံပမာသည် ဟေရှာယ ၅ တွင် အစဖြတ်ထားသည့်အခန်းကို ယေရှုဆက်ပြီး ဥယျာဉ်ပိုင်ရှင်က ဥယျာဉ်အတွက် မည်သို့စီမံပေးကြောင်းကို ခင်းပြ၏။

**မ ၂၁:၃၃-၃၉ ကို ဟေရှာ ၅:၄ တွင်လာသည့် မေးခွန်းကို မှတ်ရင်းဖြင့် ဖတ်ပါ။ ၎င်းက စီမံပေးခဲ့သည်ထက် ဘာများ ထပ်ဖြည့်ရဦးမည်နည်း။**

---

---

ခရစ်တော်သုံးသပ်သည့် ပုံပမာခန်း၏ ပထမပိုင်းသည် ဟေရှာ ၅ တွင်ဖော်ပြသည့် ဥယျာဉ်ပိုင်ရှင်နှင့် စပျစ်ဥယျာဉ်အကြောင်း ဖြစ်၏။ ထို့နောက်တွင် ယေရှုက ဥယျာဉ်ပိုင်ရှင်သည် "ဥယျာဉ်ကိုငှား၍ အခြားသောပြည်သို့ သွားလေ၏" (မ ၂၁:၃၃)။ ဥယျာဉ်ပိုင်ရှင်က အသီးသိမ်းရန် ၎င်း၏ ကျွန်(ပရောဖက်)များကို ၂ ကြိမ် စေလွှတ်ခဲ့ပြီး စာရင်းငှားများက ၎င်း၏ကျွန်များကို ရိုက်နှက်၊ သတ်ကြ၏ (မ ၂၁:၃၄-၃၆)။ နိဂုံးတွင် ၎င်း၏သား(ယေရှု)ကို စေလွှတ်ကာ "ငါ့သားကို အားနာကြလိမ့်မည်" ဟု မိန့်တော်မူ၏ (မ ၂၁:၃၇)။ သို့သော် "ဥယျာဉ်စောင့်တို့သည် သားကိုမြင်လျှင် ဤသူသည် အမွေခံဖြစ်၏။ လာကြ၊ သူ့ကိုသတ်၍ သူ၏အမွေဥစ္စာကို ယူကြကုန်အံ့ဟု အချင်းချင်းတိုင်ပင်၍– ဥယျာဉ်ရှင်၏သားကို ဖမ်းယူပြီးမှ ဥယျာဉ်ပြင်သို့ထုတ်၍ သတ်ပစ်ကြ၏" (မ ၂၁:၃၈၊ ၃၉)။

ကိုယ်တော်သည် ဘာဆက်လုပ်ပေးနိုင်မည်နည်း။ ခမည်းတော်သည် မေတ္တာရှိလွန်းအားကြီးကာ ၎င်း၏ချစ်သားကိုပင် လှူခဲ့၏ (ယော ၃:၁၆)။ စကြဝဠာ ပဋိပက္ခသည် ဤအနေအထားမျိုးဖြစ်လျှင် ဘုရားသည် မည်သို့သောဘုရားဖြစ်ကြောင်း ဦးစွာမပြဘဲနှင့် ထိန်း၍မဖြစ်ပါ။ ဤတရားကို ခရစ်တော်၏ လုပ်ဆောင်မှုတွင် ပြထား၏ (ရော ၃:၂၅၊ ၂၆၊ ရော ၅:၈)။ ကျွန်ုပ်တို့ကို ဖြောင့်မှန်သည်ဟု သတ်မှတ်နိုင်ရန် ဘုရားသခင်သည် ခရစ်တော်အားဖြင့် အမှုဆောင်ခဲ့ပြီးပြီဖြစ်၍ ကျွန်ုပ်တို့သည် ဘာများဆက်၍ တောင်းရဦးမည်နည်း။

လက်ဝါးကပ်တိုင်ဖြစ်စဉ်သည် ဘုရားသခင်က မေတ္တာအရင်းခံဖြင့် ကျွန်ုပ်တို့ခံရမည့် အပြစ်ဒဏ်ကို လျှော့ပေး၊ ဒုစရိုက်ကို အပြီးသတ်ရန် လုပ်ဆောင်ကြောင်းကို ပြ၏။ ထိုထက်ကောင်းသည့်နည်း ရှိပါလျှင် ဘုရားသည် မရွေးဘဲမနေပါ။ စကြဝဠာပဋိပက္ခတွင် လူသားများ မြေစာပင်ဖြစ်နေကြချိန်တွင် ဘုရားကိုယ်တိုင်သည် အခံရဆုံးဖြစ်၏။ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ကို ရှုကြသည့်အခါ ဘုရားကိုယ်တိုင် ၎င်းကိုယ်ကို ဒုက္ခပြန်ပေးကြောင်း တွေ့နိုင်၏။ သို့တိုင်လည်း မေတ္တာတွင်ရှိသည့် လွတ်လပ်ခြင်းက ခရစ်တော်အား ကျွန်ုပ်တို့ကိုယ်စား အစားထိုးခံလိုစိတ် ဖြစ်စေ၏။

**ဟေရှာ ၅၃:၄ ကို ဖတ်ပါ။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ထက်တွင် မည်သူများ၏ ဒုက္ခဝေဒနာများကို ထမ်းပိုးပေးသနည်း။ ဤအဖြစ်က ဘုရားသည် ကျွန်ုပ်တို့အတွက် ဘာပြုလုပ်ပေးခဲ့ကြောင်း၊ ကယ်တင်ခြင်းသည် ၎င်းကို ဘာခံစားစေကြောင်း ကျွန်ုပ်တို့အား မည်သည့်တရားရစေသနည်း။**

*မတ်လ ၁၃ ရက်*

## ဘုရား၏နာမတော် သက်သေထူခြင်း

နိဂုံးတွင် ဘုရား၏နာမတော်သည် ဘက်ပေါင်းစုံမှ သက်သေထူပါပြီ။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့သည် ကယ်တင်ခြင်းလုပ်ငန်း အတူလုပ်ဆောင်ကြခြင်းဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် မေတ္တာတော်တို့သည် စောဒကမတက်နိုင်သည့်အထိ သက်သေထူပါပြီ (ရော ၃:၂၅၊ ၃၆၊ ရော ၅:၈)။

**ရော ၃:၁-၄ ကို ဟေရှာ ၅:၃၊ ၄ ရှုထောင့်မှ ဖတ်ပါ။ စကြဝဠာပဋိပက္ခတွင် ဘုရားအကြောင်း မည်သို့ပြထားသနည်း။**

---

---

ရော ၃ နှင့် ဟေရှာ ၅ တို့တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား မထိုက်တန်လျက်နှင့်ပင် ၎င်း၏ဂုဏ်သိက္ခာတော်ကို ပိုင်းဖြတ်စေ၏။ နိဂုံးတွင် စာအုပ်များကို ဖွင့်ကြသည့်အခါတွင် ဘုရားသည် ဖြောင့်မတ်ကြောင်း တွေ့ရပါမည်။ ဘုရားသခင်သည် ၎င်းကိုယ်ကို ဉာဏ်ရှိပုဂ္ဂိုလ်များ အားလုံး၏ရှေ့တွင် သက်သေထူပါမည်။

**ဗျာ ၁၅:၃ နှင့် ဗျာ ၁၉:၁-၆ တို့ကို ဖတ်ပါ။ ထိုကျမ်းချက်များက ဘုရား၏နာမတော် သက်သေထူပုံကို မည်သို့ပြသနည်း။**

---

---

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသည် ၎င်း၏နာမတော်ကို အထူးဂရုပြုကြောင်း ပြထား၏။ အဘယ့်ကြောင့်နည်း။ သင်မကြည်ညိုသည့်ပုဂ္ဂိုလ်နှင့် သင်သည် ပလဲနံပ မသင့်နိုင်ပါ။ တစ်ဦးဦးသည် သင့်အကြောင်းကို သင့်ကြင်ဖေါ်ထံ လီဆည်ပြောဆိုလာလျှင် သင်သည် ဆက်ဆံရေးမပျက်ပြားရန် ကြိုးစားတည့်မတ်မည်ဖြစ်သည်။

နိဂုံးတွင် ဘုရားသခင့်အကြောင်းကို ကယ်တင်ခြင်းအကြောင်းအားဖြင့် လက်ဝါးကပ်တိုင်ဖြင့် သက်သေထူခဲ့ပါပြီ။ ကြွလာတော်မူခြင်း မတိုင်မီတွင် ပြုလုပ်သည့် စစ်ကြောစီရင်ခြင်းတွင် ဘုရားသခင်သည် စကြဝဠာရှေ့တွင် သက်သေထူခဲ့ပါပြီ။

ထို့နောက် "ကောင်းကင်တမန်များကို" (၁ ကော ၆:၂၊ ၃) စစ်ကြောသည့် တရားစီရင်ခြင်းတွင် ကယ်တင်ခြင်းရကြသူများသည် စစ်တမ်းများကို စစ်ဆေးခွင့်၊ ဘုရားသခင်သည် ဖြောင့်မှန်စွာ၊ မေတ္တာရှိစွာဖြင့် တရားစီရင်ကြောင်းကို တွေ့ကြပါမည်။ ကျွန်ုပ်တို့တွင် မေးခွန်းမမေးလိုသူ ရှိသလော။ အရာခပ်သိမ်း နိဂုံးမချုပ်မီတွင် ကျွန်ုပ်တို့၏အမေးများကို အဖြေပေးပါလိမ့်မည် (၁ ကော ၄:၅ ကိုရှု)။

နိဂုံးတွင် လူသားအားလုံးက ယေရှုသည် သခင်ဖြစ်သည်ဟု ဝန်ခံကြပါမည် (ဖိ ၂:၁၀၊ ၁၁)။ ဤဖြစ်စဉ်သည် ဘုရား၏ဂုဏ်တော်ကို သက်သေထူသည့်အကန့် ဖြစ်၏။

## သောကြာနေ့

*မတ်လ ၁၄ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Reward of Earnest Effort,” pp. 286–288, in *Testimonies for the Church*, vol. 9.

“ဘုရားသခင်၏ စီမံပေးမှုကို ကျွန်ုပ်တို့စိတ်တွင်ဖြစ်သည့် ဒွိဟအားလုံး ကမ္ဘာသစ်တွင် အားလုံးရှင်းသွားပါမည်။ နားလည်ရခက်သည့် အကြောင်းများ ရှင်းသွားပါမည်။ ကရုဏာတော်၏ နက်နဲမှုသည် ကျွန်ုပ်တို့ရှေ့တွင် ဖွင့်ချပါလိမ့်မည်။ ကျွန်ုပ်တို့၏ နှံ့နှဲ့သည့်ဉာဏ်က ပွေလီမှု၊ ကတိပျက်မှုများကိုသာ တွေ့ခဲ့ကြပြီး ပြီးပြည့်စုံခြင်းကို တွေ့ရပါလိမ့်မည်။ အနန္တမေတ္တာတော်သည် ကျွန်ုပ်တို့က ခက်ခဲသည်ဟုမှတ်သည့် အကြောင်းတရားများကို ရှိစေခဲ့ကြောင်းကို သိဖြစ်လာပါမည်။ ကျွန်ုပ်တို့ကောင်းစားရန် ဘုရားကစီမံပေးကြောင်း ကျွန်ုပ်တို့သိလာကြသည့်အခါ ကျွန်ုပ်တို့အနေဖြင့်ဆိုဘွယ်ရာ မရှိတော့ပါ။” — Ellen G. White, *Testimonies for the Church*, vol. 9, p. 286။

### ဆွေးနွေးရမည့်မေးခွန်းများ

၁။ ဘုရားသခင်၏ အစီအမံများအပေါ် သင် စိတ်ထွေဖူးသလော။ ထိုအကြောင်းများအားလုံး နိဂုံးတွင် အမြင်ရှင်းမည့်အဖြစ်သည် သင့်အား မည်သို့ဖြင့် အားအင်ဖြစ်စေသနည်း။

၂။ ခရစ်တော်သည် လူသားလာဖြစ်၊ ဤလောကအတွက် အသေလာခံခဲ့ခြင်းတွင် ဘာကိုလှူခဲ့ရကြောင်း ဆန်းစစ်ပါ။ ဘုရား၏မေတ္တာတော်ကို ကိုးစားထိုက်သလောဟု ဆန်းစစ်ပါ။ ဘုရားသည် မည်သည့်အရာများ ဆက်၍စီမံပေးနိုင်သနည်း။

၃။ ဘုရား၏ “နာမတော်” တွင် ဘာသည် အရေးပါသနည်း။ ခရစ်ယာန်များဟု ခေါ်ဆိုကြသည့် ကျွန်ုပ်တို့အတွက် အသုံးချဖွယ် ဘာများရှိသနည်း။ ခရစ်ယာန်များသည် ခရစ်တော်၏ နာမတော်ကို မည်သို့ဖြင့် အရှက်ရစေတတ်ကြသနည်း။ ခရစ်တော်နောက် လိုက်ခြင်းသည် ဘာဖြစ်ကြောင်း ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် မည်သို့ပြနိုင်သနည်း။

၄။ နိဂုံးတွင် ကျွန်ုပ်တို့ကြုံရကြသည့် ဒုက္ခများကို ယခုတွင် အကောင်းဆုံးအဖြေ မပေးနိုင်ပါ။ ဒုက္ခခံစားရသူများကို ကျွန်ုပ်တို့ မည်သို့ကူညီနိုင်သနည်း။ ဒုက္ခခပ်သိမ်းကို ဖြေရှင်းနိုင်မည့် ဘုရားသခင် မကြွလာမီတိုင် ကျွန်ုပ်တို့သည် မည်သို့ဖြင့် ကူညီပေးသူများ ဖြစ်နိုင်ကြမည်နည်း။

၅။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝေဒနာများကို ထမ်းကူပေးသည့် ဟေရှာ ၅၃:၄ ကို အာရုံစိုက်ပါ။ ကယ်တင်ခြင်းအကြောင်း၊ ဘုရားသည် ကျွန်ုပ်တို့ကို ကယ်တင်ရာတွင် မည်မျှရင်းခဲ့ရကြောင်း သိစေရန် လက်ဝါးကပ်တိုင်တွင် ဘာဖြစ်ပျက်သနည်း။

## ခွဲရှိသည့်မိခင် – အပိုင်း ၃

Andrew McChesney ရေးသားသည်

ကလေးဆရာဝန် Colette Reahl က ၁၃ နှစ်အရွယ် Alaska တိုင်းရင်းသူလေးကို ဥပုသ်မဝင်မီ အိမ်သို့အပါခေါ်ရန် ရည်ထား၏။ သူမက Matrona အား သူမသည် SDA ဖြစ်ကြောင်း အသိပေးထား၏။ ဥပုသ်ကို အထမအကြိမ် အတူမစောင့်ကြမီ Anchorage ရှိ နေအိမ်တွင် ဦးစွာအချိန်ပေးကြလျှင် သင့်တော်မည်ဟု တွေးဆဖြစ်၏။

Alaska မွေးစားရေးဌာနက Colette အား ဥပုသ်နေ့တွင် ကလေးမကို ခေါ်ထုတ်နိုင်ပါသည်ဟု ဆို၏။ အပြီးသတ်မပြောင်းမီတွင် Colette က Matrona ကို Anchorage သို့ ခေါ်လာ၏။ Colette က "ကျွန်မက ဥပုသ်နေ့မှာ ဘုရားကျောင်းသွားတယ်။ သမီးကော လိုက်ချင်လား" ဟုမေး၏။ Matrona က "မလိုက်ဘူး" ဟုဆို၏။ Matrona သည် နောက်နေ့မနက် အိမ်သို့ရောက်လာသည့်အခါ TV ကြည့်ချင်တယ် ဟုဆို၏။ Colette လည်း "ဥပုသ်နေ့မှာ ခရစ်ယာန်အစီအစဉ်တွေ၊ ဒါမှမဟုတ် သဘာဝရှုခင်းတွေ ကြည့်ကြမယ်" ဟုဆို၏။ Matrona လည်း အံ့သြသွားပြီး "တီရစ္ဆာန်ကားအစား ကာတွန်းကား ကြည့်လို့ရမလား" ဟုဆို၏။

Colette နှင့် Matrona တို့လည်း Colette က အလုပ်သစ်လုပ်ရမည့် Bethel သို့မပြောင်းမီ Anchorage တွင် ၂ လမျှ အချိန်အတူကုန်ခဲ့ကြ၏။ ထိုအတောအတွင်း ရင်းနှီးမှု ဆောက်တည်ကြ၏။ နံနက်ယံဝတ်၊ ညယံဝတ်များ ပြုလုပ်ကြပြီး၊ Matrona လည်း ဝိညာဉ်ရေးရေချိန် တက်လာ၏။ ယနေ့တွင် Matrona သည် အသက် ၁၅ နှစ်ပြည့်ကာ Bethel တွင် ပျော်ပိုက်ပြီး အိမ်ကျောင်းတက်၊ piano သင်၊ မိတ်ဆွေများစွာ ရလာပြီး Bethel SDA Church တွင် တက်ကြွစွာပါဝင်၏။

Colette က "ဘုရားသခင်က အရာအားလုံးကို ပုံစံချပေးခဲ့ပါတယ်" ဟုဆို၏။ သူမသည် ကလေးဆရာဝန်အလုပ်အပြင် အသင်းတော်တွင်ကျမ်းစာသင်ပေးသူ၊ ပူးတွဲဦးဆောင်သူအဖြစ် လုပ်ဆောင်၏။

"ဖုန်းနဲ့ စပြောဖြစ်ခဲ့တုန်းက လူကို မခန့်လေးစားလုပ်တတ်တဲ့ Matrona လည်း အရင် Matrona မဟုတ်တော့ဘူး။ သူလည်း အသင်းတော်နဲ့ ရပ်ကွက်မှာ ကလေးခေါင်းဆောင် လုပ်နေပါတယ်။ ဘုရားက သူမရဲ့ခမ္မခရီးကို ပွဲပြင်ပေးနေတာကို ကျွန်မမြင်နေပါတယ်" ဟုဆို၏။

Matrona လည်း Colette ၏ လက်မလျှော့သည့် ဖုန်းခေါ်ဆိုမှုတွေအတွက်နှင့် လက်ရှိတွင် အမေအဖြစ်နဲ့ မေတ္တာပေးနေမှုကြောင့် Colette အား ကျေးဇူးတင်နေပါသည်။ Matrona က "သူသာ ဖုန်းဆက်ဆက်မနေရင် ကျွန်မဟာ ဘုရားကို သိမိမှာမဟုတ်ဘူး" ဟုဆို၏။

Matrona က ဘုရားသည် သူမ၏ဘဝ ပြောင်းလဲရန် Colette ကို အသုံးပြုသည် ဟုဆို၏။ သူမက "သူ ကျွန်မကိုတွေ့မိသွားတာက တိုက်ဆိုင်မှုမဟုတ်ဘူး။ ဘုရားက သူ့ကို ကျွန်မဆီပို့တယ်လို့ ခံစားပါတယ်။ ကျွန်မကိုလည်း သူ့ဆီကို ဘုရားကပဲ ပို့ပါတယ်။ ဘုရားဟာ ကျွန်မကို ပတ်ဝန်းကျင်ကောင်းကို ပို့ပေးပြီး စိတ်ငြိမ်းချမ်းခြင်းကိုလည်း ပေးပါတယ်" ဟုဆို၏။



ဤသာသနာသတင်းသည် ၂၀၂၄ ခုနှစ်၊ ၁၃ ပတ် အလှူငွေအချို့ကို လက်ခံရရှိသည့် Bethel (Alaska) SDA Church သတင်းဖြစ်၏။ မတ်လ ၂၉ ရက်နေ့တွင် ကောက်ခံမည့် ၁၃ ပတ်အလှူငွေဖြင့် သာသနာချဲ့ရန် ကူညီကြမည့်အတွက် ကျေးဇူးတင်ရှိပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ရှင်ယောဟန် ၁၈:၃၇

**လေ့လာမှုဦးတည်ချက်များ။** ဟောရှာ ၅:၁–၄၊ မ ၂၁:၃၃-၄၁၊ ရော ၃:၂၅၊ ၂၆၊ ရော ၅:၈၊ ဗျာ ၁၅:၃၊ ဗျာ ၁၉:၂။

**နိဒါန်း။** ။ ကျွန်ုပ်တို့သည် ဘုရား၏မျှတခြင်းနှင့် ၎င်း၏လူစုအပေါ် မေတ္တာရှိကြောင်းကို အသိအမှတ်ပြုကြ၊ ဟောကြားကြရန် နှိုးဆော်ခံရကြ၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် တရား ၃ ခုကို အာရုံထားပါသည်။

၁။ ကျွန်ုပ်တို့သည် ဘုရား၏ တရားမျှတမှုကို အသိအမှတ်ပြုကြရန် လိုအပ်သည်။ ဘုရားသည် မျှတကြောင်း အသိအမှတ်ပြုကြရန် နှိုးဆော်ခံရ၏။ စပျစ်ဥယျာဉ်ပုံပမာတွင် ဘုရား၏ တရားမျှတမှုကို ပရိသတ်များက အသိအမှတ်ပြု အတည်ပြုကြကြောင်း တွေ့ရ၏။ ယေရှုက ပုံပမာတွင် ဥယျာဉ်ရှင်၏ အပြုအမူသည် စာရင်းငှားများထက် တရားဝင်ကြောင်း တရားနာပရိသတ်များအား တရားပြ၏။

၂။ ကျွန်ုပ်တို့သည် ဘုရား၏စေတနာကောင်းကို အသိအမှတ်ပြုကြရန် လိုအပ်ပါသည်။ မ ၂၁:၃၃–၄၁ တွင် တရားနာသူများ ဥယျာဉ်ပိုင်ရှင်သည် တရားမစီရင်မီ တတ်နိုင်သ၍ ဖေးကူပေးကြောင်း အသိအမှတ်ပြုကြ၏။ ဟောရှာ ၅ တွင်လည်း ဘုရားကိုယ်တိုင်သည် ၎င်း၏လူစုများအတွက် စီမံပေး၏။ "ငါ့စပျစ်ဥယျာဉ်၌ မပြုသေးသောအရာ တစ်စုံတစ်ခုရှိသလော" ဟူသည့် အမေးသည် ၎င်း၏လူစုများအပေါ် မေတ္တာရှိကြောင်းကို အသိအမှတ်ပြုကြရန် တောင်းဆိုခြင်းဖြစ်၏ (ဟောရှာ ၅:၄)။

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာ၊ ကရုဏာတော်အကြောင်း ကြားပြောရန်လို၏။ သမ္မာကျမ်းစာက ဘုရားသခင်၏ ပြီးပြည့်စုံသည့် ဖြောင့်မှန်ခြင်းကို အသိအမှတ်ပြုရန်သာမက ကြားပြောရန်ဆိုထား၏။ ဗျာ ၁၅:၃ တွင် သန့်ရှင်းသူများက "အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင် ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟု သီကျူးကြ၏။

**လက်တွေ့အသုံးချခြင်း။** ။ ကျွန်ုပ်တို့၏ နေ့တဓူဝဘဝတွင် ဘုရား၏မျှတခြင်းနှင့် မေတ္တာတော်ကို မည်သို့ အသိအမှတ်ပြုကာ ပြောကြားနိုင်မည်နည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ ကျွန်ုပ်တို့သည် ဘုရား၏တရားမျှတမှုကို အသိအမှတ်ပြုကြရန် လိုအပ်သည်။

သမ္မာကျမ်းစာအရ အားနွဲ့၊ အကန့်အသတ်ရှိကြသည့် ကျွန်ုပ်တို့သည် ဘုရား၏အစီအမံကို စစ်ဆေးရမည့်သူများ မဟုတ်ပါ (ယောဘကို မိန့်ခဲ့ပုံကိုရှုပါ။ ယောဘ ၃၈–၄၂၊ ရော ၉:၂၀)။ တစ်ချိန်

တည်းတွင် ဘုရားသည် တရားကြောင်းကို အသိအမှတ်ပြုကြရန် နှိုးဆော်ခံရ၏။ ရော ၃:၂၆ တွင် ခရစ်တော်၏ အသွေးတော်သည် ဘုရား၏ ဖြောင့်မှန်ခြင်းကိုပြခြင်း (ဂရိ – andeixis) ဖြစ်၏။ အကြောင်းမှာ ဘုရားသခင်သည် သည်းခံတော်မူ၍ "လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော်မမူ" (ရော ၃:၂၆)။ ထို့ကြောင့် ခရစ်တော်၏ သွေးတော်သည် ဘုရားသခင်သည် အပြစ်လွှတ်ပေးရုံမဟုတ်ဘဲ မျှတ၏။ endeixis ကို "ပြခြင်း" (NASE)၊ "ပြရန်" (ESV)၊ "သက်သေထူရန်" (NASV) စသည်ဖြင့် ပြန်ထားပြီး စိတ် (သို့) အသိတရားတွင် တစ်ခုခုကိုလက်ခံရန် စိတ်ကို စေခိုင်းသည့်အနက်ရှိ၏။" — Frederick W. Danker, *A Greek–English Lexicon of the New Testament and Other Early Christian Literature* (Chicago: University of Chicago Press, 2000), p. 332။

ထို့ကြောင့် ရော ၃:၂၆ တွင် သုံးထားသည့် အနီနာမ်ပုဒ်က ဘုရားသခင်သည် တရားမျှတရုံမဟုတ်ဘဲ တရားမျှတကြောင်းကို ပြရန်ရည်ရွယ်သည်ဟု ပြ၏။ Thomas Schreiner က ဘုရားသည် "၎င်း၏ဖြောင့်မတ်ခြင်းကို ပြလိုသည်။ ၎င်း၏ ကယ်လို၊ တရားလိုသည့် ဖြောင့်မတ်ခြင်းကို ထုတ်ပြခြင်းဖြင့် လူသားများရှေ့တွင် ၎င်း၏နာမတော်ကို ထင်ရှားစေသည်" ဟုဆို၏။ *Romans: Baker Exegetical Commentary of the New Testament* (Grand Rapids, MI: Baker Books, 1998), pp. 198, 199။

စပျစ်ဥယျာဉ်ပုံပမာတွင် (မ ၂၁:၃၃–၄၁၊ မာ ၁၂:၁–၁၂၊ လု ၂၀:၉–၁၉) ဘုရား၏မျှတခြင်းကို တရားနာကြသူများက အသိအမှတ်ပြုကြ၏။ ယင်းပုံပမာတွင် ယေရှုက ဥယျာဉ်ပိုင်ရှင်သည် စားရင်းငှားများအပေါ် တရားသဖြင့် တစ်ဆင့်ချင်းဖြေရှင်းပုံကို ပြထား၏။ ဥယျာဉ်ပိုင်ရှင်သည် ရပ်ဝေးသို့ ခရီးလွန်နေသောကြောင့် လူလွှတ်ခြင်းသည် သဘာဝကျပါသည်။ ကျက်သရေတုံးပုံကား စာရင်းငှားများက အလွှတ်ခံရသူ ၂ ဦးကို ရိုက်ခဲ့ပြီး၊ တစ်ဦးကို သတ်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ၎င်း၏သားဆိုလျှင် ရိုသေကြလိမ့်မည် ဟုမျှော်လင့်ကာ သားကိုလွှတ်ခြင်းသည်လည်း သဘာဝကျ၏။ သို့သော် စာရင်းငှားများက အမွေသိမ်းရန် ထိုသားကိုသတ်ကြ၏။

ယေရှုက ဤပုံပမာတွင် ဥယျာဉ်ပိုင်ရှင်၏ တရားဝင်သည့်စီမံပုံနှင့် စာရင်းငှားများ၏ ရိုင်းစိုင်းမှုကို တရားနာသူများ သဘောပေါက်နိုင်ကြရန် ခင်းပြ၏။ ယေရှုက လူထု၏သုံးသပ်ချက်ကို အရယူနိုင်၏။ ယေရှုက "သို့ဖြစ်လျှင် ဥယျာဉ်ရှင်သည် လာသောအခါ၊ ဥယျာဉ်စောင့်တို့ကို အဘယ်သို့ပြုမည်နည်း" ဟုမေး၏။ ပရိသတ်တို့ကလည်း "ထိုလူဆိုးတို့အား ဆိုးသောဖျက်ဆီးခြင်းကို စီရင်ပါလိမ့်မည်။ အသီးသီးချိန်တွင် အသီးကိုဆက်အံ့သော အခြားလူတို့အား ထိုဥယျာဉ်ကို ငှားပါလိမ့်မည်ဟု လျှောက်ကြ၏" (မ ၂၁:၄၀၊ ၄၁)။

ထို့ကြောင့် တရားနာပရိသတ်များက ဥယျာဉ်ရှင်သည် ဥယျာဉ်စောင့်များအပေါ် တရားမျှတစွာဆုံးဖြတ်ကြောင်းကို သဘောပေါက်ကြ၏။ ဤသို့လျှင် ဥယျာဉ်ရှင်သည် တရားနာပရိသတ်များ၏အမြင်တွင် တရားစွာ တရားစီရင်သည်ဟု မြင်ကြ၏။ ပုံပမာသည် ဘုရား၏မျှတခြင်းကို တရားပြခြင်းဖြစ်သည့်အလျောက် ဘုရားသည် တရားရုံသာမဟုတ်ဘဲ တရားသည်ဟုလည်း အမှတ်ခံရ၏။ ထိုသို့မှတ်ကြရန်မှာ ယေရှုရည်ရွယ်ရာဖြစ်၏။ ထိုသို့မှတ်နိုင်ခြင်းသည် တရားနာပရိ

သတ်များက ဥယျာဉ်ပိုင်ရှင်သည် တရားသဖြင့် ဆက်ဆံခဲ့သည်ကို အမြင်ရှင်းကြသောကြောင့် ဖြစ်၏။

**၂။ ကျွန်ုပ်တို့သည် ဘုရား၏စေတနာကောင်းကို အသိအမှတ်ပြုကြရန် လိုအပ်ပါသည်။**

စပျစ်ဥယျာဉ်ပုံပမာသည် မ ၂၁:၃၃–၄၁ တွင် ယေရှုခင်းပြသကဲ့သို့ ပရိသတ်များက ဥယျာဉ်ပိုင်ရှင်သည် တရားမစီရင်မီတွင် အရာခပ်သိမ်း သုံးသပ်ခဲ့ကြောင်း သိကြ၏။ ထို့နောက် ဟေရှာယ ၅ ရှိ “စပျစ်ဥယျာဉ်သီချင်း” တွင် ဘုရားကိုယ်တိုင်က ၎င်း၏လူစုများအတွက် အစစအရာရာ ဖေးကူခဲ့ကြောင်း အတည်ပြုထား၏။ ယေရှုခင်းပြသည့် ပုံပမာတွင် ပြဿနာသည် ဥယျာဉ်စောင့်များ ဖြစ်ကြ၏။ ယင်းသည် “ယဇ်ပုရောဟိတ်အကြီးနှင့် ဖာရိရှဲ” တို့ကို ဆိုလို၏ (မ ၂၁:၄၅)။ ဟေရှာ ၅ ရှိ လက်ာတွင်ကား ဥယျာဉ်တော်ကိုယ်၌သည် ပြဿနာဖြစ်၏။ ယင်းသည် “ဣသရေလအမျိုး” (ဟေရှာ ၅:၇)၊ “ယုဒလူ” (ဟေရှာ ၅:၃၊ ၇) တို့ကို ဆိုလို၏။

ပုံပမာတွင် ဥယျာဉ်ပိုင်ရှင်က ဥယျာဉ်စောင့်များအပေါ် ကောင်းစွာဆက်ဆံခဲ့သည့်အတိုင်း ဥယျာဉ်သီချင်းတွင် ၎င်းသည် အသီးကောင်းသီးရန် အစွမ်းကုန်ကြိုးပမ်းခဲ့၏။ အတွင်းကျကျဆိုရသော် “မြေကောင်း” ကိုရှာ၏ (ဟေရှာ ၅:၁) “မြေကိုတူး၍ ကျောက်ခဲတို့ကို ရှင်းလင်းစေပြီး၊” “အကောင်းဆုံး စပျစ်နွယ်ကိုစိုက်၊” “ဥယျာဉ်ထဲမှ တဲလင့်ကိုဆောက်၊” “စပျစ်သီးနယ်ရာကျင်းကို တူး၏” (ဟေရှာ ၅:၂)။ ဤသို့စီမံခြင်းသည် ကောင်းကျိုးကိုမျှော်ခြင်း ဖြစ်၏။ “စပျစ်သီးကို သီးမည်ဟု မျှော်” သော်လည်း အကြောင်းမလှစွာဖြင့် “ဗောရှသီး ကိုသီး” ၏ (ဟေရှာ ၅:၂)။ ဆိုရလျှင် ဘုရားသည် ၎င်း၏လူစုအတွင်း တရားမျှတမှုကို မျှော်၏။ သို့သော် နိုင်ထက်စီးနင်းမှုကို မြင်၏။ ဘုရားသည် “ဖြောင့်မတ်ခြင်းကို မျှော်၏။ သို့သော် ငိုကြွေးခြင်း” ကို ကြား၏ (ဟေရှာ ၅:၇)။

ယေရှုက ပရိသတ်များအား ဥယျာဉ်ပိုင်ရှင်သည် ကောင်းမွန်စွာဆက်ဆံခဲ့ပြီးသည့်နောက် မည်သို့ဖြေရှင်းသင့်ကြောင်း မေးသည့်အခါ ဘုရားက ယုဒလူတို့ကို ဟေရှာယကျမ်းတွင် ၎င်းနှင့်ဥယျာဉ်ကြား စီရင်စေ၏ (ဟေရှာ ၅:၃)။ ဤတရားစီရင်ခြင်းက “ငါ့စပျစ်ဥယျာဉ်၌ မပြုသေးသောအရာ တစ်စုံတစ်ခုရှိသလော” (ဟေရှာ ၅:၄) ဟူသောအမေးကို အာရုံထားစေ၏။ ဤအမေးက ဘုရားသခင်သည် “အသီးကောင်း” သီးရန် ပြုဖွယ်အလုံးစုံကို ပြုပြီးသည့်အကြောင်းသို့ အရောက်ပို့စေပါသည်။ ထို့ကြောင့် ဤအမေးကို နိဂုံးချုပ်ရသော် ဘုရားသခင်က ၎င်း၏လူစုအတွက် အကောင်းများ ကြံစည်ပေးခဲ့ကြောင်းကို အသိအမှတ်ပြုရန် ဖိတ်ခေါ်ခြင်းဖြစ်၏။

ထို့အပြင် ဘုရားသခင်သည် ရော ၅:၈ တွင် လာသည့်အတိုင်း ၎င်း၏လူစုကို ချစ်ရုံမဟုတ်ဘဲ ထင်ရှားစေ၏။ ပြခဲ့သောအကြောင်းအရာကြောင့်လည်း ကျွန်ုပ်တို့သည် အလိုလိုနေရင်း အသိအမှတ်ပြုဖြစ်နိုင်ပါသည်။ ရော ၃:၂၆ တွင် ထင်ရှားစေခြင်း (endeixis) ကို ဘုရားသည် ခရစ်တော်၏ အသွေးတော်ကိုမှီကာ တရားကြောင်း တည်စေရန် သုံးထား၏။ ရော ၅:၈ တွင် ဤအကြောင်းကို ကျွန်ုပ်တို့အတွက် ခရစ်တော်အသေခံခြင်းကို ဆက်ပြပြီး ဘုရားက ကျွန်ုပ်တို့ကို ချစ်ကြောင်းပြရန် synistēmi ဟူသည့်ကြိယာကို သုံးထား၏။

ဂရိဝေါဟာရက "ခန့်ခွာရှိပုဂ္ဂိုလ်က ပြုမူ၊ ထင်ရှားစေ၊ ပြသ၊ အထမြောက်" စေကြောင်း သက်သေထူ၏။" — Danker et. al., *A Greek–English Lexican of the New Testament and Other Early Christian Literature*, p. 973။ အခြားမူကွဲပြန်ကျမ်းများသည် ထိုတရားကိုသာပြ၏။ "ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ၎င်း၏မေတ္တာကိုပြ၏" (ESV)။ ဘုရားသခင်သည် ၎င်း၏မေတ္တာကို ကျွန်ုပ်တို့အား ထင်ရှားစေ၏" (NASB)၊ "ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ကြောင်း သက်သေပြ၏" (NRSV)။

**၃။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာ၊ ကရုဏာတော်အကြောင်း ကြားပြောရန်လို၏။**

သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ဘုရားသခင်သည် ၎င်း၏လူစုများအပေါ် တရားကြောင်း၊ မေတ္တာရှိကြောင်းကို အသိအမှတ်ပြုရုံသာမက ထိုသို့အသိအမှတ်ပြုကြောင်းကို ကြားပြောကြရန် ဖိတ်ခေါ်၏။ ဥပမာ – ထိုအင်္ဂါရပ်မျိုးကို ဗျာဒိတ်ကျမ်းတွင် တွေ့ရ၏။ ဗျာ ၁၅:၃ တွင် "အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင် ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ ဘုရင်၊ ကိုယ်တော်၏ အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟု သီဆိုကြ၏။ ထို့အတူ ဗျာ ၁၉:၂ တွင် "စီရင်တော်မူခြင်းအရာတို့သည် ဟုတ်မှန်ဖြောင့်မတ်ကြ၏။ မိမိမတရားသော မေထုန်အားဖြင့် မြေကြီးကို ပုပ်ပျက်စေသော ပြည့်တန်ဆာကြီးကို စစ်ကြောစီရင်တော်မူပြီ။ ကိုယ်တော်ကျွန်တို့၏ အသွေးကို သူ၏ လက်ဖြင့်သွန်းသော အပြစ်နှင့်အလျောက် ဒဏ်ပေးတော်မူပြီဟု ပြောဆိုကြသည်ကို ငါကြား၏။"

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ရော ၃:၂၆ တွင် ဘုရားသခင်သည် တရားရုံမဟုတ်ဘဲ တရားကြောင်းကိုပြရန် ကြံသည်ဟု လာ၏။ ဤအကြောင်းကိုမှတ်ကာ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**၁။ ဘုရားသခင်က ၎င်း၏လူစုများအတွက် ၎င်း၏ဖြောင့်မတ်ခြင်း၊ တရားခြင်းများကို ပြသည့်အကြောင်းက သင့်အား မည်သို့ ယုံကြည်စိတ် တိုးစေသနည်း။ ဤအချက်က သင့်အား ဘုရားအကြောင်း မည်သို့မြင်စေသနည်း။**

________________________________________________________

၂။ ဘုရားသခင်သည် ၎င်း၏လူစုများအပေါ် တရားကြောင်း၊ မေတ္တာပြလိုကြောင်းကို အသိအမှတ်ပြုခြင်းက အခြားလူများ ၎င်း၏ဖြောင့်မတ်ခြင်းတရား ဝေမျှရာတွင် မည်သို့ ထိန်းကျောင်းပေးသနည်း။ ဤသို့ အသိအမှတ်ပြုခြင်းက ကျွန်ုပ်တို့ ဧဝံဂေလိတရား ဟောကြားမှုတွင် မည်သို့ထင်ဟပ်သနည်း။

၃။ ဒုက္ခတွေ့ချိန်တွင်ပင် ဘုရား၏မေတ္တာတော်အကြောင်း ကျွန်ုပ်တို့ မည်သို့ ထင်ရှားစေနိုင်မည်နည်း။

သင်ခန်းစာ ၁၁။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

## သင်ခန်းစာ - ၁၂

*မတ်လ ၁၅-၂၁

# မေတ္တာနှင့်တရားမျှတမှု — အကြီးမြတ်ဆုံး ပညတ်တော်များ



## ဥပုသ်နေ့မွန်းလွဲပိုင်း

ဖတ်ရန်ကျမ်းချက်များ။ မ ၂၂:၃၄-၄၀၊ ဇာ ၇:၉-၁၂၊ ဆာ ၈၂၊ မိ ၆:၈၊ မ ၂၃:၂၃-၃၀၊ လု ၁၀:၂၅-၃၇

အလွတ်ကျမ်းချက်။ **"တစ်စုံတစ်ယောက်သောသူက၊ ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကို မုန်းလျှင်၊ ထိုသူသည် မုသားကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကို မချစ်လျှင်၊ မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း"** (၁ ယော ၄:၂၀)။

ဘုရားသခင်သည် အရာခပ်သိမ်းကို နိဂုံးတွင် အကောင်းတိုင်းဖြစ်စေမည်ကို ကျွန်ုပ်တို့စိတ်ချနိုင်ငြား လက်ရှိတွင် ခရစ်ယာန်များ၏ အမူအကျင့်သည် အရေးပါသေး၏။ ဘုရားသခင်သည် ယခုတွင် မတရားမှုများကို (စကြဝဠာ ပဋိပက္ခ၏ဘောင်အရ) ဘာမျှ အစမဖျောက်ခြင်းတွင် ကျွန်ုပ်တို့သည် ဒုက္ခများကိုသက်သာအောင် မပြုနိုင်ဟု မဆိုလိုပါ။ ခရစ်ယာန်ဖြစ်ကြသည့် ကျွန်ုပ်တို့သည် ဒုက္ခများမှ သက်သာစေရမည့် ဝတ္တရားရှိ၏။

မေတ္တာနှင့် တရားမျှတမှုသည် ဒွန်တွဲနေကြောင်း ကျွန်ုပ်တို့တွေ့ခဲ့ပြီးပါပြီ။ ယင်းတို့ကို ခွဲခြားထား၍ မရပါ။ ဘုရားသည် တရားမျှတခြင်းကို အလိုရှိ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်ခင်လျှင် တရားမျှတခြင်းကိုလည်း အလိုလိုနေရင်း ခုံမင်ဖြစ်ပါမည်။

ထို့အတူ ကျွန်ုပ်တို့သည် ဘုရားကိုချစ်ခင်ကြလျှင် လူလူချင်းကို ချစ်ဖြစ်ကြပါမည်။ လူလူချင်း ချစ်ခင်ရာတွင် သူတစ်ပါးကြီးပွားရေးအပေါ် စေတနာရှိမှု ပါဝင်၏။ လူအများ ဒုက္ခပင်လယ်ဝေနေကြချိန်တွင် ကျွန်ုပ်တို့သည် စာနာပေးရပါမည်။ လူအများ ဖိနှိပ်ခံရကြချိန်တွင် ကျွန်ုပ်တို့သည် မျက်ကွယ်မပြုရပါ။ ထို့အစား ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းနှင့်ဖြစ်စေ ဘုရား၏မေတ္တာတော်ကို လူသားများမြင်နိုင်ရန် ပြုရပါမည်။

** မတ်လ ၂၂ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

## တနင်္ဂနွေနေ့

*မတ်လ ၁၆ ရက်*

## အကြီးမားဆုံး ပညတ် ၂ ပါး

ဘုရား၏မေတ္တာတော်နှင့် တရားမျှတခြင်းအကြောင်း ဤကမ္ဘာတွင် နေရာယူနိုင်ရန် ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ ပြသရာတွင် ဘုရားက ဘာကိုပြဌာန်းခဲ့ကြောင်းဖြင့် အစပျိုးလျှင် သင့်လျော်လှပါသည်။

**မ ၂၂:၃၄-၄၀ ကို ဖတ်ပါ။ ယေရှုက ကျမ်းတတ်လုလင်၏အမေးကို မည်သို့ဖြေခဲ့သနည်း။**

---

---

ယေရှု၏အဆိုအရ "သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့" သည် "ပထမနှင့် ကြီးမြတ်သောပညတ်" ဟုမိန့်၏။ ယေရှုက ဒုတိယပညတ်သည် "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟုမိန့်၏။ ထိုပညတ်များသည် သီးခြားစွာ ထူးကဲနေသည် မဟုတ်ပါ။ ယေရှုက "ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြား" ဟုမိန့်၏ (မ ၂၂:၃၇-၄၀)။ ထိုအချက်များသည် ဓမ္မဟောင်းကို မှီထား၏။

**မ ၁၉:၁၆-၂၃ ကိုဖတ်ပါ။ ယေရှုက သူကြွယ်လုလင်၏ အမေးကို မ-၂၂ ရှိ ကျမ်းတတ်၏အမေးနှင့် မည်သို့ဆက်ပြသနည်း။**

---

---

ဤတွင် ဘာဖြစ်ပျက်သနည်း။ ယေရှုသည် ဘာ့ကြောင့် ဤသို့ဖြေသနည်း။ ထိုတွေ့ဆုံမှုများက ကျွန်ုပ်တို့ကို မည်သို့ တရားရစေသင့်သနည်း။

"ခရစ်တော်သည် ကျမ်းတတ်ပုဂ္ဂိုလ်ကို ခရစ်ယာန်ကောင်း ဖြစ်စေနိုင်သည့် အနေအထားအပေါ်မှီကာ တရားပြ၏။ တဲ့တိုးဖြစ်ပြား ခရစ်တော်၏တရားတွင် ပညာပါ၏။ အဆုံးအမကို လက်ခံ၊ နာခံခြင်းသည်သာ ကျမ်းတတ်ပုဂ္ဂိုလ်အတွက် ကယ်တင်ခြင်း မျှော်လင့်နိုင်သည့်လမ်း ဖြစ်၏။ ၎င်း၏ရာထူးနှင့် ဓနများသည် ၎င်း၏သီလကို လောင်းရိပ်မိစေ၏။ ယင်းတို့ကို ဖြတ်မရလျှင် ဘုရားကို မချစ်စေနိုင်ပါ။ ထိမ်ချန်ခြင်းသည် ၎င်း၏သမာဓိကို ထိပါးမည်ဖြစ်၏။ လောကီစည်းစိမ်ကို မြတ်နိုးပါလျှင် မည်မျှပင် မရေရာ၊ တန်ဘိုးမရှိပြား အာရုံအားလုံးကို သိမ်းကျုံးသွားမည်ဖြစ်၏။" — Ellen G. White, *The Desire of Ages*, p. 520။

**ကျွန်ုပ်တို့တွင် ဤသူကြွယ်ကဲ့သို့ ရှိသမျှကိုရောင်းချရန် ပညတ်မခံရပြား ကျွန်ုပ်တို့သည် ထာဝရပျက်စီးခြင်းသို့ ရောက်သွားနိုင်မည့် မည်သည့်တဏှာ(ဆန္ဒ) ရှိသနည်း။**

## တနင်္လာနေ့

*မတ်လ ၁၇ ရက်*

## အကြီးမားဆုံးအပြစ် ၂ မျိုး

ယေရှု၏မိန့်မှာမှုအရ အကြီးမြတ်ဆုံးပညတ်များသည် ဘုရားကိုချစ်၊ လူကိုချစ်ရမည့် ပညတ်ဖြစ်၏။ ဤပညတ်များကို စောင့်ထိန်းရာတွင် လက်တွေ့ဆန်ရပါမည်။ ယင်းသည် ယေရှုနောက်သို့ ကေန်အမှန် လိုက်ခြင်းဖြစ်၏။

ယခုတွင် ဘုရားကိုချစ်၊ လူကိုချစ်ရသည့် ပညတ်သည် အကြီးမြတ်ဆုံးပညတ်များ ဖြစ်ကြလျှင် အကြီးမားဆုံးအပြစ် ၂ မျိုးသည် ဘာများနည်း။

**ဆာ ၁၃၅:၁၃-၁၉ ကို ဖတ်ပါ။ ဤကျမ်းချက်က ကျမ်းစာတွင်ပြသည့် သာမန်အပြစ်မျိုးသည် အဘယ်နည်း။**

---

---

ဓမ္မဟောင်းကျမ်းက အရာအားလုံးတွင် ဘုရားကိုချစ်ရန် ဖောင်းပေးထား၏ (တရား ၆:၅ ကိုရှု)။ ယင်းသည် ဘုရားကိုချစ်ခြင်းကို ဆန့်ကျင်သည့် ရုပ်တုကိုးကွယ်သည့်အပြစ်နှင့် ဆက်နွှယ်၏။

**ဇာ ၇:၉-၁၂ ကို ဖတ်ပါ။ ဇာခရိ၏အာဘော်အရ ဘုရားသည် ဘာကိုရှုတ်ချသနည်း။ ကရုဏာမဲ့သောတရားနှင့် ရုပ်တုကိုးကွယ်ခြင်းများသည် အကြီးမားဆုံးအပြစ် ၂ မျိုးနှင့် မည်သို့ ဆက်နွှယ်သနည်း။**

---

---

ဘုရားသခင်သည် ရုပ်တုကိုးကွယ်ခြင်းကိုသာ အပြစ်ဆိုသည် မဟုတ်ပါ။ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ လူလူချင်း မတရားပြုခြင်းကိုလည်း အမျက်ထွက်၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ဘုရားသည် အမျက်ထွက်၏။

ဓမ္မဟောင်းကျမ်းတွင် တောက်လျှောက်ပြထားသည့် အကြီးမားဆုံးအပြစ် ၂ မျိုးတို့သည် — ဘုရားကိုချစ်၊ လူကိုချစ်ရမည်ကို မချစ်နိုင်သည့်အပြစ် ဖြစ်၏။ ယင်းပြစ်မှုကြီးတို့သည် မေတ္တာမရှိနိုင်ခြင်းတွင် တည်၏။ အတိုချုံးရသော် သင်သည် ဘုရားကိုမချစ်၊ လူကိုမချစ်လျှင် ပညတ်တော်များကို မစောင့်နိုင်ပါ။

၁ ယော ၄:၂၀၊ ၂၁ တွင် "တစ်စုံတစ်ယောက်သောသူက၊ ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကို မုန်းလျှင်၊ ထိုသူသည် မုသားကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကို မချစ်လျှင်၊ မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။– ဘုရားသခင်ကို ချစ်သောသူသည် မိမိညီအစ်ကိုကို ချစ်ရမည်ဟူသော ပညတ်တော်ကို ငါတို့သည် ခရစ်တော်ထံ၌ ခံရကြပြီ" ဟု ပြထား၏။

**ဘုရားကိုချစ်ရမည့်ပညတ်သည် လူကိုချစ်ရမည့်ပညတ်နှင့် ခွဲမရသည့်အကြောင်းကို သင် မည်သို့ရှင်းပြမည်နည်း။ ဖြတ်မရသည့် ဤဆက်ထုံးကို သင် မည်သို့နားလည်သနည်း။**

အင်္ဂါနေ့

*မတ်လ ၁၈ ရက်*

## ဘုရားသည် တရားခြင်းကိုမြတ်နိုးသည်

သမ္မာကျမ်းစာတွင် ဘုရားသခင်သည် တရားခြင်းကိုမြတ်နိုးပြီး ဒုစရိုက်ကိုမုန်းကြောင်း ပြထား၏ (ဆာ ၃၃:၅၊ ဟေရှာ ၆၁:၈)။ ဘုရားသည် မတရားမှုကို အထူးဂရုစိုက်ကာ မတရားခံရသူများအတွက် တရားသောဒေါသ ထွက်၏။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများတွင် ဘုရားသခင်သည် မတရားဖိနှိပ်ခံရသူများအပေါ် သနားသော်လည်း ဖိနှိပ်သူများ အပေါ် အမျက်ထွက်ကြောင်း ပြထား၏။

**ဆာ ၈၂ ကို ဖတ်ပါ။ ဤဆာလံက ဤကမ္ဘာတွင် တရားမျှတမှုရှိရန် ဘုရားသည်ဂရုပြုကြောင်း ပြထား၏။ ယင်းအချက် ယနေ့တွင် ကျွန်ုပ်တို့အတွက် ဘာအဓိပ္ပာယ်ရှိသနည်း။**

---

---

ကျမ်းစာအနက်ပြန်သူများစွာက ဤကျမ်းချက်သည် ဤလောကတွင် မတရားအုပ်ချုပ်သူများကို ရှုတ်ချကာ၊ ဘုရားသည် လောကကို နောက်မှကြိုးကိုင်သူများပါ (စာတန့်အဖွဲ့) တရားစီရင်ကြောင်း ပြထားသည်ဟု ဆိုကြ၏။ မတရားအုပ်ချုပ်သူများသည် “သင်တို့သည် မတရားသောသူတို့၏ မျက်နှာကိုထောက်၍ အဘယ်မျှကာလပတ်လုံး မတရားသဖြင့် စီရင်ကြမည်နည်း” ဟု (ဆာ ၈၂:၂) အမေးခံရ၏။ ထို့အပြင် ၎င်းတို့ကို “ဆင်းရဲသောသူနှင့် မိဘမရှိသောသူတို့ကို စောင့်မကြလော့။ ငြိုငြင်သောသူနှင့် ငတ်မွတ်သောသူတို့ဘက်၌ တရားစီရင်ကြလော့။ ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့ကို မတရားသောသူ၏လက်မှ ကယ်နုတ်ကြလော့” (ဆာ ၈၂:၃၊ ၄) ဟု အမိန့်ခံရကြ၏။ ဤကျမ်းပိုဒ်နှင့် အခြားကျမ်းပိုဒ်များတွင် ဓမ္မဟောင်းခေတ် ပရောဖက်များက တရားသဖြင့် အုပ်ချုပ်ကြရန် ဆော်သြကြ၏။ ဤအချက်သည် သာမညမဟုတ်။ ဓမ္မဟောင်းခေတ်ရှိ ပရောဖက်များနှင့် ယေရှုသည် လူ့ဇာတိခံယူစဥ်တွင် မိန့်ခဲ့သည့်တရား ဖြစ်၏။

ဘုရားကိုချစ်ပါသည်ဟု ဝန်ခံကြသူများ လိုက်နာရမည့်အချက်များတွင် ထိမ်ချန်ထားခြင်း မရှိပါ။ ဘုရားက မ ၆:၈ တွင် (အခြားတွင်လည်း) ရှင်းစွာမိန့်ထား၏ — “အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သကာကို ထာဝရဘုရား တောင်းတော်မူသနည်း။”

ဤတရားသည် ကျမ်းစာတစ်အုပ်လုံးတွင် အလီလီပဲ့တင်ထပ်လျက်ရှိ၏။ ဥပမာ – ယေရှုက ဤသို့မိန့်၏ “သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏” (ယော ၁၃:၃၅ ကို ၁ ယော ၄:၈–၁၆ နှင့် ယှဥ်ပါ)။

**မိ ၆:၈ တွင် လာသည့်အတိုင်း ကျွန်ုပ်တို့၏မိသားစု၊ အသင်းတော်များသည် လက်တွေ့အသုံးချကြလျှင် မည်သို့ဖြစ်လာမည်နည်း။ သင်သည် မည်သည့်အခြေအနေဖြစ်ပါစေ ထိုအချက်ကို မည်သို့အသုံးချနိုင်သနည်း။**

---

*မတ်လ ၁၉ ရက်*

## တရားသဖြင့်ပြုကျင့်ရန် ဆော်သြခြင်း

ကျမ်းစာတွင်လာသည့် ပရောဖက်များသည် ဘုရားကပြုကျင့်စေလိုသည့် တရားမျှတခြင်းကို လူ့ဝန်းကျင်တွင် ဆက်တိုက်မိန့်ကြ၏။ သမ္မာကျမ်းစာသည် မတရားမှု၊ ဖိနှိပ်မှုများကို တစ်ခါမျှ မထိမ်ချန်ပါ။ ဆိုရလျှင် ဘုရားသခင်သည် တရားမျှတမှုရှိရန် ဆော်သြလျက်ရှိ၏။

ဥပမာ– ပရောဖက်ဟောရှာသည် ဣသရေလနိုင်ငံတွင်ဖြစ်ပျက်သည့် မတရားမှုကို နှုတ်ဆိတ်မနေပါ။ တရားမျှတမှုအတွက် ဘုရား၏ဆော်သြမှုကို ယနေ့တွင်လည်းကြားရသင့်ပါသည်။ "ကောင်းသောအကျင့်ကို ကျင့်အံ့သောငှာ သင်ကြလော့။ တရားသဖြင့်ပြုခြင်းငှာ ကြံကြလော့။ မိဘမရှိသောသူတို့အဖို့ တရားသဖြင့် စီရင်ကြလော။ မုဆိုးမတို့၏အမှုကို စောင့်ကြလော့" (ဟောရှာ ၁:၁၇)။ ထို့အပြင် "မတရားသဖြင့် စီရင်သောသူ၊ ကြပ်တည်းစွာ မှတ်ချက်ကိုမှတ်သားသော စာ ရေးတို့သည် အမင်္ဂလာရှိကြ၏" (ဟောရှာ ၁၀:၁၊ ၂)၊ "ငါကြည့်ရှုစီရင်သည်ကာလ၊ အဝေးကရောက်လတ္တံ့သော ဖျက်ဆီးခြင်းဖြစ်သည်ကာလ၌၊ သင်တို့သည် ချမ်းသာရအံ့သောငှာ၊ အဘယ်သူထံသို့ ပြေးကြလိမ့်မည်နည်း။ သင်တို့စည်းစိမ်ဥစ္စာကို အဘယ်မှာသိုထားကြလိမ့်မည်နည်း" (ဟောရှာ ၁၀:၃)။

ထို့အတူ ပရောဖက်ယေရမိလည်း ဘုရား၏အမိန့်တော်ကို ကြားပြော၏ — "မတရားသောအမှုအားဖြင့် မိမိအိမ်ကိုလည်းကောင်း၊ အဓမ္မပြု၍ အထက်ခန်းတို့ကိုလည်းကောင်း ဆောက်သောသူ၊ အိမ်နီးချင်းကို အခမပေးဘဲစေစား၍၊ အလုပ်လုပ်သည်အတွက် ဆုမချသောသူသည် အမင်္ဂလာရှိ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် အာရဇ်သစ်သား၏ဂုဏ်ကို ကိုးစားသောကြောင့် စိုးစံရမည်လော။ သင်၏အဘသည် ဝစွာစားသောက်ရသည် မဟုတ်လော။ တရားသဖြင့် စီရင်ဆုံးဖြတ်သည် မဟုတ်လော။ ထိုသို့ပြု၍ ကောင်းစားခြင်းရှိ၏။ သူသည် ဆင်းရဲငတ်မွတ်သော သူတို့အမှုကိုစောင့်၍ တရားသဖြင့် စီရင်၏။ ထိုသို့ပြု၍ ကောင်းစားခြင်းရှိ၏။ ငါ့ကိုသိသောအကျိုး မဟုတ်လော" (ယေ ၂၂:၁၃၊ ၁၅၊ ၁၆)။

**မ ၂၃:၂၃–၃၀ ကို ဖတ်ပါ။ မည်သည့်တရားသည် အရေးပါဆုံးဖြစ်ကြောင်း ယေရှုက မိန့်သနည်း။ ယေရှုက "လေးသောအရာ" ဟု မိန့်ရာ၌ ဘာကိုဆိုလိုသည်ဟု သင်ထင်မှတ်သနည်း။**

---

ဓမ္မဟောင်းခေတ် ပရောဖက်များသည် မတရားမှုကိုသာ စိတ်တွင်ထားကြသည်ဟု ထင်မှတ်တတ်ပေမည်။ ယေရှုလည်း ဤအမှုကို အလေးပေးကြောင်း ကျွန်ုပ်တို့ ရှင်းစွာတွေ့ရပါသည်။ ယေရှုက ဤသို့မိန့်၏ — "လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်း၊ စမွတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဖို့တစ်ဖို့ လှူကြသည်တွင် တရားသဖြင့်စီရင်ခြင်း၊ သူတစ်ပါးကို သနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားတွင် လေးသောအရာတို့ကိုကား လှပ်၍ထားကြ၏။ အရင်ဆိုသောအရာတို့ကို မလှပ်မထား၊ နောက်ဆိုသောအရာတို့ကို ကျင့်ရမည်" (မ ၂၃:၂၃)။ ရှင်လုကာကျမ်းတွင်လည်း ယေရှုက "တရားသဖြင့်စီရင်ခြင်း၊ ဘုရားသခင်ကို ချစ်ခြင်းအမှုကိုကား လှပ်ထားကြ၏" ဟု ညည်းတွား၏ (လု ၁၁:၄၂)။

**သင်သည် ယနေ့တွင် "လေးသောအရာ" ကို အာရုံထားသည်မှန်လျှင် "ပင်စိမ်း၊ စမွတ်၊ ဇီယာ" များအစား ဘာကိုအာရုံထားရမည်နည်း။**

*မတ်လ ၂ဝ ရက်*

## အဘယ်သူသည် ကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း

ရှင်လုကာကျမ်းတွင် အကြီးမြတ်ဆုံးပညတ် ၂ ချက်ဖြစ်ကြသည့် ဘုရားကိုချစ်၊ လူကိုချစ်ရမည့်ပညတ်တို့ကို ယေရှုမိန့်ပြီးနောက်တွင် ကျမ်းတတ်ပုဂ္ဂိုလ်က “အဘယ်သူသည် အကျွန်ုပ်နှင့်စပ်ဆိုင်သောသူ ဖြစ်ပါသနည်းဟု မိမိအပြစ်မရှိဟန် ပြုလိုသောစိတ်နှင့် ယေရှုကိုလျှောက်ပြန်၏” (လု ၁ဝ:၂၉)။ ထိုအမေးကို ယေရှုက ရင်းနှီးပြီးသော၊ ကောင်းသောရှမာရိ ပုံပမာဖြင့် ထောက်ပြ၏။

**လု ၁ဝ:၂၅-၃၇ တွင်လာသည့် ကောင်းသောရှမာရိ ပုံပမာကို ဖတ်ပါ။ ဤပုံပမာက ပရောဖက်များက လူ့သမိုင်းတစ်လျှောက် တောင့်တကြသည့် တရားမျှတမှုအကြောင်း ဘာပြဆိုသနည်း။**

ယေရှုသည် တရားမှုကို နှုတ်ဖြင့်မိန့်ရုံမဟုတ်ပါ။ အကောင်အထည် ဖော်ခဲ့၏။ ပရောဖက်များက တောင့်တခဲ့ကြသည့် တရားမျှတမှုကို ယေရှုသည် ပြည့်စုံစေခဲ့၊ ပြည့်စုံစေဦးမည် ဖြစ်၏ (လု ၄:၁၆-၂၁ ကို ဟေရှာ ၆၁:၁၊ ၂ ရှုထောင့်ဖြင့် ဖတ်ပါ)။ ယေရှုသည် ကယ်ထုတ်ခံရရန် သိကြသည့် တိုင်းနိုင်ငံအားလုံး၏ မျှော်လင့်ရာဖြစ်၏။

အာဏာပြလိုကြသည့် ရန်သူ၏တစ်ဘက်တွင် ယေရှုသည် အပြစ်၏သက်ရောက်မှု မရှိငြားအပြစ်၊ မတရားမှု၊ ဖိနှိပ်မှုတို့၏အောက်တွင် နှိမ့်ချစွာနေခဲ့၏။

ယေရှုသည် ၎င်းကိုယ်ကို မေတ္တာအရင်းခံကာ ပေးဆပ်ခြင်းဖြင့် ရန်သူတော်ကို နိုင်ခဲ့၏။ ခရစ်တော်က အထွတ်အထိပ်တွင်ထားရန် အသေခံခဲ့၊ ပညတ်တော်၏ လေးသောအရာကို ကျွန်ုပ်တို့သည် အလေးမထားကြလျှင် မည်သို့ဖြင့် အလေးထားဖြစ်ကြမည်နည်း။

ဆာ ၉:၈၊ ၉ တွင် “မြေကြီးသားတို့ကို တရားသဖြင့် စီရင်တော်မူ၏။ လူမျိုးတို့အား ဖြောင့်မတ်စွာသော စီရင်ခြင်းကို ပြုတော်မူ၏။ ထာဝရဘုရားသည် ညှဉ်းဆဲခြင်းကိုခံရသော သူတို့၏ခိုလှုံရာ၊ ဘေးအန္တရာယ်ရောက်သည်ကာလ ခိုလှုံရာဖြစ်တော်မူ၏” ဟုလာ၏။ ထို့အတူ ဆာ ၁၄၆:၇-၉ တွင် “ညှဉ်းဆဲခြင်းကိုခံရသောသူတို့အား တရားပြုတော်မူ၏။ ငတ်မွတ်သောသူတို့ကို ကျွေးမွေးတော်မူ၏။ ထာဝရဘုရားသည် ချုပ်ထားခြင်းကိုခံရသောသူတို့ကို လွှတ်တော်မူ၏။ ထာဝရဘုရားသည် မျက်စိကန်းသောသူတို့ကို မြင်စေတော်မူ၏။ ထာဝရဘုရားသည် နှိမ့်ချသောသူတို့ကို ကြွပင့်တော်မူ၏။ ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ချစ်တော်မူ၏။ ထာဝရဘုရားသည် ဧည့်သည်တို့ကို စောင့်မတော်မူ၍၊ မုဆိုးမနှင့် မိဘမရှိသောသူတို့ကို ထောက်မတော်မူ၏။ မတရားသောသူတို့၏လမ်းကိုကား၊ ကွေ့ကောက်စေတော်မူ၏” ဟု ထပ်ဖြည့်ထား၏။

ကျွန်ုပ်တို့ဝန်းကျင်တွင် မပြည့်စုံသူများကို ဖြည့်ဆည်းပေးရာတွင် သမ္မာကျမ်းစာသည် ထို့ထက်ရှင်းစွာ ပြနိုင်ဦးမည်လော။

**မပြည့်စုံသူများကို ဖြည့်ဆည်းပေးရာတွင် ယေရှု၏နမူနာမှ မည်သည့်သင်ခန်းစာများ ကျွန်ုပ်တို့ယူနိုင်သနည်း။ ကျွန်ုပ်တို့သည် ယေရှုနည်းတူ တန်ခိုးမပြနိုင်ငြား ကျွန်ုပ်တို့၏ ဖေးမမှုများသည် နိမိတ်များအဖြစ် တန်းဝင်စေနိုင်မည်နည်း။**

## သောကြာနေ့

*မတ်လ ၂၁ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, “The Sabbath,” pp. 281–289, in *The Desire of Ages*.

“သူလျှိုများသည် လူထုရှေ့တွင် ခရစ်တော်အား ခွန်းတုံ့မပြန်ရဲကြပါ။ ကိုယ့်ရှုးကိုယ်ပတ်မိမည်ကို ကြောက်ကြ၏။ ၎င်းတို့က ခရစ်တော်သည် သမ္မာတရားကို မိန့်ကြားကြောင်း သိကြ၏။ ၎င်းတို့၏ ရိုးရာကို ထိပါးစေမည့်အစား ၎င်းတို့ အနေအစားချောင်နိုင်ရန် ပိုင်ရှင်အား တစ်ကိုယ်တည်းချန်ထားကြ၏။ ထို့ကြောင့် ဘုရားသခင်နှင့် သဏ္ဍာန်တူဖန်ဆင်းထားသည့် လူအစား တိရစ္ဆာန်ကို သာ၍အာရုံပေး၏။ ယင်းက မှားသောဘာသာခံယူမှု၏ သရုပ်မှန်ကို ချပြ၏။ ယင်းစိတ်ထားမျိုးသည် ဘုရားအထက်တွင် နေလိုသည့်ဆန္ဒမှ အရင်းခံလာပြီး သို့သော် တိရစ္ဆာန်၏အောက်သို့ပင် နိမ့်ဆင်းသွား၏။ ဘုရားသခင်ကိုဆန့်ကျင်သည့် ကိုးကွယ်မှုအပေါင်းသည် ခရစ်တော်အားဖြင့် ပြန်လည်ဂုဏ်တင့်မည့်၊ ဖန်ဆင်းချိန်ကပေးထားသည့် လူ့ကျက်သရေကို တုံးစေ၏။ ကိုးကွယ်မှု အမှားအပေါင်းတို့သည် ပုထုဇဉ်၏ လိုအပ်ချက်၊ ဒုက္ခများ၊ အခွင့်အရေးများကို လျစ်လျူရှုစေ၏။ ဧဝံဂေလိတရားတော်က လူသားများကို တန်ဖိုးပြန်ရှိစေပြီး ခရစ်တော်၏အသွေးတော်ဖြင့် ရွေးထားကြောင်း၊ လူသားများ၏ ဒုက္ခများကို နားလည်ပေးကြောင်း ပြထား၏။ ထာဝရဘုရားက ‘လူသည် ရွှေစင်ထက် အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက် အဖိုးထိုက်မည်အကြောင်း ငါပြုမည်’ ဟုမိန့်၏ ဟေရှာ ၁၃:၁၂။

“ယေရှုသည် ဖာရိရှဲများထံ ဥပုသ်နေ့တွင် ကောင်းမှု (သို့) မကောင်းမှု၊ အသက်သတ်ရမည်လော (သို့) အသက်ကယ်ရမည်လောဟု မေးသည့်အခါ ဖာရိရှဲတို့၏သန္တေဆိုးကို ထိပ်တိုက်ရင်ဆိုင်ခြင်းဖြစ်၏။ ခရစ်တော်သည် လူထုကိုကယ်ကာ ပီတိစားခိုင်းစေခိုက်တွင် ဖာရိရှဲတို့သည် ၎င်း၏အသက်ကို နုတ်ရန် ကြံကြ၏။ ဖာရိရှဲတို့၏ညဉ်အတိုင်း ဥပုသ်နေ့တွင် အသက်သတ်ခြင်းသည် ယေရှုက ကုပေးခဲ့သည့်ဖြစ်စဉ်ထက် မြတ်ပါသလော။ ဘုရားသခင်၏ မူပိုင်နေ့တွင် လူသားအားလုံးကို မေတ္တာထားကာ ချစ်ရသည်ထက် သတ်ဖြတ်ခြင်းသည် သာ၍မြတ်သလော။” — Ellen G. White, *The Desire of Ages*, pp. 286, 287။

### ဆွေးနွေးရမည့်မေးခွန်းများ

၁။ကိုးကွယ်မှုအမှားတိုင်းသည် “လူသားတို့၏လိုအပ်မှုကို လစ်လျူရှုစေသည်” ဆိုသည့်အ ချက်သည် အဘယ်ကြောင့် မည်သို့ဖြင့် မှန်နေသနည်း။ ထိုလိုအပ်ချက်ကို ကျွန်ုပ်တို့၏ အ သင်းတော်တွင်း၊ အသင်းတော်ပတွင် သိသိဖြင့် လျစ်လျူရှုဖြစ်နိုင်ဖွယ် မည်သို့ရှိနိုင်သနည်း။

၂။ မည်သူသည် ကျွန်ုပ်နှင့်စပ်ဆိုင်သူနည်း။ မည်သူသည် သင်နှင့်စပ်ဆိုင်သူနည်း။ ကျွန်ုပ်တို့သည် ခရစ်တော့်နောက် လိုက်ရာတွင် မေတ္တာကြောင့် ၎င်း၏ဘောင်ကိုကျော်သည့် ရှမာရိအမျိုးသားကဲ့သို့ ဖြစ်လာနိုင်မည်နည်း။

၃။ဘုရားသခင်သည် တရားမျှတမှုနှင့် ညှာတာခြင်းကို နှစ်သက်လျှင် ကျွန်ုပ်တို့သည် ဘုရားအကြိုက် မည်သို့ လိုက်ဖြစ်ကြမည်နည်း။ ကျွန်ုပ်တို့သည် မည်သို့ဖြင့် ယေရှုကမိန့်သည့် “ပညတ်တော်နှင့်ဆိုင်သည့် သာ၍လေးနက်သောအရာ”ကို အာရုံထားဖြစ်နိုင်မည်နည်း။

၄။တရားစီရင်ခြင်းအကြောင်း ကျွန်ုပ်တို့တွေးဖြစ်၊ ပြောဖြစ်ကြသည့်အခါ ယေရှုမိန့်သည့် အဖိနှိပ်ခံများအပေါ် ပြုမူပုံအပေါ် အခြေခံကြောင်း ကျွန်ုပ်တို့ အာရုံပေးဖြစ်ကြသလော။ ယင်းအကြောင်းကို မ ၂၅:၃၁–၄၆ ရှုထောင့်မှ သုံးသပ်ပါ။

## အရှေ့အလယ်ပိုင်းဒေသတွင် သောင်တင်ခြင်း

Andrew McChesney ရေးသားသည်

Ki-nam ၏ကမ္ဘာသည် ကျောင်းသားသာသနာပြုအဖြစ် တောင်ကိုးရီးယားမှ အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ချိန်တွင် ပျက်တော့၏။ သူမသည် တိုးရစ်ဗီဇာဖြင့် ဝင်ခဲ့သောကြောင့် နှစ်ပေါက်နေနိုင်ရန် သက်တမ်းတိုးရန်လို၏။ သူမ၏ အခန်းပိုင်ရှင်က ဗီဇာအသစ်လျှောက်နိုင်ရန် စာရွက်ကိစ္စကို ကူညီခဲ့၏။ သို့သော် စိတ်ပြောင်းကာ ငွေများစွာတောင်းလာ၏။

Ki-nam တွင် ငွေမရှိပါ။ ကျောင်းသားသာသနာပြုများ၏ ခေါင်းဆောင်တွင်လည်း ငွေမရှိပါ။ SDA အသင်းသားများတွင်လည်း ငွေမရှိပါ။ အသင်းသားများသည် အိမ်ကို ဘုရားကျောင်းပြုကာ ဘုရားရှိခိုးကြသည့် စစ်ဘေးဒုက္ခသည်များ ဖြစ်ကြ၏။

Ki-nam လည်း ကျဉ်းထဲကျပ်ထဲရောက်၏။ သူမကို အိမ်ငှားလိုမည့် အိမ်ရှင်အသစ်ရှာရန် ခဲယဉ်း၏။ တရားမဝင်လည်း မနေလို၊ လာဘ်ထိုးပြီးလည်း မနေလိုပြန်ပါ။

သူမလည်း ပြဿနာပြေလည်စေရန် ဆုတောင်း၏။ ၂ လမျှ နေ့စဉ်ဆုတောင်း၏။ သူမ၏ မိဘများလည်း တောင်ကိုးရီးယားမှ ဆုတောင်းပေး၏။ သာသနာပြု အဖွဲ့ခေါင်းဆောင်က Ki-nam အတွက် အသင်းတော်က ဆုတောင်းပေးရန် တောင်းဆိုပေး၏။ ၎င်းတို့လည်း တောင်းကြ၏။

၂ လ ကုန်သွား၏။ အိမ်ရှင်က လက်မှတ်မထိုးပေးပါ။ သို့နှင့် ဗီဇာအသစ်လျှောက်ရန် လူချင်းတွေ့ရမည့်နေ့ ရောက်လာ၏။ သူမတွင် မည်သည့်စာရွက်စာတမ်းမှ မရှိပါ။

အင်တာဗျူးမဖြေမီတွင် ဖုန်းဝင်လာ၏။ အဖွဲ့ခေါင်းဆောင်က ခေါ်ခြင်းဖြစ်ပြီး “အဆင်ပြေလောက်တယ်၊ ဆက်လုပ်” ဟုဆို၏။

ခေါင်းဆောင်က အသင်းသားတစ်ယောက်က အိမ်ခြံမြေအကျိုးဆောင်ကို ရင်းနီးပြီး ၎င်းထံသွား၍ တွေ့လိုကြောင်း ပြောပြ၏။ အသင်းသားသည် အကျိုးဆောင်ပိုင်ရှင်ထံ “ကျွန်တော့်ရဲ့ မိတ်ဆွေကို ကူပေးနိုင်မလား” ဟုဆို၏။ ပိုင်ရှင်လည်း “သူ့ passport ယူခဲ့၊ ငါလက်မှတ်ထိုးပေးမယ်” ဟုဆို၏။

Ki-nam လည်း ဆွံ့အသွားပြီး “ကျေးဇူးပါ။ ဘုရားသခင်” ဟုသာ ဆိုနိုင်၏။ ပိုင်ရှင်လည်း လက်မှတ်ထိုးပေးပြီး Ki-nam လည်း resident visa ရ၏။

ထို့အပြီးတွင် Ki-nam သည် ဘုရားကို သံသယမဖြစ်တော့ဘဲ သူမကို ထိုဒေသတွင် သာသနာပြုချိန်အတွင်း ဆောင်မမည်ကို သံသယမဖြစ်တော့ပါ။ ဘုရားလည်း ကောင်းချီးပေး၏။ သူမကြောင့် ဝိညာဉ် ၇ လုံး သိမ်းဖြစ်၏။ Ki-nam က တောင်ကိုးရီးယားနိုင်ငံက ဆိုးလ်မြို့ရှိ Adventist Mission အင်တာဗျူးတွင် “လူတွေကိုကယ်ဖို့ ဘုရားက ကျွန်မကိုအသုံးပြုတယ်။ ခြေလှမ်းတိုင်းမှာ ကျွန်မနဲ့ပါရှိတယ်။ ဘုရားရဲ့ခေါ်ဆိုမှုမှာ အမှားမရှိဘူး။ အဲဒီနှစ်တွေက ကျေးဇူးတင်စရာနှစ်တွေပါပဲ” ဟုဆို၏။

---

တောင်ကိုးရီးယားရှိ SDA အသင်းတော်သည် ကမ္ဘာတစ်ဝှမ်းသို့ သာသနာပြုများ စေလွှတ်လျက်ရှိ၏။ မတ်လ ၂၉ ရက်နေ့တွင် ကောက်ခံမည့် ၁၃ ပတ်အလှူငွေသည် တောင်ကိုးရီးယား အိမ်တွင်းသာသနာ အစီအစဉ်ကို ထောက်ပံ့မည်ဖြစ်၏။ ကျောင်းသူ သာသနာပြုသူ၏နာမည်ကို ပြောင်းသုံးထားပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၁ ယော ၄:၂၀

**လေ့လာမှုဦးတည်ချက်များ။** မ ၁၉:၁၆–၂၂၊ မ ၂၂:၃၅–၄၀၊ မ ၂၅:၄၀၊ ၄၅၊ လု ၁၀:၃၀–၃၇၊ ၁ ယော ၄:၂၀။

**နိဒါန်း။** ။ ကျွန်ုပ်တို့သည် ဘုရားကိုချစ်သည်မှန်လျှင် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးအပေါ် စေတနာကောင်းများ ထားဖြစ်ကြပါမည်။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အဓိက ၂ ချက်ကို လေ့လာပါမည်။

၁။ မဖြတ်တောက်နိုင်သည့် ဘုရားကိုချစ်၊ လူကိုချစ် တရားတော်မြတ် (တရားခြင်း)။ သမ္မာကျမ်းစာတွင် ခက်ခဲနေသည့် ယုံကြည်သူများကို မေတ္တာထားရမည်ဟု ဆို၏။ မေတ္တာဟူသည် သူတစ်ပါးကို ကောင်းစားစေလိုသည့် မုဒိတာတရားဖြစ်၏။ ခရစ်တော်၏ မေတ္တာတော်သည် အခြားပုဂ္ဂိုလ်များကို ချစ်ရမည့်နမူနာဖြစ်၏။ ထိုသို့မပြုနိုင်လျှင် ယေရှုခရစ်က ပြနေသည့် ဘုရား၏မေတ္တာတော်ကို မမြင်တတ်ခြင်း ဖြစ်၏။

၂။ မေတ္တာမဲ့ခြင်း — ချစ်ခြင်းနှင့် တရားမျှတခြင်းတို့ ပြတ်တောက်ခြင်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်ကြလျှင် အခြားပုဂ္ဂိုလ်များကိုလည်း ချစ်မည်ဖြစ်၏။ တစ်ဘက်တွင်ကား ဘုရားကိုချစ်ခြင်းနှင့် အခြားပုဂ္ဂိုလ်များအပေါ် တရားမှုမပြုခြင်းက ဘုရား၏ပညတ်တော်ကို မစောင့်ကြောင်းကိုပြ၏။ ဤအချက်သည် ဥစ္စာကြွယ်ဝသူ လူရွယ်၏ပြဿနာဖြစ်၏။ ၎င်းသည် ပညတ်တော်တို့ကို စောင့်၏။ သို့သော် သူဆင်းရဲများအပေါ် မေတ္တာမထားနိုင်ခဲ့ပါ။ အခြားသာဓကကား ကောင်းသောရှမာရိအမျိုးသား ပုံပမာတွင်လာသည့် ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးသားတို့ ဖြစ်ကြ၏။ ၎င်းတို့သည် အာပတ်မသင့်ကြရန် ဝိနည်းများကို လိုက်ကြပြီး မေတ္တာပြရန် ပျက်ကွက်ကြ၏။

**လက်တွေ့အသုံးချခြင်း။** ။ ဘုရားကိုချစ်ခြင်းတွင် အခြားပုဂ္ဂိုလ်များ၏ အခက်အခဲများကို ဖေးကူရမည့်အကြောင်း ပါဝင်ခြင်းတွင် သင် မည်သို့နေပြသနည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ၁။ မဖြတ်တောက်နိုင်သည့် ဘုရားကိုချစ်၊ လူကိုချစ် တရားတော်မြတ် (တရားခြင်း)

ဘုရားကိုချစ်၊ လူကိုချစ်ရမည့်တရားကို ၁ ယော ၄:၂၀ တွင် မေတ္တာမပြကြသူများကို နာနာဆုံးမထား၏။ Karen H. Jobes က ၁ ယော ၄:၂၀ တွင် "ယောဟန်သည် မေတ္တာအကြောင်း ပြည့်ပြည့်စုံစုံ ချပြ၏။ အထူးအားဖြင့် ယုံကြည်သူအချင်းချင်း မေတ္တာပြစေ၏" ဟုဆို၏ — 1, 2, and 3 John, *Zondervan Exegetical Commentary on the New Testament*, (Grand Rapids, MI: Zondervan, 2014), p. 206။ ဤတရားကို ၁ ယော တွင် အနည်းဆုံးအနေဖြင့် ၃ နေရာတွင် ဆွေးနွေးထား၏။

၁ ယော ၂:၉-၁၁ တွင် ရှင်ယောဟန်က ယုံကြည်သူအချင်းချင်း ချစ်ခြင်း၊ မချစ်ခြင်း/မုန်းခြင်းကို အလင်းနှင့်အမှောင်ဖြင့် ဥပမာခင်းပြ၏ "မိမိညီအစ်ကိုကို မုန်းလျက်ပင်၊ ငါသည် အလင်း၌ရှိ၏ဟု ဆိုသောသူသည် ယခုတိုင်အောင် မှောင်မိုက်၌ ရှိသေး၏။- မိမိညီအစ်ကိုကို ချစ်သောသူသည် အလင်း၌ တည်နေ၏။ ထိမိ၍ လဲစရာအကြောင်းသည် ထိုသူ၌မရှိ။- မိမိညီအစ်ကိုကို မုန်းသောသူသည် မှောင်မိုက်၌ရှိ၏။ မှောင်မိုက်၌လည်း ကျင်လည်သွားလာ၏။ မှောင်မိုက်ကြောင့် သူ၏မျက်စိ မမြင်နိုင်သဖြင့်၊ အဘယ်အရပ်သို့ ကိုယ်သွားသည်ကို ကိုယ်မသိ" (၁ ယော ၂:၉-၁၁)။

ထို့အတူ ၁ ယော ၃:၁၀၊ ၁၁ တွင် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့ဟူ၍ ခြားနားပြ၏။ "ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူ မည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်။ သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသော တရားစကားဟူမူကား၊ မာရ်နတ်နှင့်ဆိုင်၍ မိမိညီကိုသတ်သော ကာဣနကဲ့သို့မဟုတ်၊ ငါတို့သည် အချင်းချင်းချစ်ရကြမည်ဟုလာသတည်း။ ကာဣနသည် မိမိညီကို အဘယ်ကြောင့် သတ်သနည်း ဟူမူကား၊ မိမိအကျင့်သည် ဆိုးယုတ်၍၊ ညီ၏အကျင့်သည် ဖြောင့်မတ်သတည်း" (၁ ယော ၃:၁၀၊ ၁၁)။

ထို့နောက် ၁ ယော ၃:၁၄-၁၇ တွင် ဤတရားတွင် သတိပေးမှုများ သာ၍အသေးစိတ်ပြထားကြောင်း တွေ့ရ၏။ ယခုတွင် ရှင်ခြင်းနှင့် သေခြင်းတို့ဖြင့် ပြ၏။ "ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့်၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကိုယ်ကူးပြောက်သည်ကို ကိုယ်သိရကြ၏။ မိမိညီအစ်ကိုကို မချစ်သောသူသည် သေခြင်း၌တည်၏။- မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား၊ လူအသက်ကို သတ်သောသူဖြစ်၏။ လူအသက်ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက် မတည်သည်ကို သင်တို့သိကြ၏။- ခရစ်တော်သည် ငါတို့အဖို့အလိုငှာ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဖို့အလိုငှာ အသက်ကိုစွန့်ရကြ၏။- အကြင်သူသည် လောကီစည်းစိမ်ဥစ္စာ ရှိလျက်ပင်၊ မိမိညီအစ်ကိုဆင်းရဲခြင်းကို မြင်၍၊ သနားခြင်း ကရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့ တည်မည်နည်း" (၁ ယော ၃:၁၄-၁၇)။

ဤကျမ်းပိုဒ်တွင် တရားထူး ၂ ချက် သုံးသပ်၍ရ၏။ ပထမကား ယုံကြည်သူအချင်းချင်း မေတ္တာထားရာတွင် မပြည့်စုံသူများကို ဝတ္ထုပစ္စည်းများဖြင့် ကူညီရမည့်အကြောင်း ပါ၏။ ဤအကြောင်းသည် ဒုက္ခမိုးမွှန်သည့် ကမ္ဘာတွင် တစ်ဦး၏ဝန်ထုပ်ကို ပေါ့စေခြင်းဖြစ်ပြီး တရားမျှတမှုကို ပုံဖော်သည့် မေတ္တာပြမှုဖြစ်၏။ ဒုတိယကား တရားမျှတမှုဘက်ခြမ်းမှ ရပ်တည်ပေးသည့် မေတ္တာဖြစ်ပြီး၊ လိုအပ်သူများကို ကူညီခြင်းကို ဆိုလိုပြီး ယင်းသည် ၁ ယော ၃:၁၆ တွင်လာသည့် ခရစ်တော်ကို ဗဟိုပြု၏။ ("ခရစ်တော်သည် ငါတို့အဖို့အလိုငှာ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဖို့အလိုငှာ အသက်ကိုစွန့်ရကြ၏။") ယင်းသည် ကျွန်ုပ်တို့အကျိုးငှာ ခရစ်တော်၏ပေးဆပ်မှုသည် ကျွန်ုပ်တို့ သိခြင်း၊ ရှိခြင်း၊ မေတ္တာပြခြင်း၏ အခြေခံဖြစ်၏။

ထို့ကြောင့် ၁ ယော ၄:၂၀ (“တစ်စုံတစ်ယောက်သောသူက၊ ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကို မုန်းလျှင်၊ ထိုသူသည် မုသားကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကို မချစ်လျှင်၊ မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။”) ကို ၁ ယော ၂:၉–၁၁၊ ၁ ယော ၃:၁၀၊ ၁၁၊ အထူးအားဖြင့် ၁ ယော ၃:၁၄–၁၇ ရှုထောင့်ဘက်မှ ဖတ်ရှုသည့်အခါ ဤသို့သော နိဂုံးမျိုး ချုပ်၍ရ၏။ ပထမကား ယုံကြည်သူအချင်းချင်းအပေါ် မေတ္တာမပြနိုင်ခြင်းသည် ရုပ်ဝတ္ထုပစ္စည်းများဖြင့် မကူညီခြင်းတွင် ပေါ်၏။ ၁ ယော ၄:၂၀ ၏ တရားအနှစ်အသားအရ ဤသို့မပြုနိုင်ခြင်းသည် ယုံကြည်သူဖြစ်သည်ဟု ဆိုသူက ဘုရားကိုမချစ်သည့် သက်သေဖြစ်၏။ ထိုသို့ယူရခြင်းမှာ ဘုရားသည် လူသားကို ၎င်း၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းသည့်အကြောင်းကို ယူခြင်းဖြစ်၏ (က ၁:၂၇)။

၁ ယော ၄:၂၀ ကို စစ်ထုတ်ခြင်းသည် ခရစ်တော်ဗေဒ ဆန်ပါသည်။ ဆိုလိုသည်မှာ ၁ ယော ၃:၁၆ တွင် တွေ့ခဲ့ပြီးသည့်အတိုင်း ခရစ်တော်ပေးဆပ်ပြသည့် မေတ္တာတော်သည် မေတ္တာတော်အကြောင်း တရားပေါက်၊ အခြားပုဂ္ဂိုလ်များအား မေတ္တာပြဖြစ်စေသည့် အုတ်မြစ်ဖြစ်၏။ ဤခရစ်တော်ဗေဒကို ၁ ယော ၄:၉–၁၁ တွင် ထပ်၍အတည်ပြုထား၏။

“ဘုရားသခင်ကို အဘယ်သူမျှ မမြင်” ခိုက် (၁ ယော ၄:၁၂) ၎င်း၏မေတ္တာသည် မြင်သာလာ၏ (သို့) တစ်ပါးတည်းသော သားတော်ကို ဤကမ္ဘာသို့ စေလွှတ်သောကြောင့် “ထင်ရှား၏” (၁ ယော ၄:၉)။ “ဘုရားသခင်သည် ငါတို့ကိုရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏” (၁ ယော ၄:၁၉) ဟူသည် ခရစ်တော်ဗေဒဖြစ်ပြီး ကျွန်ုပ်တို့က ဘုရားကို ဦးစွာချစ်ကြသည်မဟုတ် “ဘုရားသည် ငါတို့ကိုချစ်၍ ငါတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏” (၁ ယော ၄:၁၀)။ ထို့နောက် “ဘုရားသခင်သည် ငါတို့ကို ဤမျှလောက် ချစ်သည်မှန်လျှင် ငါတို့လည်း အချင်းချင်း ချစ်ကြရမည်” (၁ ယော ၄:၁၁)။

ဆိုလိုသည်မှာ ခရစ်တော်သည် မျက်မြင်မရသည့် ဘုရား၏မေတ္တာကို မျက်မြင်နိုင်ရန် ပြခြင်းဖြစ်၏ (၁ ယော ၄:၁၂) ဆိုသည့်တရားကို ယေရှုနှင့်တွဲခဲ့သည့် ယောဟန်ကိုယ်တိုင်က သက်သေခံထား၏ — “ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်းချစ်ကြလျှင်၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူ၍၊ ငါတို့သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံလျက်ရှိကြ၏” (၁ ယော ၄:၁၄၊ ယော ၁:၁၄၊ ၁၈ ကိုလည်းရှု)။ Jobes က “အခြားပုဂ္ဂိုလ်များအပေါ် မေတ္တာပျက်ကွက်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် ထင်ပြသည့် ဘုရားသခင်ကို မမြင်နိုင်ခြင်းဖြစ်ပြီး ဘုရားကို ချစ်နိုင်မည်လည်း မဟုတ်ပါ” ဟု ချုံ့ထား၏။” 1, 2, and 3 John, *Zondervan Exegetical Commentary on the New Testament*, p. 207။ ဘုရားကိုချစ်၊ လူကိုချစ် ဟူသည့် မဖြတ်တောက်နိုင်သည့် ဆက်ကြိုးကို (တရားမျှတမှုကျင့်သုံးခြင်း၊ စေတနာကောင်း ထားခြင်းကို ဆိုလိုသည်) ခရစ်တော်ဗေဒရှုထောင့်မှ ရှုသည့်အခါ ယေရှုက မ–၂၅:၄၀ တွင် အတည်ပြုထားသည့်တရားကို အမှတ်ရဖြစ်စေ၏ — “မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်

၍မိန့်တော်မူလတ္တံ့.” (ဤတရားကို ဆန့်ကျင်ဝေါဟာရဘက်မှ သုံးထားသည့် မ ၂၅:၄၅ ကိုလည်း ဖတ်ရှုပါ)။

**၂။ မေတ္တာမဲ့ခြင်း — ချစ်ခြင်းနှင့် တရားမျှတခြင်းတို့ ပြတ်တောက်ခြင်း။**

တရားမျှတခြင်းကို ရှေ့တန်းတင်သည့် (လူ့ဘဝသာယာစေခြင်း၊ ဒုက္ခမှကယ်ထုတ်ခြင်း) ဘုရားနှင့် လူလူချင်းကြား မေတ္တာဆက်ခြင်းသည် လူ့အရေးများ ပြဋ္ဌာန်းထားသည့် ကျမ်းစာလာတရားတော်နှင့် ကိုက်ညီ၏။ ဘုရားကိုချစ်ပြီး လူလူချင်းအပေါ် တရားခြင်း (ချစ်ခြင်း) တို့ကို အဆက်ပြတ်စေခြင်းသည် ဘုရား၏ပညတ်တော်များကိုစောင့်ရန် အားထုတ်မှုတွင် အဆင်မပြေစေပါ။ ဤအကြောင်းကို ရှုရမည့်သာဓကသည် ဥစ္စာကြွယ်ဝသူဖြစ်၏ (မ ၁၉:၁၆–၂၂)။ ၎င်းသည် ဘုရား၏ပညတ်ကိုစောင့်သည်ဟု ဂုဏ်ဆာပြငြား ဆင်းရဲသားများကို မဝေငှလိုပါ။ ထို့ကြောင့် ယေရှုနောက် မလိုက်နိုင်ပါ။ အခြားသောသာဓကကား ကောင်းသောရှမာရိအမျိုးသား ပုံပမာတွင်လာသည့် ပုရောဟိတ်နှင့် လေဝိအမျိုးသား ဖြစ်၏ (လု ၁၀:၃၀–၃၇)။ ၎င်းတို့သည် ဝိနည်းတော်များကို လိုက်ကြပြငြား ယေရုရှလင်မြို့နှင့် ယေရိခေါမြို့ကြားရှိ သေတော့မည့်လူကို မငဲ့ကြပါ။

ယေရှုသည် မ ၂၂:၃၅–၄၀ တွင် လာသည့်အတိုင်း ကျမ်းတတ်တစ်ဦးနှင့် နီးနှောမှုတွင် အသားပေးသည့်တရားသည် ဘုရားကိုချစ်၊ လူကိုချစ်ရမည့်တရားသည် ချိန်ခွင်ညီသည့် ကျမ်းစာသွန်သင်ချက်ဖြစ်၏ (ပညတ်နှင့် ပရောဖက်များ)။ မ ၂၂:၄၀ ကို ဘာသာပြန်ကြရာတွင် ဂရိကြိယာပုဒ် kremánnymi ကို “မှီခို” ဟူ၍ပြန်ကြ၏ (ထိုပညတ် ၂ ပါးသည် ပညတ်နှင့် ပရောဖက်များကို မှီခိုသည်)။ သာ၍ စာပေသဘောကောက်ယူသည့်အနက်ကား (ပညတ်အားလုံးနှင့် ပရောဖက်များ၏ သွန်သင်ချက်များ ထိုပညတ် ၂ ပါးတွင် အနှစ်ချုပ်သည်) ဖြစ်၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ဘုရားကိုချစ်၊ လူကိုချစ်ရမည့်တရားသည် အဆက်ပြတ်၍မရပဲ လက်ဝါးကပ်တိုင်ပေါ်တွင် မေတ္တာဖြင့် ခရစ်တော်ပေးဆပ်ခဲ့ခြင်းသည် အခြားသူများကိုချစ်ရမည့် အုတ်မြစ်ဖြစ်၏။ ဤရှုထောင့်မှနေကာ အောက်ပါအမေးများကို ဆွေးနွေးပါ။

**၁။ ကပ်တိုင်ပေါ်တွင်ပြခဲ့သည့် ဘုရား၏မေတ္တာတော်သည် သင့်အတွက် အခြားပုဂ္ဂိုလ်များကို ချစ်ဖြစ်စေသည့် နမူနာဖြစ်စေသလော။**

၂။ အခြားပုဂ္ဂိုလ်များကို ချစ်ခင်၊ ဖြည့်ဆည်းပေးမှုတွင် သင် ဘာများပေးဆပ်ရသနည်း။

၃။ လူသားများ ဆင်းရဲခြင်း၊ ဖိနှိပ်ခြင်း၊ မတရားမှုတစ်ခုခုကြောင့် ဘေးကြုံချိန်တွင် ကျွန်ုပ်တို့သည် အသင်းတော်အနေဖြင့် ဘာများ ဖေးကူနိုင်မည်နည်း။

သင်ခန်းစာ ၁၂။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။

သင်ခန်းစာ - ၁၃

*မတ်လ ၂၂-၂၈

# မေတ္တာသည် ပညတ်တော်ကို ပြည့်စုံစေ၏



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၂၀:၁-၁၇၊ ရော ၆:၁-၃၊ ရော ၇:၇-၁၂၊ ယေ ၃၁:၃၁-၃၄၊ မ ၂၃:၂၃၊ ၂၄၊ ယာကုပ် ၂:၁-၉

**အလွတ်ကျမ်းချက်။** **"အချင်းချင်း ချစ်ခြင်းမေတ္တာမှတစ်ပါး အဘယ်ကြွေးမျှ မတင်စေနှင့်။ သူတစ်ပါးကိုချစ်သောသူသည် အကျင့်တရားနှင့်ပြည့်စုံပြီ"** (ရော ၁၃:၈)။

အသင်းတော် ဘုတ်ကော်မီတီတွင် ပြဿနာဖြစ်သူအသင်းသားတစ်ဦးအကြောင်း ဆုံးဖြတ်ချိန်တွင် pastor အား "ကျွန်တော်တို့တော့ မေတ္တာထားပြီး မဆုံးဖြတ်နိုင်ဘူး" ဟု ဆိုကြ၏။ Pastor လည်း ထိုပုဂ္ဂိုလ်သည် ဘုရားနှင့်ပညတ်တော်ကို မည်သို့ယူသနည်းဟု တွေးနေရ၏။ မေတ္တာသည် လူမှုဆက်ဆံရေးတွင် ဗဟိုပြုရမည့်အရာ ဖြစ်၏။ အထူးအားဖြင့် အမှားလုပ်မိသူအပေါ် သာ၍မေတ္တာထားပေးရ၏။ ရော ၁၃:၈ က မိမိနှင့်စပ်ဆိုင်သူကို ချစ်ခြင်းသည် ပညတ်တော်ကို ပြည့်စုံစေသည်ဟု ဆို၏။

မေတ္တာသည် ပညတ်တော်ကို ကေန်ပြည့်စုံစေသည်မှန်လျှင် မေတ္တာနှင့် ပညတ်တော်ကို သီးခြားမခွဲခြမ်းရန် သတိကပ်သင့်၏။ သမ္မာကျမ်းစာတွင် မေတ္တာနှင့် ပညတ်တို့သည် ဒွန်တွဲလျက်သားရှိ၏။ ပညတ်တော်ကိုပေးသည့် ဘုရားသည် ချစ်ခြင်းမေတ္တာဖြစ်၏။ ထို့ကြောင့် ဘုရား၏ပညတ်တော်သည် ချစ်ခြင်းမေတ္တာပါသည့် ပညတ်ဖြစ်၏။ ပညတ်ဟူသည် Ellen G. White ၏ အဆိုအရ ဘုရား၏ဂုဏ်ပုဒ် ဖြစ်၏။ (Christ's Object Lesson, p. 306 ကိုရှု။)

ဘုရား၏ပညတ်တော်သည် ဥပဒေပြဋ္ဌာန်းရုံမဟုတ်ဘဲ ကျွန်ုပ်တို့ကောင်းကျိုးအတွက် လမ်းကျောင်းပေးခြင်း ဖြစ်၏။ ဘုရား၏ပညတ်သည် ဘုရားကိုယ်တိုင်ထင်ပြသည့်အတိုင်း မေတ္တာတော်ကို ချပြခြင်းဖြစ်၏။

** မတ်လ ၂၉ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ်သင်ခန်းစာကို လေ့လာပါ။*

တနင်္ဂနွေနေ့

*မတ်လ ၂၃ ရက်*

## ချစ်ခြင်းမေတ္တာပညတ်တော်

ဘုရားသခင်၏ပညတ်တော်တွင် ယုတ္တိမကျသည့် ပညတ်များကို မပြဌာန်းပါ။ ထို့အစား မိတ်သဟာယကိုပြသည့် ပညတ်တော်ဖြစ်၏။ ဤအချက်ကို ပညတ်တော် ၁၀ ပါးတွင် တွေ့နိုင်၏။ ပညတ်တော် ၁၀ ပါး၏ အုတ်မြစ်များသည် ဒေင်ဥယျာဉ်တွင် ရှိပြီးဖြစ်ကြ၏ — ဘုရားကို ချစ်၊ လူလူချင်းကိုချစ် ဟူသည့်မေတ္တာစည်းမျဉ်း ဖြစ်၏။

ပညတ်တော် ၁၀ ပါးကို ထွက်–၂၀ တွင် ကျောက်ပြားပေါ်ရေးထွင်းသည့်အခါ ပဋိညာဉ် သဘောသဘာဝအားဖြင့် ဣသရေလတို့အား ပေးထား၏။ ပညတ်တော်များသည် ဘုရားက ဣသရေလတို့ကို အီဂျစ်ပြည်မှ ကယ်ပြီးနောက်မှ ရေးထိုးခြင်းဖြစ်ပြီး ပညတ်တော်သည် ဘုရား၏ မေတ္တာ၊ ၎င်းတို့အပေါ် ကတိတော်ပေးခြင်းများကို အခြေပြုထား၏ (ထွက် ၆:၇၊ ၈ နှင့် ဝတ် ၂၆:၁၂ တို့ကိုရှု)။ ပညတ်တော်ကို ၂ ကနု့ ကနု့ထားခြင်းတွင် ဘုရားနှင့်တစ်ကနု့၊ လူလူချင်းအတွက်တစ်ကနု့ ကနု့ထားကြောင်း တွေ့နိုင်ပါသည်။

**ထွက် ၂၀:၁–၁၇ ကို ဖတ်ပါ။ ဤကျမ်းပိုဒ်များက ဘုရားကိုချစ်၊ လူကိုချစ်ရမည့်စည်းကို မည်သို့ပြထားသနည်း။**

---

---

ပထမပညတ်တော် ၄ ပါးတို့သည် လူနှင့်ဘုရားကြား မိတ်သဟာယဖွဲ့မှုကို ပြဌာန်းထား၏။ ကျန် ၆ ပါးတို့သည် လူလူချင်းလိုက်နာကြရမည့် ပညတ်များဖြစ်၏။ ကျွန်ုပ်တို့သည် ဘုရားနှင့်ဖြစ်ဖြစ်၊ လူနှင့်ဖြစ်ဖြစ် ဆက်ဆံရာတွင် ဘုရား၏ပညတ်တော်ကို စံထားရပါမည်။

ထို ၂ ပိုင်းကို ယေရှုက အကြီးမြတ်ဆုံး ပညတ် ၂ ပါးဟု မိန့်၏ — "သင်၏ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ဖြင့် ချစ်လော့" (မ ၂၂:၃၇ ကို တရား ၆:၅ နှင့်ယှဉ်ပါ) နှင့် "ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်လော့" (မ ၂၂:၃၉ ကို ဝတ် ၁၉:၁၈ နှင့်ယှဉ်ပါ)။

ဘုရား၏ ပညတ်တော်အချုပ်သည် ဘုရား၏မေတ္တာတော်အပေါ် အခြေပြုထား၏။ ဘုရား၏ပညတ်နှင့်မေတ္တာသည် ခွဲခြမ်း၍မရပါ။ "ငါတို့ ပညတ်စောင့်ဖို့မလိုဘူး။ ဘုရားကိုချစ်၊ အချင်းချင်း ချစ်ကြဖို့ပဲလိုတယ်" ဟူသည့်စကားမျိုး ကျွန်ုပ်တို့ ကြားရတတ်လေ့ရှိပါမည်။ ဤစကားသည် မည်သို့ဖြင့် အဓိပ္ပာယ်မဲ့ရသနည်း။

**ကျွန်ုပ်တို့သည် ပညတ်တော်ကို ကျူးလွန်ရင်းဖြင့် မည်သို့ဖြင့် ဘုရားကိုချစ်၊ လူကိုချစ်ပြနိုင်မည်နည်း။**

တနင်္လာနေ့

*မတ်လ ၂၄ ရက်*

## ပညတ်သည် သန့်ရှင်း၊ ဖြောင့်မတ်၊ ကောင်းမြတ်၏

မေတ္တာသည် ဘုရားပညတ်တော်၏ အုတ်မြစ်ဖြစ်၏။ ဘုရားသည် ပညတ်တော်ကို ထောက်ခံသည့်အခါ မေတ္တာကို ထောက်ခံပေး၏။ ထို့ကြောင့် ယေရှုသည် အပြစ်သားများအတွက် အသေခံပေးခဲ့ခြင်း ဖြစ်၏။ ဤနည်းအားဖြင့် ၎င်းသည် ပညတ်တော်ကို ထောက်ခံနိုင်မည်ဖြစ်ပြီး ကရုဏာတော်ကိုလည်း ကျွန်ုပ်တို့ထံ စီးဖြန်းပေးနိုင်မည်ဖြစ်၏။ ဤသို့ဖြင့် ၎င်းသည် ဖြောင့်မှန်သူ၊ ၎င်းကိုယုံကြည်သူများအား ဖြောင့်မှန်စေသူ ဖြစ်၏ (ရောမ ၃:၂၅၊ ၂၆)။ အလွန်အံ့ဖွယ်သော မေတ္တာတရား ဖြစ်ပါသည်။ ပညတ်တော်သည်လည်း ကယ်တင်ခြင်းတရားကြောင့် ချောင်ထိုးမခံရပါ။ သာ၍ပင် အရာရောက်စေပါသည်။

**ရောမ ၆:၁-၃ နှင့် ရောမ ၇:၇-၁၂ တို့ကို ဖတ်ပါ။ အငယ် ၁၂ ကို အာရုံထားပါ။ ဤကျမ်းချက်များက ခရစ်တော်သေပြီးနောက်တွင်ပင် ပညတ်တော်အကြောင်း မည်သို့ဆိုထားသနည်း။**

---

---

အချို့က ကရုဏာနှင့် ကယ်တင်ခြင်းတို့က ပညတ်တော်ကိုပလပ်ပြီဟု ဆိုကြခိုက် ရှင်ပေါလုက ကရုဏာပွားများရန် အပြစ်ကိုမလုပ်ရ ဟုဆို၏။ ထို့အစား ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူ သေပွဲဝင်ကာ နှစ်ခြင်းခံကြသူများသည် အပြစ်တွင်သေကာ ခရစ်တော်၌ အသက်ရှင်သည်ဟု ရကြရမည်ဖြစ်၏။

ဘုရား၏ပညတ်တော်သည် အပြစ်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏အပြစ်ကို မြင်စေ၏။ ထို့ကြောင့် “ပညတ်တော်သည် သန့်ရှင်း၊ ဖြောင့်မတ်၊ ကောင်းမြတ်၏” (ရောမ ၇:၁၂)။ ပညတ်တော်က ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိရန် လိုအပ်ကြောင်းပြ၏။ ကယ်တင်ခြင်းကို ခရစ်တော်အားဖြင့်သာ ရနိုင်၏။ ထို့ကြောင့် “ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကို ပယ်ကြသလော။ အလျှင်းမပယ်။ သာ၍တည်စေကြ၏” (ရောမ ၃:၃၁)။

ခရစ်တော်သည် ပညတ်တော်ကိုပယ်ဖျက်ရန် ကြွခဲ့ခြင်းမဟုတ်ဘဲ ပညတ်တော်နှင့် ပရောဖက်များဖြင့် ကတိခံထားမှုကို ပြည့်စုံစေရန် ကြွခဲ့၏။ ထို့ကြောင့် ၎င်းက “ကောင်းကင်နှင့်မြေကြီး မပျက်စီးမီတိုင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ” (မ ၅:၁၈)။

ဘုရား၏ပညတ်တော်သည် ဘုရား၏ချစ်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်းတို့ကို ပြ၏ (ဝတ် ၁၉:၂၊ ဆာ ၁၉:၇၊ ၈၊ ဆာ ၁၁၉:၁၄၂၊ ၁၇၂)။ ဤတရားတွင် ထွက် ၃၁:၁၈ အရ ဘုရားသည် ကျောက်ပြားပေါ် ပညတ်ကိုရေးခြင်းသည် အရေးပါ၏။ ကျောက်ပြားပေါ် ရေးထိုးခြင်းက မဟာတိုက်လုန်ပွဲတွင် ဗဟိုဖြစ်သည့် မေတ္တာတော်ကို အခြေပြုသည့် ဘုရားသခင်၏ မပြောင်းမလဲသောဂုဏ်ပုဒ်ကို သက်သေထူ၏။

**ပညတ်တော်နှင့်မေတ္တာ ချိတ်ဆက်မှုသည် ယေရှု၏စကား “ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့” (ယောဟန် ၁၄:၁၅) ကို မည်သို့ တရားရစေသနည်း။**

---

*မတ်လ ၂၅ ရက်*

## ပညတ်တော်နှင့်ကျေးဇူးတော်

ကျွန်ုပ်တို့တွေ့ပြီးခဲ့ကြသည့်အတိုင်း ပညတ်နှင့်ကရုဏာတော်တို့သည် အချင်းချင်း မဆန့်ကျင်ကြပါ။ ထို့အစား ဘုရား၏မေတ္တာတော်နှင့် တရားမျှတခြင်းတွင် ကိုယ်စည်းဖြင့်ကိုယ် တာဝန်ထမ်းကြ၏။ ပညတ်တော်နှင့် ကရုဏာကြား ခြားနားမှုကို ရှေးဣသရေလများက နားရှုပ်ကြပေမည်။ ၎င်းတို့က ဘုရားက ပညတ်တော်ကိုပေးခြင်းသည် ကရုဏာကိုပြခြင်းဟု မြင်ကြ၏။ အိမ်နီးချင်းအမျိုးသားများ၏ ဘုရားသည် စိတ်ပြောင်းလွယ်ပြီး ဘုရားသည် ဘာကိုနှစ်သက်ကြောင်း အရှင်းမပြခိုက် သမ္မာကျမ်းစာတွင်လာသည့် ဘုရားသခင်က မည်သည့်အရာသည် ၎င်းကို စိတ်တော်တွေ့စေကြောင်း ရှင်းစွာမိန့်၏။ ၎င်းကို စိတ်တော်တွေ့စေသည်မှာ ၎င်း၏လူစုများသည် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ ကောင်းစားကြခြင်းဖြစ်၏။

ပညတ်တော်က ကျွန်ုပ်တို့ကို အပြစ်မှမကယ်နိုင်ပါ (သို့) လူ့စိတ်ကို မပြောင်းနိုင်ပါ။ ကျွန်ုပ်တို့တွင် အပြစ်သန္ဓေစွဲသောကြောင့် ဝိညာဉ်နှလုံး အစားထိုးကုခြင်းမျိုး လိုအပ်၏။

**ယေ ၃၁:၃၁–၃၄ ကို ဖတ်ပါ။ ကျွန်ုပ်တို့ကို စိတ်နှလုံးအသစ်ပေးမည့် ကတိတော်အကြောင်း ဘာပြထားသနည်း။ ယော ၃:၁–၂၁ တွင် နိကောဒင်ထံ အသစ်မွေးဖွားခြင်း တရားပြသည့် ခရစ်တော်၏ တရားတော်နှင့် နှိုင်းယှဉ်ပါ။ ဟေဗြဲ ၈:၁၀ ကိုလည်း ရှုပါ။**

---

ပညတ်တော် ၁၀ ပါးကို ဘုရားကိုယ်တိုင်က ကျောက်ပြားပေါ် ရေးထွင်းခဲ့၏ (ထွက် ၃၁:၁၈)။ ပညတ်တော်သည် ဘုရား၏လူစုများ၏ စိတ်တွင်လည်း ရေးထိုးရမည်ဖြစ်၏ (ဆာ ၃၇:၃၀၊ ၃၁)။ ဘုရား၏ မေတ္တာအခြေပြု ပညတ်တော်သည် အပြင်ပန်းမဟုတ်ဘဲ အတွင်းသန္ဓေတည်ရမည် ဖြစ်သည်။ ဘုရားတစ်ပါးတည်းကသာလျှင် လူ့စိတ်တွင် ၎င်း၏ပညတ်ကို ရေးထွင်းနိုင်မည်ဖြစ်၏။ ပဋိညာဉ်ပြုထားသည့် ၎င်း၏လူစုများအပေါ် ထိုသို့ပြုရန်လည်း ကတိခံထား၏ (ဟေဗြဲ ၈:၁၀)။

ပညတ်တော်ကို စောင့်ထိန်းခြင်းအားဖြင့် ကျွန်ုပ်ကိုယ်ကို မကယ်နိုင်ပါ။ ယုံကြည်ခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ကရုဏာကိုမှီကာ အကယ်ခံရ၏။ ယင်းသည် ဘုရား၏လက်ဆောင်ဖြစ်၏ (ဧ ၂:၈)။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရနိုင်ရန် ပညတ်တော်ကို စောင့်ကြသည်မဟုတ်ပါ။ ကယ်တင်ခံရပြီးဖြစ်၍သာ ပညတ်တော်ကို စောင့်ကြခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် အချစ်ခံရရန် ပညတ်စောင့်ကြသည်မဟုတ်၊ ကျွန်ုပ်တို့သည် အချစ်ခံရကြ၍သာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားကိုချစ်လိုစိတ်၊ လူလူချင်းကို ချစ်လိုစိတ် ရှိကြ၏ (ယော ၁၄:၁၅)။

တစ်ဆက်တည်းတွင် ပညတ်သည် ကျွန်ုပ်တို့၏အပြစ်များကို ပြ၏ (ယာ ၁:၂၂–၂၅၊ ရော ၃:၂၀၊ ရော ၇:၇)။ ကယ်တင်ရှင်လိုအပ်ကြောင်းကို ပြ၏ (ဂ ၃:၂၂–၂၄)။ အမြတ်ဆုံးသော ဘဝနေနည်းကိုပြ၏။ ဘုရား၏ မေတ္တာဂုဏ်တော်ကို ပြ၏။

**တစ်ရားစီရင်ခြင်းတွင် သင်၏မျှော်လင့်ရာသည် ဘာနည်း။ သင်၏သီလ (သို့) ခရစ်တော်၏ ဖြောင့်မတ်ခြင်းတွင် မည်သည့်အရာက သင့်ကိုလွှမ်းခြုံသနည်း။ သင်၏အဖြေက ဘုရား၏ပညတ်တော်သည် ဘာကိုပြုလုပ်ပေးနိုင်၊ မနိုင်ကို ပြသနည်း။**

*မတ်လ ၂၆ ရက်*

## မေတ္တာသည် ပညတ်တော်ကို ပြည့်စုံစေ၏

မေတ္တာနှင့်ပညတ်တော်ကြား ဆက်နွယ်မှုကို ချဲ့ပြော၍မရပါ။ ကျမ်းစာအရကား မေတ္တာထားခြင်းသည် ပညတ်တော်ကို ပြည့်စုံစေခြင်း ဖြစ်၏။

ရော ၁၃:၈–၁၀ တွင် ရှင်ပေါလုက "သူတစ်ပါးကိုချစ်သောသူသည် အကျင့်တရားကို ပြည့်စုံစေပြီ" ဟုမိန့်၏။ ပညတ်တော် နောက်ပိုင်း ၆ ပါးတို့ကို မိန့်ပြီးနောက်တွင် "ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်လော့ ဟူသောပညတ်တစ်ခု၌ အပါအဝင်ဖြစ်၏" ဟုမိန့်၏ (ရော ၁၃:၉)။ ရှင်ပေါလုက "ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာ ဖြစ်သတည်း" ဟု ရှင်းစွာမိန့်၏ (ရော ၁၃:၁၀)။ တစ်ဖန် ဂလ ၅:၁၄ တွင် ပေါလုက "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ ဟူသောပညတ်တစ်ပါးကို ကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ ကျင့်ရာရောက်၏" ဟုဆို၏။ သို့သော် ပညတ်တော်ကို ပြည့်စုံစေသည့် ချစ်ခြင်းသည် မည်သို့သောချစ်ခြင်းမျိုးနည်း။ ထိုချစ်ခြင်းမျိုးသည် မည်သို့သော ရုပ်ထွက်မျိုးရှိသနည်း။

**မ ၂၃:၂၃၊ ၂၄ ကို ဖတ်ပါ။ မည်သည့်အရာများသည် "ပညတ်တော်တွင် သာ၍လေးသောအရာများ" ဖြစ်သနည်း။ တရာ ၅:၁၂–၁၅ နှင့် ဟောရှာ ၅၈:၁၃၊ ၁၄ တို့ကို ဖတ်ပါ။ ထိုကျမ်းချက်များက ပညတ်(ဥပုသ်ပညတ်)နှင့် တရားမျှတခြင်း၊ ကယ်ထုတ်ခြင်းတွင် ဘုရား၏ထောက်ထားမှုတို့ ဆက်နွယ်ပုံကို မည်သို့ပြသနည်း။**

---

---

ယေရှုက "ပညတ်တရားတွင် လေးသောအရာ" ကို "တရားမျှတခြင်း၊ သနားခြင်း၊ သစ္စာစောင့်ခြင်း" ဟုမိန့်၏။ အထူးအားဖြင့် ဥပုသ်ပညတ်တွင် ကယ်ထုတ်ခြင်းနှင့် တရားမျှတခြင်းများ နွယ်ယှက်နေ၏။

တရားဟောရာကျမ်း ၅ တွင် ဥပုသ်ပညတ်သည် ဣသရေလတို့ကို ကျွန်ဘဝမှ ဘုရားကကယ်ခဲ့သည့်အကြောင်း အခြေပြုထား၏။ ဆိုလိုသည်မှာ ဥပုသ်သည် ဖန်ဆင်းခြင်းတရားကို အောက်မေ့ဖွယ်သာမဟုတ်၊ ကျွန်ဘဝမှ ကယ်ခဲ့သည့်ပြယုဂ်လည်း ဖြစ်၏။ ဥပုသ်နေ့ကို မွေ့လျော်ရာနေ့အဖြစ် မှတ်စေခြင်းတွင် (ဟောရှာ ၅၈:၁၃၊ ၁၄) ဆာငတ်သူများ၊ အိမ်ခြေရာမဲ့များအပေါ် မေတ္တာထားကာ ကောင်းမှုပြုရန် ဆိုခြင်းဖြစ်၏ (ဟောရှာ ၅၈:၃–၁၀)။

ထိုသို့ ဆိုဆုံးမပြီးနောက်တွင် မေတ္တာအရင်းခံကာ ပညတ်ကို စောင့်လိုကြသူများသည် ပြုလုပ်သည့်အပြစ်များကိုသာ အာရုံမထားဘဲ အပြစ်ကို မမြင်ဟန်ဆောင်ခြင်းကိုပါ အာရုံထားရပါမည်။ မေတ္တာဖြင့် ပညတ်စောင့်ခြင်းတွင် အပြစ်မပြုလုပ်ရန်သာ မဟုတ်ဘဲ၊ တရားမျှတမှုနှင့် ညှာတာခြင်းတိုးပွားရန်၊ ကောင်းမှုပြုလုပ်ရန်လည်း ပါ၏။ ဘုရားအပေါ် သစ္စာရှိခြင်းသည် ပြဋ္ဌာန်းထားသည့်ပညတ်ကို မကျူးလွန်ခြင်းထက် သာလွန်ပါသည်။

*မတ်လ ၂၇ ရက်*

## အဖြစ်စေချင်ဆုံးကား အချင်းချင်းချစ်ကြလော့

မေတ္တာသည် ပညတ်တော်ကို ပြည့်စုံစေခြင်းမှန်လျှင် အမှားမလုပ်ရုံဖြင့် ဘုရား၏ပညတ်ကို မစောင့်နိုင်ပါ။ မေတ္တာ၏သဘောကား အမှားမပြုလုပ်ရုံသာ မဟုတ်ဘဲ ဘုရား၏မေတ္တာကို အသင်းတော်တွင်သာမက တစ်ကမ္ဘာလုံးသို့ ပြရမည်ဖြစ်၏။ ယင်းသည် ခရစ်ယာန်တစ်ဦး၏ သက်သေပြမှုတွင် အလိုအပ်ဆုံးအချက် ဖြစ်၏။

**ယာ ၂:၁-၉ ကို ဖတ်ပါ။ မည်သည့်တရားအနှစ်ကို ပေးထားသနည်း။**

---

---

ဤတွင် ရှင်ယာကုပ်သည် လူကုံထံများက ဆင်းရဲသားများကို ချိုးနှိမ်ဆက်ဆံခြင်းကို ရှုတ်ချထား၏။ ထို့နောက် မိမိအိမ်နီးချင်းကို မေတ္တာထားစေပြီး သင်သည် ပညတ်စောင့်လျှင် "ကောင်းသောအကျင့်ကို ကျင့်ရာရောက်သည်" ဟုမိန့်၏ (ယာ ၂:၈)။

Ellen G. White က ဤသို့ဆိုထား၏ "လူကိုချစ်ခြင်းသည် ဘုရား၏မေတ္တာကို လောကသို့ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို မိသားစုသဖွယ် ဖြစ်စေရန်၊ ဘုရင့်ဘုန်းတော် ကျွန်ုပ်တို့တွင်ကိန်းရန် ဤမေတ္တာကို စိုက်ထူရန်လိုအပ်၏။ ၎င်း၏လမ်းခွဲမိန့်မှာမှုဖြစ်သည့် "ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့" (ယော ၁၅:၁၂) သည် ပြည့်စုံသည့်အခါ *ခရစ်တော်၏လုပ်ငန်းသည် ကျွန်ုပ်တို့အတွက် ပြည့်စုံခြင်းသို့ရောက်၏။ ကျွန်ုပ်တို့သည် ကောင်းကင်သို့ဝင်စားရန် ထိုက်တန်လာပါပြီ။ အကြောင်းမှာ ကောင်းကင်နိုင်ငံသည် ကျွန်ုပ်တို့၏စိတ်တွင် တည်ပြီဖြစ်၏။" — Ellen G. White, *The Desire of Ages*, p. 641။

ခရစ်တော်သည် လောကသားများကို ချစ်သကဲ့သို့ ကျွန်ုပ်တို့လည်း ချစ်တတ်လာသည့်အခါ ကျွန်ုပ်တို့သည် ကောင်းကင်သို့ဝင်စားရန် ထိုက်တန်လာပါပြီ။ ယင်းသည် ယေရှု၏နောက်လိုက်ဖြစ်ခြင်းတွင် အရေးပါဆုံးအချက်ပေတည်း။

ယေရှုက ၎င်း၏နောက်လိုက်များကို "ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ အချင်းချင်းချစ်ကြ" ဟုမိန့်၏ (ယော ၁၃:၃၄)။ "သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်" ဟုလည်း မိန့်၏ (ယော ၁၃:၃၅)။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် (၁ ယော ၄:၈၊ ၁၆) မေတ္တာသည် ခရစ်ယာန်လောကတွင် ပဓာနကျ၏။ ဘုရားကိုချစ်ပါသည်ဟု ဆိုကြသူများသည် အချင်းချင်းကို ချစ်ရပါမည် (၁ ယော ၃:၁၁၊ ၁ ယော ၄:၂၀၊ ၂၁ တို့နှင့် နှိုင်းယှဉ်ပါ။

၁ ပေ ၄:၈ တွင် ခရစ်ယာန်များကို "အခြားသောအမှုအရာထက်မက၊ အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသော အပြစ်တို့ကို ဖုံးအုပ်တတ်၏" ဟု မိန့်ထား၏ (ဟေဗြဲ ၁၀:၂၄၊ ၁ သက် ၃:၁၂ တို့ကိုလည်း ရှုပါ)။

**ခရစ်တော်သည် လောကီသားများကို ချစ်သကဲ့သို့ ချစ်ရမည့်တရားကို အာရုံထားပါ။ ဤတရားက ခရစ်ယာန်ဂုဏ်ပုဒ် နားလည်ဖြစ်စေကာ ထာဝရအသက်ကို မည်သို့ဖြင့် ရထိုက်စေသနည်း။**

*မတ်လ ၂၈ ရက်*

**ဆက်လက်လေ့လာရန်။** Ellen G. White, "The Least of These My Brethren," pp. 637–641, in *The Desire of Ages*.

"အခြားသူများကို သူကောင်းပြုသူများသည် သိုးထိန်းကြီးထံတွင် သူကောင်းပြုခံရပါမည်။ ၎င်းတို့ကိုယ်တိုင်က အသက်ရေကို သောက်ကြရမည်ဖြစ်ပြီး ကျေနပ်ကြပါမည်။ ၎င်းတို့သည် ရင်သပ်ရှုမောဖွယ်များကို မတောင့်တကြ (သို့) ဘဝတစ်ဆစ်ချိုး ပြောင်းလဲခြင်းကို မတောင့်တကြပါ။ ၎င်းတို့စိတ်ကို မင်းမူသည်မှာ ပျက်စီးခြင်းသို့ ရောက်ကြမည့် ပုဂ္ဂိုလ်များကို မည်သို့ အလင်းပေးမည်နည်းဟူ၍သာ ဖြစ်၏။ ပေါင်းသင်းဆက်ဆံရေးသည် ကောင်းကျိုးရှိပါသည်။ ကယ်တင်ရှင်၏ မေတ္တာတော်က လူတို့၏စိတ်ကို ပေါင်းစည်းစေပါလိမ့်မည်။

"ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ အမှုတော်ဆောင်နေကြောင်း သိကြသည့်အခါ ဘုရား၏ကတိတော်များကို သာမန်သဘောဖြင့် ပြောဆိုတော့မည် မဟုတ်ပါ။ ထိုကတိတော်များသည် ကျွန်ုပ်တို့၏စိတ်တွင် အငြိမ်မနေနိုင်ဘဲ နှုတ်ဖြင့် ဆိုဖြစ်သွားမည်ဖြစ်၏။ မောရှေအား လမ်းမလိုက်ကြသူများထံ အမှုဆောင်စေသည့်အခါ ဘုရားက 'ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်၊' 'ငါသည် သင့်ဘက်၌ရှိမည်' ဟု ကတိပေးထား၏ – ထွက် ၃၃:၁၄၊ ထွက် ၃:၁၂။ ဤကတိသည် ခရစ်တော်၏ကိုယ်စား ဒုက္ခခံကာ အမှုတော်ဆောင်ကြသူအားလုံးအတွက် ဖြစ်၏။" — Ellen G. White, *The Desire of Ages*, p. 641။

## ဆွေးနွေးရမည့်မေးခွန်းများ

၁။ ၁ ကော ၁၃:၄–၈ ကိုဖတ်ပါ။ ၁ ကော ၁၃ က ကျွန်ုပ်တို့သည် မည်သို့သောပုဂ္ဂိုလ်မျိုး ဖြစ်ရမည်ဟု မီးမောင်းထိုးပြထားသနည်း။

၂။ မ ၂၅:၃၁–၄၆ တွင် မည်သည့်အချက်က သိုးနှင့်ဆိတ်ကို ခွဲခြားသနည်း။ ဤတွင် ယေရှုသည် ကုသိုလ်ဖြင့် ကယ်တင်ခြင်းရရှိသည့် တရားကို မဟောကြောင်း ကျွန်တော်တို့ မည်သို့သိနိုင်သနည်း။

၃။ "ခရစ်တော်သည် လောကသားများကိုချစ်သကဲ့သို့ ကျွန်ုပ်တို့လည်း လောကသားများကို ချစ်တတ်လာသည့်အခါ ခရစ်တော်၏လုပ်ငန်းသည် ကျွန်ုပ်တို့အတွက် ပြည့်စုံခြင်းကို ရောက်၏။ ကျွန်ုပ်တို့သည် ကောင်းကင်သို့ဝင်စားရန် ထိုက်တန်လာပါပြီ။ အကြောင်းမှာ ကောင်းကင်နိုင်ငံသည် ကျွန်ုပ်တို့၏စိတ်တွင် တည်ပြီဖြစ်၏" (ကြာသပတေးနေ့ သင်ခန်းစာ) သည် သင့်အပေါ် မည်သည့်အဓိပ္ပာယ် ရှိသနည်း။ ယင်းသည် ဘုရား၏ ပကတိ၊ ကောင်းကင်၏ပကတိကို ဘာချပြသနည်း။ အဖိနှိပ်ခံများထံ ဘုရားမေတ္တာတော်ကို ပြရာတွင် ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားအဖြစ် မည်သို့နေပြနိုင်သနည်း။

၄။ ကျွန်ုပ်တို့၏ဒေသတွင်း အသင်းတော်သည် ဝန်းကျင်တွင် ဘုရား၏မေတ္တာကိုပြနိုင်ရန် မည်သို့ အစပြုနိုင်မည်နည်း။ သင်၏ဝန်းကျင်တွင် သင်သည် မည်သည့်ကောင်းမှု ပြုနေသနည်း။ သင်သည် ဘာကိုဦးတည်ရန်၊ မွန်းမံရန် လိုသနည်း။ ဘုရား၏မေတ္တာတော်နှင့် တရားမျှတမှုအကြောင်း ကျွန်တော်တို့ လေ့လာပြီးချက်အရ ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ မည်သည့်ခြေလှမ်း စနိုင်မည်နည်း။

# ရုပ်တုကိုဦးညွှတ်ခြင်း

Andrew McChesney ရေးသားသည်

Maria သည် ဂုဏ်ပြုခြင်းနှင့် ယဉ်ပါး၏။ ဓာတ်အဖွဲ့တွင် အဆိုရှင်ဖြစ်သောကြောင့် သူမ၏တိုင်းပြည်နှင့် အခြားနိုင်ငံများသို့ သီဆိုခဲ့၏။ ထိပ်တန်းဆုများစွာလည်း ရခဲ့၏။

သို့သော် မြောက်ကိုးရီးယားတွင် မည်သည့်ဂုဏ်ပြုခြင်းမှ မရခဲ့ပါ။ ဂုဏ်ပြုခြင်းသည် သူမ၏သီဆိုမှုအတွက် မဟုတ်ခဲ့ပါ။ ယင်းဖြစ်စဉ်သည် ၇၂’ မြင့်သည့် မြောက်ကိုးရီးယားနိုင်ငံ ထူထောင်သူ Kim Il Sung ၏ ရုပ်တုရှေ့တွင် ဖြစ်ပျက်၏။

Maria သည် SDA ဖြစ်၏။ သူမ၏လုံခြုံရေးအလို့ငှာ SDA Mission က သူမ၏နာမည်ရင်း (သို့) နိုင်ငံကို အတိအလင်း မသုံးပြပါ။ သူမသည် Adventist Mission နှင့် zoom ဖြင့် အင်တာဗျူးခံခဲ့၏။

မြောက်ကိုးရီးယားသို့ ခရီးဆန့်ခဲ့စဉ်တွင် Maria နှင့် အဆိုရှင်အဖွဲ့တို့သည် Pyongyang မြို့တွင် နိုင်ငံ့ပြောင်းလဲရေးတွင် သူရဲကောင်းများကို စုဖွဲ့ကာ ဂုဏ်ပြုထားသည့် Mansu Hill Grand Monument သို့ လည်ဖြစ်ခဲ့ကြ၏။ ထိုနေရာတွင် ထင်ရှားသည့် အမှတ်တရကား Kim Il Sung ၏ ရုပ်တုဖြစ်၏။ (၇၂’ မြင့်သည့် Kim ၏သား Kim Jong Il ၏ ဒုတိယရုပ်တုကို ထိုနေရာတွင် ထပ်လောင်းစိုက်ထူထား၏)။ လူထုသည် Kim Il Sung ၏ ရုပ်တုပတ်ပတ်လည် ပျားအုံပမာ တိုးနေကြ၏။ Maria က အီတလီ၊ ပြင်သစ်၊ အခြားတိုင်းပြည်မှ ကမ္ဘာလှည့်များကို တွေ့ခဲ့၏။ သူမသည် မြောက်ကိုးရီးယားသူ ဖြစ်၏။ လူအားလုံးက ရုပ်တုကို ဂါရဝပြုကြ၏။ သူမကိုလည်း ထိုသို့ပြုရန် မျှော်ကြမှန်း သူမ သိရ၏။

ညွှန်ညွှန်က “နင်လည်း ဂါရဝပြုရမယ်” ဟုဆို၏။ Maria ၏စိတ်က “ငါမှတစ်ပါး အခြားသောဘုရားကို မကိုးကွယ်နှင့်” (ထွက် ၂၀:၃) ပထမပညတ်သို့ ရောက်သွား၏။

နိုင်ငံတော်စောင့်ကြည့်ဗီဒီယိုက လူတိုင်းကို မှတ်တမ်းတင်ကြောင်း သူမသတိပြုမိ၏။ သူမလည်း ဒုက္ခမတွေ့လိုပါ။ သူမလည်း ရပ်နေပြီး ဒံ-၃ တွင် နေဗုခဒ်နေဇာမင်း၏ ၉၀’ မြင့် ရုပ်တုရှေ့တွင် ရပ်ကြသည့် ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ကို အမှတ်ရသွား၏။

သူမလည်း ဒံယေလကျမ်းက စိတ်ကူးယဉ်ဒဏ္ဍာရီမဟုတ်။ ထိုအဖြစ်ကို နေ့တစ္စဝရင်ဆိုင်ရသည်ဟု စဉ်းစားဖြစ်၏။ သူမသည် ရင်ကော့ မတ်မတ်ရပ်နေ၏။

အချို့က ထုံးစံအရကြောင့် Kim Il Sung ကို အရိုအသေမပေးခြင်းဟု မြင်ပေမည်။ Maria ကား ထို့ထက်ကျော်ပြီး မြင်၏။ သူမအတွက်ကား သူမသည် မည်သူ့ကိုဦးထိပ်ထားကြောင်း လူထုရှေ့ပြဖြစ်သည့် အခိုက်အတန့်ဖြစ်၏။

ရက်များကုန်လာပြီး သူမသည် မြောက်ကိုးရီးယားမှအထွက်တွင် ညွှန်ညွှန်အား Step to Christ စာအုပ် ပေးခဲ့၏။ သူမက သူမဦးထိပ်ထားသည့် ယေရှုအကြောင်း ညွှန်ညွှန်နှင့် မြောက်ကိုးရီးယားအားလုံးကို သိစေလို၏။

---

မြောက်ကိုးရီးယားသားများထံ သာသနာရောက်ရေးသည် Northern Asia Pacific Division ၏ အာရုံဖြစ်ပြီး ယခု ၁၃ ပတ်မြောက် ဥပုသ်အလှူငွေကို လက်ခံခွင့်ရမည့် Division ဖြစ်ပြီး သဒ္ဓါတရားကြီးစွာဖြင့် လှူဒါန်းကြမည့်အတွက် ကျေးဇူးတင်ရှိပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

အဓိကကျမ်းချက်။ ရောမ ၁၃:၈

လေ့လာမှုဦးတည်ချက်များ။ ထွက် ၂၀:၂၊ ရောမ ၁၃:၈-၁၀။

**နိဒါန်း။** ။ ပညတ်တော် ၁၀ ပါးသည် ဘုရားသခင်က ၎င်း၏လူစုနှင့် ပဋိညာဉ်ပြုခြင်း ပုံရိပ်ဖြစ်၏။

**သင်ခန်းစာ၏ဆိုလိုရင်း။** ။ ယခုအပတ်သင်ခန်းစာသည် အချက်ကြီး ၃ ချက်ကို အရေးပေးထား၏။

၁။ ဘုရား၏ပညတ်တော်သည် ပဋိညာဉ်သဘောဆောင်၏။ စည်းကမ်းဥပဒေသက်သက် မဟုတ်။ ဘုရား၏ပညတ်တော်သည် ဥပဒေတန်းစဉ်များ မဟုတ်ဘဲ ပဋိညာဉ်ပြုသည့်သဘောဖြစ်၏။ ပညတ်တော် ၁၀ ပါး တို့သည် ဘုရားနှင့် ၎င်း၏လူတို့ကြား ပဋိညာဉ်ပြုကြခြင်းဖြစ်၏။ ဘုရားနှင့် မောရှေတို့ တွေ့ဆုံမှုသည် ဆက်ဆံရေးသဘောဆောင်ပြီး ဘုရားသည် ၎င်း၏လူစုကို အီဂျစ်ပြည်မှ အတောင်ပံဖြင့် မသွားသည့် သိန်းငှက်ပမာ ပြထား၏။ ထိုဥပမာ၏ ရည်ရွယ်ရာကား လူထုကို ဘုရားကိုယ်တိုင် သယ်ဆောင်သွားသည့် တရားဖြစ်၏။

၂။ ပညတ်တော် ၁၀ ပါးသည် ဘုရားနှင့် လူလူချင်းကို မှန်စွာချစ်ရန် ပြ၏။ "မ…နှင့်" ဖြင့်စသည့် ပညတ်များမပေးမီ မေတ္တာကို ဦးစွာပြ၏ — "သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏" (ထွက် ၂၀:၂)။ ပညတ်ချက်များသည် ၎င်းတို့ကိုကယ်ခဲ့သည့် ဘုရားကို ပြန်လည်ချစ်တုံ့ပြန်ကြရန်ဖြစ်၏။ ပထမပညတ်ချက် ၄ ချက်တို့သည် ဘုရားကို ချစ်တုံ့ပြန်ရန်ဖြစ်ပြီး၊ ဒုတိယအုပ်စုဖြစ်သည့် ပညတ် ၆ ချက်တို့သည် ဘုရားကိုချစ်ကြောင်းကို သက်သေထူသည့်အနေဖြင့် လူလူချင်းကို ချစ်ကြရန်ဖြစ်၏။

၃။ ဘုရား၏ပညတ်တော်သည် မေတ္တာရှိမှသာ ပြီးပြည့်စုံ၏။ ရောမနှင့် ဂလာတိကျမ်းများတွင် ပညတ်တော်ကို ပြည့်စုံစေခြင်းကို လူလူချင်း မေတ္တာပြခြင်းတို့နှင့် ဆက်ထား၏။ ဂလာတိကျမ်းတွင် ရှင်ပေါလုက ကျွန်ုပ်တို့သည် မိမိအိမ်နီးချင်းများကို ချစ်ခြင်းသည် ပညတ်တော်ပြည့်စုံသည်ဟု ရှင်းပြထား၏။ ရောမကျမ်းတွင် နောက်ဆုံးပိုင်း ပညတ် ၆ ပါးတို့သည် သင်နှင့်စပ်ဆိုင်သူကို သင်နှင့်အမျှ ချစ်ခြင်းဖြစ်သည်ဟု ပြထား၏။

**လက်တွေ့အသုံးချခြင်း။** ။ သင်က ပညတ်တော် ၁၀ ပါးသည် ဥပဒေများကို စီပြခြင်းမဟုတ်ဘဲ မေတ္တာပြခြင်း၊ ဘုရားနှင့် အဆွေတော်ဖြစ်ခြင်းဖြစ်ကြောင်း သိရခြင်းကြောင့် ဘုရားသခင်နှင့် မည်သို့ဆက်ဆံဖြစ်စေသနည်း။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**၁။ ဘုရား၏ပညတ်တော်သည် ပဋိညာဉ်သဘောဆောင်၏။ စည်းကမ်းဥပဒေသက်သက် မဟုတ်။**

ဘုရား၏ပညတ်တော်သည် စည်းကမ်းများသာဖြစ်သည် (သို့) လူကိုမင့် ဟူသည့်အမြင်သည် ကျမ်းစာလာ သိနာတောင်တွင် ဘုရားသခင်က ဣသရေလတို့ကို ပညတ်တော်ပေးရခြင်းအကြောင်းနှင့် မညီညွတ်ပါ။ ပညတ်တော်ကို ပဋိညာဉ်ဘက်မှ (ထွက် ၁၉) ဖတ်ရှုရန် အရေးကြီးပါသည် (ထွက် ၂၀)။ ဣသရေလများ တောမြိုင်အတွင်းရောက်ချိန်မှ စကာ ဘုရားသခင်သည် မောရှေနှင့် စကားပြောခြင်းသည် ဘုရားနှင့် ၎င်း၏လူစုကြား ပဋိညာဉ်ပြုကာ ဆက်ဆံကြောင်းကို ပြ၏။ တဲ့တိုးဆိုရလျှင် ဣသရေလများကို မောရှေ မည်သို့မိန့်ရမည်ကို ဘုရားက မိန့်မှာ၏ — "ငါသည် အဲဂုတ္တုလူတို့၌ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဖို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထိုကြောင့် ယခုတွင် သင်တို့သည်ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟု မိန့်တော်မူ၏" (ထွက် ၁၉:၄–၆)။

အဆက်အဆံရှိကြောင်းပြသည့် ဝေါဟာရသည် စိတ်ဝင်စားဖွယ်ကောင်း၏။ ဘုရားက ဣသရေလများကို အီဂျစ်ပြည်မှ ကယ်ထုတ်ပုံကို သိန်းငှက်နှင့် ပမာပြထား၏။ အသားပေးပြလိုခြင်းအကြောင်းကား ၎င်းတို့သည် အီဂျစ်ပြည်မှ ထွက်လာသည် (သို့) ကတိထားရာအရပ်သို့ သွားကြသည့်အကြောင်း မဟုတ်ပါ။ အဓိကအချက်ကား လူစုကို ဘုရားကိုယ်တိုင်က သယ်ဆောင်သည့်တရား ဖြစ်၏။

ဤရှုထောင့်တွင် ဣသရေလတို့သည် ဘုရားသခင်နှင့် ပဋိညာဉ်ပြုကြရန် ဘုရား၏အသံကို ကြားကြ၏။ ကျမ်းစာပြန်သူများက ဟေဗြဲကြိယာ šm ကို ဘုရား၏အသံကို နာခံကြသည်ဟု မှန်စွာပြန်ဆိုခိုက် (NKJV, ESV, NASB, NRSV, NIV) ဟေဗြဲကြိယာပုဒ်က ဘုရား၏အသံတော်ကို ကြား (သို့) နားထောင်သည့် ပြုမူပုံကို သာ၍ဆိုလို၏။ (NET, HCSB တို့ကိုရှုပါ) (Ludwig Koehler et. al., *The Hebrew and Aramaic Lexicon of the Old Testament* [Leiden: Brill, 1944–2000], p. 1571။ ၎င်းတို့သည် ဘုရား၏အလိုတော်ကို နာခံကြပါက အလိုလိုဖြင့် ဘုရား၏ "ဥစ္စာ" (သို့) "မူပိုင်" ဖြစ်ကြမည် (sĕgŭlă ၏ အနက်ကို Ludwig Koehler et. al., *The Hebrew and Aramaic Lexicon of the Old Testament*, p. 742 တွင်ရှုပါ)။ ဤဝေါဟာရက ဘုရားနှင့် ၎င်း၏လူစုနှင့် ပဋိညာဉ်ပြုရာတွင် လူတစ်ဦးချင်းစီ၏သရုပ်ကို သက်သေပြပြီး ပညတ်တော် ၁၀ ပါးကို ပြဋ္ဌာန်းဖြစ်စေ၏ (ထွက်–၂၀)။

### ၂။ ပညတ်တော် ၁၀ ပါး ဘုရားနှင့် လူလူချင်းကို မှန်စွာချစ်ရန် ပြ၏။

ပညတ်တော် ၁၀ ပါးတွင် "မ…နှင့်" ဟူသည့် ပညတ်များမလာမီ ဘုရားသခင်က ထွက် ၂၀:၂ တွင် "ငါသည် သင်၏ဘုရားသခင် ဖြစ်သည် ဆိုခြင်းက ဣသရေလတို့ကို ကျွန်ဘဝမှ လွတ်စေလိုသည့် မေတ္တာနှောသည့် ကယ်ထုတ်မှုကို အသားပေးထား၏။ ပညတ်တော်များသည် ခပ်တန်းတန်းဖြင့်

“မ…နှင့်” ဟု ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ မေတ္တာပါ၏။ ထို့အပြင် ပညတ်ချက်များကို စည်းကမ်းအဖြစ်သာ မမြင်ဘဲ အီဂျစ်ပြည်မှ ကယ်ခဲ့သည့် ဣသရေလတို့၏ဘုရားကို ချစ်ဆုံ့ပြန်ခြင်းဟု မှတ်သင့်၏။

ထွက် ၂၀:၂ လာ မေတ္တာရှိခြင်းဘက်မှနေကာ ပထမပညတ် ၄ ပါးတို့သည် ဣသရေလများက ဘုရားကိုချစ်ရမည့်ပုံကို ချပြ၏။ ပထမကား ၎င်းတို့သည် အခြားဘုရားကို မကိုးကွယ်ရ၊ ဘုရားအပေါ် လုံးလုံးသစ္စာရှိရမည်။ ဒုတိယသစ္စာရှိခြင်းတွင် ကိုးကွယ်မှုတွင် ရုပ်တုမထုရေး ပါလာ၏။ စစ်မှန်သည့်ကိုးကွယ်မှုဆိုသည်မှာ ဘုရားကို မှန်စွာချစ်ခြင်းဖြစ်၏။ ရုပ်တုကိုးကွယ်ခြင်းမဟုတ်။ တတိယ — ဘုရားကိုချစ်ခြင်းတွင် နာမတော်ကိုရိုသေခြင်း ပါဝင်၏။ Kenneth Harris က ဘုရား၏နာမတော်ကို မုသားဆိုခြင်းသည် “ဘုရား၏နာမကို အယောင်ပြ ကျိန်ဆိုခြင်း (သို့) မိမိ၏ သန္ဓေမမှန်ခြင်းကို ဘုရားနာမသုံးကာ အရေခြုံခြင်း” ဟုဆို၏ (ဝတ် ၁၉:၁၂)။ ဤပညတ်က ဘုရား၏နာမတော်ကို မျက်လှည့် (သို့) မထီခြင်း (သို့) မရိုသေစွာသုံးခြင်းများတွင် တားထား၏ (ဝတ် ၂၄:၁၀–၁၆)။” — ESV Study Bible (Wheaton, IL: Crossway Bible, 2008), p. 176။ စတုတ္ထ — ဘုရားကိုချစ်သည်ဟု ဆိုရာတွင် ဘုရား၏ ဖန်ဆင်းခြင်းအမှု၏ ပုံဆောင်ခဲဖြစ်သည့် သတ္တမနေ့ဥပုသ်ကို သန့်ရှင်းစွာစောင့်ရန် လို၏။ ကျွန်ုပ်တို့သည် ဘုရားကို နေ့စဉ်ချစ်ရမည်ဖြစ်သော်ငြား ဥပုသ်သည် ၎င်းနှင့် မိတ်သဟာယပြုရမည့် အခါထူးဖြစ်၏။

ပြန်၍ဆိုရလျှင် ပထမပညတ် ၄ ပါးတို့သည် ဘုရားကိုချစ်ရာတွင် မည်သို့ချစ်ရမည်၊ ကျန် ၆ ပါးတွင် လူလူချင်းကို မည်သို့ချစ်ရမည့်အချက်များ ပြဋ္ဌာန်းထား၏။ မည်သို့ဖြစ်ဖြစ် ပညတ်တော် ၁၀ ပါး၏ နိဒါန်းကို သုံးသပ်ရသော် (ထွက် ၂၀:၂) ဣသရေလတို့၏ ဘုရားသခင်သည် ဣသရေလတို့ကို ကယ်သည့်ဘုရားဖြစ်ကြောင်း၊ ဘုရားကိုချစ်ခြင်းကြောင့် လူလူချင်းကိုလည်း ချစ်ရမည်ဖြစ်၏။ ပဉ္စမပညတ်ကား မိဘကချစ်ရမည်ဖြစ်ပြီး မိဘကို ဂါရဝပြုရမည့်တရား ပါဝင်ပြီး ဘုရားပေးသည့်ပြည်တွင် ဣသရေလတို့သည် အသက်ရှည်စွာ နေခွင့်ရကြမည်ဖြစ်၏။ ထို့ကြောင့် ဘုရား၏ကတိတွင် ဣသရေလများ ၎င်းတို့၏မိဘတို့ကို ချစ်/ရိုသေရမည့် တရားပါ၏။ ထို့အတူ ဘုရားကိုချစ်ခြင်းတွင် လူးလူချင်း ချစ်ခြင်းဖြင့် အရင်းတည်၏။ လူလူချင်းချစ်ရာတွင် အသက်ကို တန်ဖိုးထားရမည် (မသတ်ရ)။ ကာမအရေး ဖြူစင်ရမည်။ ထိမ်းမြားခြင်းကို ထိန်းကျောင်းရမည် (လူမှုရေး မဖောက်ပြန်ရ)။ သူတစ်ပါးဥစ္စာကို ရိုသေပေးရမည် (မခိုးရ)။ အိမ်နီးချင်းအတွက် အမှန်ဘက်တွင် ရပ်တည်ပေးရမည် (မမှန်သောသက်သေ မခံရ)။ ရောင့်ရဲခြင်းစိတ် မွေးရမည် (အိမ်နီးချင်း၏ဥစ္စာကို မတပ်မက်ရ)။

### ၃။ ဘုရား၏ပညတ်တော်သည် မေတ္တာရှိမှသာ ပြီးပြည့်စုံ၏။

ပညတ်တော်ပြည့်စုံစေပုံကို ရှင်ပေါလုက ရောမနှင့် ဂလာတိကျမ်းများတွင် ရှင်းထား၏။ ဂလာတိအသင်းသားများအား အချင်းချင်း ကူညီကြရန် မှာကြားပြီး “အကြောင်းမူကား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တစ်ပါးကို ကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာ ရောက်၏” (ဂလ ၅:၁၄) ဟု ရှင်းပြ၏။ ထို့အတူ ရော ၈:၄ တွင် “တရား၌ပါသော

ပညတ်တို့ကို" ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် စောင့်ဖြစ်စေသည် ဟုဆို၏။ ရော ၁၃:၈–၁၀ တွင် ချစ်ခြင်းသည် ဘုရားပညတ်ကို ပြည့်စုံစေသည်ဟု ၂ ကြိမ်တိုင် ဆို၏ — "အချင်းချင်း ချစ်ခြင်းမေတ္တာမှတစ်ပါး အဘယ်ကြွေးမျှ မတင်စေနှင့်။ သူတစ်ပါးကိုချစ်သောသူသည် အကျင့်တရားနှင့်ပြည့်စုံပြီ။– အကြောင်းမူကား၊ သူ့မယားကို မပြစ်မှားနှင့်၊ လူအသက်ကို မသတ်နှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ မမှန်သော သက်သေကို မခံနှင့်၊ သူ့ဥစ္စာကို တပ်မက်လိုချင်သောစိတ် မရှိစေနှင့်ဟူသော ပညတ်မှစ၍ အခြားသော ပညတ်ရှိသမျှတို့သည်၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တစ်ခု၌ အပါအဝင် ဖြစ်ကြ၏။– ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်သော သူ၏အကျိုးကို မဖျက်ဆီးတတ်။ ထိုကြောင့်၊ ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာ ဖြစ်သတည်း။"

အစိုးရမင်းများအပေါ် ခရစ်ယာန်တစ်ဦး လုပ်ဆောင်ရမည့်အကြောင်း (ရော ၁၃:၁–၇) တွင် အခွန်ပေးရေး ပါဝင်၏ (ရော ၁၃:၆၊ ၇)။ မေတ္တာပြရန် တွန်း၏။ ယင်းကို ပေါလုက ၂ ကြောင်းလုံးတွင် ငွေသားအကြွေးတင်ပုံဖြင့် သုံးထား၏။ ခရစ်ယာန်သည် မေတ္တာပြရမည့်ဝတ္တရားတွင် "ခရစ်ယာန်သည် 'အချင်းချင်း ချစ်ခြင်းမေတ္တာမှတစ်ပါး' အခြားအကြွေးများ မတင်ရေးတွင် စံပြဖြစ်ရပါမည်။ မေတ္တာပြရေးတွင် အကန့်အသတ်မရှိပါ။" — Robert Mounce, *The New American Commentary: Romans* (Nashville, TN: Broadman & Holman Publishers, 1995), vol. 27, p. 245။ ငွေကြေးအကြွေးကိစ္စတွင် ပြန်ဆပ်ရမည့်ဝတ္တရား လူ (သို့) အဖွဲ့အစည်းတွင်ရှိပြီး ဥပဒေကလည်း ပြန်ဆပ်ရန် ပြဋ္ဌာန်းထား၏။ ဘုရား၏ပညတ်ရှုထောင့်တွင် — နောက်ဆုံးပညတ် ၅ ပါး အထူးပြုကာ — ကျွန်ုပ်တို့၏မိသားစုကိုကျော်ကာ အိမ်နီးချင်းများနှင့် ဆက်ဆံရာတွင် ကျွန်ုပ်တို့ကိုတွန်းသည့် အကြွေးသည် မေတ္တာဖြစ်၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

အောက်ပါအမေးများကို ဆွေးနွေးပါ။

**၁။ ဘုရား၏ပညတ်သည် ပြဋ္ဌာန်းချက်များသာဖြစ်သည်ဟု မြင်သူတစ်ဦးကို သင် မည်သို့တုံ့ပြန်မည်နည်း။**

____________________________________________________

၂။ ဘုရား၏ပညတ်က မိသဟာယဖြစ်ရန် ပြဋ္ဌာန်းသည့်အကြောင်းက ဥပုသ်သည် သင့်ကို မည်သို့ အဓိပ္ပာယ်ရှိစေသနည်း။

၃။ ဘုရား၏မေတ္တာကို သင် နေ့စဉ်တွေ့ရသည့် သူစိမ်းများ၊ မိတ်ဆွေများ၊ မိသားစုများအပေါ် မည်သို့ လက်တွေ့ပြနိုင်မည်နည်း။

သင်ခန်းစာ ၁၃။ အောက်ပါမေးခွန်းများကို အလိုက်သင့်ဖြေဆိုပါ။

၁။